

www.burmeseclassic.com
စိတ်ကူးသစ်စာပေ
BURMESE CLASSIC
နေမိုးခေါ်
ရှေ့နေမလေး မေစံရှား ၏
သံလက်ကောက်ဘာဂျမ်း
May San Sharr Truth
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၂၈၇၁၀၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၇၂၁၀၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၁၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ • ၈၃
နေစိုးသော်
ရှေ့နေမလေး မေစံရှားနှင့် သံလက်ကောက်ဘဂျမ်း /
နေစိုးသော် ။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၃၀၀ – စာ ၊ ၁၂ • ၃ စင်တီ×၁၈ စင်တီ။

# [ ၁ ]

ထုံးစံအတိုင်း ဤလမ်းမကြီးက ကားအသွားအလာ ရှုပ်ထွေးနေသည်။ ရုံးချိန်အလုပ်ချိန်မို့ လမ်းဖြတ်ကူးသူ သွားလာလှုပ်ရှားသူကလည်း များမှများ၊ လမ်းဘေးဈေးသည်တွေကလည်း ဆိုင်ခင်းစ။

ကားဖြူကလေးတစ်စင်းက ဤလမ်းမကြီးအတိုင်း မောင်းနှင်လာပြီး တစ်လမ်းသွားလမ်းသွယ်တစ်ခုသို့ ချိုးဝင်လိုက်သည်။

ကားမောင်းလာသူမှာ လူကြီးလူကောင်းတစ်ဦးဖြစ်သည်။ မျက်မှန်တပ်ဆင်ထားပြီး ဆံပင်ကို သေသေသပ်သပ် နောက်လှန်ဖြီးထားသည်ဖြစ်ရာ မဟာနဖူးနှင့် ခန့်ခန့်ညားညားရှိလှ၏။ တည်ကြည်သော ရုပ်လက္ခဏာနှင့်အတူ လည်ကတုံးရှပ်ဖြူ၊ သနပ်ခါးရောင်တိုက်ပုံတို့ကို ဝတ်ဆင်ထားပေရာ ပို၍ပင် ထင့်တယ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အေးဆေးစွာပင် ကားကို လမ်းသွယ်ထဲ မောင်းလာသည်။ လမ်းသွယ်က မူလအတိုင်းဆိုလျှင် ကားနှစ်စီး ယှဉ်မောင်းနိုင်သည်ဆိုရငြား လမ်းတွင်းရှိ အိမ်များ၊ ကုမ္ပဏီများမှကားများက လမ်းတစ်ခြမ်းတွင် ရပ်နားထားပေရာ လမ်းသည် ကားတစ်စီးသာလျှင် သွား၍ရပေတော့သည်။ ပြီးတော့ လူသွားလူလာကလည်း ရှိနေသေး၏။

ထို့ကြောင့်ပင် လူကြီးလူကောင်းမောင်းနှင်လာသော ကားဖြူကလေးသည် မြန်မြန်မောင်း၍မရ။ ရှေ့မှသွားနေသော ကား၏နောက်မှသာ ဖြည်းဖြည်းသက်သာ မောင်း၍လိုက်နေရ၏။

ဖြစ်ချင်တော့ ရှေ့မှသွားနေသောကားမှာ ဆလွန်းကားလေးမဟုတ်ဘဲ ရေသန့်ဘူးများတင်ဆောင်လာသည့် ကုန်တင်ကားကြီးဖြစ်နေ၏။ ထိုရေသန့်ကားက အိပွဲအိပွဲသွားနေရာမှ ရုတ်တရက် ထိုးရပ်သွားသည်။ ကားဖြူကလေးသည်လည်း ရေသန့်ကားနောက်မှ ချက်ချင်းဘရိတ်အုပ်ကာ ရပ်လိုက်ရ၏။

လူကြီးလူကောင်း ကားမောင်းသူက ကားပေါ်မှနေ၍ ရှေ့ကားကို ဘာဖြစ်တာလဲဟူသော အကြည့်ဖြင့် လှမ်းကြည့်သည်။

ရေသန့်ကားကြီးပေါ်မှ ကားဒရိုင်ဘာဖြစ်ဟန်တူသူက ကားပေါ်မှခုန်ဆင်းကာ ကားစက်ဖုံးကို ဖွင့်၍ကြည့်နေသည်။

''တောက် . . . အရေးထဲမှကွာ''

ကားဖြူကလေးပေါ်မှ လူကြီးသည် စိတ်တိုစွာ တောက်ခေါက်ရေရွတ်လိုက်သည်။

သူ့အနေနှင့် နေ့စဉ် ဤလမ်းကို ဝင်နေရ၏။ မဝင်၍လည်း မဖြစ်။ သူ၏ ကုမ္ပဏီခွဲလေးတစ်ခုမှာ ဤလမ်းထဲတွင် ရုံးခန်းဖွင့်ထားသည်လေ။ သူ၏ကုမ္ပဏီပင်မရုံးကြီးမှာ ဆိတ်ငြိမ်ရပ်ကွက်၊ လူကုံထံရပ်





ကွက်ကြီး၌ ဖွင့်ထားသည်မှန်သော်လည်း လုပ်ငန်းလည်ပတ်မှု၊ ဖောက်သည်များ။ အလုပ်ချင်းဆက်နွယ်နိုင်ရန် ဤသို့ ရုံးခွဲဖွင့်လှစ်ထားရခြင်း ဖြစ်သည်။

ထိုရုံးခွဲသို့ သူသည် နေ့စဉ်လာနေကျ။ ဤအချိန် ပုံမှန်။

လုပ်ငန်းတွေ ကြည့်ရ စစ်ဆေးရသည်။ လိုအပ်သည်များမှာကြားရသည်။ လက်မှတ်ထိုးသင့်သည်များ ထိုးရသည်။ တွေ့ဆုံသင့်သူများ လက်ခံတွေ့ဆုံရသည်။ အလုပ်ပြီးလျှင် ဤရုံးခွဲမှနေ၍ ကုမ္ပဏီသို့ ပြန်ရသည်။

အချိန်က သူ့အဖို့ ရွှေ၊ သူ့အဖို့ ငွေ။

ယခုတော့ မလိုအပ်ဘဲ အချိန်က ကြန့်ကြာနေသည်။

ထို့ကြောင့် သူ စိတ်တိုသွားရခြင်းဖြစ်သည်။

BURMESE CLASSIC

ရေသန့်ကားမှ ဒရိုင်ဘာက ကားစက်ခေါင်းကို ဟိုနှိုက်ဒီနှိုက်နှိုက်နေဆဲ။ တော်တော်နှင့် ပြင်၍ ရမည့်ပုံမပေါ်။

ကားဖြူလေးပေါ်မှ လူကြီးက ကားကို နောက်ပြန်ဆုတ်၍ လမ်းမကြီးတစ်နေရာ၌ ကားရပ်ထားပြီး လမ်းလျှောက်ပြီးမှ ပြန်ဝင်လာရန်ပင် စိတ်ကူးမိလိုက်၏။

သို့သော် ယင်းသို့လည်း မဖြစ်နိုင်။

ကားဖြူကလေး၏နောက်တွင် ကားတစ်စီးက ထပ်၍ရပ်နေပေပြီ။ ထိုဆလွန်ကားလေးနောက်မှာလည်း ကားအချို့က ထပ်၍ရောက်လာပြန်သည်။ နောက်ကြောင်းပြန်ဆုတ်၍မရတော့။

ရှေ့မှပိတ် နောက်မှပိတ် ဖြစ်သွားသည်။

ကားဖြူကလေး၏နောက်မှ မီးခိုးရောင် ဆလွန်းကားပေါ်မှ ကားမောင်းသူမိန်းကလေးက ရှေ့က ကားပိတ်ခြင်းအကြောင်းကို သေ



www.burmeseclassic.com

www.burmeseclassic.com



ချာသိပုံမရ။ ကားဟွန်းကို တီခနဲနှိပ်၏။

ဟွန်းမတီးရနယ်မြေဖြစ်သော်လည်း သူမက စိတ်တိုကာ လောကြီးနေသည့်အကြောင်းကို ပြသလိုက်ခြင်းဖြစ်သည်။

ကားဖြူကလေးပေါ်မှ လူကြီးသည်လည်း စိတ်ပို၍ အိုက်သွားသည်။

ထိုအချိန်တွင်ပင် ...

လမ်းကို ဟိုဘက်သည်ဘက် ဖြတ်၍ခွဲထားသော ဆောက်လုပ်နေသည့် အဆောက်အဦးမှ Safty First ဟူသော ဗီနိုင်းဆိုင်းဘုတ် ရှည်ကြီးက တစ်ဖက်မှ ကြိုးပြတ်ကာ အောက်သို့ပြုတ်ကျပြီး တန်းလန်းဖြစ်သွားသည်။

ဤနေရာ၌ ...

တစ်ဖက်က ဆောက်လုပ်နေဆဲဖြစ်ပြီး လတ်တလောရပ်ထားသည့် အဆောက်အဦးကြမ်း။ ယင်းနှင့် မျက်နှာချင်းဆိုင်က အန္တရာယ်ရှိ၍ စည်ပင်သာယာမှ ဖျက်ရန် အမိန့်ထွက်လာသောကြောင့် စတင်ဖျက်နေသော အဆောက်အဦးရှိနေသည်။

ယင်းအဆောက်အဦးနှစ်ခုကို တာဝန်ယူ၍ ပြန်လည်ဆောက်လုပ်သည်မှာ ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုတည်း ဖြစ်ပုံရသည်။ အဆောက်အဦးနှစ်ခုကိုပေါင်း၍ Safty First ဟူသော အန္တရာယ်ကင်းရေးသည် ပထမဆိုသည့် သတိပေးကြော်ငြာအား ဗီနိုင်းဖြင့် ချိတ်ဆွဲထားခြင်းဖြစ်၏။

ထိုဗီနိုင်းက တစ်ဖက်ဖျက်လက်စ အဆောက်အဦးဘက်မှ ချိတ်ထားသော ကြိုးစ ပြုတ်ကျသွားခြင်းဖြစ်သည်။

ထို့ကြောင့် တန်းလန်းဖြစ်သွားသော ဗီနိုင်းစ၏ တစ်ဖက်စွန်း





အစိတ်အပိုင်းမှာ ကားဖြူကလေး၏ ရှေ့မှန်ပေါ်သို့ ကျသွားသည်။

ကားဖြူကလေးပေါ်မှလူကြီး ပို၍ စိတ်တိုသွားသည်။

ကားပြတင်းပေါက်မှ ခေါင်းပြူကာ ...

"ဟေ့ ... လုပ်ပါဦးကွ၊ ဆိုင်းဘုတ်က မှန်ပေါ်ကျပြီး ဖုံးနေပြီ။ ဘာမှမမြင်ရတော့ဘူး"

အော်လိုက်သည်။

အော်သာအော်သည်၊ မည်သူမျှ ဂရုမပြု။ အော်သံက ဆူညံနေသော ဝန်းကျင်မှာ မကြားရတာလည်း ဖြစ်နိုင်သလို ယင်းဗီနိုင်းနှင့် မသက်ဆိုင်ကြ၍ အာရုံမဝင်စားကြခြင်းဖြစ်နိုင်၏။

ယနေ့ ဆောက်လုပ်ရေးအလုပ်ခွင်မှာက အလုပ်သမားများမရှိ။ အလုပ် ခေတ္တနားထားပုံရသည်။

ပြုတ်ကျသွားသော ကြိုးစအနီးတွင် စောစောပိုင်းက လူတစ်ယောက်ရှိနေခဲ့သော်လည်း ထိုသူကလည်း အဆောက်အဦးအောက်ဖက်သို့ ဆင်းသွားခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသော ဗီနိုင်း၏ အခြားတစ်ဖက်စွန်း ဖျက်လက်စ အဆောက်အဦးပေါ်မှာလည်း လူမရှိ။

မည်သည့်တုံ့ပြန်မှုမှမရ၍ ကားဖြူကလေးပေါ်မှ လူကြီးအဖို့ စိတ်တိုနေသည့်အပေါ်တွင် ထပ်ဆင့်စိတ်တိုစရာ ဖြစ်သွားသည်။

အရေးထဲမှာ နောက်ကားက မိန်းမချောလေးကလည်း ကားဟွန်းကို တတီတီ နှိပ်နေပြန်သည်။ ရှေ့ကားကြီးကလည်း မထွက်နိုင်သေး။

"ဒုက္ခ ... ဟေ့ ... နောက်က ဟွန်းစွပ်မနှိပ်နဲ့ကွ။ ရှေ့မှာ ကားပိတ်နေတာ"

ကားဖြူကလေးပေါ်မှ လူကြီးသည် နောက်သို့လှည့်အော်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ တံခါးဖွင့်၍ ဆင်းလိုက်သည်။

ထိုအချိန်တွင် ဆောက်လက်စ အဆောက်အဦးပေါ်မှ ဆင်းလာသူ ပိန်ညှောင်ညှောင် ဝါးခြမ်းပြားလူသားက လှေကားမှနေ၍ အခြားတစ်ဖက်သို့ လျှောက်ထွက်သွားသည်။

လူကြီး အပေါ်ကို မော့ကြည့်သည်။

"ဟေ့ ... အပေါ်မှာ လူရှိလား။ မင်းတို့ဗီနိုင်း ဆွဲတင်ဦးကွ"

အော်ပြောသည်။

သို့သော် အပေါ်မှာ လူရိပ်လူယောင်မမြင်ရ။ လှုပ်ရှားမှုမတွေ့ရ။ လူမရှိခြင်းဖြစ်နိုင်၏။

"စည်းကမ်းလည်းမရှိ၊ နည်းလမ်းလည်းမကျဆိုတာ အဲ့ဒါပဲ"

လူကြီးအဖို့ စိတ်တိုစရာချည်းသာ။

နောက်ဆုံးတွင် စိတ်တိုမှုတွေပေါင်းကာ ဒေါသဖြင့် သူ၏ ကားဖြူကလေး ရှေ့မှန်ပေါ် တစ်ပိုင်းပြုတ်ကျကာ တင်နေသည့် ဗီနိုင်းစကို ဆွဲယူဖယ်ရှားလိုက်သည်။

သူ၏ ဆွဲယူဖယ်ရှားလိုက်ပုံမှာ လောကြီးနေသဖြင့် ဆောင့်ဆွဲလိုက်သလို ဖြစ်သွားပုံရသည်။

ကျန်ရှိနေသော ဗီးနိုင်း၏ အခြားတစ်ဖက်စအပေါ်တွင် ချည်ထားသော ကြိုး၏အရင်းဖြစ်သော ဝါးလုံးမှာ ဆွဲလိုက်သော အရှိန်ဖြင့် ပြုတ်ထွက်သွားသည်။ ထိုဝါးလုံးမှာ ငြမ်းဆင်ထားသော ဝါးများထဲမှ တစ်လုံးဖြစ်သည်။ ငြမ်းဆိုသည်မှာ အနိုင်အခန့် တုပ်နှောင်ထားရခြင်းဖြစ်ပါလျက် ထိုဝါးလုံးက အဘယ်ကြောင့် အလွယ်တကူ ပြုတ်ထွက်သွားရသနည်း။





ထိုဝါးလုံးသည် ချည်ထားသော ကြိုးပြတ်ထွက်ကာ အောက်မှ ဗီနိုင်း၏အလေးချိန်၊ လူကြီး၏ ဆွဲအားပေါင်းကာ ယမ်းထွက်သွားပြီး အနီးရှိ ဖျက်လက်စအုတ်နံရံကို သွားရိုက်သည်။

ထိုအခါ အုတ်နံရံမှ အုတ်ခဲများ ဝေါခနဲပဲ့ထွက်ကာ အောက်သို့ ပြုတ်ကျကုန်တော့သည်။ အဆောက်အဦးမှာ ဟောင်းနွမ်းနေပြီး ဖျက်လက်စဆိုသော်ငြားလည်း အုတ်နံရံမှာ ဝါးလုံးနှင့် ရိုက်မိရုံမျှဖြင့် ပြိုကျစရာ အကြောင်းစင်စစ်တွင်မရှိ။ သို့သော် စီ၍တင်ထားသော အုတ်ခဲများပမာ ဆယ့်လေးငါးလုံး ပြုတ်ကျသွားသည်မှာ ကံကြမ္မာဟု ဆိုရလေမလား။

ကျလာသော အုတ်ခဲဆယ့်လေးငါးလုံးမှာ လေးထပ်အမြင့်မှ ကျလာရခြင်းဖြစ်ရာ အရှိန်ပြင်းလှ၏။

ဗီနိုင်းကို ဆွဲဖြုတ်လိုက်သော ကားဖြူကလေးမောင်းသူ လူကြီးမှာ အပေါ်မှ သူ့တည့်တည့်ကျလာသော အုတ်ခဲများကို ရုတ်တရက် မြင်လိုက်ရသော်လည်း ရှောင်ချိန်မရတော့။ မရှောင်တိမ်းနိုင်တော့။

အုတ်ခဲများက သူ၏ခေါင်းနှင့် ကိုယ်ပေါ်သို့ ဆက်ကာဆက်ကာ ကျလာခဲ့ပေပြီ။

"ဖောင်း ... ဖောင်း ..."

"ခွပ် ... ဒုတ် ..."

"အား ..."

"ဟာ ... အုတ်ခဲတွေ ပြုတ်ကျလာတယ်ဟေ့"

"ဘေးဖယ်ကြ၊ ဘေးဖယ်ကြ"

အုတ်ခဲများကျလာပြီး ကားပေါ်နှင့် လူပေါ်ကျသံ၊ လူကြီး၏ အော်သံ၊ ဘေးမှ လမ်းသွားလမ်းလာများအော်သံ တစ်ပြိုင်တည်းလိုလို



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာသည်။

အဖြစ်က ဆိုးလေစွ။

လူကြီးပေါ်သို့ စုပြုံကျလာသော အုတ်ခဲများမှာ လူကြီး၏ ခေါင်းနှင့်ကိုယ်ပေါ်သို့ အဆက်မပြတ် ကျလာခြင်းဖြစ်ရာ လူကြီးမှာ ပလက်ဖောင်းပေါ်သို့ အော်ဟစ်လဲကျသွားတော့သည်။

ခေါင်းကို အုတ်ခဲနှင့်ထုလိုက်သည့်ပမာဖြစ်၍ လူကြီးမှာ ဆန့်ငင်ဆန့်ငင် ဖြစ်နေ၏။

"ဟာ ... လုပ်ကြပါဦး။ ဟိုမှာ ... ထိသွားပြီ"

"ခေါင်းကို ထိတာကွ"

လူများ ဝိုင်းအုံလာ၏။ သို့သော် မည်သူမျှ လူကြီးအနားသို့ မကပ်ရဲကြ။ ကားဖြူကလေးနောက်မှ မီးခိုးရောင်ကားပေါ်မှ မိန်းမချောလေးကလည်း ပြေးဆင်းလာကာ ကြည့်၏။ ကြည့်ပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်။ မိုးပြာရောင် ဝမ်းဆက်ကလေး ယိမ်းယိမ်းခါခါနှင့် ဘရိတ်ဒန့်ဆွဲနေသည့်လား မှတ်ထင်ရ၏။

"အမယ်လေး ... သွေးတွေလည်းထွက်လာပြီ။ သူသေလိမ့်မယ်၊ လုပ်ကြပါဦး"

ဝိုင်းအုံကြည့်နေကြသူများထဲမှ မိန်းမကြီးတစ်ဦးက အော်၏။

လူကြီးမှာ ဆန့်ငင်ဆန့်ငင် ဖြစ်နေဆဲ။

လူအုပ်ကြားထဲသို့ မျက်မှန်နှင့် လူရွယ်တစ်ဦးသည်လည်း တိုးဝှေ့၍ကြည့်၏။ သူက အအေးဘူးတစ်ခုကို စုတ်တံနှင့် စုတ်၍သောက်ရင်း ကြည့်သည်။ မျက်နှာက အေးအေးဆေးဆေး။ အမူအရာက မတုန်မလှုပ်။

"လုပ်ကြပါဦး ... သူသေလိမ့်မယ်"





"ဆေးရုံပို့မှ ထင်တယ်"

"ရဲစခန်းကို အကြောင်းကြားရမှာကွ"

လူများက တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေ၏။ သို့သော် မည်သူမျှ ရှေ့ထွက်မလာ။ မည်သူမျှ လူကြီးအား ဝင်၍မပွေ့၊ ဝင်၍မ,မ။

"ဒီအတိုင်းပဲထားဟေ့။ ရဲကို အကြောင်းကြားလိုက်ပြီ။ ရဲတွေလာလိမ့်မယ်။ မထိနဲ့ ... မကိုင်ကြနဲ့။ ရဲတွေရောက်မလာခင် ထိလို့ကိုင်လို့ ရွှေ့လို့မရဘူး"

လူကြီးတစ်ဦးက ဝင်လာရင်း ပြောသည်။ သူက ဗဟုသုတရှိပုံရ၏။ ကြည့်ရင်းမှ ရှေ့တိုးလာသူများကိုပင် လက်ဖြင့် ကာထားသည်။

"ဒီအတိုင်းထားရင်း သေသွားလိမ့်မယ်။ ဆေးရုံ အရင်ပို့ရမှာပေါ့"

အသံတစ်သံ ... အမျိုးသမီးတစ်ဦးအသံ။

"မဖြစ်ဘူး။ သွားကိုင်ရင် ပြဿနာတက်သွားမယ်"

စောစောကလူကြီး၏စကား။

"အသက်က အရေးကြီးတယ်လေ။ အသက်ကို အရင်ကယ်ရမှာ မဟုတ်ဘူးလား။ ရဲတွေလာတဲ့အထိ စောင့်ရင် သူသေသွားမှာပေါ့"

"မလောပါနဲ့ဗျ။ ဒါ တရားဥပဒေအတိုင်း လုပ်ရတာ။ ကိုယ့်သဘောနဲ့ကိုယ် လုပ်လို့မရဘူး"

"တအုပ်ကြီးအတိုင်း လုပ်မနေပါနဲ့။ လူ့အသက်ကို စဉ်းစားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခင်ဗျား မသိဘဲနဲ့ မပြောနဲ့။ အရင်တစ်ခါတုန်းက ခင်ဗျားပြောသလိုလုပ်မိလို့ ကျုပ် ပြဿနာဖြစ်ဖူးပြီးပြီ"

မိန်းမသံ တိတ်သွား၏။

မတော်တဆဖြစ်သူ လူကြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်မှာ အရှိန်ပျော့လာ၏။ နေးလာ၏။

မီးခိုးရောင်ကားမောင်းသူ မိန်းမချောလေးမှာ တုန်တုန်ယင်ယင်ဖြင့် ကြည့်နေရှာ၏။

မျက်မှန်နှင့် လူရွယ်ကတော့ အအေးသောက်မပျက်။

"ဟော ... ရဲကားလာပြီထင်တယ်"

"ရဲကားက ဝင်လို့မရဘူးဖြစ်နေတယ်။ လမ်းပိတ်နေတယ်"

"ဟေ့ ... ရှေ့က ရေသန့်ကား ထွက်လို့မရသေးဘူးလားကွ"

အသံများ ...။

မကြာမီ ရဲများပြေးလာသံ ကြားရသည်။

"ဘေးဖယ် ... ဘေးဖယ် ... ရဲတွေလာပြီ"

ထိုအချိန်၌ ပလက်ဖောင်းပေါ်မှ မတော်တဆဖြစ်ခဲ့သူ လူကြီးမှာ ငြိမ်သက်၍သွားပေပြီ။ လုံးဝ မလှုပ်တော့။

ရဲနှစ်ဦးလူများကို တိုးဝှေ့ဖယ်ရှားကာ ဝင်လာသည်။ တစ်ဦးက ...

"နောက်ဆုတ်ပေးကြပါ"

ဟု အော်သည်။ လူများ နောက်သို့ အနည်းငယ်ဆုတ်သွားကြ၏။

ရဲတစ်ဦးက လဲကျနေသော လူကြီးအနားတွင် မှဆိုးဒူးထောက်





ထိုင်ကာ ကြည့်ရှုစစ်ဆေးသည်။ လူကြီး၏ခေါင်းမှ သွေးများက ပလက်ဖောင်းပေါ်မှာ။ စစ်ဆေးကြည့်ရှုသော ရဲက ခေါင်းကို ခါယမ်းလိုက်သည်။

"အသက်မရှူတော့ဘူး"

"ဆေးရုံပို့ရမယ်"

နောက်ရဲတစ်ဦးက ပြောသည်။

"ဟေ့ ... ကားတွေရှင်းကွာ"

လူကြီးကို စစ်ဆေးခဲ့သူ ရဲက လှည့်၍အော်လိုက်သည်။

ထိုအချိန်တွင် ရှေ့မှ ရေသန့်ကားမောင်းသူက ကားစက်ကို နှိုး၍ရသွားပြီး မောင်းထွက်သွားသည်။ မတော်တဆဖြစ်သူ လူကြီး၏ ကားဖြူကလေးကို ရဲတစ်ဦးနှင့် အရပ်သားနှစ်ဦးက ရပ်ထားသော ကားများ၏ကြား လွတ်နေသောတစ်နေရာသို့ တွန်း၍ရွှေ့ကြသည်။ ထိုအခါ ကားဖြူကလေး၏နောက်တွင် ရပ်နေခဲ့သော မီးခိုးရောင်ကားပေါ်သို့ မိန်းမချောလေးတက်သွားကာ မောင်းထွက်သွားသည်။

ဝိုင်းအုံကြည့်ရှုနေကြသူများ အလျှိုလျှို ပြန်လည်ထွက်ခွာသွားကြသည်။ အအေးသောက်နေသူ မျက်မှန်နှင့်လူရွယ်သည်လည်း အေးဆေးစွာ ပြန်လည်ထွက်ခွာသွားသည်။

လူရှင်းသွားသလို နောက်တွင် ပိတ်ရပ်နေခဲ့သော ကားများလည်း လမ်းပွင့်၍ ဆက်ထွက်သွားကြသည်။

ထိုအခါ ရဲကားဝင်လာ၍ ရသွားသည်။

ပြီးတော့ အရေးပေါ်လူနာတင်ကားလည်း အချိန်အနည်းငယ်အတွင်း ရောက်ရှိလာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

လူရှင်းသော စကြိန်တစ်နေရာ၌ စောစောက အအေးသောက်၍နေခဲ့သော လူရွယ်က သူ၏ဟမ်းဖုန်းကို ထုတ်ကာ ဆက်နေသည်။

"ဆရာကြီး ... ကျွန်တော် လူအေးပါ။ ကိစ္စပြီးသွားပါပြီ။ အောင်မြင်ပါတယ် ဆရာကြီး"

" ..... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မျက်မှန်နှင့်လူရွယ်က ဖုန်းကို ပြန်ပိတ်လိုက်သည်။

✿ ✿ ✿

❑

တိုက်ခန်းတစ်ခုအတွင်း၌ ကြောင်နက်ကလေးကို ရင်တွင်ပိုက်ကာ အမွေးများကို လက်တစ်ဖက်ဖြင့် ညင်သာစွာသပ်ရင်း ဟမ်းဖုန်းဖြင့် စကားပြောနေသူ တစ်ဦးရှိသည်။

ဟမ်းဖုန်းကိုကိုင်ထားသော ညာလက်မှာ လက်အစစ်မဟုတ်။ အတုဖြစ်သည်။

သံလက်ကောက်ဖြစ်သည်။

သာမန်လက်ပုံသဏ္ဌာန်မဟုတ်။

အဖျားတွင် ချွန်၍ ကောက်နေသော လက်ချောင်းများဖြစ်သည်။ ထိုလက်ချောင်းများဖြင့် ဖုန်းကိုကိုင်ထားသည်မှာ အလွန်ကျွမ်းကျင်လှသည်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ဘက်က တာဝန်ကျေပါပြီ။ လုံးဝအန္တရာယ်ကင်းရှင်းပါတယ်။ သော့စ်ဘက်က"



www.burmeseclassic.com

www.burmeseclassic.com



“ .....”

“ဟုတ်ကဲ့ ... ခုပဲ ကျွန်တော့်တပည့်ကို လွှတ်လိုက်ပါ့မယ်”

သံလက်ကောက်ပိုင်ရှင် ပြောနေသော ဖုန်းကို ပိတ်သည်။ နောက်လက်တစ်ဖက်အကူအညီဖြင့် နံပါတ်များကို နှိပ်သည်။

ပြီးလျှင် ဖုန်းကို သံလက်ကောက်ဖြင့် ကိုင်သည်။

“ဝတုတ်လား”

“ .....”

“အေး ... ကားပတ်ကင်က ကားနံပါတ် ၆ခ/ ..... ပေါ်မှာ အထုပ်ကိုသွားယူလိုက် ပြီးရင် စုရပ်မှာ ပြန်စုမယ်။ ဒါပဲ”

သံလက်ကောက်က ဖုန်းကို ပိတ်သည်။

✿ ✿ ✿

❑

ကိုယ်ခန္ဓာ ပိန်ညှောင်ရိုးနှင့် ဝတုတ်က ဖျတ်လတ်သွက်လက်မှုရှိသည်။ မိုးပျံပူဖောင်းငါးလုံးကို စုကိုင်ကာ ဖလာဇာ၏ ကားပတ်ကင်ပေါ်မှာ လျှောက်သွားနေသည်။

တစ်နေရာတွင် သူ၏ ပူဖောင်းများထဲမှာ နှစ်လုံးလွတ်သွားသည်။ မိုးပျံပူဖောင်းက နံရံအပေါ်ဘက် မျက်နှာကျက်တွင် တပ်ဆင်ထားသော CCTV ကင်မရာတွင် သွား၍ချိတ်နေကြသည်။

အခြားတစ်နေရာတွင် ဝတုတ်က သူ၏ ပူဖောင်းသုံးလုံးကို လက်မှ လွှတ်လိုက်ပြန်သည်။

ပူပေါင်းသုံးလုံးက အပေါ်တက်သွားပြီး CCTV ကင်မရာတွင် သွား၍ ကပ်နေသည်။

ဝတုတ်သည် ရပ်ထားသော ကားများရှိရာသို့ လျှောက်သွားသည်။ ဖြတ်သွားရင်း ကားနံပါတ်များကို မသိမသာ မျက်လုံးကစား၍ ကြည့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကားတစ်စီးက ဝူးခနဲ မောင်းထွက်သွားသည်။

ထိုကားထွက်သွားရာ နေရာအနီး၌ အနက်ရောင်ကားတစ်စီး ရပ်ထား၏။ ကားနံပါတ်က ၆ခ/ .....။

ဝတုတ် ကားနားကပ်သွားသည်။

၆ခ/ .....ကား၏နောက်ဘက်တံခါးက ဟလျက်ရှိ၏။ နောက်ဘက်ထိုင်ခုံပေါ်တွင် စက္ကူထုပ်တစ်ထုပ် ရှိနေသည်။

ဝတုတ်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့၍ အကဲခတ်လိုက်သည်။

ပြီးနောက် အထုပ်ကို လှမ်းယူသည်။

အသင့်ပါလာသော ကျောပိုးအိတ်ထဲသို့ အထုပ်ကို ထည့်လိုက်သည်။

ပြီးလျှင် ကားတံခါးကို အသာအယာပိတ်လိုက်ကာ နေရာမှ အေးဆေးစွာ ထွက်၍သွားသည်။

လေ့ကားဘက်ဆီသို့ .....။

✿ ✿ ✿

❑

စုရပ်အခန်း၌ လူစုံရှိနေသည်။

ဆုံလည်ကုလားထိုင်ပေါ်တွင် သံလက်ကောက် ဘဂျမ်းက ကြောင်နက်ကလေးကို ညင်သာစွာပွတ်ရင်း တည်ငြိမ်စွာ ထိုင်နေ၏။

ဝတုတ်တင်ပေးထားသောအထုပ်ကို သူက လှမ်းကြည့်ပြီး ..

"ပင်ပန်းသွားကြပြီ"

ဟု ဦးစွာပြောသည်။

ရှေ့တွင်ရပ်နေသူ လေးယောက်ရှိ၏။ လက်ကလေးများ ရှေ့တွင်ချ၍ ခပ်ရိုရိုကလေး တရိုတသေ ရပ်နေကြခြင်းဖြစ်သည်။

တစ်ဦးမှာ ဝတုတ်ဖြစ်သည်။

ဝတုတ်ဆိုသူမှာ ပိန်ညှောင်ညှောင် ငါးဖောင်ရိုးဖြစ်၏။

ဒုတိယတစ်ဦးမှာ မျက်မှန်နှင့် လူရွယ်ဖြစ်သည်။ မျက်မှန်လူအေးဟု ခေါ်သည်။ သူက ခပ်အေးအေးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တတိယတစ်ဦးမှာ မီးခိုးရောင်ကားကလေးကို မောင်း၍ ကားဖြူကလေးနောက်မှာ ရပ်ခဲ့သူ မိန်းမချောလေးဖြစ်သည်။ သူမကားမှ မိန်းကလေးဖြစ်၍ ကြောက်တတ်ပုံရသည် မထင်ပါနှင့်။ ပြုံးပြုံးကလေးဖြစ်သည်။ ချောမွေယာဟုခေါ်သည်။

စတုတ္ထတစ်ဦးမှာ ရေသန့်ကားမောင်းသူ ဒရိုင်ဘာ ဝင်းထွန်းဖြစ်သည်။

"မင်းတို့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့လို့ ချီးကျူးပါတယ်"

သံလက်ကောက်ဘဂျမ်းထံမှ စကားသံထွက်လာ၏။

ညကျရင် မင်းတို့ကို ပွဲလေးတစ်ပွဲလုပ်ပြီး ဂုဏ်ပြုမယ်။ အဲဒီပွဲမှာ မင်းတို့အတွက် ထိုက်တန်တဲ့ လုပ်အားခကိုလည်း ပေးမယ်။ သဘောကျရဲ့လား"

"ဟုတ်ကဲ့"

အားလုံးပြိုင်တူ ...

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဝတုတ် ..."

"ခင်ဗျာ"

"မင်း ဆေးလိပ်ဖြတ်ရလိမ့်မယ်။ ဒီနေ့ မင်း တိုက်ပေါ်ကဆင်းလာတဲ့အချိန်မှာ မင်းသောက်နေတဲ့ စီးကရက်ကို ခါးချိုးပြီး မင်းပစ်ချခဲ့တယ်။ ဒါကို လူအေးကတွေ့လို့ ကောက်ယူလာခဲ့ရတယ်"

ဝတုတ် ခေါင်းငုံ့သွားသည်။

"တို့က ဘာတစ်ခုမှ သဲလွန်စ မကျန်စေဘဲ ပိပိရိရိလုပ်ရတာ။ သဲလွန်စ တစ်ခုတွေ့တာနဲ့ ရဲကလိုက်လာမှာ။ ရဲလိုက်လာရင် အန္တရာယ်ပဲ။ နောင် မဖြစ်ပါစေနဲ့။ ဒါ နောက်ဆုံးသတိပေးခြင်းပဲ"

"ဟုတ်ကဲ့"





"လူအေး"

"ဗျာ"

"အဖွဲ့ရဲ့ခေါင်းဆောင်အနေနဲ့ မင်း တည်တည်ငြိမ်ငြိမ်လုပ်တတ်တာ ကောင်းတယ်။ သွေးအေးဖို့ဆိုတာ တို့အလုပ်ရဲ့ အဓိကအချက်ပဲ"

"ဟုတ်ကဲ့"

"ချောမွေယာ ညည်းလည်း အိုက်တင်ကောင်းတယ်။ ဝင်းထွန်းလည်း တာဝန်ကျေတယ်။ ရှေ့ဆက်မယ့်ခရီးမှာ အဲဒီလို ပိရိသေသပ်တဲ့ မတော်တဆစံချိန်ကို ဆက်ထိန်းသွားရမယ်။ ကြားကြလား"

"ဟုတ်ကဲ့ ဆရာကြီး"

"တစ်မိနစ်တည်းအောက်မှာ အားလုံး တစ်သံတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



တိမ်ပြာက ငိုသံနှင့် ဝင်ပြောသည်။ သူမသည်မှ ဖခင် ရုတ်တရက် ဆုံးပါးရခြင်းအတွက် အားကိုးရာတောင်ကြီး ပြိုလဲပြီဖြစ်သောကြောင့် ဖြေမဆည်နိုင် ဖြစ်နေပုံရသည်။

ကိုနေသော်နှင့် မေစံရှား အကြည့်ချင်း ဆုံသွား၏။

"ဒီ မတော်တဆက အရမ်းကို ထူးဆန်းတိုက်ဆိုင်နေသလားလို့ ရှားထင်တယ်။ ကိုကိုကော"

ကိုနေသော် ခေါင်းညိတ်သည်။ ထောက်ခံသည့်သဘော။

"ဟုတ်တယ် ရှား"

နှုတ်မှလည်း ထောက်ခံစကား ထပ်ဆင့်ပေါ်ထွက်လာသည်။

✿ ✿ ✿

[ ၃ ]

❑

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ တူမရယ်။ ဖြစ်ချင်လို့ ဖြစ်သွားတာ ဘာတတ်နိုင်မှာလဲ။ တရားနဲ့ပဲ ဖြေရမှာပေါ့"

စိုးလာသော မျက်ရည်များကို တို့သုတ်ရင်း ကြီးကြီးမြကပြောသည်။ သူမသည် တရားနာခြင်း၊ တရားထိုင်ခြင်းတို့ဖြင့် လေ့ကျက်ထားသူဖြစ်သည့်အလျောက် ပဋိဒေဝသောကကို တရားဖြင့် ဆင်ခြင်သုံးသပ်ကာ ဖြေသိမ့်နေပုံရှိ၏။

"ရဲတွေကတော့ ဒါ မတော်တဆမှုလို့ပဲ ဆုံးဖြတ်တယ် ... မမရှား"



www.burmeseclassic.com

www.burmeseclassic.com

## | ၄ |

❑

ကိုနေသော်နှင့် မေစံရှားတို့သည် ဖျက်လက်စ အဆောက်အဦး ပေါ်သို့ တက်လာသည်။ လောလောဆယ်တွင် အဆောက်အဦးက ဖျက်နေခြင်းမရှိ။

မတော်တဆဖြစ်သည့်နေ့ကအတိုင်း ဖြစ်သည်။

နောက်ဆုံး ဖျက်လက်စအထပ်မှာ လေးထပ်ဖြစ်သည်။

မေစံရှားနှင့် ကိုနေသော်တို့သည် အထပ်၏ လမ်းမဘက်အခြမ်း အတိုင်း ဖြည်းဖြည်းလျှောက်လာပြီး တစ်နေ့က ပွဲကျသွားသည်ဆိုသော အုတ်နံရံများကို သေချာစွာကြည့်နေကြ၏။





"တိုက်က ဟောင်းနေပေမယ့် မဖျက်ခင်က လူနေလို့ရတဲ့ အဆောက်အဦးပဲ။ ဒီလောက်နဲ့ အုတ်တွေပြုတ်ကျစရာ အကြောင်း မရှိဘူး"

မေစံရှားက နံရံကို စမ်း၍ကိုင်ကြည့်၏၊ ထုကြည့်ကာ မှတ်ချက် ပြုသည်။

"မှန်တယ် ... ရှား"

"ပြီးတော့ Safty First ဆိုတဲ့ဆိုင်းဘုတ်က လမ်းကို ဟိုဘက် သည်ဘက်ဆွဲပြီး ဆွဲထားတယ်ဆိုတာကလည်း သဘာဝမကျဘူး။ ဖျက်လက်စ ဒါမှဟုတ် ဆောက်လက်စ အဆောက်အဦးမှာပဲ ချိတ်ရမှာ ပေါ့"

"အင်း ... ဟုတ်တယ်"

"ဟိုမှာကြည့်စမ်း ... ကိုကို"

"ဘာလဲ ရှား"

"ငြမ်းတွေကို အသေအချာ တုပ်နှောင်ထားတာပါ။ အောက် ကနေ ဗီနိုင်းကိုဆွဲလိုက်ရုံနဲ့ ငြမ်းကဝါးလုံးဟာ ပြုတ်ကျစရာ အကြောင်း မရှိလောက်ဘူး။ ပြီးတော့ အကာအရံ နိုင်လွန်ပိုက်တွေလည်း ရှိနေ တယ်"

"ဒါဖြင့် ရှား ဘယ်လိုယူဆလဲ"

"မတော်တဆမှုစစ်စစ်မဟုတ်ဘဲ မတော်တဆမှု ဟန်ဆောင် ထားတဲ့ မတော်တဆမှုလို့ ထင်တယ်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"အလွန်ဉာဏ်သွားတဲ့ လူတစ်ယောက်က ဥပဒေကနေလွတ်အောင် ကြိုတင်ကြံစည်လုပ်ကြံမှုပဲလို့ ယူဆတယ်ကိုကို"

ကိုနေသော်က မေစံရှားကို ဖျတ်ခနဲ စူးစမ်းကြည့်သည်။ ထိုအကြည့်မှာ အပြုံးရိပ်နုနု လဲ့မှိုနေသည်။

"ရှားအတွေး သိပ်နက်နေပြီထင်တယ်။ ထူးထူးဆန်းဆန်းဖြစ်သွားရတာကို ကိုကိုလက်ခံပါတယ်။ ဒါပေမဲ့ လုပ်ကြံမှုပဲလို့ ယူဆတာတော့ ရှား အစွဲအလမ်းကြီးတာများလား"

"အဲဒီလို ကိုကိုပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ထို့အတူပဲ ရှားကလည်း ရှားအတွေးနဲ့ရှား အဲသလို ယူဆချင်တယ်"

"ရဲတွေက ဒီနေရာကို စစ်ဆေးပြီးသွားပြီပဲရှားရယ်"

"မှန်ပါတယ် …။ အဖြစ်အပျက်ကတော့ လုံးဝ မတော်တဆမှုပုံစံပါပဲ။ ဒါကြောင့် ရဲတွေက အဲဒီလိုယူဆတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ …"

မေစံရှားစကား ရပ်သွားသည်။

ကိုနေသော်က သိချင်ဇောဖြင့် …

"ဒါပေမဲ့ ဘာဖြစ်လဲ"

လှမ်းမေးသည်။

မေစံရှားက တွေးတွေးဆဆဖြင့် …

"သေဆုံးသူ ဦးကြီးမြင့်ဟာ ရှားရဲ့အဒေါ် ကြီးကြီးမြရဲ့ ခင်ပွန်းဖြစ်နေတယ်။ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်တယ်။ ဒါပေမဲ့ ဦးလေးဦးကြီးမြင့် အောင်မြင်လာတာ တစ်မဟုတ်ချင်းဆိုတော့ကာ တစ်ခုခုတွေးစရာ ဖြစ်နေခဲ့တယ်။





အချိန်တိုတိုအတွင်းမှာ ဘာကြောင့် ဒီလောက် အောင်မြင်ခဲ့တာလဲ။ နောက်ကနေ ပံ့ပိုးသူ ရှိနေလို့လား။ ဥပဒေနဲ့ မလွတ်ကင်းတာတွေများ လုပ်ခဲ့လို့လား။ တွေးစရာအများကြီးပဲ"

တစ်လုံးချင်း ဖြည်းညင်းစွာ ပြောသည်။

"အဲ့ဒါ ငြင်းစရာမရှိပါဘူး"

ကိုနေသော်က သဘောတူကြောင်းဆိုသည်။

မေစံရှားက တစ်ဖက်မှ ဆောက်လက်စတိုက်ကို လှမ်းကြည့်ရင်း …

"ဦးလေးဦးကြီးမြင့်ကို ရှားလေ့လာရသလောက် အင်မတန်လျှို့ဝှက်သိုသိပ်သူဖြစ်တယ်။ သူ့လုပ်ငန်းတွေကို သူ့ဇနီးဖြစ်တဲ့ ကြီးကြီးမြကလည်း အကုန်အစင်မသိဘူး။

ဒါပေမဲ့ ရှားအထင်မှာတော့ ဥပဒေနဲ့ မလွတ်ကင်းတာကို ဦးလေးဦးကြီးမြင့် မလုပ်ဘူး။ ရိုးရိုးရှင်းရှင်းပဲ။ အဲနောက်က ပံ့ပိုးသူကတော့ ရှိနိုင်တယ်။ ပြောရရင် … အမည်မဖော်တဲ့ နောက်က သူဌေးကြီး တစ်ဦး ရှိနိုင်တယ်။ ကိုကိုသိပါတယ်လေ။ တချို့က အရမ်းချမ်းသာနေကြတာပေမယ့် လူသိမခံကြဘူးလေ"

"ဟုတ်ပါတယ်"

"ဦးလေး ဦးကြီးမြင့်ဟာ အဲဒီလိုပုဂ္ဂိုလ်တစ်ဦးဦးရဲ့ နောက်ခံနဲ့ အချိန်တိုတိုအတွင်းမှာ ကြီးပွားအောင်မြင်လာတာပဲ။ ဒါကြောင့် ဦးလေးဦးကြီးမြင့်မှာ စီးပွားပြိုင်ဘက်တွေကဖြစ်စေ၊ နောက်က ပံ့ပိုးသူတွေရဲ့ ဆွေမျိုးတွေကဖြစ်စေ မလိုလားမှုတွေ ရှိနေခဲ့လိမ့်မယ်"

"အဲဒါတော့ ဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှားနဲ့တစ်ကြိမ် စကားပြောစဉ်က ဦးလေးဦးကြီးမြင့် ပြောဖူးတာကတော့ နိမ့်နေတုန်းက လေတိုက်တာမသိဘူး။ မြင့်လာမှ လေတိုက်တာ သိရတယ်။ အတိုက်ခံရတာမှ သွက်သွက်ခါပဲတဲ့။ အဲဒါကို ရှားက လောကခံသဘောပြောတာပဲလို့ ထင်ခဲ့တာ။ ဒီစကားဟာ အခုဖြစ်ရပ်နဲ့ သက်ဆိုင်နေမလားလို့ အခု ရှားက တွေးကြည့်နေမိတယ်"

"ကဲပါ ... ရှားရယ်။ ရှားစိတ်ထဲမှာ တစ်စုံတစ်ခု သံသယရှိရင် စုံစမ်းကြည့်နိုင်သမျှ စုံစမ်းကြည့်တာပေါ့"

✿ ✿ ✿

❑

မတော်တဆမှုဖြစ်ခဲ့သော တိုက်၏အနီးအနားရှိ နေထိုင်သူများကို မေးမြန်းစုံစမ်းကြည့်သောအခါ များသောအားဖြင့်က မတော်တဆမှုဟုသာ ထင်မြင်လက်ခံထားကြသည်ကို တွေ့ရ၏။

သို့သော် အချို့စကားများထဲမှ စဉ်းစားစရာများကို မေစံရှားသတိပြုမိသည်။

"အရင်က သတိထားမိသလောက်ဆိုရင် Safty First ဆိုတဲ့ ဗီနိုင်းက ဖျက်နေတဲ့ အဆောက်အဦးမှာတစ်ခု၊ ဆောက်နေတဲ့အဆောက်အဦးမှာတစ်ခုလို့ ထင်တယ်။ ဘယ်တုန်းက လမ်းကိုဖြတ်ပြီး ပြောင်းချိတ်လိုက်မှန်း မသိဘူး"

တစ်ဦး၏စကား။

"ဖျက်နေတဲ့ အဆောက်အဦးက ဖျက်နေတုန်းမှာ အလုပ်သမားတွေပြောတာက နံရံတွေ သိပ်ပြိုနိုင်ခန့်သေးတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဦး၏ အပြော။

"ဖြစ်တာကတော့ အတော့်ကို ကြဲကြဲမြန်မြန်ပဲ။ ဒီလူ ကံဆိုးလွန်းလို့ပါဗျာ။ ဘယ်လိုလုပ်ပြီး အုတ်ခဲတွေ ပြုတ်ကျမှန်း တွေးလို့ကို မရပါဘူး။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ကြီးပဲဗျ။ ယုံတောင် မယုံချင်ဘူးဗျာ"

နောက်တစ်ဦး၏ မချင့်မရဲ ဝေဖန်မှု။

ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ယူစစ်ဆေးခဲ့သော ရဲအုပ်ထင်လင်းမှာ မေစံရှား၏မိတ်ဆွေဖြစ်သည်မို့ မေစံရှားက သွားရောက်တွေ့ဆုံသောအခါ ...

"မသက်ာစရာ မတော်တဆမှုတစ်ခုလို့ ကျွန်တော်လည်း သုံးသပ်တယ်။ ဒါပေမဲ့ ဘာမှ သဲလွန်စမရဘူး။ ဒီတော့ မတော်တဆမှုလို့ပဲ အမှုကို ပိတ်ရမှာပဲ"

ရဲအုပ်ထင်လင်း၏ အမြင်။

❀ ❀ ❀

| ၅ |

မေစံရှား ရုံးခန်းအတွင်းသို့ ဝင်လိုက်လျှင် နောက်မှပါလာသော စာပို့လုလင်ကပါ လိုက်ဝင်လာပြီး ...

"ဒေါ်မေစံရှား စာခင်ဗျ"

ဟူသောအသံကို ပြုလေသည်။

မေစံရှားက လှည့်၍ စာကိုယူပြီး ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ စာအိတ်ပေါ်မှာက ကွန်ပျူတာဖြင့် လိပ်စာကို ရိုက်နှိပ်ထားသည်။ မေစံရှားကို လိပ်မူထားသည်။ ပို့သူလိပ်စာမပါ။

မည်သူပို့သနည်း။

လိပ်စာကိုလည်း ကွန်ပျူတာဖြင့် ရိုက်ထားသဖြင့် လက်ရေးကဲ့သို့ ခန့်မှန်းကြည့်၍မရ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာတိုက်လိပ်စာကိုကြည့်တော့ အင်းစိန်စာတိုက်က နေတစ်ဆင့် ပို့လိုက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ပို့လိုက်သည့်ရက်က လွန်ခဲ့သော နှစ်ရက်။

စာအိတ်ကိုချ၍ စားပွဲမှာထိုင်ပြီး ပြင်ဆင်ရင်း စိတ်ထဲက စာဆီသို့ရောက်နေသည်။ မိမိထံသို့ တကူးတက စာပို့လေ့ရှိသူမရှိ။ နယ်မှမိတ်ဆွေများ၊ အမှုသည်များကတော့ ရံဖန်ရံခါ ပို့ဖူးပါ၏။ ပို့ခဲ့လျှင်မေ့မေ့ပျောက်မှ တစ်ခါဖြစ်သည်။

ယခုစာက နယ်ကမဟုတ်ပြန်။

ရန်ကုန်ကဖြစ်ပါလျက် စာတစ်တန် ပေတစ်တန်ပို့ခြင်းမှာ အဘယ်အကြောင်းကိစ္စနည်း။ အမှုကိစ္စ ဆွေးနွေးတိုင်ပင်ခြင်းလား။ အမှုကိစ္စဆိုလျှင်လည်း လူကိုယ်တိုင်လာရမည်။ စာဖြင့်တိုင်ပင်၍ မရနိုင်။ အလင်းရောင်တွင်ထောင်၍ အတွင်းမှ စာလွတ်စေရန်ကြည့်ပြီး စာအိတ်ကို ဖောက်လိုက်သည်။

အတွင်းမှ ထွက်လာသည်က ...

ရေးထားသောစာမဟုတ်။

ရေး၍ပို့လိုက်သော စာမဟုတ်။

စာအုပ်တစ်အုပ်ထဲမှ ဖြယူ၍ ပို့လိုက်သော စာရွက်တစ်ရွက်ဖြစ်နေသည်ကို တွေ့ရ၏။ ပြီးတော့ စာက မြန်မာလိုမဟုတ်။

အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော ဝတ္ထုတစ်ပုဒ် အတွင်းဖက်စာမျက်နှာမှဖြစ်သည်။ တစ်မျက်နှာလုံး မဟုတ်သဖြင့် စာရေးဆရာအမည် ဝတ္ထုအမည်ကို မတွေ့ရ။

စာတစ်မျက်နှာ တစ်စိတ်တစ်ပိုင်းကို သေချာစွာ ဖြဲ၍ထားခြင်းဖြစ်သည်ကို တွေ့ရ၏။





ထိုစာရွက်မှလွဲလျှင် အခြားဘာမျှမပါ။

တစ်ခုခုတော့ ထူးဆန်းနေပေပြီ။

မေစံရှားအဖို့ သိချင်စိတ်က ပို၍ ကြီးမားလာ၏။ မည်သည့်အကြောင်းကြောင်း ဤဝတ္ထုစာရွက်တစ်ပိုင်းတစ်စကို ပို့သနည်း။ အခြားတစ်စုံတစ်ရာမပါဘဲ ဝတ္ထုစာရွက်ပိုင်းကို ပို့ခြင်းမှာ မည်သည့်ရည်ရွယ်ချက်ဖြစ်သနည်း။

ပို့သူသည် အကြောင်းမဲ့ပို့ခြင်းတော့ မဖြစ်နိုင်ရာ။

မေစံရှားသည် စာအိတ်နှင့် အတွင်းမှစာရွက်ကို အသေအချာလေ့လာကြည့်ရှုပြီး စာရွက်ပါအကြောင်းအရာကို ဖတ်လိုက်သည်။

စာပါဝတ္ထုမှပါသော ဇာတ်လမ်းဇာတ်ကွက်နှင့် စကားပြောများကို မေစံရှားက ဖတ်ရင်း ဘာသာပြန်ကြည့်သည်။

လမ်းက လူသွားလူလာ ရှုပ်ထွေးလှ၏။ ကားများ လူများက လမ်းကျဉ်းကျဉ်းမှာ ဥဒဟို အစုန်အဆန် သွားလာလှုပ်ရှားလျက်ရှိသည်။ မိမိအကြောင်းနှင့်မိမိ သွားလာနေခြင်းဖြစ်၍ တစ်ဦးကိုတစ်ဦး အမှတ်မထင် ကျော်ဖြတ်သွားကြသည်။ စေ့စေ့ငုငု မကြည့်ရှု။ ရှင်းရှင်းပြတ်ပြတ်အကဲမခတ်။

ဒါက ဤလမ်းကလေး၏ နေ့စဉ် နိစ္စဓူဝ မြင်ကွင်းဖြစ်သည်။

ဖြစ်ချင်တော့ ...

အထပ်မြင့်များ ဝန်းရံနေသည့် လမ်းကလေး၏ စကြံနံပေါ်မှ လူတစ်ယောက်သည် လမ်းကိုဖြတ်ကူးရန် စောင့်ဆိုင်းနေစဉ် ...

တိုက်တစ်ခု၏ အမြင့်အထပ်တစ်ခု၏ ဝရံတာမှ ပန်းအိုးသုံးလေးလုံးသည် ရုတ်တရက် အောက်သို့ ပြုတ်ကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပန်းအိုးများက လမ်းဖြတ်ကူးရန် ရပ်နေသော လူကြီးအပေါ်သို့ တန်းတန်းမတ်မတ် ကျသွားသည်။

အဖြစ်အပျက်ကား မထင်မှတ်ဖွယ်ရာ။

ကြေနပ်မေါ်မှလူကြီးသည် ဆန့်ငင်ဆန့်ငင်ဖြင့် အသက်ထွက်သွားသည်။ လူကြီး၏ခေါင်းမှ သွေးတို့သည် ကြေနပ်ပေါ်၌ စီးဆင်းလျက်။

လူအများ ဝိုင်းလာကြကာ ...

ဝတ္ထုပါ အကြောင်းအရာက ဤမျှသာဖြစ်၏။

အတော်တဆ ဖြစ်ခဲ့မှုတစ်ခုအကြောင်း။

စာရွက်ကိုချကာ မေစံရှား စဉ်းစားခန်း ဝင်ရတော့၏။

စာရေးဆရာမဟုတ်သော မေစံရှားထံသို့ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်၏ အပိုင်းအစတစ်ခုကို အဘယ်ကြောင့် ပို့သနည်း။ ရည်ရွယ်ချက် မည်သို့နည်း။ မည်သူပို့သနည်း။

ဝတ္ထုကို ဖတ်စေချင်သော ရည်ရွယ်ချက်တော့ ဟုတ်ဟန်မတူ။ အကြောင်းမရှိဘဲလည်း ပို့ခြင်းမဖြစ်နိုင်။

မေစံရှားနှင့်ကော မည်သို့ သက်ဆိုင်သနည်း။

မတော်တဆမှုတစ်ခုသည် ...

"ဟင် ..."

ရုတ်တရက် ခေါင်းထဲသို့ဝင်လာသော အတွေးကြောင့် နှုတ်မှ အာမေဋိတ်သံ 'ဟင်' ခနဲ ထွက်သွားသည်။ ခေါင်းထဲတွင် ပူခနဲဖြစ်သွားသည်။ ရင်ထဲတွင် စူးခနဲ ခံစားလိုက်ရသည်။

ရန့်တစ်ခုသည် မေစံရှား၏သွေးကို ရုတ်ခြည်း ပူနွေးသွားစေသည်ဟု ထင်ရ၏။

---





"မတော်တဆမှု"

"အပေါ်မှ ပြုတ်ကျသော ပန်းအိုးများကြောင့် ..."

"လူကြီးတစ်ဦး သေဆုံး ..."

ဒါ ဦးလေး ဦးကြီးမြင့်ကို ရည်ညွှန်းတာလား။ ဘာကြောင့် ဦးလေးဦးကြီးမြင့်၏အဖြစ်နှင့် ဝတ္ထုပါ အကြောင်းအရာတို့ တိုက်ဆိုင်တူညီနေရသနည်း။ တမင်ပင် တိုက်ဆိုင်တူညီသော အကြောင်းအရာကို ပို့လိုက်ခြင်းလား။ ဘာကြောင့်ပို့သနည်း။ မည်သူပို့သနည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ကော်ဖီဆိုင်ထဲမှာ အအေးဓာတ်က စိမ့်စိမ့်ကလေးရှိနေသည်။

ကိုနေသော်က စာရွက်ပေါ်မှ ဝတ္ထုဇာတ်လမ်းကို အဖန်ဖန် အခါခါ ပြန်ဖတ်နေသည်။ မေစံရှားက ကိုနေသော် မည်သို့ ဝေဖန်မည် နည်းဟု စောင့်ကြည့်နေ၏။

"စာရွက်ရဲ့ အနေအထားအရ ကြည့်ရင် နှစ်သိပ်မကြာခင် က ပုံနှိပ်ထားတဲ့ပုံပဲ။ ကိုကိုတော့ ဒီဝတ္ထုမဖတ်ဖူးဘူး။ အကြောင်းအရာ က မတော်တဆအကြောင်းအရာ။ ဒီအကြောင်းအရာနဲ့ ရှားက ဘာ ဆိုင်လို့လဲ။ ရှားဦးလေး ဦးကြီးမြင့်ဆိုတာကလည်း မတော်တဆကြောင့် သေဆုံးရတာဆိုတော့ အဲဒါကိုများ ရည်ညွှန်းချင်တာလား"

ကိုနေသော်ထံမှလည်း မေးခွန်းများက ထွက်လာသည်။ ထိ ကျသေချာသော ဝေဖန်ပိုင်းဖြတ်မှုမရှိ။





"အကြောင်းတော့ ရှိရမယ်။ အကြောင်းမရှိဘဲတော့ ပို့တာ မဖြစ်နိုင်ဘူး။ ပြီးတော့ ပို့သူက ဘယ်သူလဲဆိုတာ မသိရပါဘူး။ ဒါကို က စိတ်ဝင်စားစရာဖြစ်နေတယ်"

ကိုနေသော်က ဆက်ပြောသောစကား။

"ရဲအုပ်ထင်လင်းကို ပြကြည့်ပြီးပြီလား။ သူက ဘာပြောလဲ"

မေးခွန်းတစ်ခု ထွက်လာ၏။

"ပြကြည့်ပြီးပြီ။ သူလည်း ဘာမှ မဝေဖန်တတ်ဘူးဖြစ်နေ တယ်။ ပြီးတော့ စာရွက်ပေါ်မှာ လက်ဗွေပါမပါ စီအိုင်ဒီမှာ သွားစစ် ဆေးတော့လည်း မတွေ့ရဘူး"

မေစံရှားက အဖြေပေးသည်။

"ဒါဖြင့်ရင် ပို့သူဟာ စာရွက်ကို လက်အိတ်နဲ့ ကိုင်ခဲ့ပုံပဲ။ အဲဒါကိုကြည့်ရင် ပိုစိတ်ဝင်စားစရာ ကောင်းလာပြီ"

"ဟုတ်တယ် ကိုကို။ ရှားလည်း အဲဒါ ညက တစ်ညလုံးတွေး ပြီး အိပ်မပျော်ဖြစ်နေခဲ့ရတယ်"

"ရှားကို ခေါင်းစားအောင်လုပ်လိုက်တာပဲ။ တမင် နောက် ပြောင်တာတော့ မဟုတ်ဘူး။ ရည်ရွယ်ချက်တစ်ခုခုနဲ့ ပို့လိုက်တာပဲဖြစ် ရမယ်"

ကိုနေသော်၏ ယူဆချက်ကို ကြားရ၏။

"ရှားလည်း ဒီလိုပဲ ယူဆတယ်"

"ရှားဦးလေးဦးကြီးမြင့် သေဆုံးမှုနဲ့များ ပတ်သက်နေမလား"

ကိုနေသော်၏ မဝံ့မရဲအတွေးက မေစံရှား၏ခေါင်းကို ခြား သွားစေသည်။

"ရှားအတွေးနဲ့ တူနေပြီ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ..."

ထိုစဉ် မေစံရှား၏ လက်ကိုင်ဖုန်းမှ တီးလုံးသံကလေးထွက်လာသည်။ ကိုနေသော်၏ ပြောလက်စစကား ပြတ်သွားသည်။ မေစံရှားက ဖုန်းကိုကောက်ယူပြီး ဖုန်းနံပါတ်ကိုကြည့်သည်။

နံပါတ်က နံပါတ်စိမ်းဖြစ်သည်။

ကြိုးဖုန်းတစ်ခု၏ နံပါတ်ဖြစ်သည်။

"ဘယ်က ဖုန်းလဲ"

ကိုနေသော်က လှမ်းမေးသည်။

"မသိဘူး ကိုကို"

မေစံရှားက ဖုန်းကို နားမှာကပ်၍ ပြောလိုက်သည်။

"ဟယ်လို အမိန့်ရှိပါရှင်"

"ဒေါ်မေစံရှားပါလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"မင်္ဂလာပါ ဒေါ်မေစံရှား"

"ဟုတ်ကဲ့ မင်္ဂလာပါ။ ဒါနဲ့ အခုစကားပြောနေတာ ဘယ်သူပါလဲရှင်"

တစ်ဖက်မှ ရယ်သံဟဟ ကြားရ၏။

"ကျွန်တော်ဘယ်သူဆိုတာ သိရရင် ဒေါ်မေစံရှား အံ့အားသင့်သွားမှာပဲနော်"

မေစံရှား မျက်မှောင်များ တင်းခနဲကြုံ့လိုက်မိ၏။ ယင်းကို ကိုနေသော်ကလည်း မြင်လိုက်သည်။ တစ်ခုခုတော့ ထူးခြားသွားပြီ။

"ကျွန်တော် ဒေါ်မေစံရှားတို့ မိတ်ဆွေဟောင်းတစ်ယောက်ပါ"





"ဟုတ်ကဲ့ ဘယ်သူပါလဲရှင်"

"ဒေါ်မေစံရှားကိုယ်တိုင် ထောင်ထဲကို ပို့ခဲ့တဲ့သူပါ"

"ရှင် ဘယ်သူလဲ"

ဟက်ခနဲရယ်သံ ကြားရပြန်၏။ ပြီးမှ ပေါ်ထွက်လာသည်က ...

"ဘဂျမ်းပါ"

"ဘဂျမ်း ... ဒီနာမည်နဲ့ ကျွန်မ မရင်းနှီးပါဘူးရှင်"

တစ်ဖက်မှရယ်သံ ထပ်ကြားရပြန်သည်။

"ကျွန်တော့်နာမည်ရင်းက မင်းစိန်ပါ။ ဖောက်ထွင်းမှုတစ်ခုကြောင့် ထောင်ကျခဲ့ရသူပါ။ အဲဒီအမှုကို ဖော်ထုတ်ပေးခဲ့တာက မေစံရှားပါ"

မှတ်မိလိုက်ပါပြီ။

မင်းစိန် ...။

ယခုတော့ ထောင်ကလွတ်လာပြီထင်၏။ ဘဂျမ်းဟု အမည်ပြောင်းထားသည်။ အကြောင်းတစ်ခုခုရှိ၍လား။

"ဟုတ်ကဲ့ ... မှတ်မိပါပြီ။ ကိုမင်းစိန်ဆိုတာ တစ်ချိန်က မင်းနေဂျာတစ်ယောက်မဟုတ်လား"

"မှန်ပါတယ်"

"အပြစ်ကြွေးကို ချွေးနဲ့ဆပ်ပြီးပြီဆိုရင် အမှားကို ခဲဖျက်နဲ့ ဖျက်လိုက်သလို ဖြစ်သွားပါပြီ။ နောက်တစ်ကြိမ်မမှားအောင်တော့ ကြိုးစားပေါ့ရှင်"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့ ဖုန်းဆက်တာ ကိစ္စတစ်ခုခုများ ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အပြင်လောက ပြန်ရောက်နေတယ်ဆိုတာကို ဒေါ်မေစံရှားကို အသိပေးတာပါ"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ရှင်"

"ကျွန်တော့်အကြောင်းကို ဒေါ်မေစံရှားရဲ့ချစ်သူက မဂ္ဂဇင်းတစ်အုပ်ထဲမှာ ရေးထားတာ ဖတ်လိုက်ရပါတယ်။ ခေါင်းစဉ်ကတော့ 'အကွက်ချကောင်းသူ' တဲ့။ ဒီနာမည်နဲ့ ကျွန်တော့်ကိုဂုဏ်ပြုတာ ကျေနပ်ဝမ်းမြောက်မိပါတယ်။ မှန်ပါတယ်။ ကျွန်တော်က အကွက်ချကောင်းတယ်။ တစ်ချိန်ချိန်မှာ အကွက်ချကောင်းတာလေးတောင် ဒေါ်မေစံရှား တွေ့ရဦးမလားမသိဘူး။ ကဲ . . . အဲဒါပါပဲဗျာ"

တစ်ဖက်က ပြောပြောဆိုဆို ဖုန်းချသွားသည်။

"ရှားနဲ့စကားပြောတာ ငွေစက္ကူတွေ ဖောက်ထွင်းခိုးယူလို့ ထောင်ကျသွားတဲ့ မင်းစိန်လား"

ကိုနေသော်က လှမ်းမေး၏။

"ဟုတ်တယ် ကိုကို။ အခု မင်းစိန်ကနေ ဘဂျမ်းဖြစ်နေတာ ဒါကိုထောက်ရင်တော့ သူဟာ ထောင်ကလွတ်လာပြီး အလင်းထဲမှာ လိပ်ပြာသန့်သန့်မနေဘဲ အမှောင်လောကထဲကိုများ ခြေစုံပစ်ဝင်သွားလား မသိဘူး"

"ဖြစ်နိုင်ထယ်"

"နောက်တစ်ခုက သူ နောက်ဆုံးပြောသွားတဲ့ စကားထဲမှာ တစ်ချိန်ချိန် အကွက်ချကောင်းတာလေးတွေ ဒေါ်မေစံရှား တွေ့ရဦးမလားမသိဘူးလို့ပါတယ်။ ဒါဟာ ရှားကို တစ်ခုခု ကြိုအသိပေးလိုက်တာလို့ ရှား သံသယရှိနေတယ်"





"ဒါကတော့ ရှား စိုးရိမ်လွန်တာ ဖြစ်ကောင်းဖြစ်မှာပါ။ ကဲ စကားကောင်းနေတာ အချိန်အတော်တောင် ကြာသွားပြီ။ ပြန်ကြရအောင်။ ရှားက အလုပ်တွေရှိသေးတယ်မဟုတ်လား"

"အင်း . . . ပြန်ကြတာပေါ့"

ကော်ဖီဆိုင်မှ ပြန်လာရာ လမ်းတွင် မေစံရှားသည် ဘဂျမ်းခေါ် မင်းစိန်အကြောင်းကို ပြန်တွေးမိလာ၏။ ဉာဏ်အတော်ပြေးသူဖြစ်၍ ကိုနေသော်က ဝတ္ထုရေးသောအခါတွင် အကွက်ချကောင်းသူဟု အမည်တပ်ခဲ့ခြင်းဖြစ်သည်။

ယခု ဖုန်းဆက်သည်မှာ အဘယ်ကြောင့်နည်း။

မေစံရှားကို စိန်ခေါ်ခြင်းများလား။

မေစံရှား ပင့်သက်ချလိုက်သည်။ နှစ်အတော်ကြာက ဆုံခဲ့ရသော ဘဂျမ်း၏အတိတ်တို့က တရိပ်ရိပ် ပေါ်လာပြန်တော့၏။

(ဤနေရာ၌ ကိုနေသော်က သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ထိုသူ၏အကြောင်းကို ရေးခဲ့သော ရှေ့နေမလေး မေစံရှားနှင့် အကွက်ချကောင်းသူဝတ္ထုကို ပြန်လည်ကူးယူ ဖော်ပြလိုက်ပါသည်။ ကိုမင်းစိန်အကြောင်းကို စာဖတ်သူများ ကြိုတင်သိရှိနိုင်စေရန်ဖြစ်ပါသည်။)

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

"အမှားကို အမှားမှန်းသိလို့ အမှန်ရောက်အောင် ပြင်တာလည်းရှိတယ်။ အမှားကို အမှားမှန်းသိလျက်နဲ့ အမှန်မပြင်ကြတဲ့သူတွေလည်း ရှိတယ်။ ရှားတို့ ဥပဒေလောကမှာဆိုပါတော့။ ပြစ်မှုကျူးလွန်မိတဲ့လူတစ်ယောက်ဟာ လူဆိုးမှတ်တမ်းဝင်သွားတယ်။

နောင်တစ်ချိန် အဲဒီလို အလားတူတဲ့ ပြစ်မှုမျိုး ပေါ်ပေါက်လာတဲ့အခါ လူဆိုးမှတ်တမ်းဝင်ဖြစ်ခဲ့တဲ့ အဲဒီလူဟာ သင်္ကာမကင်းခံရပြီး စစ်ဆေးမေးမြန်းခံရတယ်။ ဖမ်းဆီးချုပ်နှောင်ခံရတယ်။

အမှန်မပြင်လို့ အမှားဘဝမှာ သံသရာဆက်ပြီး လည်နေတဲ့လူကတော့ ထူးမခြားပေမယ့် အမှန်ပြင်ပြီး လမ်းမှန်ပေါ်ရောက်နေတဲ့





လူကတော့ စိတ်ဒဏ်ရာရသွားနိုင်ပြီး အမှောင်ထဲကို ပြန်ရောက်သွားနိုင်တယ်လို့ ကိုကိုထင်တယ်။ ဒါတွေကို ဥပဒေသမားတွေ ဥပဒေရဲ့ စောင့်ရှောက်မှု တာဝန်ယူနေရတဲ့ ရဲတွေ သတိချပ်သင့်တယ်ထင်တယ်"

ကျွန်တော် စကားနည်းနည်း ရှည်သွားသော်လည်း ရှားက စိတ်ရှည်လက်ရှည် နားထောင်နေပြီးမှ အပြုံးချိုလေးတစ်ပွင့် ဖူးပွင့်လာကာ ...

"ကိုကို့စကားက နက်တယ်။ တကယ်လည်း ရှားတို့ သတိချပ်သင့်တာ အမှန်ပါပဲ။ ပြစ်မှုကျူးလွန်ခဲ့ပြီးမှ နောင်တရလို့ ဘဝကို အသစ်တစ်ဖန် ပြန်စနေသူတစ်ယောက်က နောက်ထပ်ပေါ်လာတဲ့ ပြစ်မှုတစ်ခုကြောင့် သင်္ကာမကင်းခံရလို့ အဖမ်းခံရတယ်ဆိုရင် သူ့ရဲ့ဘဝသစ်ကလေးဟာ အနှောင့်အယှက်ဆိုးကြီးနဲ့ ကြုံရတာပါပဲ။

ရှားတို့ဆီမှာ လူတစ်ယောက်ရဲ့ စိတ်ဒဏ်ရာဆိုတာကို ဂရုပြုမှုနည်းကြတယ်။ ခန္ဓာကိုယ်ပေါ်က အနာဒဏ်ရာအတွက် ဥပဒေက အလုပ်လုပ်ပေမယ့် စိတ်ဒဏ်ရာအတွက်တော့ ဥပဒေက လျစ်လျူရှု ငြိမ်သက်နေတယ်လို့ ရှားလည်း ခံစားနေရတာ ကြာပါပြီ"

ဟု ဆိုလေသည်။

"ဟာ ... ဒါဆို ရှားနဲ့ကိုကို ခံယူချက်ချင်း အမြင်ချင်း တူတယ်"

"တူလို့လည်း ချစ်သူဖြစ်နေတာပေါ့ ကိုကိုရယ်"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိကြသည်။

ထိုအချိန်မှာပင် ...

"ကျွန်မ ဝင်ခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ခွင့်တောင်းသံ တံခါးဝမှ ပေါ်ထွက်လာသည်။ ရှားရော ကျွန်တော်ပါ အသံလာရာဆီသို့ လှမ်းကြည့်မိကြ၏။ အသက်သုံးဆယ်အရွယ် မိန်းမတစ်ဦးဖြစ်ပြီး ၁ နှစ်သားအရွယ်ကလေးကို ပွေ့ချီထားသည်။ သူမ၏ပုံသဏ္ဌာန်မှာ နွမ်းနွမ်းပါးပါးရှိလှ၏။ အဝတ်လည်း နွမ်း၍ မျက်နှာလည်း နွမ်းလှသည်။

"လာပါ ဝင်ခဲ့ပါ အစ်မ"

ရှားက ကြည်လင်သော အပြုံးဖြင့် နှစ်လိုအားရ ဖိတ်ခေါ်သည်။ အမျိုးသမီးသည် ရှား၏ခွင့်ပြုချက်စကားရမှ ရပ်နေရာမှ ခပ်ရိုရို့ ဖော့မရဲဖြင့် အခန်းတွင်း လှမ်းဝင်လာသည်။

နေ့က တနင်္ဂနွေနေ့ဖြစ်သည်။ အလုပ်နားရက်ဖြစ်သည်။ ထုံးစံအတိုင်း တစ်ပတ်လုံး အလုပ်တွေဖြင့် ရှုပ်ယှက်ခပ်နေစဉ် မတွေ့ဖြစ်ခဲ့ရသည့်နေ့များ ရှိခဲ့သည့်အလျောက် တနင်္ဂနွေမှာ ရှားအိမ်သို့ ကျွန်တော် ရောက်နေခြင်းဖြစ်၏။

ရှား၏ဒေါ်လေးဖြစ်သူ ဒေါ်လေးကြင်ကြင် ချက်ကျွေးသော ထမင်းကိုစားပြီး ရှားနှင့် ကျွန်တော် စကားဖောင်ဖွဲ့နေရာသို့ ထိုအမျိုးသမီး ရောက်လာခြင်းပါပင်။

"ထိုင်ပါရှင်"

"ဟုတ်ကဲ့"

"ကျွန်မ ဘာအကူအညီ ပေးရမလဲ အစ်မ"

ညှိုးသည့်အမျိုးသမီးက ကျွန်တော်တို့ရှေ့မှာ ခပ်ကျုံ့ကျုံ့ဝင်ထိုင်သည်။

"ကျွန်မနာမည် မမြမှုပါ။ ကျွန်မမှာ ဒုက္ခတစ်ခုတွေ့နေလို့ပါ။





ကျွန်မရဲ့ အသိမိတ်ဆွေတွေက ဒီက ဆရာမလေး ဒေါ်မေစံရှားက လူတွေကို ကူညီပေးတယ်ဆိုလို့ အားကိုးပြီး လာခဲ့တာပါ"

ကျွန်တော်နှင့်ရှား အကြည့်ချင်း ဆုံသွားသည်။

"ဟုတ်ကဲ့ ပြောပါ။ ကျွန်မ မေစံရှားပါ။ ကျွန်မကူညီနိုင်တာ ကူညီပါ့မယ်"

ရှားစကားကြောင့် မမြမှု အားတက်သွားဟန်ပေါ်လာ၏။

"ဒီလိုပါ ဆရာမလေးရယ်။ ကျွန်မယောက်ျား ကိုဘသိန်း အဖမ်းခံနေရလို့ပါ"

"ဘာကြောင့်လဲ"

"ဖောက်ထွင်းခိုးယူမှုလို့ ပြောပါတယ်"

"ပြောပါတယ်ဆိုတာက ဘယ်သူကပြောတာလဲ"

"ရဲတွေကပါ"

"ရဲတွေက အပြစ်မဲ့သူတစ်ယောက်ကိုတော့ အကြောင်းမဲ့ ဖမ်းချင်မှရှိလို့ ဖမ်းမှာမဟုတ်ပါဘူး။ အကြောင်းတစ်ခုခုရှိနေလို့ ...၊ ဒါမှမဟုတ် ဆက်စပ်မှုရှိနေလို့ ဖမ်းတာ ဖြစ်နိုင်ပါတယ်။ ကိုဘသိန်းက ဒီအမှုကို ..."

မမြမှုက ရှားစကားကိုဖြတ်ကာ ...

"ကိုဘသိန်း ဒီအမှုကို မကျူးလွန်ပါဘူးရှင်။ ကျွန်မ ကောင်းကောင်းသိပါတယ်"

ဟု ခပ်လောလော ပြောသည်။

ရှားက ခေါင်းညိတ်လျက် ...

"ကျွန်မကလည်း ကိုဘသိန်းကျူးလွန်တယ်လို့ မပြောသေးပါဘူး။ ရဲကဖမ်းဆီးရတဲ့ သဘောကို ပြောပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မယောက်ျားက လူကောင်းပါရှင်။ သူ ဒီလိုမလုပ်ပါဘူး။ အဲဒီညကလည်း တစ်ညလုံး သူ အိမ်မှာရှိနေတာပါ။ ဘယ်မှမသွားပါဘူး"

"ငါ့မယုံရင် ငါ့မိန်းမမေးကြည့်"

ဟူသော စကားလေးကို ကျွန်တော်က ဖျတ်ခနဲသတိရပြီး ပြုံးလိုက်မိ၏။ ရှားကမူ တလေးတစားဖြင့်ပင် ...

"အဖြစ်အပျက်တွေကို မမြမှုသိထားသမျှ ကျွန်ကို နားလည်အောင် ပြောပြပါလား"

တိုက်တွန်းလေသည်။

"ကျွန်မနဲ့ ကိုဘသိန်း အိမ်ထောင်ကျတာ လေးနှစ်ရှိပါပြီ။ သူ ရိုးရိုးသားသားပဲ ကျွန်မကို ရှာဖွေလုပ်ကျွေးပါတယ်။ ပညာမတတ်လို့ အလုပ်ကြမ်းမျိုးစုံ လုပ်ရပါတယ်။ ပြီးခဲ့တဲ့လကတော့ စက်ရုံတစ်ခုမှာ လုံခြုံရေးဝန်ထမ်း ... အဲ ... ညစောင့် ဝင်လုပ်ပါတယ်။ တစ်လပဲလုပ်ပြီး အလုပ်ဖြုတ်ခံလိုက်ရပါတယ်။ အဲဒါနဲ့ ပန်းရံဝင်လုပ်ပါတယ်"

ရှားက မမြမှု စကားအပြတ်တွင် ...

"စက်ရုံမှာ တစ်လတည်းအလုပ်လုပ်ပြီး ဘာကြောင့် အလုပ်ဖြုတ်ခံရတာလဲ"

ဟု ဝင်မေးသည်။ မမြမှု မျက်နှာပျက်သွားသည်။

"ဟိုအရင်က ကိုဘသိန်းမှာ ပြစ်မှုရှိတယ်လို့ မန်နေဂျာကသိပြီး ဖြုတ်လိုက်တာပါ"

ရှား မျက်ခုံးကလေး တွန့်ခေါက်မြင့်တက်သွားသည်။

"ကိုဘသိန်းက ပြစ်မှုရှိခဲ့သလား"





"ရှိခဲ့ပါတယ်။ အဲဒါလည်း သူအလုပ်ဖြုတ်ခံရမှ ပြောပြလို့ ကျွန်မ သိခဲ့ရတာပါ။ ကျွန်မ သူ့ကိုယူစဉ်က မသိခဲ့ရပါဘူး"

"ဘာပြစ်မှုလဲ"

"ဖောက်ထွင်းမှုပါ"

ရှား၏ သက်ပြင်းချသံ ကြားရ၏။

"ဒါဖြင့် အဲဒီနောက်ကြောင်းကြောင့် ကိုဘသိန်း အလုပ်ဖြုတ်ခံရတယ်။ အခုလည်း မသင်္ကာလို့ အဖမ်းခံရတယ်။ ဒီလိုလား မမြမှု"

"ဟုတ် ... ဟုတ်ကဲ့"

"ကိုဘသိန်း အခုတစ်ကြိမ်မှာ ဖောက်ထွင်းခိုးယူမှုကို တကယ်ကျူးလွန်ဘူးလို့ မမြမှု သေသေချာချာ သိလား။ ခိုင်ခိုင်မာမာပြောနိုင်လား"

ရှားမျက်လုံးများက မမြမှုထံတွင် စူးစိုက်လျက်ရှိ၏။ မမြမှု၏ မျက်နှာ မမြမှု၏ မျက်လုံးများမှတစ်ဆင့် မမြမှုရင်ထဲ ထိုးဖောက်ကြည့်နေသည်ဟု ကျွန်တော်ထင်သည်။

"ဟုတ်ကဲ့ ... ကျွန်မနဲ့ အိမ်ထောင်ကျပြီးတဲ့ လေးနှစ်အတွင်းမှာ သူ မဟုတ်တာ ဘာမှမလုပ်ခဲ့ပါဘူး။ စက်ရုံက အလုပ်ဖြုတ်ခံရတဲ့အခါမှာ အရင်က အပေါင်းအသင်းတွေနဲ့ ဖောက်ထွင်းမှုပါဝင်ခဲ့ပြီး ထောင်ကျခဲ့ဖူးတာကို ကျွန်မကို ဝန်ခံတုန်းကလည်း ငါ့အမှားကို ငါမြင်နေပါပြီ။ ငါ နောက်ကို ဘာမကောင်းမှုမှ မလုပ်ပါဘူး။ မိန်းမရယ်လို့ ကြောင်ရေအိုးရေသောက်ပြီး သစ္စာဆိုပြခဲ့ပါတယ်ရှင်"

"ကောင်းပြီလေ။ ကျွန်မ ကြိုးစားကြည့်ပါမယ်။ ကိုဘသိန်း တကယ်မကျူးလွန်ရင် အပြစ်က လွတ်ရပါစေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ ဆရာမလေးရယ်။ ကျွန်မတို့သားအ
ကို ကယ်ပါ။ ကျွန်မတို့က ကိုဘသိန်းကိုအားကိုးပြီး နေရတာပါ"

"ဟုတ်ပါပြီ။ ကျွန်မ ရဲစခန်းကိုသွားပြီး အမှုဖြစ်စဉ်ကို 
လာသုံးသပ်ကြည့်ပါ့မယ်။ ကိုဘသိန်း မကျူးလွန်ဘူးဆိုတာ ကျွန်မ 
ကြည့်ရင် ကျွန်မ ဆက်ပြီး ဆောင်ရွက်ပေးပါ့မယ်"

"ဟုတ်ကဲ့ပါ။ ဆရာမလေးကို ကျွန်မ ဘယ်လိုကျေးဇူးဆပ်
ရှား ပြုံးသည်။

"ကျွန်မလိုချင်တာ တစ်ခုပါပဲ။ ကိုဘသိန်းရဲ့ ရိုးသားမှု
သူ ရိုးသားတာမှန်ရင် ကျွန်မရဲ့ ကြိုးစားမှုအတွက် ရှင်းရှင်းပြောရ
အမှုလိုက်ခ တစ်ပြားမှ ပေးစရာမလိုပါဘူး။ ကျွန်မ အပြီးတိုင် ဆော
ရွက်ပေးပါ့မယ်။ ကိုဘသိန်းကိုဖမ်းထားတာ ဘယ်စခန်းမှာလဲ မပြ

✿ ✿ ✿

၃

ကိုဘသိန်း၏အမှုကို ကိုင်တွယ်သည့် အမှုစစ်အရာရှိမှာ ရဲအုပ် ကိုစည်သူဖြစ်၏။ ရှားနှင့်ခင်မင်သော သူ့အလုပ်ကို ရိုးဖြောင့်တိကျစွာ လုပ်ကိုင်သူတစ်ယောက်ဖြစ်၍ ကိုစည်သူ အမှုကိုင်သည်ဟု သိရသောအခါ ကျွန်တော်တို့ အားတက်သွားသည်။

သို့သော် ...

"ကိုဘသိန်း ဒီဖောက်ထွင်းမှုကို ကျူးလွန်တယ်ဆိုတာ သေချာပါတယ် ဒေါ်မေစံရှား။ အထောက်အထားတွေ ခိုင်လုံပါတယ်"

ဟု ရဲအုပ်စည်သူက ပြောသည်။

"ကျွန်မကို ရှင်းပြပါဦး"

"ကိုဘသိန်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပြစ်မှုကျူး လွန်ခဲ့ဖူးတယ်။ ဖောက်ထွင်းမှုပဲ။ ကုမ္ပဏီတစ်ခုကို ဖောက်တာ။ အဲဒီ ဖောက်ထွင်းပုံစံနဲ့ အခုဖောက်ထွင်းပုံ တူညီနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နိုင်မာတဲ့သက်သေလို့ မပြောနိုင်ပါဘူး ကိုစည်သူ"

"အခင်းဖြစ်တာက လွန်ခဲ့တဲ့ ဆယ့်လေးရက်နေ့ညကပေါ့။ တနင်္ဂနွေနေ့ပေါ့။ စက်ရုံက သူတို့ရဲ့ အလုပ်သမားတွေကို တစ်လမှာ နှစ်ကြိမ် လစာထုတ်ပေးတယ်။ လဝက် ဆယ့်ငါးရက်တစ်ခါ၊ လကုန်မှာ တစ်ခါပေါ့။

**ဒီတစ်ခါ** လဝက်ဆယ့်ငါးရက်နေ့က တနင်္လာနေ့ကျနေလို့ **မန်နေဂျာက** လုပ်ခတွေကို သောကြာနေ့မှာထုတ်ယူပြီး စက်ရုံရုံးခန်း **ထဲက အလုံခန်းထဲမှာ မီးခံသေ**တ္တာနဲ့ ထားခဲ့တယ်။ တနင်္ဂနွေနေ့ညမှာ **ဖောက်ထွင်းပြီး** ခိုးယူခံခဲ့ရတယ်။

ညစောင့်အသစ်ဟာ အရက်ထဲမှာ အိပ်ဆေးခတ်ခံရပြီး အိပ်ပျော်နေတာ။ နောက်နေ့မနက် မန်နေဂျာ စက်ရုံရောက်လာတဲ့အထိပဲ။ အလုံခန်းတံခါးကို အက်ဆီတိုင်ဓာတ်ငွေ့ဂန်းနဲ့ ဖျက်ပြီးဝင်တာ။ မီးခံသေတ္တာကိုတော့ ဖောက်ထွင်းပညာနဲ့ပေါ့"

"လက်ဗွေသဲလွန်စပစ္စည်းတွေ ဘာရလဲ"

ရဲအုပ်စည်သူက စကားအလာနှေးသွား၏။

"လက်ဗွေလည်း မကျန်ဘူး။ သဲလွန်စလည်း မကျန်ဘူး။ ဒါကြောင့် လက်စလက်နရှိတဲ့လူကို ကျွန်တော်တို့ ကောက်ချက်ချထားပေါ့"

"လက်အိတ်သုံးပုံရတယ်ပေါ့နော် ကိုစည်သူ။ အဲဒီလို လက်အိတ်တွေသုံးတဲ့ အက်ဆီတိုင်ဓာတ်ငွေ့ဂန်းတွေ ကိုဘသိန်းဆီက ရလို့လား"

"မရဘူး ဒေါ်မေစံရှား။ သူ အစဖျောက်သွားတယ်"





"အဲဒါ ဘာကြောင့် ..."

"သူ့မိန်းမဆီက ဖောက်ထွင်းခိုးယူခံရတဲ့ ငွေစက္ကူတချို့ကို သိမ်းဆည်းရမိတယ်"

"အားလုံးလား"

"အားလုံးတော့ ဘယ်ဟုတ်မလဲ။ ဒီလူက လူလည်ပဲ။ မိန်းမကို နည်းနည်းချင်း ပေးမှာပေါ့"

"ဘာတန်တွေလဲ"

"ထောင်တန်တွေ"

"သူ့မိန်းမဆီက ဘယ်နှစ်ရွက်ရလဲ"

"ငါးရွက်"

"ဘာကြောင့် ပျောက်ဆုံးသွားတဲ့ ငွေစက္ကူလို့ ပြောနိုင်တာလဲ"

"လစာ ဘီလ်စာရင်းနဲ့အတူ မန်နေဂျာက ငွေစက္ကူတွေရဲ့ နံပါတ်တွေကိုပါ အသေးစိတ် အတိအကျ ရေးမှတ်လက်မှတ်ထိုးထားတာ ရှိတယ်လေ။ အဲဒါတွေနဲ့ တိုက်ကြည့်တာ။ အဲဒါဟာ ကိုဘသိန်းဟာ တရားခံဖြစ်ကြောင်း အခိုင်မာဆုံးသက်သေပဲ"

ရှား ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"မန်နေဂျာက ကိုဘသိန်းကို အလုပ်ခန့်ပြီးမှ တစ်ချိန်က ဖောက်ထွင်းသမားဖြစ်ကြောင်း သိလိုက်ရတော့ မြွေမွေး ခါးပိုက်ပိုက်မိပြီဆိုတာ သဘောပေါက်လိုက်တယ်။ ဒါကြောင့် အခင်းမဖြစ်မီ သောကြာနေ့ ... အဲ ... ရက်စွဲအရဆိုရင်တော့ ဆယ့်နှစ်ရက်နေ့မှာ ကိုဘသိန်းကို အလုပ်ထုတ်ကြောင်း ခေါ်ပြောပြီး သူ့ရဲ့ လတစ်ဝက်စာကို ကြိုထုတ်ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ့မိန်းမဆီကရတာ အဲဒီပိုက်ဆံတွေ နေမှာပေါ့"

"မဟုတ်ဘူး။ အလုံခန်းထဲမှာ သိမ်းထားတဲ့ စာရင်းဖယား နဲ့ ငွေထဲကထုတ်ပေးတာ မဟုတ်ဘူး။ ငွေကိုင်မန်နေဂျာရဲ့ မီးခံသေတ္တာ ထဲက အသေးသုံးဆိုပြီး ထည့်ထားတဲ့ငွေထဲက ကိုဘသိန်းကို ထုတ် ပေးလိုက်တာပါ။

အဲဒီလို အလုပ်ထုတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မန်နေဂျာနဲ့ ကိုဘသိန်း တော်တော် အခြေအတင် စကားများခဲ့ကြတယ်လို့လည်း သိရတယ်။ ကိုဘသိန်း ကျောမနပ်နဲ့ ထွက်သွားတာလို့ စာရင်းကိုင်က လည်း ပြောတယ်"

"အခု အမှုအခြေအနေက ..."

"ဥပဒေအကြံပေးနဲ့ တိုင်ပင်ပြီး ရုံးတင်တော့မယ် ဒေါ်မေ ရှား"

"ကိုဘသိန်းနဲ့ တွေ့ချင်ပါတယ် ကိုစည်သူ"

"အဲဒါဆိုရင်တော့ ထောင်ကြီးချုပ်ကို လိုက်ရလိမ့်မယ်။ မှာက အချုပ်သားတွေများတာနဲ့ ချုပ်ရိမ်ပယူပြီး ထောင်ကြီးချုပ်ကို ထားတာ"

✿ ✿ ✿

❑

ကိုဘသိန်းမှာ ရုပ်ရည်ကြမ်းကြမ်း။ မျက်နှာ လေးထောင့်ကျ ကျ။ ဂင်တိုတိုနှင့် ကြည့်လိုက်လျှင် လူကြမ်းလူဆိုးကြီးတစ်ဦးဟုပင် ထင်မှတ်ကြမည့် သွင်ပြင်မျိုးဖြစ်၏။ သို့သော် သူ့မျက်လုံးများကမူ သိမ် မွေ့နူးညံ့ပြီး အပြောအဆိုမှာလည်း အေးဆေးသည်။

"ကျွန်တော် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖောက်ထွင်းမှု တစ်ခုမှာ ပါဝင်ပြီး ထောင်ကျခဲ့ဖူးပါတယ်။ အဲဒီတုန်းက မှားခဲ့ဖူးတာ ကို ထောင်ထဲမှာပဲ ကျွန်တော် နောင်တရနေလို့ နောင်ကို ရိုးရိုးသား သားပဲ လုပ်ကိုင်စားတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်ခဲ့ပါတယ်။

ထောင်ကလွတ်လာတော့ ဆုံးဖြတ်ချက်အတိုင်း ကျွန်တော် နေခဲ့ပါတယ်။ အလုပ်တွေကြမ်းတာ ပင်ပန်းတာကို ကျွန်တော် ခံနိုင်ခဲ့ ပါတယ်။ ဒါပေမဲ့ဗျာ ခုလို ကျွန်တော်မလုပ်ဘဲနဲ့ ပြစ်ဒဏ်ခံရမှာကိုတော့ ဝမ်းနည်းလို့ မဆုံးပါဘူး"

"မမြမှုနဲ့ ဘယ်တုန်းက အိမ်ထောင်ကျတာလဲ"

"အင်း ... လေးနှစ်လောက် ရှိပါပြီ။ သူက ကျွန်တော်ထောင် ကျခဲ့ဖူးတာကို မသိပါဘူး။ ကျွန်တော်ကလည်း သူ့ကိုချစ်လို့ သူ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲမှာစိုးတာနဲ့ ထောင်ကျခဲ့ဖူးတာကို ဖုံးထားခဲ့တာပါ။ အလုပ်ထုတ်ခံရတဲ့နေ့ကမှ သူ့ကို ကျွန်တော် ဖွင့်ပြီး ဝန်ခံခဲ့တာပါ"

"အလုပ်ထုတ်ခံရတဲ့နေ့က လစာကို မန်နေဂျာက ထုတ်ပေးလိုက်တယ်လို့ သိရပါတယ်။ ဘာတန်တွေရခဲ့လဲ"

"တစ်ထောင်တန်တွေချည်းပါပဲ။ လတစ်ဝက်ပဲရှိသေးပေမယ့် မန်နေဂျာက တစ်လစာ ထုတ်ပေးလိုက်ပါတယ်"

"မန်နေဂျာကိုယ်တိုင် ထုတ်ပေးတာလား"

"မဟုတ်ပါဘူး။ ငွေကိုင်မန်နေဂျာ ဦးလှမြင့် ထုတ်ပေးတာပါ"

"အဲဒီလခတွေအားလုံး မမြမှုကို ပေးလိုက်တာလား"

"ဟုတ်ပါတယ်"

"တနင်္ဂနွေနေ့ညက ကိုဘသိန်း ဘယ်မှာရှိလဲ"

"အိမ်မှာပါပဲ။ ဘယ်မှမသွားပါဘူး"

ကိုဘသိန်းကို ရှားက နောက်ထပ်သိချင်သည့် အချက်အနည်းငယ်ကို မေးမြန်းပြီး ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

"ကိုဘသိန်းကြည့်ရတာ ရိုးရိုးသားသား ပြောနေတာပဲလို့ ရှားထင်တယ်။ ကိုကိုရော"

"ကိုကိုလည်း ဒီလိုပါပဲ။ ကိုဘသိန်းလက်ချက်မဟုတ်ဘူးလို့ ကိုကိုလည်း ယူဆတယ်"

"တကယ့်တရားခံ လွတ်မှာထက် အပြစ်မရှိတဲ့လူ တရားခံမဖြစ်ဖို့က ပိုအရေးကြီးတယ် ကိုကို။ ရှား ရေဆုံးရေဖျား လိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပြီ"

✿ ✿ ✿



❏

ကျွန်တော်က မဂ္ဂဇင်းဖောင်ပိတ်ရက်များနှင့် ကြုံနေ၍ ရှားသွားသမျှနေရာများကို လိုက်မပေးနိုင်ခဲ့ပါ။ ထို့ကြောင့်လည်း ရှားအနေဖြင့် ကိုဘသိန်းအမှုတွင် စုံစမ်းနေသမျှကိုလည်း ကျွန်တော် အလုံးကုန်စင် သိခွင့်မရခဲ့ပါ။

ရှားနှင့်တွေ့ခိုက် ရှားပြန်ပြောသမျှ သိရသည်မှာ ...

မန်နေဂျာ ဦးမင်းစိန်နှင့် ငွေကိုင်မန်နေဂျာ ဦးလှမြင့် အဆင်မပြေကြောင်း၊ ဦးလှမြင့်က ဦးမင်းစိန်နေရာကို လိုချင်နေကြောင်း၊ ယခုကိစ္စတွင် ဦးမင်းစိန်လည်း တာဝန်ရှိနေသဖြင့် အလုပ်မှ ဖယ်ရှားခံရဖွယ်ရှိကြောင်း။

ကုမ္ပဏီက ယခင်ကပင် ဦးမင်းစိန်အပေါ် အထင်လွဲမှုတချို့ရှိကာ ဦးလှမြင့်က ကုမ္ပဏီဒါရိုက်တာများထံ ဦးမင်းစိန် မကောင်းကြောင်းများ တင်ပြထားချက်များရှိကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘသိန်းနေရာမှာ ဝင်လာသူ ညစောင့်လူသစ်မှာလည်း ဖောက်ထွင်းမှုနှင့်ပတ်သက်၍ အခြားတစ်စုံတစ်ရာ သဲလွန်စရရှိရေးအတွက် ဘာမှမပြောနိုင်ကြောင်း၊ သူ့ကိုလည်း မန်နေဂျာက ထပ်မံ အလုပ်ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း၊

ရဲအဖွဲ့ကမူ ကိုဘသိန်းအမှုကို ရုံးတင်လိုက်ပြီဖြစ်ကြောင်း။

"တရားရုံးကျမှပဲ အမှန်တရားကို ရှာရတော့မှာပဲ"

ဟု ရှားကပြောသည်။

ရှားတွင် ကိုဘသိန်းအပြစ်မရှိကြောင်း ထုချေရှင်းလင်းရန် သက်သေအထောက်အထား မည်မည်ရရ ရှာ၍ရပုံမပေါ်သဖြင့် ကျွန်တော်ကဝင် စိုးရိမ်နေမိသေးသည်။

ထုရုံးရုံးတွင် ...

တရားလိုအကျိုးဆောင်ရှေ့နေကြီးက လိုပြသက်သေအဖြစ် မန်နေဂျာဦးမင်းစိန်ကို စစ်သည်။

ဦးမင်းစိန်က ...

"ကျွန်တော်တို့စက်ရုံကလေးရဲ့ လစာတွေကို တစ်လနှစ်ကြိမ် ခွဲပြီး ပေးပါတယ်။ လလယ် ၁၅ ရက်မှာတစ်ကြိမ်၊ လကုန်မှာ တစ်ကြိမ်ပါ။ လစာစာရင်းကို စာရင်းကိုင်မန်နေဂျာ ဦးလှမြင့်က ဆွဲထားပြီး ဘဏ်မှာထုတ်ပါတယ်။

ဘဏ်ကနေ လစာငွေကို ထုတ်ယူတဲ့အခါ ငွေစက္ကူအရေအတွက် အမျိုးအစားအပြင် နံပါတ်တွေကိုပါ ငွေစာရင်းဌာနက မြူစုမှတ်တမ်းတင်ပြီး အလုံခန်းထဲက မီးခံသေတ္တာမှာ ငွေနဲ့လစာစာရင်းကို ထုပ်ပိုးသိမ်းဆည်းပါတယ်။ လစာစာရင်း မိတ္တူတစ်စုံနဲ့ ငွေစက္ကူနံပါတ်များ





မှတ်တမ်းစာရင်းက ကျွန်တော့်ကို အပ်နှံလေ့ရှိပြီး ကျွန်တော့်အံဆွဲထဲမှာပဲ သိမ်းလေ့ရှိပါတယ်"

ဟု ဖြေသည်။

တရားလို အကျိုးဆောင်က ...

"ကိုဘသိန်းကို ဘာကြောင့် အလုပ်ထုတ်ရတာလဲ"

"သူ့ကို ကျွန်တော် အလုပ်ခန့်ခဲ့တာ တစ်လပဲရှိပါသေးတယ်။ ခန့်ပြီးမှ နောက်ကြောင်းရာဇဝင်ကို ကျွန်တော် သိရတာမို့ စိတ်မချတာနဲ့ အလုပ်ပြန်ထုတ်လိုက်ရတာပါ"

"အလုပ်ထုတ်တာ ဘယ်နေ့ကလဲ"

"ဆယ့်နှစ်ရက်နေ့ကပါ။ သောကြာနေ့ပါ"

"အဲဒီနေ့က ကိုဘသိန်းနဲ့ ဦးမင်းစိန် စကားများကြတယ်ဆို"

"စကားများတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော် အလုပ်ထုတ်တာကို သူမကျေနပ်လို့ ပြန်ပြောတာပါ။ ရန်ဖြစ်တဲ့အဆင့်အထိတော့ မရောက်ပါဘူး"

"ကိုဘသိန်းကို အဲဒီနေ့ လစာထုတ်ပေးတယ်ဆိုတာ မှန်ပါသလား"

"မှန်ပါတယ်"

"အဲဒါဟာ လစာစာရင်းနဲ့ကြည့်ပြီး ဘဏ်ကထုတ်ယူလာတဲ့ လစာငွေထဲက ပေးတာလား"

"မဟုတ်ပါဘူး။ လစာငွေထုပ်က မီးခံသေတ္တာထဲမှာ ရှိပါတယ်။ တနင်္လာနေ့ကျမှ အဲဒီငွေကို ထုတ်ယူမှာပါ။ အခုပေးလိုက်တာက ငွေကိုင်မန်နေဂျာရဲ့ အသေးသုံးငွေထဲက ပေးလိုက်တာပါ။ စိုက်ပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သဘောပါ''

''ကိုဘသိန်းရဲ့ဖနိုးဆီက သိမ်းဆည်းရရှိတဲ့ တစ်ထောင်တန် ငွေစက္ကူငါးရွက်ဟာ ဖောက်ထွင်းခိုးယူခြင်းခံရတဲ့ လစာငွေတွေရဲ့ ပြုစုထားတဲ့ ငွေစက္ကူမှတ်တမ်းနဲ့ တိုက်ကြည့်တဲ့အခါ အားလုံးတူနေကြောင်း တွေ့ရပါတယ်။ အဲဒါ ဘယ်လိုထင်ပါသလဲ''

''မထင်တတ်ပါဘူး''

တရားသူကြီးက ပြန်လှန်မေးခွန်းမေးရန် ခွင့်ပြုသည့်အတွက် ရှေ့နေ ဦးမင်းစိန်ကို တစ်ခွန်းမေးသည်။

''ဦးမင်းစိန်တို့က ငွေစက္ကူနံပါတ်ကို မှတ်သားပြုစုတာ ဘာ ရည်ရွယ်ချက်ပါလဲ''

''အခုလို မတော်တဆမှုတွေဖြစ်လာရင် ဖော်ထုတ်ရ လွယ်အောင်လို့ပါ။ လစာငွေတွေရဲ့ လုံခြုံရေးအတွက်ပါ''

''ကျေးဇူးတင်ပါတယ်''

ငွေကိုင်မန်နေဂျာ ဦးလှမြင့်အား တရားလိုအကျိုးဆောင်က မေးမြန်းရာတွင် ...

''မန်နေဂျာ ဦးမင်းစိန်က ကိုဘသိန်းကို အလုပ်ထုတ်ပစ်ကြောင်း ခေါ်ပြောတဲ့အချိန်က ဦးလှမြင့်ရှိတယ်ဆိုတာ မှန်ပါသလား''

''မှန်ပါတယ်''

''ကိုဘသိန်းကို လစာတွေ ပေးလိုက်တယ်ဆိုတာရော မှန်ပါသလား''

''မှန်ပါတယ်''

''အဲဒီလစာဟာ ဘဏ်ကနေထုတ်လာတဲ့ လစာငွေထုတ်ထဲက ပေးလိုက်တာလား''





''မဟုတ်ပါဘူး၊ အဲဒီလစာငွေတွေက ဘဏ်ကနေ ထုတ်ယူလာပြီး အလုံခန်းထဲက မီးခံသေတ္တာထဲ ထည့်ထားတာပါ''

''ဒါဖြင့် ဘယ်ကငွေကို ပေးလိုက်တာလဲ''

''အသေးသုံးအတွက်ထားတဲ့ ကျွန်တော်ကိုင်တဲ့ မီးခံသေတ္တာ ထဲကပါ''

''အလုံခန်းသော့ကို ဘယ်သူကိုင်သလဲ''

''အလုံခန်းသော့နှစ်ခုထားပါတယ်။ သော့နှစ်လုံး တွဲခတ်တာပါ။ သော့တစ်ခုက မန်နေဂျာကိုင်ပြီး ကျန်တစ်ချောင်းက ကျွန်တော် သိမ်းပါတယ်''

''ဒါဆို အလုံခန်းကို ဦးလှမြင့်တို့တစ်ဦးတည်း ဖွင့်လို့မရဘူး ပေါ့ဟုတ်လား''

''ဟုတ်ပါတယ်။ မန်နေဂျာနဲ့ကျွန်တော် နှစ်ဦးအတူတကွ ဖွင့်မှရပါတယ်''

''ဘဏ်က ထုတ်ယူလာတဲ့ငွေတွေကို စစ်ဆေးပြီး ငွေစက္ကူတွေရဲ့ နံပါတ်တွေကို ဦးလှမြင့် ပြုစုတာလား''

''မဟုတ်ပါဘူး။ လက်ထောက်ငွေကိုင် မအေးသန္တာနဲ့ မဝင်းဝင်းလတ်တို့နှစ်ယောက် ပြုစုတာပါ။ စာရွက်တိုင်းမှာ သူတို့ လက်မှတ်ရေးထိုးပါတယ်''

ရှားက ဦးလှမြင့်ကို ပြန်လှန်မေးခွန်း မမေးခဲ့ပေ။

လက်ထောက်ငွေကိုင်များဖြစ်သော မအေးသန္တာနှင့် မဝင်းဝင်းလတ်တို့ တရားလိုအကျိုးဆောင်က မေးသောအခါတွင်လည်း ရှားက ဘာမှဝင်မမေး။

အမှုက စွဲချက်တင်သောအဆင့် ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားက တရားခံပြသက်သေအဖြစ် တင်သွင်းသူမှာ တစ်ဦးတည်းဖြစ်သည်။

စက်ရုံအနီးရှိ ကုန်စုံဆိုင်မှ ဦးကျင်တိတ်ဖြစ်သည်။ ဦးကျင်တိတ်၏ ကုန်စုံဆိုင်မှာ စက်ရုံအလုပ်သမားများ မှီခိုအားထားရသည့် ဆိုင်ကြီးဖြစ်ပြီး ဆန်၊ ဆီ၊ ဂျုံ၊ ကြက်သွန်နှင့် စားကုန်သောက်ကုန် လူသုံးကုန်စုံလှသည်။

ဦးကျင်တိတ် သက်သေခံပေါ်၌ ရောက်သောအခါ ကျမ်းကျိန်ပြီး အစစ်ခံသည်။

"ဦးကျင်တိတ်က ငွေတွေကို ဘဏ်မှာအပ်နှံတာတို့၊ ဘဏ်ကနေ ငွေလွှဲတာတို့ လုပ်လေ့ရှိပါသလား"

"မရှိပါဘူး။ ဘဏ်လုပ်ငန်းကို ကျွန်တော်နားမလည်လို့ အိမ်မှာပဲ ငွေတွေကို သိမ်းပါတယ်"

"သိမ်းဆည်းပုံလေး သိပါရစေ"

"တစ်နေ့တစ်နေ့ ရောင်းရငွေတွေကို နေ့အလိုက် ထုပ်ပိုးပြီး မီးခံသေတ္တာထဲ ထည့်သိမ်းထားပါ"

"ပေးစရာရှိရင်ရော"

"မီးခံသေတ္တာထဲကပဲ ထုတ်ယူပါတယ်"

"ဦးကျင်တိတ်ရဲ့ဆိုင်ကို စက်ရုံအလုပ်သမားတွေက အားကိုးကြတာဆိုတော့ ဦးကျင်တိတ်ရဲ့ ငွေတွေထဲမှာ အလုပ်သမားတွေရဲ့ လစာငွေတွေ ပါနေမှာပေါ့နော်"

"ဟုတ်ကဲ့ ပါပါတယ်"

"အခုလက်ရှိ ဦးကျင်တိတ်ရဲ့ မီးခံသေတ္တာထဲက ငွေတွေကို ကျေးဇူးပြုပြီး တရားသူကြီးမင်းကို တင်ပြပေးပါလား"





ဦးကျင်တိတ် စိတ်ညစ်သွားပုံပေါ်သည်။

"အမှုနဲ့မဆိုင်တဲ့အတွက် ဒီတင်ပြချက်ကို ကန့်ကွက်ပါတယ်"

ဟု တရားလိုအကျိုးဆောင်က တရားသူကြီးကို တင်ပြသည်။ တရားသူကြီးက ခေတ္တစဉ်းစားပြီး ...

"ကန့်ကွက်ချက်ကို ပယ်တယ်။ ဦးကျင်တိတ်ငွေတွေကို တင်ပြပါ"

ဟု တရားသူကြီးက အဆုံးအဖြတ်ပေးသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



''ကိုဘသိန်းရဲ့ဇနီး မမြမှုဆီက သိမ်းဆည်းရမိတဲ့ တစ်ထောင်တန် ငွေစက္ကူငါးရွက်ဟာ ငွေစက္ကူနံပါတ်များ မှတ်တမ်းစာမျက်နှာ(ခ)ပါ ငွေစက္ကူနံပါတ်များနှင့် တူညီနေတာဖြစ်လို့ ကိုဘသိန်းဟာ စက်ရုံကို ဖောက်ထွင်းပြီး လစာငွေတွေကို ခိုးယူသူဖြစ်တယ်လို့ စွဲချက်ကဆော်ပြထားပါတယ်။ ဒါဖြင့်ရင်•အလားတူ ငွေစက္ကူနံပါတ်များနဲ့ တူညီနေတဲ့ စက္ကူတွေကို ပိုင်ဆိုင်ထားတဲ့ ဦးကျင်တိတ်ကို စဉ်းစားစရာ လိုလာပါပြီ''

တရားခွင်တစ်ခုလုံး ငြိမ်သွားသည်။

တရားသူကြီးက ရှားကို ကြည့်နေသည်။ တရားလိုအကျိုးဆောင်ကြီး၏ အကြည့်ကလည်း ရှားထံမှ။ သူ၏မျက်လုံးများမှ ရှားရှာမှုဖော်ထုတ်မည့်အကွက်ကို မြင်ဟန်မတူ။ ပရိတ်သတ်များကတော့ ရှားဆက်ပြောမလဲဆိုသည်ကို စောင့်နေကြသည်။ ဦးကျင်တိတ် ချွေးတွေပြန်လျက်။

''ဒီကိစ္စကို ပြေလည်မှန်ကန်စွာရှင်းနိုင်ဖို့ ပြန်ခေါ်သက်သေတစ်ဦးကိုကျွန်မ စစ်မေးလိုပါတယ်။ တရားသူကြီးမင်း ပြန်လည်ခေါ်ယူပေးပါ။ အဲဒီသူကတော့ မန်နေဂျာ ဦးမင်းစိန်ဖြစ်ပါတယ်''

''ဦးမင်းစိန် သက်သေခုံပေါ်ကြွပါ''

''ဟာ ...ဦးမင်းစိန် မရှိတော့ဘူး''

✿ ✿ ✿

❑

''တရားသူကြီးမင်းရှင့် ...ဦးကျင်တိတ်ရဲ့ မီးခံသေတ္တာထဲကငွေတွေရဲ့ နံပါတ်များကို တရားသူကြီးရှေ့မှောက်မှာ စစ်ဆေးခဲ့တာ ကုမ္ပဏီရဲ့ ဖောက်ထွင်းခိုးယူခံရတဲ့ လစာငွေတွေထဲက နံပါတ်တချို့နဲ့ တူညီနေတာကို တွေ့ရပါတယ်။

လစာငွေတွေရဲ့ ငွေစက္ကူမှတ်တမ်း စာမျက်နှာ(ဂ)ပါ ငွေစက္ကူလေးရွက်ရဲ့နံပါတ်ဟာ ဦးကျင်တိတ်ငွေတွေထဲမှာ တွေ့ရတဲ့အတွက် ဦးကျင်တိတ်ဟာ ကုမ္ပဏီရဲ့လစာငွေတွေကို ဖောက်ထွင်းခိုးယူမှုမှာ ပါဝင်ပတ်သက်နေတယ်လို့ ဆိုနိုင်ပါတယ်''

''ဟာ ...မဟုတ်ပါဘူး။ ကျွန်တော် မခိုးဘူး''

ဦးကျင်တိတ်က ကပျာကယာ မျက်ကလဲဆန်ပြာ ဝင်ပြောသည်။ တရားသူကြီးက ဦးကျင်တိတ်အား ဝင်မပြောရန် အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘသိန်းနှင့် မမြမှုတို့ လက်ဆောင်များနှင့် လာကန်တော့

၍ ပြန်သွားချိန်တွင် ကျွန်တော်က ရွှေနေမလေးရှားကို ပြန်လှန်မေး

ခွန်းများ မေးရပါတော့သည်။

"နေပါဦး။ ရှား ဘယ်လိုတွေးဆပြီး အဖြေရှာခဲ့သလဲဆိုတာ

ရှင်းပါဦး"

ရှားက အပြုံးဖြင့် ...

"စာရေးဆရာကြီး မျက်စိလည်နေပြီထင်တယ်"

ဟု ပြောသည်။ ပြီးမှ ...

"ကိုကိုကလည်း ဒီအကွက်က ဦးမင်းစိန် စကတည်းက

ထားတဲ့ အကွက်လေ။ သူက လစာငွေတွေရဲ့ ငွေစက္ကူနံပါတ်မှတ်တမ်း

တွေကို သိမ်းရတဲ့သူ။ ပြီးတော့ သူကိုယ်တိုင်လည်း လစာထုတ်ယူ





ရတဲ့သူ။ ပြီးခဲ့တဲ့လကုန်က ထုတ်ယူရရှိတဲ့ သူ့လစာငွေတွေကို ငွေ

စက္ကူနံပါတ်မှတ်တမ်းနဲ့ တိုက်ကြည့်တော့ စာမျက်နှာ (၈)မှာတွေ့ရတယ်။

အဲဒီငွေကို သူက ငွေကိုင်ဦးလှမြင့်ဆီမှာ သေသေချာချာ

အပ်ပြီး တခြားငွေစက္ကူအသေးတွေ လိုချင်လို့ဆိုပြီး အသေးသုံးငွေနဲ့

လဲမယ်။ ဦးလှမြင့်က ကိုဘသိန်းကို လစာပေးတော့ အဲဒီငွေတွေ ပါသွား

တယ်။ ဖောက်ထွင်းမှုပြီးလို့ နောက်တစ်နေ့မှာ ရဲတွေကို ခိုးယူခံရတဲ့

လစာငွေစက္ကူတွေရဲ့ နံပါတ်မှတ်တမ်းကိုအပ်တော့ ဦးမင်းစိန်က အရင်

လကုန်က မှတ်တမ်းစာမျက်နှာ (၈) ကို အစားထိုးပြီး အပ်လိုက်တယ်။

ဒီတော့ မမြမှုဆီက တစ်ထောင်တန်ငွေစက္ကူတွေက ငွေစက္ကူ

မှတ်တမ်း စာမျက်နှာ (၈)ထဲက စာရင်းနဲ့ သွားတူနေတာပေါ့။ ဒီနည်းနဲ့

သူ့ရဲ့ပြစ်မှုကို ကိုဘသိန်းအပေါ် အကွက်ဆင် ပုံချလိုက်တာ။ သိပ်ပညာ

သားပါတာပဲ။ ဒါပေမဲ့ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးလေ။

စာမျက်နှာ (၈)မှာပါတဲ့ လစာငွေတချို့ကို လကုန်လစာထုတ်

ယူန်းက ထုတ်ယူရရှိခဲ့တဲ့ အလုပ်သမားတွေက ဦးကျင်တိတ်ဆိုင်မှာ

ဈေးဝယ်ကြတော့ ဦးကျင်တိတ်ဆီရောက်၊ တစ်ခါ ဦးကျင်တိတ်က

ငွေတွေကို ဘဏ်မအပ်ဘဲ အိမ်မှာပဲ သိမ်းသူဆိုတော့ ဦးမင်းစိန်ရဲ့မြှုပ်

ကွက်ကို ဦးကျင်တိတ်က ဖော်ပေးလိုက်တာပေါ့။ မဟုတ်ဘူးလား ကိုကို။

အဲ ... ရှင်းပါပြီနော်"

ကျွန်တော် သက်ပြင်းချလိုက်သည်။

"ရှင်းပါပြီ ရှားရယ်။ ဒါကြောင့် ရှားက ဦးမင်းစိန်ကို ပြန်ပေး

သက်သေအဖြစ်နဲ့ ခေါ်ယူချင်ပါတယ်ဆိုတော့ ဦးမင်းစိန်ရိပ်မိပြီး လစ်

ပြေးတာပေါ့။ တော်သေးတယ်နော်။ ဘူတာကြီးမှာ ဖမ်းမိလိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com



အင်း ...နောက်တစ်ခု တော်သေးတာက ကိုဘသိန်းလိုပဲ ဦးကျင်တိတ် အချုပ်ထဲ ရောက်တော့မလို့။ ဟား ...ဟား ... ဦးကျင်တိတ် ပျာပျာသလဲ သူမနိုးကြောင်းဝင်ပြောတာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့။ တကယ်ပဲ ရှားကို ကူညီတဲ့သူ ကံကောင်းလို့ တရားခံ မဖြစ်တယ်''

''အဲဒါ ဘာသူစရာလဲ ကိုကိုရဲ့။ ရှားက အဖြေကိုသိပြီးဖြစ်နေလို့ တွက်နည်းသစ်တစ်ခု ချပြလိုက်တာပဲဟာ။ တရားသူကြီးတောင် နည်းနည်းတော့ ကြောင်သွားပြီး ဦးကျင်တိတ်ကို ဖမ်းရမလို ဖြစ်သွားသေးတယ်လေ။ ဒါပေမဲ့ တရားခံက အဖြေပေါ်လာပြီဆိုတာ သိသွားပြီလေ။ အဲဒါနဲ့ ထွက်ပြေးတာပဲ။ အဲဒီလိုပြေးရင်းကပဲ သူကကျူးလွန်ကြောင်း တာဝန်ခံပြီး ဖြစ်သွားတာပေါ့''

''တော်သေးတာပေါ့ ရှားရယ်။ အကွက်ဆင်ကောင်းတဲ့ တရားခံကို ရှားကပြန်ပြီး အကွက်ဆင်လိုက်တာ လှလည်းလှ၊ ပိလည်း ပိရိပါပေတယ်။ ဒါကြောင့် ကိုကိုက ရှားကို ဂုဏ်ယူတာ။ ကဲ ...ကိုကို တို့ လက်ထပ်ကြစို့''

''အို ...ဘယ်က မဆီမဆိုင် အဖြေကြီးတစ်ခုကို ဆွဲထုတ်လာရတာတုံး။ ဒါကြီးကတော့ အကွက်မပါဘဲ ပေါ်တင်ကျူလွန်းပါတယ်နော်။ ဆောရီးပဲ''

ကျွန်တော်နှင့်ရှား တိုင်ပင်ထားသလို ရယ်လိုက်မိကြလေသည်။

✿ ✿ ✿

[ ၇ ]

❑

သံလက်ကောက်ဘဂျမ်းက သူ၏ သံလက်ကောက်တစ်ဖက်ဖြင့် ဟမ်းဖုန်းကိုကိုင်ကာ စကားပြောရင်း ကျန်တစ်ဖက်က ပေါင်ပေါ်ရှိ ကြောင်ကလေးကို ပွတ်သပ်လိုက်သည်။

''ဟုတ်ကဲ့ ...ပြောပါ''

''......''

''အပေးအယူကတော့ ထုံးစံအတိုင်းပါပဲ။ တစ်ဝက်ကြိုပေးရမယ်။ ပြီးရင် ကျန်တာအားလုံး ပေးရမယ်။ စာချုပ်စာတမ်း မလိုပါဘူး။ ကတိတစ်လုံးနဲ့ လုပ်မှာပါ။ အစစအရာရာ တာဝန်ယူပါတယ်။ နောက်ကြောင်း ရှင်းစေရမယ်''

---



www.burmeseclassic.com

www.burmeseclassic.com



"......"

"ဟုတ်ကဲ့ ...။ ဓာတ်ပုံနဲ့ လိပ်စာပေးပါ။ ကျွန်တော်တွေ ကျွန်တော်တို့ဘာသာ လေ့လာစုံစမ်းပါ့မယ်"

"...."

"ကောင်းပါပြီ။ အမြန်ဆုံး လုပ်ငန်းစတာပေါ့"

ဘကျော်မင်းက ဖုန်းကို ပိတ်ကာချသည်။

စားပွဲပေါ်ရှိ ခလုတ်ကလေး တစ်ခုကိုနှိပ်လိုက်ရာ အပြင်ဘက်မှာ သံစည်တလေးတစ်ခု မြည်သွားသည်။ မကြာမီ အခန်းတံခါးပွင့်လာကာ လူလေးယောက် ဝင်လာသည်။ မျက်မှန်လူအေး၊ ဝတုတ်၊ ချောမူယာနှင့် ဝင်းထွဋ်တို့ဖြစ်သည်။ သူတို့က သံလက်ကောက်ဘကျော်မင်းရှေ့မှာ ခပ်ရို့ရို့ ရပ်နေလိုက်ကြသည်။

"တို့ အလုပ်တစ်ခု လုပ်ဖို့ရှိတယ်"

"ဟုတ်ကဲ့ ..."

"မနက်ဖြန်မနက်မှာ တို့ရဲ့ပစ်မှတ်ဓာတ်ပုံနဲ့ လိပ်စာ သွားယူရမယ်။ အဲဒါ လူအေးတာဝန်ပါ"

"ဟုတ် ..."

လူအေးက အေးဆေးစွာပြောသည်။ သူ့မျက်နှာက စိတ်လှုပ်ရှားမှုမပါ။ ထမင်းစားရေသောက်လိုပင်ဖြစ်၏။

"ကျန်လူတွေက အသင့်ပြင်ထားပါ။ ပစ်မှတ်ရဲ့အခြေအနေကို လေ့လာပြီးတာနဲ့ ခွဲတမ်းချမယ်"

"ဟုတ်ကဲ့"

"သွားနိုင်ပြီ"

အဖွဲ့သား(၄)ဦး ပြန်ထွက်သွားသည်။





စိတ်ချယုံကြည်ရသော တပည့်(၄)ဦး၏ ကျောပြင်ကို ငေးကြည့်ရင်း သံလက်ကောက်ဘကျော်၏ စိတ်များအဝေးကို လွင့်သွားသည်။

မူလက သူ့နာမည် မင်းစိန်။

တစ်ဖက်က မန်နေဂျာအလုပ်ကိုလုပ်ရင်း တစ်ဖက်က တစ်ကိုယ်တော် ဖောက်ထွင်းရေးသမားအလုပ်ကို လုပ်သည်။

ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ မင်းစိန်က အကွက်ချပြီး လုပ်သည်။ ဝိရိယသေသပ်သည်။ ပိုင်နိုင်သည်။ ထို့ကြောင့် မင်းစိန်လုပ်ခဲ့သမျှ အမှုများ မပေါ်ခဲ့။

မိမိကုမ္ပဏီမှငွေများကိစ္စမှာတော့ မိမိအား ထိုးနှက်မည့်တစ်ဦး ပေါ်လာသည်။ ထိုသူမှာ ရှေ့နေမလေး မေစံရှားဖြစ်၏။ မေစံရှား၏ ဦးနှောက်က မိမိအကွက်ကို ကျော်မြင်သွားသည်။ မိမိခံလိုက်ရသည်။

ထောင်ထဲသို့ မိမိဝင်ခဲ့ရ၏။

ထောင်သားအဖြစ် နေခဲ့ရစဉ်တုန်းက မင်းစိန် အေးဆေးစွာပဲ နေခဲ့သည်။ ရဲဘက်စခန်းမှာ အလုပ်လုပ်ရင်း ကျောက်တုံးကြီးပိတာ လက်တစ်ဖက်၏အရိုးများ ကြေမွသွားသဖြင့် ဖြတ်ပစ်ခဲ့ရသည်။ အပြင်လောကကို ပြန်ရောက်တော့ နိုင်ငံခြားသွားကာ လက်အတုတပ်သည်။ သံလက်ကောက်ဖြစ်၏။ ဒါဟာ တိုက်ရေးခိုက်ရေးအတွက်ပါ ရည်ရွယ်ပြီး လုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးတော့ နာမည်ပြောင်းလိုက်သည်။

ဘဝအစမှာ နာမည်အသစ်နှင့် လှုပ်ရှားသည်။ တစ်ကိုယ်တော်မလုပ်တော့ဘဲ တပည့်မွေးသည်။ တပည့်ဆိုသည်က နိုင်းတာကို သစ္စာရှိရှိ ကျိုးကျိုးနွံနွံ လုပ်ဖို့ပဲလိုသည်။ ကျန်တာကို မိမိကဆင်သည်။ သူတို့ကို ကွင်းဆက်အားလုံး မပြ။ တစ်ပိုင်းစီသာ တာဝန်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပိုင်းများကို ဆက်စပ်လိုက်သည်နှင့် ကွင်းဆက်ကြီးတစ်ခု ဖြစ်သွားသည်။ လုပ်ငန်းကြီးတစ်ခု ဖြစ်သွားသည်။

ပြီးခဲ့သော ဦးကြီးမြင့်ကိစ္စမှာ ပိရိသေသပ်စွာ အကောင်အထည်ဖော်ခဲ့သဖြင့် အကွက်စေ့ပြီး အောင်မြင်သည်။ ရဲက 'မတော်တဆမှု' ဟု အမည်တပ်မည်။

မိမိ၏ဝါသနာအရ ပြုံင်ဘက်ကို စိန်ခေါ်ချင်သဖြင့် မေစံရှားထံသို့ ဖုန်းတစ်ချက်ဆက်သည်။ ဝတ္ထု၏အစိတ်အပိုင်း စာရွက်ကလေးတစ်ရွက်ပို့သည်။

**မေစံရှား မိမိ၏အကွက်ကို ဖော်နိုင်ပါ၏လော။**

ယင်းသည်ပင် ကျေနပ်စရာဖြစ်၏။ ဂုဏ်ယူစရာဖြစ်၏။

"အားပြိုင်ကြတာပေါ့ မေစံရှားရယ်။ မင်းကပဲ ဖော်နိုင်မလား ငါကပဲ ဖုက်နိုင်မလား ပိတ်ကားပေါ်မှာ ဆက်ကြည့်ကြတာပေါ့"

သံလက်ကောက်ဘဂျမ်းက ရှေ့ရှိ စားပွဲပေါ်မှ အင်္ဂလိပ်ဝတ္ထုတစ်အုပ်ကို ယူသည်။ သူသည် အင်္ဂလိပ်စာကို ကျွမ်းကျင်ပြီး အင်္ဂလိပ်ဝတ္ထုများ အဖတ်များသည်။ သူစိတ်ဝင်စားသည်က မှုခင်းနှင့် စွန့်စားခန်းဝတ္ထုများ။

ယခုကောက်ကိုင်လိုက်သော ဝတ္ထုကလည်း 'ကုန်ကြမ်း' တစ်ခုဖြစ်မှာ သေချာသည်။

မိမိတို့အတွက် ရှေ့မှာလုပ်ရမည့် အလုပ်ကြီးတစ်ခုအတွက်။

အံလက်ကောက်ဘဂျမ်း ပြုံးနေသည်ကို ကြောင်နက်ကလေးက မော့ကြည့်ရင်း အသံပြုလိုက်၏။

"ညောင် ..."

✿ ✿ ✿

| ၇ |

❑

ယနေ့ မေစံရှား လျှောက်လဲရသောအမှုမှာ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ရခြင်းဖြစ်ပြီး အမှုက အဓမ္မပြုကျင့်မှုဖြစ်သည်။ သို့သော် တရားခံသည် အထောက်အထားပြရှုမရအောင် နဂိုကပင် ကြိုတင်ကြံစည်ထားခဲ့သည်ဖြစ်ရာ သက်သေခိုင်လုံမှု မရှိခဲ့ပေ။

အထူးသဖြင့် ပြုကျင့်ခံရသူ မိန်းကလေးမှာ ပြုကျင့်ခံရပြီး သတ်ဖြတ်ခံခဲ့ရသဖြင့် တရားခံကိုညွှန်ပြဖို့ အဓိကသက်သေမရှိခဲ့ဘဲ ရှိနေ၏။ ပတ်ဝန်းကျင်အထောက်အထားအချို့အရ တရားခံကို ရှာဖွေနိုင်ခဲ့ပါသော်လည်း တရားခံက ဉာဏ်များခဲ့သည်ကတစ်ကြောင်း၊ တရားခံ၏ နောက်ခံဘက်ဂရောင်းက ကောင်းနေသည်က တစ်ကြောင်းကြောင့် ခက်ခဲလှသော အမှုတစ်ခု ဖြစ်ခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . .

မေစံရှားသည် ကျိုးကြောင်းဆက်စပ်မှုဖြင့် တရားခံကို အမိအရ သက်သေပြနိုင်ရန် သက်မဲ့အထောက်အထားများကို ရှာဖွေခဲ့ရာ တရားရုံးတော်သို့ အကျိုးအကြောင်းနိုင်လုံစွာ တင်ပြလျှောက်လဲနိုင်ခဲ့သဖြင့် တရားခွင်ရောက် ပရိသတ်များ၏ အားပေးမှုရခဲ့ပြီး တရားခံကို အငိုက်မိ တုန်လှုပ်သွားစေခဲ့သည်။

တရားခံ၏ အကျိုးဆောင်ရှေ့နေကြီးပင်လျှင် မထင်မှတ်သော ရှုထောင့်မှဝင်လာသည့် တိုက်ကွက်များကြောင့် ချွေးပြန်နေခဲ့ရသည်။

တရားသူကြီးက ရက်ချိန်းပေးပြီး ယနေ့အမှုစစ်ဆေးခြင်းကို ရပ်နားလိုက်သည်။

တရားလိုဘက်မှ အမှုသည်မိသားစုက မေစံရှားအား ကျေးဇူးတင်ကြောင်း ဝိုင်းပြောကြသည်။ အမေ့မှုပြုကျင့်ခံရပြီး အသတ်ခံရသူ မိန်းကလေး၏မိခင်မှာ မေစံရှားကို ဖက်၍ ငိုနေခဲ့သည်။

တရားရုံးမှ ထွက်လာသောအခါ မေစံရှားသည် ကိုမင်းစိန်ကို ဖျတ်ခနဲ သတိရလိုက်၏။ ယခုတော့ သံလက်ကောက် ဘကျွမ်းဝဲပေါ့။

ကိုမင်းစိန်က အကွက်ချကောင်းခဲ့သူ။

ယခုတရားခံကလည်း အကွက်ချကောင်းသူ။

တစ်နည်းအားဖြင့် ဉာဏ်နီဉာဏ်နက်များလှသည့် ဥပဒေချိုးဖောက်ကျူးလွန်သူများဖြစ်သည်။ သူတို့၏ဦးနှောက်များကို အများအကျိုး၊ တိုင်းပြည်အကျိုး၌သာ အသုံးပြုခဲ့လျှင် မည်မျှကောင်းလိုက်ပေမည်နည်း။ ယခုတော့ အများကို အန္တရာယ်ပြုသူဖြစ်နေသည်မှာ ဝမ်းနည်းစရာ။





ထို့ကြောင့်လည်း လူတော်များ ကောက်ကျစ်ဆိုးသွမ်းလာလျှင် ပိုကြောက်စရာကောင်းသည်ဟု ဆိုခဲ့ကြခြင်းဖြစ်ပေမည်။

"သမီး မေစံရှား"

ရုတ်တရက် ရင်းနှီးကျွမ်းဝင်စွာ နှုတ်ဆက်လိုက်သံကြောင့် မေစံရှားသည် နှုတ်ဆက်သူအသံရှင်ကို ဖျတ်ခနဲ လှမ်းကြည့်မိ၏။

သူမထံသို့ လျှောက်လာနေသူတစ်ဦးဖြစ်သည်။ သို့သော် လျှောက်လာနေသည်မှာ ရိုးရိုးမဟုတ်၊ သက်တောင့်သက်သာမဟုတ်။ တုတ်ကောက်ကိုအားယူ၍ ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ဖြင့် လျှောက်လာနေခြင်းဖြစ်၏။

လူ၏ရုပ်ရည်က ကျသွားသော်လည်း မျက်နှာမှအပြုံးပန်းတို့ကြောင့် မေစံရှား ချက်ချင်းမှတ်မိလိုက်ပါ၏။

"အန်ကယ် မြဦး"

မှန်ပါသည်။ ဦးမြဦးဖြစ်သည်။ အငြိမ်းစားဒုရဲမှူး မြဦးဖြစ်သည်။ ဦးမြဦးက မေစံရှားရှေ့သို့ပင် ရောက်လာပြီဖြစ်သည်။

"မေစံရှားလိုက်နေတဲ့အမှုကို စိတ်ဝင်စားလို့ အန်ကယ် လာနားထောင်တာ"

"အန်ကယ်က အငြိမ်းစားယူတာတောင် အမှုကို စိတ်ဝင်စားတုန်းပဲကိုး"

မေစံရှားစကားကြောင့် ဦးမြဦး ပြုံးသည်။

"အမှန်တရားကို မြတ်နိုးတဲ့စိတ်ကြောင့်ပေါ့ သမီးရယ်။ ဒါကြောင့် အမှုကို စိတ်ဝင်စားတာ။ ဒီအမှုက လိမ်နေတာကို အန်ကယ် ကြားရတယ်။ ပြီးတော့ ဒီအမှုမှာ တစ်ဖက်က အင်အားတောင့်နေတာလည်း သိရတယ်။ ဒါကြောင့် သမီးဘယ်လိုရင်ဆိုင်နေလဲလို့ သိချင်



www.burmeseclassic.com

www.burmeseclassic.com



တာ။ အင်း . . . ဒီနေ့ တရားခွင်မှာ သမီးလျှောက်လဲနေတာ ကြားရတော့ အားရသွားမိပြီး တရားခံ ပြေးမလွတ်တော့ပါဘူး"

"အန်ကယ်တို့ သင်ကြားပြသပေးခဲ့တဲ့ အမှုလိုက်နည်းတွေနဲ့ ကျိုးကြောင်းဆက်စပ်စဉ်းစားတဲ့ အကျင့်ကိုပေါင်းပြီး ရှားကြိုးစားရတာပါ။ အန်ကယ်အခု ကျန်းမာရေးကောင်းတယ်နော်"

ဦးမြဦးက အပြုံးယဲ့ယဲ့ဖြင့် . . .

"ကျန်းမာရေးကတော့ ကောင်းပါတယ်။ ဒီခြေထောက်ပါပဲ။ အင်း . . တစ်သက်လုံး မကောင်းသူပယ်ပြီး ကောင်းသူတွေ ကယ်နိုင်အောင် ကြိုးစားခဲ့တာ ပင်စင်ယူပြီးမှပဲ မတော်တဆဖြစ်ပြီး ခုလိုအဖြစ်ကြုံရတယ်ဆိုပါတော့"

မေစံရှား ဦးမြဦးကို စာနာစွာဖြင့် ကြည့်မိ၏။

ဦးမြဦးသည် ရှားမှရှား၊ တကယ့်ယောကျ်ားဆိုသကဲ့သို့ အမှုထမ်းသက်တစ်လျှောက်လုံး ကိုယ်ကျိုးမရှာဘဲ ဥပဒေမျက်နှာတစ်ခုတည်းကိုသာ ကြည့်ခဲ့သူဖြစ်သည်။

ဦးမြဦး ပင်စင်ယူတော့ နေစရာပင် ကောင်းကောင်းမရှိ။ သည်ကြားမှာ မတော်တဆမှုတစ်ခုဖြစ်ကာ ညာဘက်ခြေထောက်ရိုးများ လုံးဝကြေမွပျက်စီးသွား၍ ဖြတ်လိုက်ရသော အနေအထားရောက်ကာ ခြေတုတပ်ဆင်ထားရသည်။ ထိုမတော်တဆမှုက သိပ်တောင်မကြာသေး။

မတော်တဆမှုဟူသောစကားကို သတိရသဖြင့် ဦးကြီးမြင့်၏ မတော်တဆမှုကိုလည်း မေစံရှား ပြေးမြင်ကာ ဦးမြဦး၏ မတော်တဆမှုသည်ကော ရိုးရိုးမတော်တဆမှုမှ ဟုတ်ပါလေစဟု သံသယအတွေးများက ဖျတ်ခနဲခေါင်းထဲမှာ ပေါ်လာသည်။





လမ်းဘေးတွင် လမ်းလျှောက်လာခိုက် သစ်လုံးများတင်ထားသောကားမှ သစ်လုံးများပြုတ်ကျလာကာ ဦးမြဦးကိုပိခဲ့သော မတော်တဆမှုဖြစ်သည်။ တမင်ပင် မတော်တဆမှုဖြစ်စေရန် ဖန်တီးထားသော မတော်တဆမှုများလေလား။

ပြီးတော့ တစ်ဆက်တည်းမှာပင် အချက်တစ်ခုကို မေစံရှား ရုတ်တရက် သတိပြန်ရသည်။

လွန်ခဲ့သော ခြောက်နှစ်ကျော်က မန်နေဂျာ ကိုမင်းစိန်ကို ဖမ်းဆီးခဲ့သော ရဲအရာရှိမှာ ဦးမြဦးပင်ဖြစ်၏။ ထိုစဉ်က ဦးမြဦးသည် စခန်းမှူးဖြစ်သည်။ ထို့ကြောင့် . . .

"အန်ကယ်နဲ့တွေ့တုန်း သတိရတာတစ်ခုရှိတယ်။ အန်ကယ် စခန်းမှူးဘဝနဲ့ ရှားက ရွှေနေအဖြစ်နဲ့ အမှုဖော်ပြီး ထောင်ထဲကိုပို့ခဲ့တဲ့ အကွက်ချကောင်းခဲ့တဲ့ တရားခံကိုမင်းစိန်ကို မှတ်မိလား"

မေစံရှားက စကားစလိုက်သည်။

ဦးမြဦးက ကြာကြာမစဉ်းစားရဘဲ . . .

"မှတ်မိတာပေါ့။ အန်ကယ်ကိုယ်တိုင် ရန်ကုန်ဘူတာကြီးမှာ ဖမ်းဆီးခဲ့တာလေ။ အခုလောက်ဆို သူ အပြင်ပြန် ရောက်နေလောက်ပြီ"

ချက်ချင်းပင် အဖြေပေးသည်။

ဦးနှောက်တွေ ယခုထိ ကောင်းစွာ အလုပ်လုပ်နေဆဲဖြစ်၍ မေစံရှား ချီးကျူးမိသည်။

"အန်ကယ်မှတ်မိသားပဲ။ ဟုတ်တယ်။ သူအခု အပြင်ပြန်ရောက်နေတာ ကြာပြီထင်တယ်။ တစ်လောကတောင် ရှားဆီ ဖုန်းဆက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား …။ ဒီကောင်က ကြည့်ရင် လူရည်သန့်။ ပြီးတော့ လူက သွေးအေးတယ်။ အပြင်လောကပြန်ရောက်ပြီး မကောင်းတာဆက်လုပ်ရင်တော့ အန္တရာယ်ကြီးတဲ့ကောင်ပဲ။ သမီးလည်း သတိထား။ တော်ကြာ သူ့ကို ထောင်ထဲပို့ခဲ့တဲ့သမီးကို အန္တရာယ်ပြုနေဦးမယ်"

ဦးမြဦးစကားက မေစံရှားကို အတွေးပွားစေပြန်သည်။

"သူ့ကို ထောင်ထဲပို့ခဲ့တဲ့သမီးကို အန္တရာယ်ပြုနေဦးမယ်"

ဟူသော စကားအဓိပ္ပာယ်အရ 'သူ့ကို ထောင်ထဲပို့ခဲ့သည့် ဦးမြဦး မတော်တဆမှုနှင့် ကြုံခဲ့ရခြင်းသည် ကိုမင်းစိန်ခေါ် ဘဂျမ်း ကြောင့်များလား'ဟူသော အတွေးဖြစ်သည်။

"ကဲ … ကဲ … သမီးလည်း နောက်တစ်ရုံး ဆက်ရှိဦးမယ်ထင်တယ်။ အန်ကယ်လည်း ပြန်တော့မယ်။ ဟိုမှာ အန်ကယ့်မိတ်ဆွေက ကားနဲ့စောင့်နေတယ်။ တရားရုံးသွားချင်တယ်ဆိုလို့ သူကကူညီပြီး လိုက်ပို့တာ"

"ဟုတ်ကဲ့"

"သမီးရဲ့စိတ်ဓာတ်အတိုင်း ဆက်ပြီး နိုင်နိုင်မတ်မတ် ကြိုးစားပါ။ ဒါပေမဲ့ သမီးရေ …မကောင်းမှုတွေဆိုတာ 'ချီ' မပါဘူး။ သတိထား။ အပြင်က ပြုံးပြနေပေမယ့် အမုန်းတရားတွေနဲ့ ဒုက္ခပေးဖို့ တွေးနေမှာ"

"ဟုတ်ကဲ့ပါ။ ရှား သတိထားပါ့မယ်။ ကျေးဇူးပါပဲ"

ဦးမြဦးနှုတ်ဆက်ပြီး တော့နဲ့တောနဲ့ဖြင့် သူ့ကိုစောင့်နေရာ ကားဆီသို့ တရွေ့ရွေ့ ပြန်လျှောက်သွားသည်ကို မေစံရှား ရပ်နေရာမှ ပင် ရပ်ကြည့်နေမိ၏။ ဦးမြဦး ကားထဲဝင်သွားသည်ထိ။





ဦးမြဦးကားကလေး မောင်းထွက်သွားမှ ယခုတစ်လော တိုက်ဆိုင်မှုတွေ တွေ့နေရပါလားဟူ၍ သတိထားမိသော အတွေးတစ်ခု ဝင်လာပြန်သည်။

ကိုမင်းစိန်ခေါ် ဘဂျမ်း။

အန်ကယ်ဦးမြဦး။

မေစံရှား နေရာမှ ဖြည်းညင်းစွာ စတင်ထွက်ခွာလာခဲ့သည်။ လောကတွင် ကောင်းသူနှင့်မကောင်းသူ မည်သူကများသနည်း။ မည်သူက အရေးသာနေသနည်း။ တစ်ခါက မေစံရှား၏ မေမေပြောဖူးသလို 'ဗူးတောင်းနစ်လို့ ဖားခြမ်းပေါ်တဲ့ခေတ်၊ မကောင်းသူတွေ ခေါင်းထောင်တဲ့ခေတ်' ဟူသော စကားလိုများ ဖြစ်မနေမလား။

ရင်မောလိုက်ပါဘိ …။

✿ ✿ ✿

www.burmeseclassic.com

[ ၉ ]

❑

ရင်ခွင်တွင်ပိုက်ထားသော ကြောင်နက်ကလေးကို လက်တစ်ဖက်ကပွတ်သပ်ရင်း သံလက်ကောက်ဘဂျမ်းက သူ၏အကွက်ကို တစ်ကွက်ချင်းချနေသည်။

သူ့ရှေ့တွင် မျက်မှန်လူအေး၊ ချောမှုယာ၊ ဝတုတ်နှင့် ဝင်းထွဋ်တို့ရှိသည်။

"ချောမှုယာ"

"ဟုတ်ကဲ့"

"မင်းက အိမ်ဖော်ပွဲစား ဒေါ်ထားဆီကိုသွား၊ အိမ်ဖော်အလုပ်လုပ်ချင်လို့ပါပြော။ ဒေါ်ထားရှာပေးတဲ့ တခြားအိမ်တွေမှာ မင်းမလုပ်ရဘူး။ ဦးအောင်မင်းအိမ်မှာမှ လုပ်ရမယ်။ ကျန်တာ ငါဆက်ပြောမယ်"





"ဟုတ်ကဲ့"

ချောမှုယာ ထွက်သွားသည်။

သံလက်ကောက်ဘဂျမ်းက ဝတုတ်ဘက်လှည့်ကာ . . .

"ဝတုတ်"

"ဗျာ . . . ဆရာ"

"မင်းက မြင်းခြံကိုခဏသွား။ အဲဒီရောက်ရောက်ချင်း စာတိုက်နေ ကြေးနန်းတစ်စောင်ရိုက်။ ဟောဒီမှာ . . . ဟောဒီကြေးနန်း။ တာက ဒီမှာ။ ရှင်းတယ်နော်။ စရိတ်ယူသွား"

"ဟုတ်ကဲ့"

"သွားတော့"

ဝတုတ် ထွက်သွားသည်။ ဘဂျမ်းပေးသော စာရွက်ပိုင်းများ စရိတ်ကို စားပွဲပေါ်မှ ကောက်ယူသွားသည်။

"လူအေး"

"ဟုတ် . . ."

"မင်းနဲ့ဝင်းထွဋ်က အစီအစဉ်နှစ်ခု လုပ်ရမယ်။ တစ်ခုက ငွယ်နဲ့လုပ်ထားတဲ့ စစ်တုရင်ရုပ်အဖြူနဲ့ တပ်စတာစ်အမည်း တစ်စုံ ပြီးရင် ငါ့ဆီကို အဖြူရုပ်ထဲက ဘစ်ရှော့နှစ်ရုပ် ယူလာခဲ့"

"ဟုတ်ကဲ့"

"ဓါယာအချို့ ရှာထား။ အချိန်ကျတာနဲ့ ငါခိုင်းမယ်။ လျှပ်စစ် သားဝတ်စုံ နှစ်ခုပြင်ထား။ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ အပြည့် ရှာထား။ မင်းတို့က အချိန်နည်းနည်းရသေးတယ်"

"ဟုတ် . . ."

www.burmeseclassic.com



"လိုအပ်တာ ငါ့ကိုပြော။ ရော့ ... ဒီမှာ ပစ္စည်းဖိုးအတွက် ငွေထုတ်သွား။ ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆိုရပြီ"

လှအေးနှင့်ဝင်းထွဋ်တို့ ထွက်သွားကြသည်။

သံလက်ကောက်ဘဂျမ်းက ပြုံးကျန်ရစ်သည်။

"တစ်ပွဲတော့ စညီးတော့မယ်"

✿ ✿ ✿

## [ ၁၀ ]

❑

အငြိမ်းစားအရာရှိ ဦးအောင်မင်းက သူ့ထံသို့ ရောက်ရှိလာသော အငြိမ်းစားအရာရှိကြီး ဦးဝင်းစိန်အား အိမ်ဝမှ ဆီးကြိုနေသည်။ ဦးဝင်းစိန် ကားပေါ်မှဆင်းလာရင်း ...

"ဒီနေ့တော့ ကျွန်တော်တို့ပွဲကလေး ပိုပြီး စိတ်ဝင်စားစရာကောင်းအောင် လောင်းကြေးကလေး ပါရင်ကောင်းမယ်"

စကားစခဲ့သည်။

ဦးအောင်မင်းက ရယ်၍ ...

"အစ်ကိုကြီး သဘောပါဗျာ။ အစ်ကိုကြီးက လက်စွမ်းပြချင်တာသိလို့ ကျွန်တော်က ရှုံးရမှာသေချာပေမယ့် အစ်ကိုကြီးပြောသလို လုပ်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောသည်။

ဦးဝင်းစိန်က တိုက်ထဲဝင်လာရင်း ဦးအောင်မင်းအနား ကပ်ကာ ...

"ရှုံးတဲ့သူက နိုင်တဲ့သူကို မိန်းမပေးကြေးနော်"

ဟုပြောလိုက်ပြီး တဟားဟားရယ်လေသည်။

"အစ်ကိုကြီးကတော့ နောက်ပြီ။ ဒီလို ရယ်မောစရာတွေ ပြောနေတာနဲ့ အစ်ကိုကြီး အသက်ရှည်နေတာ"

ဟု ဦးအောင်မင်းက ပြန်ပြော၏။

"ဒီလိုပဲ အသက်ရှည်အောင် နေရတယ်ဗျ။ ပျော်ပျော်နေခဲ့ရတာ။ တချို့က နှလုံးရောဂါသမား။ တစ်ခုခု အဆင့်မသင့်တာနဲ့ ခေါက်ခနဲ ငြိမ်သွားနိုင်တယ်လေ"

"ကဲ ... အစ်ကိုကြီး နားပါဦး။ မိကျော့ရေ ... အစ်ကိုကြီးဖို့ ကော်ဖီယူခဲ့ပါဟေ့"

ဦးအောင်မင်းက အတွင်းဘက်လှည့်ပြောပြီး ဦးဝင်းစိန်အား ဆက်တီတွင် ထိုင်စေသည်။

"ခင်ဖျားမဟောသီရော မမြင်ပါလား"

"ဒီနေ့က သူတို့ဝိုင်းတစ်ဝိုင်း ဖွဲ့တယ်လေ။ ဟိုပုလ္လိုလ်ကြီး ဦးလှမော်အိမ်မှာပေါ့။ ကတော်တွေချည်း ချိန်းထားတာ။ အဲဒီကို စောစောကတည်းက သွားလေရဲ့"

"ဒါဆို သူတို့က တစ်ဝိုင်း။ ခင်ဖျားနဲ့ကျွန်တော်က ဒီမှာ တစ်ဝိုင်းပေါ့"

"ဒါပေါ့ အစ်ကိုကြီးရာ။ ပင်စင်ယူပြီး ဒီလိုပဲ စိတ်ထွက်ပေါက်လေး ပေးနေရတာပဲ။ တရားဘာဝနာဆိုတာကလည်း လုပ်တော့လုပ်





တယ်။ သိပ်ပြီးအာရုံစိုက်လို့ မရဲဘူးလေ။ အရင်က ခေါက်ရိုးကျိုးလာတဲ့ ဝါသနာတွေက ချက်ချင်းကြီးမှ ပြောင်းလို့မရတာ။ ဟဲ ... ဟဲ"

မိကျော့ဆိုသူ အိမ်ဖော်မလေးက ကော်ဖီနှင့်မုန့်ကို လာချသည်။

"မိကျော့ .. စာကြည့်ခန်းမှာ စစ်တုရင်ခုံ ပြင်ထားလိုက်"

ဟု ဦးအောင်မင်းကပြော၏။ မိကျော့ပြန်ထွက်သွားတော့ ..

"အိမ်ဖော်မလေးက အသစ်လားဗျ။ အရင်ကောင်မလေး မဟုတ်ဘူး"

ဦးမင်းစိန်က မေးသည်။

"ဟုတ်ကဲ့ ... အရင်ကောင်မလေးက သူ့အမေနေမကောင်းလို့ဆိုပြီး ရွာက ကြေးနန်းရိုက်ခေါ်တယ်လေ။ ဒါကြောင့် ရွာပြန်သွားတာ။ ဒါနဲ့ပဲ ပွဲစားဒေါ်ထားကို ထပ်ရှာခိုင်းထားရတာ"

ဦးအောင်မင်းက ဖြေသည်။

ဦးဝင်းစိန်က ရှေ့သို့ကိုယ်ကို ကိုင်းညွတ်ကာ ...

"ကောင်မလေးက မှည့်တယ်ကွ။ ခင်ဖျားတော့ ရင်ခုန်စရာပဲ"

လေသံဖြင့် ပြောသည်။

ဦးအောင်မင်းက တဟားဟားရယ်သည်။

"အစ်ကိုကြီးကလည်းဗျာ ပြောရော့မယ်"

"မဟုတ်လို့လား"

"အချိန်နည်းနည်း ယူရသေးတယ်။ သူက ရောက်တာမကြာသေးဘူးဆိုတော့"

"ဟား ... ဟား ... ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါ ဦးဝင်းစိန် ရယ်အလှည့်။

"အသက်ရှည်ဆေးလေးတွေ ရှာရတယ်လေ အစ်ကိုကြီးရယ် သွေးသစ်လဲတဲ့ သဘောပေါ့"

ဟုလည်း ဦးအောင်မင်းက ဆက်ပြောသည်။

ဦးဝင်းစိန်က ကော်ဖီသောက်ပြီး ...

"ကိုင်း ... တစ်ပွဲတစ်လမ်း အကဲစမ်းကြစို့"

"ဒါဆို စာကြည့်ခန်းထဲ သွားကြမယ်"

"ခုနပြောတဲ့ အလောင်းအစားကိုရော ဘယ်လိုလဲ"

"ဟား ... ဟား ... ဟား ..."

✿ ✿ ✿

❑

"ကျွန်တော်က ထုံးစံအတိုင်း အဖြူပဲ ကိုင်မှာနော်"

စစ်တုရင်ခုံကို ရှေ့မှာထား၍ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပြီးလျှင် ဦးဝင်းစိန်ကပြောသည်။

"အစ်ကိုကြီးသဘောပါ။ အစ်ကိုကြီးကို ကျွန်တော်က အမြဲဦးစားပေးနေတာပဲဟာ။ အစ်ကိုကြီးက ညွှန်သည်လေ။ ပြီးတော့ ကျွန်တော်ရဲ့စီနီယာ"

ဦးအောင်မင်းက စစ်တုရင်ရုပ်များထည့်ထားသော ဘူးကို ဖွင့်၍ပေးသည်။

သူ့လက်ထဲမှ စစ်တုရင်ရုပ်များကို ဦးဝင်းစိန်က လှမ်း၍ယူလိုက်ရင်း ...

"ဟာ ... အရုပ်တွေက အသစ်တွေပါလား။ မှန်း ... အဖြူတွေက ဆင်စွယ်တွေနဲ့ လုပ်ထားတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကိုကြီး။ ဆင်စွယ်အစစ်တော့ ဟုတ်ချင်မှ ဟုတ်မယ်။ အတုဖြစ်ချင်လည်း ဖြစ်မယ်။ မကြာခင်ကမှ နိုင်ငံခြားသား တပည့်တစ်ယောက်က ပို့လိုက်တာ။ ကျွန်တော့်ဝါသနာကို သူသိတယ် လေ"

ဦးဝင်းစိန်က အရုပ်ဖြူများကို ခုံပေါ် ချ၍စီသည်။ ဦးအောင်မင်းက အမည်းပေါ့။

"တဲ ... စလိုက်ကြမယ်။ ဗြို"

ဦးဝင်းစိန်က နယ်ရုပ်ကို စ၍ရွှေ့သည်။

"အစ်ကိုကြီးက ဘော်ဘီဖစ်ရှာရဲ့အကွက်တွေကို အရည်ကျို သောက်တာလိုပဲ။ ကျွန်တော်လည်း အကွက်သစ်တွေ ရှာထားတယ်။ ဒီနေ့ပွဲမှာတော့ အစ်ကိုကြီး ကျွန်တော့်ကို မနိုင်လောက်ဘူးထင်တယ်"

ဦးအောင်မင်းက အနက်နယ်ရုပ်ကို မှောက်ရင်း ပြန်ဖြေ သည်။

"ကြည့်ဦးလေဗျာ ...။ ကမ္ဘာချန်ပီယံတွေရဲ့ အကွက်တွေကို ကျွန်တော်က အရည်ကျိုသောက်ထားတာ။ မြန်မာပြည်မှာ ကျွန်တော့် ကို ယှဉ်ချင်တဲ့သူယှဉ်။ စိန်ခေါ်ရဲတယ်"

ဦးဝင်းစိန်က နောက်မှ မိမိရုပ်များကို စတင်လှုပ်ရှားသည်။

သို့ဖြင့် ...

ပွဲက စိတ်ဝင်စားစရာကောင်းလာ၏။

နှစ်ကွက် ... သုံးကွက်။

လေးကွက် ....

ဦးဝင်းစိန်က ဘစ်ရှော့ကိုကိုင်ကာ တိုက်ကွက်ကိုဆင်ဖို့ အကွက် တစ်ကွက်ပေါ်သို့ တင်လိုက်သည်။





"အား ...."

ဦးဝင်းစိန်နှုတ်မှ လွှတ်ခနဲအော်သံ။ ပြီးတော့ လူက ငိုက်ခနဲ ဖြစ်ကာ ကျန်လက်တစ်ဖက်က ရင်ဘတ်ကိုဖိမလိုနှင့် ဘေးသို့ ဖရိုဖရဲ လဲကျသွားသည်။ ဦးဝင်းစိန်၏လက်နှင့် ဖိမိ၍ ရိုက်မိသွားသောကြောင့် စစ်ဘုရင်ခုံပေါ်မှ စစ်တုရင်ရုပ်များ ဖရိုဖရဲ လဲပြိုလျက်။ အောက်သို့ ကျသည့်အရုပ်များ ကျသွားသည်။

ဦးအောင်မင်း မျက်လုံးပြူးသွားသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး ..."

"လာကြပါဦးဟေ့ ... လာကြပါဦး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၁ |

❑

"ဟဲလို ..."

"မမရှား ... ကျွန်တော်ပါ"

"ဟဲ့ ... အောင်သူ၊ နင့်အသံတွေ ဘယ်လိုဖြစ်နေတာလဲ တုန်တုန်လှုပ်လှုပ်နဲ့"

"ဖေဖေ ... ဖေဖေဆုံးသွားလို့ မမရှားရဲ့"

"ဟင် ... အန်ကယ်ဦးဝင်းစိန် ဆုံးသွားပြီ၊ ဟုတ်လား ...၊ ဘာဖြစ်လို့လဲ"

"နှလုံးရောဂါလေ ...။ ရှော့ခ်ဖြစ်သွားတာ နေမှာပေါ့။ အန်ကယ်ဦးအောင်မင်းတို့အိမ်မှာ ခါတိုင်းလိုပဲ စစ်တုရင်သွားကစားတာ ကစားရင်း လဲကျသွားတာ အသက်ပါ ပါသွားတယ်"





"အို ... ဖြစ်ရလေ"

"အဲဒါ မေမေက မမရှားဆီကို အကြောင်းကြားခိုင်းလို့"

"အေး ... အေး ... မမရှား လာခဲ့မယ်"

မေစံရှားဖုန်းကို ပိတ်လိုက်တော့ ...

"အန်ကယ်ဦးဝင်းစိန် ဆုံးသွားတယ်ဟုတ်လား ရှား"

ဟု စားပွဲရှေ့တွင်ထိုင်နေသော ကိုနေသော်က မေးသည်။

မေစံရှား မျက်နှာအိုကလေးဖြင့် ...

"ဟုတ်တယ် ကိုကို။ နှလုံးရောဂါ အခံရှိနေတော့ တစ်စုံတစ်ခု စိတ်လှုပ်ရှားပြီး ရှော့ခ်ဖြစ်သွားပုံပဲ။ စစ်တုရင်ကစားရင်းဆိုတော့ ဖြစ်နိုင်တယ်"

ဟု ပြန်ဖြေသည်။

"ဒါဆို ရှား အခုသွားမလား"

"အင်းပေါ့ ...။ ခုပဲ အိမ်ကိုသွားမယ်။ ကိုကိုပါ လိုက်မယ် မဟုတ်လား"

"လိုက်မှာပေါ့"

"ဒါဆို သွားကြစို့"

မေစံရှားနှင့်ကိုနေသော် ထိုင်နေရာမှထကြစဉ် တီးလုံးလေး တစ်ခု ပေါ်ထွက်လာသည်။ မေစံရှား၏ လက်ကိုင်ဖုန်းမှဖြစ်သည်။

မေစံရှားဖုန်းကို ဖွင့်ရပြန်သည်။

"ဟဲလို ... အမိန့်ရှိပါရှင်"

"ဒေါ်မေစံရှားကို သတိရလို့ ဖုန်းဆက်လိုက်တာပါ၊ ကျွန်တော် ဘဂျမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာကိစ္စရှိလို့ပါလဲ"

"အထွေအထူးတော့ မဟုတ်ပါဘူး။ တစ်လောက ဒေါ်မေစံရှားနဲ့ ဦးမြဦး တွေ့ကြတယ် သတင်းကြားလို့ပါ။ ကျွန်တော့် မိတ်ဆွေဟောင်းကြီးနှစ်ယောက်ဆုံကြတာ ကျွန်တော့်အကြောင်းများ ပြောကြသေးလားလို့"

"ဒီလိုပါပဲ"

"ဦးမြဦးခမျာ ပင်စင်ယူပြီးမှ အကျဆီးအင့်ဖြစ်ရတယ်လို့ ကျွန်တော်ထောင်ကထွက်ပြီးမှ ဖြစ်တာဆိုတော့ ကြားလိုက်တယ်။ ဦးမြဦးက ကျွန်တော်များ သူ့ကို ကလဲ့စားချေသလားလို့ ထင်ချင်ထင်နေမှာ"

"ရှင် ..."

"မဟုတ်ပါဘူး။ သဘောပြောတာပါ။ ဒါပေမဲ့ သူ့ဘာသာ အတိတ်ကဝဋ်ကြွေးကြောင့် ဖြစ်မှာပါနော်။ ငှက်ကလေးတွေကိုဖမ်းထားပြီးရင် ကိုယ်လည်း အဖမ်းခံရတယ်။ ကျွန်တော်က ရဲဘက်စခန်းမှာ လက်ဖြတ်ရတာဆိုတော့ ဦးမြဦး ခြေထောက်ဖြတ်ရတာ ဝဋ်ကြွေးသဘောမျိုးပြောရင် ရမှာပေါ့နော်"

"ရှင် ... ဒါတွေ ဘာသဘောနဲ့ ပြောနေတာလဲ"

"စကားစပ်မိလို့ ပြောတာပါ။ ကျွန်တော့်ကို တစ်ခုခုလုပ်တဲ့သူတွေ အဲဒီလိုဖြစ်တာလား မသိဘူးနော်။ ကျွန်တော့်ကို ထောင်ထဲပို့တဲ့ ဒေါ်မေစံရှားကို စိတ်ပူလို့ သတိပေးတာပါ။ ကဲ ... ဒါပါပဲဗျာ။ ကျွန်တော် အဓိပ္ပာယ်မရှိတာတွေပြောပြီး ဒေါ်မေစံရှားရဲ့ အဖိုးတန်တဲ့ အချိန်တွေ ဖြုန်းသလိုဖြစ်နေပါပြီ"

တစ်ဖက်မှ ဖုန်းချသွားသည်။





မေစံရှား ဖုန်းကိုကိုင်ရင်း မျက်မှောင်ကလေးကြုတ်ကာ အတွေးဝင်သွားသည်။

ဘာဂျမ်း။

ဘာသဘောနှင့် ဖုန်းဆက်တာလဲ။

ဦးမြဦး မတော်တဆဖြစ်တာကိုပြောတာ ဘာရည်ရွယ်ချက်လဲ။

မေစံရှားကို ခြိမ်းခြောက်တာလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

ကွယ်လွန်သူ ဦးဝင်းစိန်၏အိမ်သို့ မေစံရှားနှင့် ကိုနေသော် ရောက်သွားချိန်မှာ ညနေပိုင်းဖြစ်သည်။ ဦးဝင်းစိန်ဆုံးသွားသည်က ညနေပိုင်း။

ဦးဝင်းစိန်၏ဇနီး ဒေါ်မှုမှုသန်းနှင့် သားဖြစ်သူ မောင်အောင်သူတို့က မေစံရှားတို့ကို ကြိုဆိုနေရာချပေးသည်။

အန်တီလည်း ဒီလို မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားလိမ့်မယ်လို့ ဘယ်ထင်မလဲ မေစံရှားရယ်။ နှလုံးရောဂါရှိပေမယ့် ဆေးလည်း မှန်မှန်သောက်၊ ဆရာဝန်ကြီးတွေနဲ့လည်း မှန်မှန်ပြပြီး အစမ်းသပ်ခံနေတာပဲဟာ”





ဒေါ်မှုမှုသန်းက မျက်ရည်လည်ရွဲနှင့် ပြောသည်။

မောင်အောင်သူကလည်း ...

“ဖေဖေ့ရဲ့ ကျန်းမာရေးက အဲဒီနှလုံးရောဂါကလွဲရင် တခြားဘာဒုက္ခပေးတာမှ မရှိလှဘူး။ ပြီးတော့ ဖေဖေက ကျန်းမာရေးကို အရမ်းဂရုစိုက်တာ”

ဟု ဝင်ပြောသည်။

ဦးဝင်းစိန်မှာ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးဘဝမှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ တာဝန်ထမ်းဆောင်ခဲ့သည့် သက်တမ်းတစ်လျှောက်တွင် နာမည်တစ်လုံးနှင့် နေခဲ့သူဖြစ်၏။ ‘အလွန်ခေါင်းမာသောသူကြီး’ ဟူသော နာမည်နှင့်ဖြစ်သည်။

သူဆုံးဖြတ်ချက်ချ လုပ်ကိုင်သည်ကို စွဲစွဲမြဲမြဲ မှန်ကန်သည်ဟု ယူဆပြီး ဘယ်သူ့ကိုမျှ ဂရုမစိုက်ခဲ့သူ။ လုပ်ချင်ပြီဆိုလျှင် ပြတ်ပြတ်သားသား လုပ်ကိုင်ခဲ့သူ။ လုပ်ရာ၌မူ သူ၏ခေါင်းမာမှုကြောင့် ထိခိုက်နစ်နာခဲ့သူတွေ ရှိခဲ့ဖူးသည်။ အထူးသဖြင့် ဥပဒေကို လက်တစ်လုံးခြားလုပ်သူတွေ အထိနာခဲ့သည်က များသည်။

အငြိမ်းစားယူပြီးသောအခါ ရရှိသော ကရုဏာကြေးနှင့် စုဆောင်းထားခဲ့သော ငွေကြေးများပေါင်းကာ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်၍ သားဖြစ်သူ မောင်အောင်သူကို ဦးဆောင်စေသည်။ မောင်အောင်သူကလည်း လူကောင်းလူတော်လေး တစ်ယောက်ဖြစ်၏။ ထို့ကြောင့် သူတို့၏ စီးပွားရေးလုပ်ငန်းက အောင်မြင်သည်ဟု ဆိုရမည်။

မေစံရှားနှင့် မောင်အောင်သူက မောင်နှမလို နေခဲ့သူဖြစ်ရုံသာ ဦးဝင်းစိန်က မေစံရှား၏မိဘများနှင့် ရပ်ဆွေရပ်မျိုးဖြစ်ခဲ့ကြသူများမို့ ရင်းနှီးမှုအတိုင်းအတာက ပိုလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားကိုလည်း ဦးဝင်းစိန်က အခါအားလျော်စွာ လိုအပ်သောအကူအညီများ ပေးခဲ့သူဖြစ်သည်။

"ဦးအနေနဲ့လည်း စိတ်မကောင်းဖြစ်ရတယ်။ ဖြစ်သွားတာက ဦးရဲ့အိမ်မှာလေ။ ဒါကလည်း အစ်ကိုကြီးဦးစိန်နဲ့ ဦးနဲ့က ပင်စင်ယူကြပြီးကတည်းက ခုလိုပဲ မကြာခဏတွေ့ဆုံပြီး ချက်ကစားနေကြလေ။ ပင်စင်စားတွေဆိုတော့လည်း ဝါသနာပါတာလေးနဲ့ပဲ အသက်ရှည်အောင် နေနေကြရတာကလား"

မောင်အောင်သူတို့အိမ်သို့ ရောက်နေသူ ဦးအောင်မင်းက ဝင်၍ပြောသည်။

"ဖြစ်ပုံလေး ပြောပြနိုင်မလား ဦးရယ်"

မေစံရှားက မေး၏။

"အင်း ... ခါတိုင်းလိုပါပဲ။ အစ်ကိုကြီးရောက်လာပြီး စာကြည့်ခန်းထဲမှာ ချက်ကစားကြတာပါ။ အပြန်အလှန် သုံးကွက်လား ရွှေ့ရသေးတယ်။ အားခနဲအော်ပြီး နှစ်ချက်သုံးချက် တွန့်တက်သွားပြီး လဲကျသွားတာပဲ။ ရွှေ့နေတဲ့ စစ်တုရင်ရုပ်တောင် သူ့လက်ထဲမှာ ဆုပ်လျက်သားပေါ့။ ရဲတွေရောက်လာတော့မှ အဲဒီအရုပ်ကို မနည်းဖြုန်ယူရတာ"

"ရဲတွေ ရောက်လာသေးတယ်လား"

"ဟုတ်တယ်။ ဦးအိမ်မှာဖြစ်တာဆိုတော့ မောင်အောင်သူတို့ကို အကြောင်းကြား၊ ဆရာဝန်ခေါ်၊ ပြီးတော့ စစ်ဆေးတဲ့အခါ အသက်ကုန်နေတာတွေ့ရတယ်။ အဲဒါနဲ့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ရဲကို အကြောင်းကြားရတာပေါ့။





ရဲကတော့ ဆရာဝန်နဲ့ သဘောထားခြင်းတူပါတယ်။ ရုတ်တရက် နှလုံးမှာ ရောဂါဖြစ်ပြီး လဲကျသေဆုံးသွားတယ်ပေါ့။ ချက်ကစားရင်း စိတ်လှုပ်ရှားလွန်းသွားလို့ ဖြစ်နိုင်တယ်လို့ ယူဆကြတယ်"

ကိုနေစိုးသော်က ဝင်၍ ...

"ကျွန်တော်လည်း စစ်တုရင်ဝါသနာပါတယ်။ သိပ်စိတ်ဝင်စားဖို့ကောင်းသလို အနိုင်အရှုံးပေါ်ကာနီးလာရင် ရှေ့ သူဘာလုပ်မလဲ တွေးပြီး စိတ်သိပ်လှုပ်ရှားတတ်တဲ့ ကစားနည်းပေါ့။ စိတ်တည်ငြိမ်တဲ့သူတွေသာ အနိုင်ရကြတာများတယ်"

ဟု ပြောသည်။

မေစံရှားက ခေတ္တ တွေဝေစဉ်းစားပြီး ...

"ဦးနဲ့ ကိုကိုပြောသလို စစ်တုရင်က စိတ်လှုပ်ရှားစရာကောင်းတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ဒီကစားနည်းက ပွဲပြီးကာနီး အနိုင်အရှုံးပေါ်ကာနီးမှ ပိုပြီး စိတ်လှုပ်ရှားဖို့ကောင်းတာ မဟုတ်ဘူးလား။ အခုဟာက ဦးပြောသလို သုံးကွက်လောက်ပဲ ရွှေ့ရသေးတာလေ"

ခပ်ဆိုင်းဆိုင်းပြောသည်။ မေစံရှား၏ဆိုလိုရင်းကို မည်သူမျှ သဘောမပေါက်ကြ။

"အင်း ... ဒါတော့လည်း ဟုတ်တယ်"

ဦးအောင်မင်းက ထောက်ခံ၏။ ပြီးတော့ ဆက်၍ ...

"ရဲတွေကတော့ ထုံးစံအတိုင်း သေမှုသေခင်းဖွင့်ပြီး အဖြစ်အပျက်တွေအားလုံး သေသေချာချာ မေးမြန်းသွားကြတာပဲ။ ဘယ်သူက ဘာပြောသေးလဲ၊ ဘာတွေစားသောက်သေးလဲ၊ ဘာသံတွေ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



သေးလဲ။ စုံနေတာပါပဲ။ ပြောစရာက တစ်ခုပဲရှိတယ်။ စစ်တုရင်မ
စကားမီ ကော်ဖီသောက်တာပဲရှိတယ်ကွယ့်''

''ကော်ဖီကတော့ အိမ်မှာလည်း သောက်နေကျပါ''

မောင်အောင်သူက ဝင်ပြော၏။

''ရဲတွေက ကော်ဖီခွက်ကိုပါ သိမ်းသွားတယ်။ ကော်ဖီဖန်ခွ
ထဲမှာလည်း ကော်ဖီလက်ကျန်တွေရှိသေးတော့ သူတို့ ဓာတ်ခွဲစစ်ဆေ
ကြည့်မယ်နဲ့ တူပါတယ်။ မတည့်တာတွေ ဘာတွေများ စားမိသလာ
ကြည့်မှာပေါ့''

''ကော်ဖီကြောင့်တော့ မဖြစ်နိုင်ပါဘူး။ တစ်စုံတစ်ခု ပြင်းပြ
ထန်ထန် လန့်သွားတာကြောင့် ဖြစ်မှာပါ''

မေစံရှား၏ ထင်မြင်ချက်။

''ဦးကတော့ ဌာနဆိုင်ရာ နှစ်ပေါင်းသုံးဆယ်ကျော် လေးဆ
နီးပါး လုပ်လာတာဆိုတော့ အရာရာကို သံသယမျက်လုံးနဲ့ ကြည့်တ
တယ်လို့ ပြောရမလားမသိဘူး။ အိမ်ဖော်ကောင်မလေးကိုတောင်
ပြီး စစ်မေးကြည့်သေးတယ်။ ကော်ဖီ ဘယ်လိုဖျော်သလဲ။ ဘာ
ထည့်သလဲလို့ပေါ့။ သူက အိမ်ကိုရောက်တာ တစ်ပတ်လောက်ပဲရှိသေ
တာလေ''

''ဩော် ...''

မေစံရှားက ဦးအောင်မင်းပြောသမျှကို ဂရုစိုက်နားထော
ရင်း ဦးအောင်မင်းကိုပါ ကြည့်ရှုအကဲခတ်လျက်ရှိသည်ကို ကိုနေ
သော် သတိပြုမိ၏။

''ဖေဖေက နှလုံးရောဂါကြောင့်ပါ။ တခြားပယောဂ မ
ဘူး''





မောင်အောင်သူက အားနာစွာ ဝင်ပြောသည်။

''ဟုတ်ပါတယ် ကိုအောင်မင်းရယ်။ ရှင်က ကိုဝင်းစိန်ကိစ္စ
မှာ စိတ်မကောင်းဖြစ်တာနဲ့ ယုံထင်ကြောင်ထင် လျှောက်ပြောနေပြန်
ပါပြီ။ တော်ကြာ တစ်မျိုးတစ်မည်တွေ ဖြစ်ကုန်ပါဦးမယ်။ ဒါက သူ့ကံ
ကုန်လို့ ဖြစ်ရတာပါ''

ဒေါ်မှုမှုသန်းကလည်း ဖြေစကားကို ပြောရှာ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၃ |

❑

ဦးဝင်းစိန်တို့အိမ်မှ ပြန်ထွက်လာချိန်တွင် ...

"ကိုကို ... ရှားတို့ ရဲစခန်းကို ခဏဝင်ရအောင်။ ကိုထင်လင်းကို ဝင်တွေ့ချင်တယ်"

ဟု ပြောသည်။ ကိုနေသော်က ခေါင်းညိတ်ပြီး ...

"ရှား ဘာစဉ်းစားမိလို့လဲ"

ဟု ပြန်မေးသည်။

"မဟုတ်ပါဘူး။ သိချင်တာလေးတွေ သိရအောင်လို့ပါ"

မေစံရှားက သာမန်မျှသာဖြစ်၏။



အငှားကားဖြင့် ရဲစခန်းသို့ လာခဲ့ကြပြီး ရဲအုပ်ထင်လင်းကို ဝင်၍တွေ့ကြသည်။ အကျိုးအကြောင်းကို မေစံရှားက ဦးစွာ ခင်းပြ၏။

"ဦးဝင်းစိန်က ရှားရဲ့ဦးလေးလို့ပြောရင် ရလောက်မယ့် ရပ်ဆွေရပ်မျိုးပါ။ သူ ရုတ်တရက် နှလုံးရောဂါနဲ့ ဆုံးရတော့ ရှားလည်း စိတ်မကောင်းဘူးလေ။ ဦးအောင်မင်းကလည်း သူ့အိမ်မှာဖြစ်သွားရတာမို့ စိတ်မကောင်းဘူး"

ရဲအုပ်ထင်လင်းက ...

"ဆရာဝန်ကြီးရဲ့ သုံးသပ်ချက်ကတော့ နှလုံးရောဂါကြောင့်ပါပဲ။ နှလုံးရောဂါ အခံရှိလေတော့ ဖြုန်းခနဲ စိတ်လှုပ်ရှားစရာ ထိတ်လန့်စရာ တစ်ခုခုဝင်တာနဲ့ ရှော့ခ်ဖြစ်နိုင်တာပဲလေ။ အခြားရောဂါလက္ခဏာ၊ တခြား သံသယဖြစ်စရာ မတွေ့ပါဘူး။ တစ်ခုပါပဲ၊ သူ့ရဲ့ လက်မောင်းမှာ မီးလောင်ခံရသလို အကွက်လေးတစ်ကွက် တွေ့ရတာပါပဲ"

"မီးလောင်ခံရသလိုအကွက် ... ဟုတ်လား"

"ဟုတ်ကဲ့ ... အဲဒါလေးပါပဲ။ ဒါကလည်း ပြောပလောက်စရာ မဟုတ်ပါဘူး"

"ကော်ဖီခွက်ကို ကိုထင်လင်းတို့ သိမ်းလာခဲ့တာကော"

"အဲဒါကလည်း ပြဿနာမရှိပါဘူး။ စစ်ဆေးပြီးပါပြီ။ အဆိပ်တို့ဘာတို့ ဘာမှမရှိပါဘူး"

"ဒါဆို မမွတာအတိုင်း သေရတာဖြစ်တယ်လို့ ကောက်ချက်ချရမှာပဲပေါ့နော်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝင်းစိန်လက်ထဲမှာ အရုပ်တစ်ရုပ် ဆုပ်လျက်တွေ့တယ် ဆိုတာကရော"

"ဒါက သူ ရုတ်တရက် ရှော့ခ်ဖြစ်ချိန်မှာ ကိုင်ထားတဲ့အရုပ်လေ။ သေဆုံးချိန်မှာ အဲဒါကို ဆုပ်ကိုင်ထားတာပေါ့"

"ဘယ်လက်မှာလား၊ ညာလက်မှာလား"

"အဲဒီအရုပ်မှာကော ဘာထူးခြားမှုရှိလဲ"

"ရိုးရိုးဆင်စွယ်အတုနဲ့ လုပ်ထားတဲ့ စစ်တုရင်ရုပ်ပါပဲ။ ဘစ်ရှော့ရုပ်ပါ။ ဒါနဲ့ တစ်ခါတည်းဗျာ ... ဒေါ်မေစံရှားတို့ အဆင်ပြေရင် အဲဒီအရုပ်ကို ဦးအောင်မင်းအိမ်ကို ယူသွားပေးလိုက်ပါလား"

"ဟုတ်ကဲ့ ရပါတယ်။ ရှား ဝင်ပေးလိုက်ပါ့မယ်"

သို့ဖြင့် ရဲစခန်းမှ ပြန်ထွက်ခဲ့ကြရာတွင် ဘစ်ရှော့ရုပ်တစ်ရုပ် ပါလာခဲ့သည်။ ထိုအရုပ်ကို ဦးအောင်မင်းအိမ်သို့ ဝင်ပို့ရမှာဖြစ်၍ လမ်းက မသင့်လှ။ ကိုနေသော်က ...

"အရုပ်ပို့ဖို့အတွက်နဲ့ ရှားခရီးတစ်ခု ဆက်ရဦးတော့မှာပဲ"

ဟု ပြောသည်။ သူ့သဘောက ထိုခရီးကို အပိုဟု ယူဆပုံရသည်။

မေစံရှားက ပြုံးလိုက်သည်။

"ကိုထင်လင်းက အရုပ်မပို့နိုင်းရင်တောင်မှ ရှားက ဦးအောင်မင်းအိမ်ကို သွားချင်တာပါ ကိုကို။ အခုတော့ အဆင်ပြေသွားတာပေါ့။ အကြောင်းပြလို့လည်း ကောင်းပြီလေ"

ကိုနေသော်က မေစံရှားကို ဖျတ်ခနဲ စိုက်ကြည့်သည်။

"ရှားက ဦးအောင်မင်းကို တစ်စုံတစ်ခု သံသယရှိလို့လား"





"မဟုတ်ပါဘူး ... ကိုကိုရယ်။ ဦးအောင်မင်းက ရိုးသားပါတယ်"

"ဒါဖြင့် ..."

"ဘာမှမဟုတ်ပါဘူး။ ဒီအတိုင်းပါ။ အင်း ... ဘစ်ရှော့ရုပ်ကလေးကတော့ နည်းနည်းစိတ်ဝင်စားစရာကောင်းသား ကိုကိုရဲ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၄ |

❑

ဦးအောင်မင်းအိမ်သို့ မေစံရှားက ရဲအုပ်ထင်လင်းပေးလိုက်သော ဘစ်ရှော့ရုပ်ကလေးကို ပေးလိုက်သည်။

"ကျေးဇူးပါပဲကွယ်။ ဒီအရုပ်လေး ပြန်ရမှ စစ်တုရင်ရုပ်က ပြန်ပြီးစုံသွားမှာ။ ဒီတစ်ရုပ်လျော့နေရင် ဒီအရုပ်တစ်စုံတွဲလုံး သုံးလို့မရတော့ဘူးလေ။ ပြီးတော့ အရုပ်လေးတွေက ဆင်စွယ်အတုနဲ့ လုပ်ထားတာ။ နိုင်ငံခြားက မိတ်ဆွေတစ်ယောက်က မကြာသေးခင်ကမှ ပို့လိုက်တာ"

ဦးအောင်မင်းက ပြုံး၍ပြောသည်။ စစ်တုရင်ရုပ်ကလေးကိုလည်း တမြတ်တနိုး လှည့်၍ ကစားနေသည်။ မေစံရှားမျက်လုံးများ လက်ခနဲ အရောင်တောက်သွား၏။





"မကြာသေးခင်ကမှ ရတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ်ကွယ့်။ စင်ကာပူကမိတ်ဆွေက ပို့လိုက်တာ"

"စာတိုက်က ပို့လိုက်တာလား"

"လူကြုံနဲ့ပါ"

"ဦး ဟိုအိမ်မှာပြောတုန်းက ကျွန်မသတိပြုမိတာ တစ်ခုရှိတယ်။ အိမ်ဖော်မလေးလည်း ရောက်တာ မကြာသေးဘူး။ တစ်ပတ်လောက်ပဲ ရှိသေးတာဆို"

"ဟုတ်တယ်ကွယ့်။ အရင်အိမ်ဖော်မလေးက သူ့ရွာက ကြေးနန်းရိုက်ပြန်ခေါ်လို့ ပြန်သွားရတာ"

"အခုရက်မှာ တခြားကော ဘာထူးခြားတာတွေ ဖြစ်သေးလဲ"

"ပုံမှန်ပါပဲ"

"မီးတွေဘာတွေ ပျက်သေးလား"

"မီးကလည်း ထုံးစံအတိုင်းပါပဲ။ ပျက်လိုက် လာလိုက်ပေါ့။ တစ်ခုတော့ရှိတယ်။ ဟိုတစ်ပတ်လောက်က ဝါယာရှော့ဖြစ်ပြီး တစ်အိမ်လုံး မီးတွေပြတ်သွားလို့ မီးပြင်ဆရာတွေတော့ ခေါ်ရသေးတယ်"

မေစံရှားက ...

"ဦး အပန်းမကြီးဘူးဆိုရင် ဦးတို့ စစ်တုရင်ကစားခဲ့တဲ့နေရာကို ကျွန်မ ကြည့်လို့ရမလားဟင်"

ဟု မေးလိုက်သည်။ ခွင့်တောင်းလိုက်ခြင်းပဲ ဖြစ်၏။ မေစံရှား တစ်ခုခု တွေးမိနေဟန်ရှိသည်ဟု သောမနေသူ ကိုနေသော်က တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ရပါတယ်။ အပန်းမကြီးပါဘူး။ ကြည့်ပါ ကြည့်ပါ။ ဦးရဲ့စာကြည့်ခန်းထဲမှာ ကစားတာပါ"

ဦးအောင်မင်းခေါ်ဆောင်သွားသဖြင့် မေစံရှားနှင့် ကိုနေသော်တို့ ပါသွားရသည်။ စာကြည့်ခန်းမှာ အခန်းကျယ်တစ်ခုဖြစ်၍ စာအုပ်ဗီရိုတစ်ခုတွင် မြန်မာနှင့် နိုင်ငံခြားစာအုပ်စာတမ်းများ စီစီရီရီရှိသည်။ စာရေးစားပွဲခုံနှင့် ထိုင်ခုံတစ်စုံရှိသည်။

ကြမ်းပြင်ကို ကော်ဇောခင်းထားပြီး ကော်ဇောမှာ အကောင်းစား အစိမ်းရင့်ရင့်ဖြစ်သည်။ အခန်း၏ အလယ်တစ်နေရာတွင် ခုံတစ်ခုံရှိပြီး ယင်းခုံမှာ စစ်တုရင်ကွက်များ ဖော်ထားသည်ဖြစ်ရာ စစ်တုရင်ကစားရန်အတွက် သီးသန့်ပြင်ဆင်ထားသော ကျွန်းစကားပွဲခုံပုပုကလေးဖြစ်သည်။ ခုံ၏ တစ်ဖက်တစ်ချက်တွင် ဆက်တီခုံနှစ်ခုံရှိသည်။ လူနှစ်ယောက် ထိုင်၍ကစားရန် အသင့်အနေအထားဖြစ်၏။

"ဒါ ဦးတို့ စစ်တုရင်ကစားတဲ့နေရာပဲ"

ဦးအောင်မင်းက ထိုင်ခုံကို ညွှန်ပြသည်။

မေစံရှားက ထိုစားပွဲကို ကြည့်ရှုနေချိန်မှာ ကိုနေသော်က စာသမားပီပီ ဗီရိုအတွင်းရှိ စာအုပ်များကို အပြင်မှနေ၍ ငေးကြည့်နေသည်။

မေစံရှားသည် စားပွဲခုံကို အပေါ်မှ သေချာစွာ ကြည့်ရှုပြီးမှ အောက်ဘက်ကိုပါ ငုံ့ကြည့်သည်။ ကော်ဇောကိုကြည့်သည်။ ကော်ဇောတစ်လျှောက် လိုက်၍ကြည့်သည်။ နံရံကို ကြည့်သည်။

"ဦး ဒီပလပ်ပေါက်က ဘာသုံးတာပါလဲ"

မေစံရှားက မေးသည်။





"အခန်းက အဲယားကွန်းရှိပေမယ့် အဲယားကွန်းပျက်တဲ့အခါမျိုးမှာ ပန်ကာသုံးလို့ရအောင် မီးလုံးတွေ အပိုသုံးချင်တဲ့အခါ သုံးလို့ရအောင် အိမ်ဆောက်ကတည်းက ဆင်ထားတာပါ"

"ခုလို ကြည့်ရှုခွင့်ပြုတာ ကျေးဇူးပါပဲ ဦး"

"ရပါတယ်ကွယ်"

"ဦးကို တစ်ခုတော့ မေတ္တာရပ်ခံပါရစေ"

"ပြောပါ တူမ"

"စောစောက ကျွန်မပြန်ယူလာတဲ့ စစ်တုရင်ရုပ်ကိုတော့ ဦးသေသေချာချာ သိမ်းဆည်းထားပေးပါ။ မူလအရုပ်တွေနဲ့ အတူမထားဘဲ သီးခြား လုံလုံခြုံခြုံ သိမ်းထားပေးပါ"

မေစံရှားစကားကြောင့် ဦးအောင်မင်း နားမလည်ဖြစ်သွား၏။

"ဘာကြောင့်လဲ တူမ"

"ရဲအရာရှိက အဲဒီလိုမှာလိုက်လို့ပါ"

"ဪ . . . အေး . . . အေး . . . ကောင်းပါပြီ"

စာကြည့်ခန်းမှ ပြန်မထွက်ခင် တံခါးဝနားမှ ရုတ်တရက်လှည့်ထွက်သွားသော မိန်းကလေးတစ်ဦးကို တွေ့ရ၏။

မေစံရှားက ဦးအောင်မင်းအား လှည့်၍မေးလိုက်သည်။

"ဦး သူက ဘယ်သူလဲဟင်"

"သူလား။ သူက အိမ်ဖော်မလေးပါ။ မကြာခင်ကမှ ရောက်လာတဲ့ အိမ်ဖော်မလေးပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၅ |

❑

မေစံရှားသည် ရုံးခန်း ပြန်ရောက်ရောက်ချင်းမှာပင် ရဲအုပ် ထင်လင်းထံသို့ ဖုန်းခေါ်လိုက်သည်။ ကိုနေသော်ကမူ မေစံရှားအမူအရာ ထူးခြားနေသည်ဟု စောင့်ကြည့်အကဲခတ်နေ၏။

"ဟဲလို ... ကိုထင်လင်း၊ ကျွန်မပါ မေစံရှား"

" ....."

"ကျွန်မ သတင်းတစ်ခု ပို့ချင်လို့ပါ။ ကိုထင်လင်း ပေးခိုင်းလိုက်တဲ့ စစ်တုရင်ရုပ်ကို ဦးအောင်မင်းကို အခုပဲ ပေးခဲ့ပါတယ်။ အဲဒီအရုပ်ကို သေသေချာချာ သီးခြားသိမ်းထားပေးပါလို့လည်း ကျွန်မ မှာခဲ့ပါတယ်။ ရဲအုပ်ကြီးက မှာလိုက်တာလို့ ပြောခဲ့ပါတယ်"





" ....."

"ကျွန်မသတိပြုမိတာလေး ပြောပြခွင့်ပေးပါ။ ဒါဟာ အတွေးမရှိတာမို့ ကျွန်တာကိုတော့ ကိုထင်လင်းတို့ ရဲပညာနဲ့ စုံစမ်းစစ်ဆေးစေချင်ပါတယ်။ ဦးဝင်းစိန်သေဆုံးရမှုမှာ ရောဂါကြောင့် မဟုတ်တာသေရိုးသေစဉ် ဖြစ်နိုင်သလို အကွက်ချစီစဉ်မှုတစ်ခု ဖြစ်နိုင်တယ်လို့ ကျွန်မ သံသယရှိနေပါတယ်"

" ....."

"ကျွန်မပြောပါမယ်။ အိမ်ဖော်မလေးဟာ ဒီကိစ္စမဖြစ်မီ တစ်ပတ်လောက်ကမှ ရောက်လာတယ်။ စစ်တုရင်ရုပ်အသစ်တွေကလည်း မကြာခင်ကမှ နိုင်ငံခြားက ပို့လိုက်တာဆိုပြီး ရောက်လာတယ်။ ဒီနှစ်ခု တိုက်ဆိုင်နေတယ်လို့ ကျွန်မတွေးမိတယ်။

ဒီအတွေးကို ပိုပြီး သေချာသွားစေတာကတော့ ကိုထင်လင်းပေးလိုက်တဲ့အရုပ်ကို ကျွန်မ လမ်းမှာကြည့်လိုက်တဲ့အခါ အရုပ်ရဲ့အတွင်းကို သံချောင်းသေးသေးလေးမြှုပ်ပြီး ထည့်ထားတယ်ဆိုတာ တွေ့လိုက်ရလို့ပါ"

" ....."

"မှန်ပါတယ် ...။ ကိုထင်လင်းတို့ကအရုပ်ကို သိမ်းဆည်းရုံသိမ်း ထားခဲ့တာပါ။ ဖြစ်ရပ်က နှလုံးရောဂါကြောင့်လို့ အာရုံရောက်နေစေလို့ပါပဲ။ ဒါပေမဲ့ လက်မောင်းမှာတွေ့ရတယ်ဆိုတဲ့ မီးလောင်ကွက်လို အကွက်လေးဆိုတာက ဓာတ်လိုက်တာကြောင့် ဖြစ်တာလို့ရော မယူဆနိုင်ဘူးလား"

" ....."

www.burmeseclassic.com



"ကျွန်မဆိုလိုချင်တာက ခါတ်လိုက်မယ်။ ခါတ်လိုက်တဲ့အရှိန်နဲ့ နှလုံးရောဂါနဲ့တွေ့ပြီး ရုတ်တရက် နှလုံးခုန်ရပ် သေဆုံးသွားမယ်။ ဖြစ်နိုင်တာက နှလုံးရောဂါကြောင့်ချည်းမဟုတ်ဘဲ နှလုံးကိုဆောင့်ခုန်ပြီး လှုပ်ရှားသွားစေမယ့် ခါတ်လိုက်ခြင်းကြောင့် ဖြစ်ရတာမျိုး"

"....."

"စစ်တုရင်ခုံကို ကျွန်မကြည့်လိုက်တော့ အဲဒီအတွေး မှန်နိုင်တယ်လို့ ကျွန်မထပ်ပြီး ယုံကြည်မှုတိုးတက်လာတယ်။ ခုံမှာ အောက်ဘက်ကနေ အပေါ်အဖြူကွက်တစ်ခုဆီကို သံတစ်ချောင်းမြှုပ်ထားတာတွေ့ရတယ်။

အောက်ဘက်မှာ သံချောင်းရဲ့အစကလေး ပေါ်နေတာမို့ အဲဒီသံချောင်းအငုတ်ကလေးကို လျှပ်စစ်ကြိုးနဲ့ ဆက်သွယ်ထားလိုက်ရင် စစ်တုရင်ကစားတဲ့သူက အဖြူရုပ်ကို အဖြူကွက်ပေါ်အချမှာ ခါတ်လိုက်နိုင်တာပေါ့"

"....."

"ဟုတ်ကဲ့ ...။ ခင်းထားတဲ့ကော်ဇောအောက်က ကြိုးသွားလို့ရတယ်။ အခုတော့ ကြိုးကို မတွေ့ရဘူး။ ဒါပေမဲ့ ကြိုးဟာ ကော်ဇောအောက်က တစ်ဆင့်နံရံမှာရှိတဲ့ မီးပလပ်ပေါက်ကို သွားလို့ရတယ်။ မီးပလပ်ပေါက်က နံရံရဲ့အောက်ခြေမှာရှိတာမို့ ကြိုးဆက်သွယ်ထားရင် ရုတ်တရက် မမြင်နိုင်ဘူးပေါ့"

"....."

"ဒါက ကျွန်မအတွေးပါ။ အားလုံးပေါင်းခြုံကြည့်ရင် တစ်စုံတစ်ယောက်ဟာ ဦးဝင်းစိန်ကို လုပ်ကြံချင်တယ်။ လုပ်ကြံချင်လို အကွက်ချတယ်။ ဦးဝင်းစိန်မှာ နှလုံးရောဂါရှိတယ်။ စစ်တုရင် ဝါသနာတယ်။





ဦးအောင်မင်းအိမ်မှာ စစ်တုရင် သွားကစားတတ်တယ်။ ဒါတွေကို လေ့လာပြီး စနစ်တကျလုပ်တာပဲ။

မူလရှိတဲ့အိမ်ဖော်ကို သံကြိုးရိုက်ပြီး ရှာပြန်ခေါ်တယ်။ အိမ်ဖော်အသစ်ထည့်တယ်။ ဒီအိမ်ဖော်က အကြံအစည်ထဲမှာပါသူ ဖြစ်နိုင်တယ်။ အိမ်ဖော်ရောက်ပြီး အိမ်ဖော်လုပ်လို့ မီးပျက်တယ်။ မီးပြင်သမားလာတယ်။ မီးပြင်သမားတွေဟာလည်း ကြံရာပါတွေပဲ။

သူတို့က ခုံမှာ ဝါယာဆင်တာတွေ လုပ်သွားမယ်။ စင်ကာပူက ပို့လိုက်တာဆိုပြီး စစ်တုရင်ရုပ်အသစ်တွေပို့တယ်။ စစ်တုရင်ရုပ်အဖြူ ဘစ်ရှော့မှာ သံမြှုပ်ထားတယ်။ ဦးဝင်းစိန်က ကစားရင် အဖြူကိုင်နေကျ။ အားလုံးဟာ တကယ့်ကို ကွက်တိပဲ"

"....."

"ဟုတ်ကဲ့ ...။ ကိုထင်လင်း စစ်ဆေးကြည့်ပေးပါ။ ကျွန်မက တွေးရုံ တွေးကြည့်တာပါ။ ပြေးကြည့်တာကတော့ ကိုထင်လင်းတို့ရဲ့ စွမ်းဆောင်မှုပါပဲ။ မဟုတ်ရင်တော့ ကျွန်မမှားလို့ပါ။ လိုလိုမည်မည် စစ်ဆေးပေးစေချင်ပါတယ်။ မေတ္တာရပ်ခံတာပါ"

"....."

"ကျေးဇူးတင်ဖို့တော့ မလိုပါဘူးရှင်။ ကျွန်မကလည်း ဥပဒေဝန်ထမ်း ပြည်သူတစ်ယောက်ပါ။ တာဝန်ရှိတာပေါ့။ ပြီးတော့ မှန်မမှန် သေချာသေးပါဘူး"

"....."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မေစံရှား ဖုန်းကိုချလိုက်သည်နှင့် နားထောင်နေသူ ကိုဇော်သော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ရှားပြောတာကိုထောက်ခံဖို့ ကိုကို အဆင့်သင့်ရှိနေတယ်။ ရှားစစ်တုရင်ခုံကို ကြည့်ရှုနေတုန်းက စာကြည့်ခန်းအဝမှာ အိမ်ဖော် လေး ယောင်လည်ယောင်လည်လာလုပ်နေတာ တွေ့ရတယ်"

ဟု ပြောလိုက်သည်။

"ရှားအတွေး မှန်ရင်တော့ ဒါဟာ ကြိုတင်ကြံစည် အကွက်ချ လုပ်ကြတဲ့ကိစ္စပဲ။ တရားခံသာ မသိနိုင်သေးတာ"

မေစံရှားက သက်ပြင်းချလိုက်သည်။

ဆက်၍ ...

"ရဲအုပ်ထင်လင်းတော့ အမြန်ဆုံးလှုပ်ရှားကြမယ် ပြောတာ ပဲ"

ခပ်လေးလေး ခပ်တိုးတိုးပြောလေသည်။

✿ ✿ ✿

| ၁၆ |

❑

ညဦးပိုင်းမှာ မေစံရှားထံသို့ ဖုန်းဝင်လာသည်။

ရဲအုပ်ထင်လင်းထံမှဖြစ်သည်။

"ဒေါ်မေစံရှားတွက်ကိန်း မှန်တယ်။ စစ်တုရင်ခုံမှာ သံဓာတ် တွေ့ရတယ်။ စစ်တုရင်ရုပ်ဘစ်ရှော့မှာလည်း သံမှုန့်ထားတာ တွေ့ တယ်။ အဲဒီအရုပ်က ဦးဝင်းစိန်လက်ထဲက ရတဲ့အရုပ်ပါ။ ဒါပေမဲ့ အိမ်ဖော်တို့ထက် လုပ်ကြတဲ့သူက တစ်ကွက်စောသွားတယ်"

"ဘာများလဲ ကိုထင်လင်း"

"အိမ်ဖော်မလေး ပျောက်သွားပြီ။ အိမ်ဖော်မတွေနဲ့အတူ စစ် ဆင်ထည့်ထားတဲ့ ဘူးပါ ပျောက်သွားတယ်။ သက်သေခံတွေ အစ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်အောင်လုပ်တာပဲ။ ဒါပေမဲ့ ဒေါ်မေစံရှား အကြံပေးတဲ့အတိုင်း ဦးအောင်မင်းက ဘစ်ရှော့စစ်တုရင်ရုပ်ကလေးကို သီးခြားသိမ်းထား တာမို့လို့။ အဲဒါတော့ ကျွန်တော်တို့ သက်သေခံအဖြစ် ရလိုက်တယ်"

"ဒါဖြင့် ကိုထင်လင်းတို့ ဆက်ပြီး အလုပ်များဦးမှာပေါ့"

"ဒါက တာဝန်နဲ့ ဝတ္တရားပါဗျာ။ ကျွန်တော်တို့အလုပ် ကျွန် တော်တို့လုပ်ရမှာပေါ့။ ကျေးဇူးအထူးပဲ ဒေါ်မေစံရှား"

ရဲအုပ်ထင်လင်း ဖုန်းချသွား၏။ သူ ကြည့်ရသည်မှာ စိတ် လောနေပုံပေါ်သည်။ အချိန်နှင့်တစ်ပြေးညီ သူ လှုပ်ရှားတော့မည်ထင် ၏။

သူတို့အလုပ်တာဝန်က နေ့ညမရှိ။ ၂၄ နာရီတာဝန်။

အိမ်ဖော်မလေးကို ခြေရာခံလိုက်တော့မည်ဟု ယူဆရ၏။ အိမ် ဖော်ကိုထည့်ပေးသော ပွဲစားဒေါ်ထား ...။ ထိုမှတစ်ဆင့် ...

အမှုတစ်ခု အမှန်တရားရှေ့မှောက်မှာ ဒူးထောက်ပေါ်လာ စေဟု မေစံရှား ဆုတောင်းမိ၏။

ဦးဝင်းစိန်ကို မည်သူသတ်သနည်း။

✿ ✿ ✿

[ ၁၇ ]

❑

မေစံရှား ရုံးခန်းသို့ရောက်တော့ ပုံမှန်ချိန်ဖြစ်သည်။ နံနက် ၉ နာရီခွဲ။ ရုံးခန်းမှာ ပြင်ဆင်စရာများ ပြင်ဆင်ရ၏။ ယနေ့ ရုံးချိန်းရှိ သည်လေ။

ရုံးရောက်ပြီး မှတ်စုများ၊ စာရွက်စာတမ်းများ ပြင်ဆင်နေ ဆဲ ကိုနေသော်ထံမှ ဖုန်းလာသည်။

"ရှား ... ကိုထင်လင်းဆီက ဘာသတင်းရလဲ" တဲ့။

"ရှားကိုသတိရလို့ ဖုန်းဆက်တာမဟုတ်ဘဲ စာရေးဆရာကြီး ဟာ အမှုကို ဝတ္ထုရေးချင်လို့ ဆက်တာမဟုတ်လား။ တော်တော်ချစ်ဖို့ ကောင်းတဲ့ကိုကို"

"ဟား ... ဟား ... ဟား ..."

"ရယ်မနေပါနဲ့။ အဲဒါ ရှက်ရယ်ခေါ်တယ်။ ပြောလိုက်တာ မှန်သွားလို့ ကိုကိုဘာပြန်ပြောရမှန်းမသိဘဲ ရယ်တာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှားအသံလေး ကြားချင်လို့ ဆက်လိုက်တာပါ ရှားရယ်။ ဘယ်အကြောင်းကိုပဲပြောပြော ရှားအသံကြားရရင် အလွမ်းပြေတာပေါ့"

"အပြောကောင်း။ အဲဒီစကားတွေ ဝတ္ထုထဲပဲထည့်ရေး။ ရှားကို လာမပြောနဲ့"

"ဟား ... ဟား ... ရှေ့နေမလေး စောစောစီးစီး စိတ်တိုနေပုံပဲ။ ကေ့စ် မနက်စာ ဘာမှမစားလာရဘူးထင်တယ်။ ကိုကို မုန့်ဝယ်လာရမလား"

"မဖားပါနဲ့။ ပုံမှန်ပဲဆက်ဆံပါ"

"ဟား ... ဟား ... ဟား ..."

"ကဲ ... ကိုယ်တော်ချော ရယ်တာရပ်တော့။ ရှားက မြန်နောက်နေတာ။ ကိုကိုပြောတာ ဖြေမယ်။ ရဲအုပ်ထင်လင်း ညကပဲ ဖုန်းဆက်တယ်။ ရှားပြောတာ ဖြစ်ဖို့ သေချာသလောက်ပဲ။ အိမ်ဖော်မလေးရယ်၊ စစ်တုရင်ရုပ်တွေရယ် ပျောက်သွားပြီ"

"ဟင် ..."

"ကိုထင်လင်းတို့တော့ ညကတည်းက လိုက်မယ့်ပုံပါပဲ။ မကြာခင် အဖြေပေါ်လာမှာပါ"

"ကိုကိုကတော့ ကိုကို့ချစ်သူကို ချီးကျူးရမှာပဲ။ ရှား တကယ်မြင်တတ်တယ်၊ အတွေးကောင်းတယ်"

"ဒါကတော့ ကိုကို့ချစ်သူပဲလေ"

"ကဲ ... ကိုကိုအခု ကားပေါ်ကဆက်နေတာ။ ပန်းဆိုးတန်းရောက်တော့မယ်။ မဂ္ဂင်းဖင်းတိုက်မဝင်ခင် ရှားဆီအရင် ဝင်လာခဲ့မယ်။ ဖုန်းချလိုက်ပြီ"

"ဟုတ်"





မေစံရှား ဖုန်းကိုပိတ်ကာ ငေးသွားသည်။ ကိုကိုနေသော်ကတော့ မေစံရှား၏ နှစ်ကိုယ့်တစ်စိတ်ဖြစ်သည်။ သူနှင့်မေစံရှား စိတ်တူသည်။ အချစ်တူသည်။ ခံယူချက်တူသည်။ ယုံကြည်ချက်တူသည်။ ယခုထိ မတူညီသောအချက် ရှာမရ။ ဒါက ဖူးစာရေးနတ်ကို ကျေးဇူးတင်ရမည်ဖြစ်၏။

လောကမှာ စိတ်တူကိုယ်တူချစ်တဲ့သူက ရှားသည်မဟုတ်လား။

"ဝင်ခွင့်ပြုပါ"

စာပို့လုလင် ဝင်လာ၏။

"ဟဲ့ ... စောလှချည်လား"

ရင်းနှီးသူမို့ မေစံရှားက သူ့ကိုနောက်လိုက်သည်။

"ဟုတ်တယ် ဆရာမ။ မနေ့ညနေက အဝင်စာတွေထဲမှာ ဆရာမစာတွေ့လို့ ယူထားတာ။ အခုစာတိုက်သွားရင်း စောစောဝင်ပေးတာ။ ဆရာမစောစော ဖတ်ရအောင်လို့ပါ"

"ကျေးဇူးပါပဲကွယ်"

စာက အမြန်ချောပို့စာအိတ်ဖြစ်၏။ စာကိုယူ၊ လက်မှတ်ထိုးပေးလိုက်လျှင် စာပို့လုလင်လေး နှုတ်ဆက်ကာ ပြန်လည်ထွက်သွားသည်။

စာအိတ်ပေါ်က ပို့သူလိပ်စာက ရန်ကုန်ကပဲဖြစ်၏။

အမည်က မေစံရှားနှင့် မရင်းနှီး။

ဘာစာလဲဟူသော အတွေးဖြင့် ဖောက်လိုက်သည်။

အထဲမှထွက်လာသည်က ပုံနှိပ်စာရွက်အချို့။ အင်္ဂလိပ်လို ရိုက်နှိပ်ထားသော စာရွက်အချို့ဖြစ်၏။ အတိအကျဆိုရလျှင် အင်္ဂလိပ်ဝတ္ထုတစ်အုပ်ထဲမှ စာရွက်အချို့ကို ဖြတ်၍ပို့လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

မေစံရှား သတိရလိုက်၏။

ယခင်တစ်ခေါက် မေစံရှားထံ ရောက်လာသည့်ပုံစံမျိုး။

ဦးလေးဦးကြီးမြင့် မတော်တဆမှုဖြစ်၍ သေဆုံးပြီးနောက် မေစံရှားထံရောက်လာသော ဝတ္ထုစာရွက်လိုမျိုးဖြစ်သည်။

ဘာတွေပါလိမ့်။

ထိုအခိုက်မှာပဲ ရုံးခန်းထဲသို့ ကိုနေသော် ဝင်လာသည်။

"ကိုကိုရေ ... အတော်ပဲ။ ဒီမှာ ကိုကိုဘာသာပြန်ပေးဖို့ စာတွေရောက်လာပြီ"

မေစံရှားက လှမ်းပြောလိုက်တော့ ကိုနေသော် စိတ်ဝင်စားစွာဖြင့် ...

"ဘာစာတွေလဲ"

ဟုပြန်မေးသည်။

"အရင်တစ်ခါလိုပဲ ကိုကို။ ဝတ္ထုစာရွက်တချို့ပဲ။ ကြည့်ရတာ အရင်တစ်ခါပို့တဲ့သူပဲ ဖြစ်လိမ့်မယ်"

"ရှားကို ပညာစမ်းပြန်ပြီ ထင်ပါရဲ့"

"ကဲ ... လွယ်အိတ်ချ။ အကြောင်းအရာ ရှားသိချင်လို့ပြီ။ အမြန်ဆုံးဖတ်ပြီး ဘာသာပြန်ပေး။ ပြီးရင် ဆွေးနွေးကြမယ်"

ကိုနေသော်က အင်္ဂလိပ်ဝတ္ထုကိုဖတ်ကာ မေစံရှားကို ဘာသာပြန်သည်။

✿ ✿ ✿

❑

"ကဲ ... မောင်ရင်တို့ကိစ္စကို ဆိုပါဦး"

"ဒေါက်တာခင်ဗျား ...။ ဒေါက်တာဟာ မကြာခင်က အမွေအတော်များများ ရလိုက်တယ်လို့ သိရပါတယ်။ တကယ်လို့ ဒေါက်တာ မရှိတော့ရင် ဒီအမွေတွေကို ဘယ်သူရမှာပါလဲ"

"ကျုပ် သေတမ်းစာ ရေးပြီးပါပြီ။ ကျုပ်တူမလေးကို ပေးဖို့ပါ။ ဘာကြောင့် ဒီမေးခွန်းကို မေးတာလဲ"

"ဘာမှမဟုတ်ပါဘူးခင်ဗျာ။ ဒါပေမဲ့ ဒေါက်တာကြီးနဲ့ တူမလေးဟာ ငယ်ငယ်ကတည်းက ကွဲသွားကြပြီး ကြီးမှပြန်တွေ့တာမဟုတ်လား။ တကယ်လို့များဗျာ ... ဒေါက်တာကြီးရဲ့ တူမလေးက အစစ်မဟုတ်ဘဲ တစ်ယောက်ယောက်က တူမဟန်ဝင်ပြီး ဟန်ဆောင်နေတာ မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com



ဆာဟာရိုနေ့ခ်က အလွန်အမင်း အံ့အားသင့်သွားသည်။

ပွိုင့်ရိုးက စကားဆက်လိုက်သည်။

"ဒါ ထားလိုက်ပါတော့။ ကျွန်တော်က မလိုလည်း လိုလည် သတိထားဖို့ ပြောတာပါ။ ကျွန်တော်အခုသိချင်တာက ဒေါက်တာ တို့ တစ်နေ့က ကစားတဲ့ စစ်တုရင်ပွဲအကြောင်း သိချင်တာပါ"

"ဘယ်လိုသိချင်တာလဲ"

"ဟုတ်ကဲ့ ... ကျွန်တော်က စစ်တုရင် မကစားဖူးပါဘူ ဒါပေမဲ့ ကစားနည်းကိုတော့ သိပါတယ်။ ပထမဆုံးရွှေ့တဲ့ ရွှေ့ကွက် ဖွင့်ကွက်လို့ ခေါ်တယ်မဟုတ်လား"

ဆာဟာရိုနေ့က ပြုံးလိုက်သည်။

"ပြော ... မောင်ရင်ပြောတာ ကျုပ်နားလည်ပြီ။ ဝီလ်ဆ က ရိုင်းလိုဇက်စ်ဖွင့်ကွက်နဲ့ ဖွင့်တယ်ဗျ။ အဲဒီဖွင့်ကွက်ကတော့ က မှာ အကောင်းဆုံးဖွင့်ကွက်လို့ ဆိုတာပေါ့လေ။ ပြိုင်ပွဲတွေ ဘာတွေ ဆိုရင် အဲဒီနည်းကိုပဲ သုံးလေ့ရှိကြတယ်"

"ဒေါက်တာကြီးတို့ကစားပြီး ဘယ်လောက်ကြာမှ ဒီကိစ္စ သွားတာလဲ"

"ဘာမှ မကြာလိုက်ဘူးဗျ။ သုံးလေးကွက်လောက်လည်း ရွှေ ပြီး ရောဝီလ်ဆင်လည်း စားပွဲပေါ်လဲကျပြီး သေသွားတာပဲ"

"အဲဒီတုန်းက သူဘာတွေများ စားသောက်ထားသလဲ"

"ဝီစကီနဲ့ ဆော်ဒါရောပြီး တစ်ခွက်သောက်ထားတယ်ထင် တာပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါက်တာကြီး။ ဒေါက်တာ ကြီးကို နောက်ထပ်အနှောင့်အယှက် မပေးတော့ပါဘူး"





အိမ်ဖန်က ကျွန်တော်တို့ကို တံခါးဝသို့ လိုက်ပို့သည်။ အပေါက်ဝ သို့အရောက်တွင် ...

ပွိုင့်ရိုးက အိတ်ထဲသို့ လက်နှိုက်ပြီး အဖြူရောင်ဘစ်ရှော့ရုပ် တို့ ထုတ်လုပ်သည်။

"အလို ... ခင်ဗျားဆီ ပါလာသလား။ ဒေါက်တာကြီးကို ဒီ အရုပ်မပေးမိဘဲ မေ့ပြီး ယူလာတယ်ထင်တယ်"

"ဒီတစ်ခါလည်း ခင်ဗျားမှားပြန်ပြီ ကိုယ့်ဆရာ။ သေသူရဲ့ လက်ထဲမှာတွေ့တဲ့ ဘစ်ရှော့ရုပ်က ကျွန်တော့်ဘယ်ဘက်အိတ်ထဲမှာ ရှိ တယ်ဗျ။ ဒါက ကောင်မလေးပြတုန်းက ယူထားလိုက်တဲ့အရုပ်။ ဘစ် ရှော့တစ်ရုပ်ကနေ နှစ်ရုပ်ဖြစ်လာတာပေါ့ဗျာ"

"ဘာဖြစ်လို့ ယူလာတာလဲ"

"တူရဲ့လားလို့ စစ်ဆေးကြည့်ချင်လို့ပါ"

ပွိုင့်ရိုးက ဘစ်ရှော့ရုပ်နှစ်ရုပ်ကို. စားပွဲပေါ်ယှဉ်၍ ချလိုက် သည်။

"တူသားပဲဗျ။ နှစ်ရုပ်လုံး အတူတူပဲ"

"အင်း ... ကြည့်ရတာတော့ အတူတူပါပဲ။ ဒါပေမဲ့ သေသေ ချာချာစစ်ဆေးပြီး သက်သေမပြနိုင်မချင်း ကောက်ချက်ချလို့တော့ မဖြစ် ဘူးဗျ။ ကဲဗျာ ... တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်တော့်ချိန်ခွင် ကလေး ယူပေးစမ်းပါဗျာ"

ပွိုင့်ရိုးသည် ဘစ်ရှော့ရုပ်ကလေးနှစ်ရုပ်ကို ချိန်ခွင်ပေါ်သို့တင် ကာ သေချာစွာကြည့် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"သူ့ဝတ္ထုကတော့ ဒါပဲ ရှားရဲ့"

ကိုနေသော်က စာရွက်များကိုချကာ မော့၍ပြောသည်။ ကိုနေ
သော့်စကားကို မေစံရှား ကြားပါလေစမသိ။ နှုံရုံတစ်နေရာ စိုက်ေ
နေသည်။

"ရှား ..."

ကိုနေသော် ထပ်မံအသံပြုမှ ...

"ရှား ကြားပါတယ်။ တွေးနေတာပါ"

ဟု ပြန်ပြောသည်။ လူကိုလည်း အနေအထား ပြင်ထိုင်လိုက်
ကာ ...

"ကဲ ... ကိုကိုနဲ့ရှား ဆွေးနွေးရအောင်။ ဒီဝတ္ထုက ဘာ
ခြားတယ်လို့ထင်လဲ"

ပြန်မေးသည်။





"ကိုကိုထင်တာကတော့ ဦးဝင်းစိန်သေဆုံးရတာဟာ စစ်တုရင်
တစားရင်းနဲ့ သေရတာ။ ဒီဝတ္ထုကလည်း စစ်တုရင်ကစားရင်းနဲ့ သေ
ရတာ။ ပုံစံချင်းတူနေတယ်။ ဒီတော့ ဒီဝတ္ထုကိုပို့သူဟာ ဦးဝင်းစိန်
သေရတဲ့အကြောင်းကို သိနေလို့ပဲ"

မေစံရှား ခေါင်းညိတ်သည်။

"သိရုံမကဘူးထင်တယ်။ ဘာကြောင့်လဲဆိုရင် ဝတ္ထုကိုပို့တဲ့
ရက်က စောနေလို့ပဲ။ စာတိုက်ကပို့တာလေ။ ဒါကိုကြည့်ရင် ပို့သူက
ဒီကိစ္စကို ကြိုပြီးသိနေတာကို အကြားအမြင်လို့ အာရုံရတယ်လို့ပြော
မလား။ သူကိုယ်တိုင်က ဒီအကွက်ကို ဆင်ထားလို့လား။ တစ်ခုခုပဲ"

"ရှားက အဲဒီနှစ်ချက်မှာ ဘယ်အချက်ကို ပိုပြီးမှန်တယ်ထင်
လဲ"

"ဒုတိယအချက်"

"ဟင် ... ဒါဆိုရင် ဒီဝတ္ထုပို့သူဟာ ဦးဝင်းစိန်ကို သတ်သူ
လို့ ဆိုလိုတာပေါ့ ဟုတ်လား"

ကိုနေသော်က မယုံနိုင်စွာ ပြန်မေးသည်။

"ရှားအတွေးပါ ... ကိုကို။ ဘာကြောင့်လဲဆိုရင် ဦးဝင်းစိန်
အမှုက လူသတ်မှုဆိုတာ ပေါ်သွားပြီ။ အခု ဝတ္ထုရောက်လာတယ်။
အကြောင်းအရာက ပုံစံတူနေတယ်။ ဒီတော့ လူသတ်သမားက ရှားကို
စိန်ခေါ်နေတာလို့တောင် ရှားက ခံစားရတယ်"

ကိုနေသော် ငြိမ်၍ တွေဝေသွားသည်။

မေစံရှားအကောက်ချက် မှန်နိုင်သည်ဟု ယူဆသည်။

"ရှား ဘာလို့ ကောက်ချက်ဆွဲတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို စဉ်းစားကြည့်လေ။ အရင်တစ်ခါ ဦးကြီးမြင့် သေဆုံးရတယ်။ အဲဒါနဲ့ဆက်လျက် ဝတ္ထုစာရွက်အပိုင်းတွေ ရောက်လာတယ်။ ဝတ္ထုပါအကြောင်းအရာက တိုက်တိုက်ဆိုင်ဆိုင် ဦးလေး သေဆုံးရတာနဲ့ ပုံစံတူတယ်။

အခုတစ်ကြိမ် ဦးဝင်းစိန်သေတယ်။ ဦးဝင်းစိန်အမှုမှာ ဦးလေး ဦးကြီးမြင့်တုန်းကလိုမဟုတ်ဘဲ လူသတ်မှုဆိုတာ ပေါ်လာတယ်။ ဒီမှာလည်း ဝတ္ထုစာရွက်ပိုင်းတွေ ရောက်လာပြန်တယ်။ ဦးဝင်းစိန် သေဆုံးရမှုနဲ့ ပုံစံချင်း တူနေတယ်။ ဒီတော့ သိသာထင်ရှားတဲ့ ကောက်ချက်တွေ သွားတူနေတယ်"

"ဘာတွေလဲ"

"နံပါတ်တစ်က အရင်ဝတ္ထုပို့သူနဲ့ ယခုဝတ္ထုပို့သူဟာ တစ်ယောက်တည်း ဖြစ်တယ်"

"ဒါ မှန်တယ်"

"နံပါတ်နှစ် ...အဲဒီလူဟာ ဒီပြစ်မှုနှစ်ခုကို ကျူးလွန်သူဖြစ်နိုင်ချေရှိတယ်"

"ဒါကိုလည်း ထောက်ခံတယ်"

"နံပါတ်သုံး ...ဒီပြစ်မှုတွေဖြစ်တိုင်း ရှားဆီက ဒီဝတ္ထုတွေပို့တာ ရှားကို အသိပေးတဲ့သဘောလို့ ပြောလို့ရသလို 'ငါ ဒီလိုလုပ်တာ မင်းသိလား' လို့ စိန်ခေါ်တဲ့သဘောလို့ ယူဆလို့ရတယ်"

"အင်း ...ဒါလည်း မငြင်းပါဘူး"

"နံပါတ်လေး ...အဲဒီလူ မကြာခင် ရှားဆီကို ဖုန်းဆက်လာလိမ့်မယ်ထင်တယ်"

"ဟင် ...ဘာကြောင့်လဲ"





"အရင်တစ်ခါကလည်း ဖုန်းဆက်ဖူးတယ်လေ"

"အရင်ကဖုန်းဆက်တာ ရှားမိတ်ဆွေဟောင်းကြီး ကိုမင်းစိန်ပဲဟာ"

"မှန်တယ် ...။ အခုလည်း သူပဲဖုန်းဆက်နိုင်တယ်"

ဒါဖြင့် ရှားပြောသလိုဆိုရင် သူက တရားခံဖြစ်နေနိုင်တယ်ဆိုတဲ့ သဘောလား"

"အတွေးပါကိုကို။ သံလက်ကောက်ဘဂျမ်းဆိုတဲ့ ကိုမင်းစိန်ဟာ အကွက်ချကောင်းတာ ကိုကိုသိနေတာပဲ"

"အဲဒါ ရဲအုပ်ထင်လင်းကို ရှား မပြောပြသေးဘူးလား"

"ပြောမှာပါ။ ဒါပေမဲ့ ဒါက တွေးလို့သက်သက်ဖြစ်နေတာမို့ ကိုထင်လင်းတို့အတွက် အထောက်အကူဖြစ်နိုင်သလို ရှား အတွေးကြောင့် သူတို့လုပ်ငန်းမှာ လမ်းလွဲသွားနိုင်တယ်။ အဲဒီလို မဖြစ်သင့်ဘူးလေ။ ကူညီရာမရောက်ဘဲ နှောင့်ယှက်သလိုဖြစ်သွားရင် မဖြစ်ဘူး"

"အခုတော့ ကိုထင်လင်းတို့ ဦးဝင်းစိန်သေဆုံးမှုကို လိုက်နေထောက်ပြီပေါ့နော်"

"ဒါပေါ့"

"သံလက်ကောက်ဘဂျမ်းက ရဲမှူးဦးမြဦးကို ဒုက္ခပေးခဲ့တာများလားလို့ ကိုကိုတွေးမိတယ်။ သူ့ကိုဖမ်းတဲ့သူမို့လေ။ အဲဒီလိုပဲ ရှားကြောင့် သူ့အမှုပေါ်ရတာမို့ ရှားကို အန္တရာယ်ပေးလာမှာလည်း စိုးရတယ်"

"ရှား သတိထားနေပါ့မယ် ကိုကို"

ထိုစဉ် တယ်လီဖုန်းသံ မြည်လာသည်။ မေစံရှား၏ ဟမ်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဖုန်းသံကြောင့် ကိုနေသော်က မေစံရှားကို လှမ်းကြည့်သည်။ မေးဆတ်ပြသည်။ မေစံရှားက ပြုံးလိုက်ရင်း ...

"မဟုတ်မှလွဲရော သံလက်ကောက်ဘဂျမ်းဆီက ဖြစ်မယ်"

ဟု ပြောလိုက်သည်။

ပြီးတော့ ဖုန်းကို ကောက်ယူကြည့်သည်။ ဖုန်းတွင်ပေါ်နေသော နံပါတ်ကိုကြည့်ပြီးနောက် မေစံရှားက ကိုနေသော်ကို ပြုံးပြ၏။

"အရင်ကလာဖူးတဲ့ ဖုန်းနံပါတ်မဟုတ်ဘူး။ ဒါက နံပါတ်စိမ်း"

"ဘယ်သူများလဲ"

"နံပါတ်မတူပေမယ့် သူပဲဖြစ်မှာပါ"

မေစံရှားက ဖုန်းကိုဖွင့်လိုက်သည်။

"ဟဲလို"

"မင်္ဂလာပါ ဒေါ်မေစံရှား"

"ရှင် ကိုမင်းစိန်လား"

"သံလက်ကောက် ဘဂျမ်းပါ"

မေစံရှားမျက်လုံးက ကိုနေသော်ထံ ဝေ့လာပြီး ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့ ဘာကိစ္စများလဲ"

"သတိရလို့ပါ။ ကျွန်တော့်အမှတ်တုန်းက ဒေါ်မေစံရှားပေးခဲ့တဲ့ ပညာလေးကို အချိန်တိုင်းလိုလို ပြန်သတိရနေတယ်။ ဒေါ်မေစံရှားဦးနှောက်က တော်တော်ပြေးတာပဲနော်"

"အဲဒါတွေ ပြီးခဲ့ပါပြီ"

"ကျွန်တော်ကတော့ သတိရနေတုန်းပဲဗျ။ ပြည့်သူ့အသံ၊ ပြည်သူ့အပေါင်း။ အဲ ... မဟုတ်ပါဘူး။ ဒီစကားပုံက မဆိုင်ဘူး။ ဖုံးတစ်လှည့် ငါးပုံ့တစ်လှည့်၊ ဟာ ... ဒါလည်း မဆိုင်ဘူး။ ဒီလိုဗျာ .. ကျွန်တော်ပြောချင်တာက ခံစားရသူက မမေ့တတ်ဘူးဆိုတာပါ"

"အတိတ်ကြောင့် အနာဂတ်မှာ အနှောင့်အယှက် မဖြစ်စေရဘူးရှင့်၊ အတိတ်ဆိုတာ အနာဂတ်လမ်း ဖြောင့်ဖြူးစေဖို့ လမ်းခင်းပေးတဲ့ သံကျောက်ပဲဖြစ်ရမှာ"

"ကျွန်တော့်နှလုံးသားက အဲသလောက် မလိမ္မာဘူးဗျ"

"ရှင် ဘာတွေပြောချင်တာလဲ"

"ကျွန်တော် အခု အလုပ်လုပ်နေတယ်။ ဒေါ်မေစံရှားကို ကျွန်တော်က ပြိုင်ရနိုင်မလားလို့ စဉ်းစားနေတာ"

"ကျွန်မ ဘယ်သူ့ကိုမှ အနိုင်မယူပါဘူး။ မပြိုင်ပါနဲ့"

"ယှဉ်ပြိုင်မှ တိုးတက်တာဗျ"

"အနိုင်ရလိုစိတ်ဟာ လောဘပဲ။ လောဘရှိနေသမျှ မှောင်နေမှာပဲ။ အဲဒါတော့ သတိပြုပေါ့ရှင့်"

"ခုလို စေတနာနဲ့ ဆိုဆုံးမတဲ့အတွက် ကျေးဇူးပါပဲဗျာ။ ကဲ ဒေါ်မေစံရှားကို အနှောင့်အယှက် မပေးတော့ပါဘူး။ ဖုန်းချလိုက်တော့မယ်"

မေစံရှားက ဖုန်းကိုချလိုက်သည်။

"ဘဂျမ်း ဘာတွေပြောနေတာလဲ"

"အကြောင်းအရာက ဘာမှမထူးခြားဘူးကိုကို။ အဲဒီလို မထူးခြားတာကိုက ထူးခြားချက်ဖြစ်နေတယ်"

"ဘယ်လိုထူးခြားတာလဲ"

ကိုနေသော်က နားမလည်စွာ မေးသည်။







www.burmeseclassic.com

www.burmeseclassic.com



"သူ့ အကြောင်းတစ်ခုခုကြောင့် ဆက်နေတာ။ ဆက်ရတဲ့ အကြောင်းက မြိမ်းခြောက်သံတွေ၊ စိန်ခေါ်သံတွေ ပါနေတယ်လို့ ယူဆရတယ်"

"ရှား စောစောကပြောသလို တရားခံဟာ သူဖြစ်နိုင်ချေရှိတယ်လို့ တွေးစရာ သူ့စကားထဲမှာ ပါသလား"

"ဟင့်အင်း မပါဘူး။ အဲဒီလို မပါတာကိုက သူ့အရည်အချင်းပဲလေ"

"ဟုတ်ပါပြီ။ ရဲအုပ်ထင်လင်းတို့ ဦးဝင်းစိန့်သေဆုံးမှုကို လိုက်ရာက ရလာတဲ့အဖြေက ရှားတွေးထားတာနဲ့ တစ်ထပ်တည်းလား၊ ကွဲပြားလားဆိုတာ စောင့်ကြည့်ရမှာပဲ"

မေစံရှား ခေါင်းခါသည်။

"ကိုထင်လင်းတို့မိရင် ကိုင်းဖျားပဲ မိလိမ့်မယ်ထင်တယ်။ ပင်စည်တော့ မိမှာမဟုတ်ဘူး"

"ဘာကြောင့် ..."

"သံလက်ကောက်ဘဂျမ်းဟာ အကွက်ချကောင်းတဲ့ မင်းစိန်ဉာဏ်ကြီးရှင်လေ"

မေစံရှားက လေးပင်သော်လည်း တိကျသောအဖြေကို ထုတ်ပေးလိုက်သည်။

✿ ✿ ✿

| ၁၈ |

❑

သံလက်ကောက်ဘဂျမ်းဓါးရှေ့မှာ တပည့်များဖြစ်သော မျက်...သူအေး၊ ဝတုတ်၊ ချောမူယာနှင့် ဝင်းထွန်းတို့ ရပ်လျက်ရှိကြသည်။

"မင်းတို့တစ်တွေရဲ့ စွမ်းဆောင်ချက်မှာ ဟာကွက်မရှိပါဘူး။ ...သုံး တာဝန်ကိုယ်စီ ကျေပွန်ကြတယ်။ အဲဒီအတွက် မင်းတို့ကို ...မယ်။ ထိုက်ထိုက်တန်တန် ချီးမြှင့်ပါတယ်။ ဆက်ပြီး တာဝန်ကျေ...ပါစေ"

ဘဂျမ်းသည် ဘယ်လက်က ကြောင်နက်ကလေးကို ပွေ့ချီ...ရင်း ညာလက်က သံလက်ကောက်တပ်ထားရလင့်ကစား လွယ်...ပါးစွာ အထုပ်ကလေးများကို ကိုင်၍ စားပွဲပေါ် ချပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေမျက်လုံးများမှာ ပျော်ရွှင်မှုဖြင့် အရောင်တောက်နေ၏။ သူတို့ဆရာက တပည့်တွေအပေါ်မှာတော့ ပြည့်ပြည့်ဝဝ ချီးမြှ သူဖြစ်၏။ ပြီးတော့ ဦးဆောင်စီစဉ်မှုကလည်း တော်လှသည်။

"ဒါပေမဲ့ ဒီတစ်ခေါက်မှာ တို့ဘက်က ဘယ်လောက် ပီရိအေ သပ်အောင် လုပ်ခဲ့လုပ်ခဲ့ အမှုက မတော်တဆပုံသဏ္ဌာန် မဖြစ်သေ ဘူး။ ဝင်ရှုပ်လာတာက ရှေ့နေမလေး မေစံရှားပဲ။ ဒီတော့ ..."

အားလုံးက ဆရာသမား၏စကားကို နားစွင့်နေခဲ့ကြသည်။

"ခရီးတစ်ခုကိုသွားတဲ့အခါ လမ်းမှာ ဆူးညှောင့်ခလုတ်တွေ လာရင် ဘာလုပ်သွားဖို့လိုသလဲ"

မေးခွန်းတစ်ခု ထွက်လာ၏။

"ရှင်းပစ်ရမှာပေါ့"

အားလုံး တညီတညွတ်တည်း ဖြေကြသည်။

သံလက်ကောက်ဘဂျမ်းက ပြုံးလိုက်သည်။

"ဟုတ်ပြီ။ ဒီကိစ္စအတွက် မကြာခင်မှာ ငါ အစီအစဉ်တစ် ချမယ်။ သိပ်တော်တဲ့ မေစံရှားအတွက် ဆုလာဘ်တစ်ခု ဖန်တီးပေး အောင်လို့ပါ။ ဟုတ်ပြီ ...။ အေး ... ခုတော့ နားလိုက်ကြဦး"

"ဟုတ် ..."

တပည့်ကျော်များ ပြန်ထွက်သွားသောအခါ သံလက်ကောက် ဘဂျမ်း ပြုံး၍ ကျန်ရစ်သည်။ ထိုအပြုံးမှာ စဉ်းလဲခြင်းက အငွေ့အသ များစွာ။

✿ ✿ ✿

| ၁၉ |

❑

ယနေ့လျှောက်လဲချက်ရသည့် အမှုအတွက် မေစံရှား တရား ရုံးသို့ ရောက်သွားချိန်မှာ တရားရုံးက စည်ကား၍ပင် နေပြီဖြစ်သည်။ စည်ကားစေချင်သော နေရာမှာ စည်ကားနေ၍ မေစံရှား သက်ပြင်း ချရသည်။

မေစံရှား ရုံးထဲအဝင်မှာ အချုပ်ကားကလည်း ရုံးရှေ့မှာ ထိုး ဆိုက်လာသည်။ စောင့်ဆိုင်းသောသူများ အချုပ်ကားရှိရာ ပြေးသွားကြ သည်။ ပြစ်ဒဏ်စီရင်သူတို့ ခံယူရန်ရောက်လာသော အမှုကိုရင်ဆိုင် ရန်ရောက်လာသော အချုပ်သားတို့ကို မိသားစုများက ပြေး၍တွေ့ကြ ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငိုသူက ငိုနေကြသည်။

ဒေါသဖြင့် ပေါက်ကွဲသူက ပေါက်ကွဲနေကြသည်။

ဘယ်မှာလဲ စိတ်ချမ်းမြေ့ဖွယ်ရာ။

မြင်ကွင်းကို ရပ်၍ ငေးကြည့်နေရာမှ ရုံးတွင်းသို့ လှည့်... မည်အပြုတွင် တစ်စုံတစ်ယောက်က အနားမှာ လာရပ်သည်။

"ဒေါ်မေစံရှား ..."

ထိုသူမှာ ရဲအုပ် ထင်လင်းဖြစ်သည်။ ယူနီဖောင်းကို သပ်ရ... စွာဝတ်ဆင်လျက် အမြဲတမ်းရှိနေတတ်သော သူ၏ မှုပိုင် တည်တည်... ငြိမ်ငြိမ်မျက်နှာနှင့်။

"ကိုထင်လင်း တရားရုံးမှာ တင်စရာအမှုရှိလို့လား"

"ဆိုပါတော့"

"ဦးမင်းစိန် သေဆုံးရမှုမှာ ဘယ်လိုအဖြေထွက်လာလဲ"

"ကျွန်တော်တို့ထက် ကျူးလွန်သူက တစ်ကွက်စောနေ... တယ် ဒေါ်မေစံရှား။ အိမ်ဖော်မလေးနောက်ကို ခြေရာခံတာ အစပျော... သွားတယ်"

"ဘယ်လိုဖြစ်လို့လဲ"

"အိမ်ဖော်မလေးကို အလုပ်သွင်းပေးတဲ့ ပွဲစားဒေါ်ထား... ကို ကျွန်တော်တို့ လိုက်ကြတဲ့အခါ ဒေါ်ထားကို မတွေ့နိုင်တော့ဘူး... ဒေါ်ထားအိမ် သူခိုးဝင်ရင်း သူခိုးဝင်လာတာ သိလို့ထင်ပါရဲ့ ဓားနဲ့... သွားလို့ ဒေါ်ထား ဆုံးသွားပြီ"

"ရှင် ..."

လမ်းစပျောက်သွားပြီ။ လမ်းစပျောက်သွား၏။ သည်လမ်း... ပျောက်အောင် တစ်စုံတစ်ယောက်က ကြိုတင်ဖန်တီးလိုက်ခြင်းလ...





...ါ အကွက်ချ လုပ်လိုက်တာလား။

အံ့အားသင့်ခြင်းနှင့်အတူ မေစံရှား အတွေးတွေ ဆန့်ထွက်သွားရ၏။

"ဒါပေမဲ့ ကံကောင်းတာ တစ်ခုကတော့ အိမ်ဖော်မလေးရဲ့ ဓာတ်ပုံ ကျွန်တော်တို့ ရလိုက်တယ်"

"ဟုတ်လား ...။ ဘယ်လိုရလဲ"

"အိမ်ဖော်မလေး ရောက်ပြီး တစ်ရက်မှာ ဦးအောင်မင်းတို့ အိမ်မှာ ဆွမ်းကပ်ပွဲတစ်ခုရှိလို့ အမှတ်တရ ဓာတ်ပုံရိုက်ထားတာ။ အဲဒီ ...တော့ ဓာတ်ပုံတစ်ပုံရဲ့ ဘက်ဂရောင်းမှာ အိမ်ဖော်မလေးပုံ မထင်မှတ် ...ပါနေတာ တွေ့ရတယ်။ ကျွန်တော်တို့က အဲဒီပုံကို ကွန်ပျူတာနဲ့ ချဲ့ပြီး အိမ်ဖော်မလေးရဲ့ပုံကို ထုတ်ထားပြီးပြီ။ ဓာတ်ပုံရပြီဆိုရင် ရှာရ ...ိုက်ရတာ သိပ်မခက်တော့ပါဘူး"

"ဝမ်းသာပါတယ်ရှင်။ လမ်းစပျောက်သွားပြီဆိုပြီး ကျွန်မက ...ိတ်ညစ်သွားတာ။ ကံကြမ္မာက ကျွန်မတို့ဘက်မှာ နည်းနည်းရှိနေသေး ...တာပေါ့"

"ရဲစခန်းရဲ့ မှတ်တမ်းမှတ်ရာတွေမှာတော့ အဲဒီအိမ်ဖော်မ ...လေးကို ရှာမတွေ့ဘူး။ ဒီတော့ သူက ပြစ်ချက်ရှိပြီးသား မဟုတ်ဘူးလို့ ...ပြောနိုင်တယ်။ ကြည့်ရတာ တစ်ယောက်တည်းမဟုတ်ဘဲ အဖွဲ့လိုက် ...လုပ်ရှားပုံပဲ။ ဖြစ်နိုင်တာက ဦးဝင်းစိန်ကို မလိုလားသူတစ်ဦးဦးက ဖန်တီး ...ိုက်တာပဲလို့ ယူဆရတယ်"

"မှန်ပါတယ်။ ကျွန်မ ဒီအချက်ကို သဘောတူပါတယ်"

"အဖွဲ့လိုက်ဖြစ်တဲ့အတွက် ဦးဆောင်တဲ့ခေါင်းဆောင်တစ် ...ယောက်ရှိရမယ်။ အဲဒီလူက ဉာဏ်အတော်သွားတဲ့လူ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကိုထင်လင်း ဘာကြောင့် ခုလို ကောက်ချက်ချ တာလဲ"

"ဦးဝင်းစိန် သေဆုံးရမှုဟာ လုပ်ကြံမှုတစ်ခုလို့ သတ်မှတ်နိုင် ပြီဆိုမှတော့ ဒါဟာ ဒေါ်မေစံရှားပြောခဲ့သလို အကွက်ချစီစဉ်မှုပဲပေါ့။ စီစဉ်တာက မတော်တဆလိုလို၊ ဓမ္မတာအတိုင်း ရောဂါကြောင့် သေ ဆုံးရသလိုလို ပုံစံလေ။ ဒါဟာ အကွက်ချကောင်းတဲ့ သူတစ်ယောက်ရဲ့ ဆိုတာ ထင်ရှားပြနေတာပဲပေါ့"

"အကွက်ချကောင်းသူ"

မေစံရှားခေါင်းထဲ၌ ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက် သည်။ သံလက်ကောက်ဘဂျမ်းခေါ် ကိုမင်းစိန် ကိုနေစိုးသော်ရေး သော ကိုမင်းစိန်၏အကြောင်းဝတ္ထုမှာ ကိုနေစိုးသော်တပ်ခဲ့သော ဝတ္ထု နာမည်က အကွက်ချကောင်းသူမဟုတ်လား။

သူ ... ပဲလား ...။

သို့သော် ဒါက အတွေးသက်သက်သာ။ ဘာမျှ အထောက် အထားမရှိ။ ဟုတ်ချင်မှလည်း ဟုတ်မည်။

"အဲဒါနဲ့ပတ်သက်လို့ ဒေါ်မေစံရှားတွေးထားတာ၊ ထင်ထား တာ တစ်ခုခုများ ရှိနေလား"

ရဲအုပ်ထင်လင်း၏ မျက်လုံးများက မေစံရှား၏ မျက်နှာပေါ် မှာ ဝဲနေသည်။

မေစံရှား၏အတွေးကို သူ အကဲဖမ်းလိုက်ခြင်းဖြစ်ဟန်တူ၏။ အတော်လိမ္မာပါးနပ်လိုက်သည့် ရဲအရာရှိပါပဲ။

"ကျွန်မမှာ ဘာမှ တိတိကျကျပြောနိုင်တဲ့အဖြေ မရှိသေးပါ ဘူး။ ဒါပေမဲ့ ကိုထင်လင်း အကွက်ချကောင်းတဲ့သူလို့ ပြောလိုက်တဲ့





အတွက် သတိရလိုက်မိတာ တစ်ယောက်တော့ရှိတယ်"

မေစံရှား မယုတ်မလွန် ပြောလိုက်၏။

ရဲအုပ်ထင်လင်း၏ မျက်လုံးများက ပို၍ အရောင်တက်သွား သည်။

"ဘယ်သူလဲ"

"ကိုထင်လင်း တစ်ထစ်ချတော့ မတွေးထားစေချင်ဘူးနော်။ ဘာမှ သေချာတိကျတဲ့ အထောက်အထားမရှိဘူး"

"ဟုတ်ကဲ့ပါ။ ခေါင်းထဲထည့်ထားလို့ ရရုံပါ"

"အရင်က ထောင်ကျခဲ့ဖူးတဲ့ တစ်ယောက်ပဲ။ သူ့အကြောင်း ကို ပင်စင်ယူသွားတဲ့ အန်ကယ်ဦးမြဦးသိတယ်"

"ခေန်းမှူးကနေ အငြိမ်းစားယူသွားတဲ့ ဦးမြဦးလား"

"ဟုတ်တယ် ကိုထင်လင်း။ ဦးမြဦးဖမ်းခဲ့တဲ့ လူတစ်ယောက် ပါပဲ"

"သူ့နာမည်က ..."

"အရင်ကတော့ ကိုမင်းစိန်ပါပဲ"

"အရင်ကဆိုတော့ အခု နောက်နာမည်တစ်ခု ရှိလို့လား"

"ရှိတယ် ...။ သံလက်ကောက် ဘဂျမ်းတဲ့"

"ဒေါ်မေစံရှား ဘယ်လိုသိလဲ"

"ပြောရရင် ကျွန်မရဲ့ မိတ်ဆွေဟောင်းကြီးပဲ။ သိပ်မကြာခင် ကမှ သူ အပြင်ပြန်ရောက်နေတာ သိရတယ်။ သူ့ကိုယ်သူ သံလက် ကောက်ဘဂျမ်းလို့ ပြောတာပဲ"

"သံလက်ကောက်ဘဂျမ်း"

ရဲအုပ်ထင်လင်းက ထိုနာမည်ကို တိုးတိုးရေရွတ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်ရင်း စဉ်းစားနေပုံရသည်။ သူ့အတွေးထဲမှာ ပြန်၍ ပုံဖော်ကြည့်နေခြင်းဖြစ်သည်။

"ဒီနာမည် ကျွန်တော် မရင်းနှီးဘူး။ သူ ဘယ်မှာနေလဲ"

"အဲဒါတော့ မသိဘူး။ ကျွန်မဆီ ဖုန်းပဲဆက်တာ"

"ဒါဖြင့် သူ့ဖုန်းနံပါတ် ..."

"ဖုန်းက နံပါတ်အတည်တကျ မရှိဘူး။ လမ်းဘေးဖုန်းက ဆက်တဲ့အခါ ဆက်သလို၊ ကတ်ဖုန်းနဲ့လည်း ဆက်တယ်။ ဆိုလိုချင်တာက ဖုန်းကနေတစ်ဆင့် သူ့ကို ခြေရာခံလို့မရအောင်ပဲ။ ဒါဆိုရင် သူ့အရည်အသွေးကို ကိုထင်လင်း ခန့်မှန်းလို့ရမှာပဲ"

"ကျွန်တော် စိတ်ဝင်စားသွားပြီ"

"ကဲ ... ကျွန်မကို ခွင့်ပြုပါဦး။ ကိုထင်လင်းလည်း အလုပ်တွေရှိနေတယ်။ အိမ်ဖော်မလေးကို ခြေရာခံမိရင်တော့ အကျိုးအကြောင်း သိချင်ပါတယ်"

"ကောင်းပါပြီ"

မေစံရွှေ ရဲအုပ်ထင်လင်းကို နှုတ်ဆက်ကာ တရားရုံးထဲ ဝင်လာခဲ့သည်။

ရဲအုပ်ထင်လင်းကတော့ သံလက်ကောက်ဘဂျမ်းဟူသော အမည်နှင့် လုံးထွေး၍ ကျန်ခဲ့ပုံပေါ်သည်။ နေရာက မရွှေ့နိုင်တော့။

✿ ✿ ✿

| ၂၀ |

သံလက်ကောက်ဘဂျမ်းရှေ့မှာ ချောမှုယာက ရပ်နေသည်။

"ဒီချောကလက်ထုပ်ကို ချောမှုယာက နိုင်ငံခြားက ပြန်လာတဲ့သူတစ်ယောက်ပုံစံနဲ့ ဒေါ်ဝင်းသူဇာရဲ့အိမ်ကို သွားပို့ရမယ်။ နိုင်ငံခြားက ပြန်လာတဲ့ပုံစံဖြစ်နေအောင် အစစအရာရာ ပြင်ဆင်သွားပါ"

ဘဂျမ်း၏အမိန့်။

"ဒီချောကလက်ထုပ်ကို ဒီနေ့လယ် အရောက်ပို့ရမယ်။ ပို့တဲ့အခါမှာ တခြားသူတစ်ယောက်ယောက်နဲ့ မတွေ့မိအောင် ဂရုစိုက်။ ဒေါ်ဝင်းသူဇာက များသောအားဖြင့် အိမ်မှာ တစ်ယောက်တည်းရှိတယ်။ ဒိုးမ၊ သူ့သားနဲ့ချွေးမက နယ်မှာ အလုပ်လုပ်နေတယ်။ ဒီတော့ ဒီအချိန်ဟာ အကောင်းဆုံးအချိန်ကာလပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒေါ်ဝင်းသူဇာရဲ့သား ရဲတိုက်က မကြာခင်က စက်ရုံမှာ အလုပ်သွားလုပ်ဖူးတယ်။ ညည်းက ရဲတိုက်ရဲ့သူငယ်ချင်း တင်အုန်းသောင်းက လူကြုံပေးလိုက်တယ်လို့ ပြောရမယ်။ တင်အုန်းသောင်းရဲ့ လက်ဆောင်ဆိုတော့ ဒေါ်ဝင်းသူဇာ ဘာမှပြောမှာမဟုတ်ဘူး။ တင်အုန်းသောင်းကို သူ သိတယ်လေ"

"ဟုတ်ကဲ့"

"ဒေါ်ဝင်းသူဇာက ချောကလက်နဲ့ မတည့်ဘူး။ ဒါကြောင့် ချောကလက်ကို စားမှာမဟုတ်ဘူး။ သိမ်းထားတာ ကြာရင်လည်း မကောင်းမှာဆိုတော့ သူ တစ်ယောက်ယောက်ကို ပေးမှာပဲ။ သူကိုင်း သေပေးမှာက သူ့အမှုတစ်ခုဖြစ်စဉ်က ကူညီပေးခဲ့တဲ့ မေစံရှားပဲ။

နိုင်ငံခြားကလာတဲ့ စားဖွယ်ရာတစ်ခုခုဆိုတော့ သူ့ကျေးဇူးရှင်ကိုပေးမှာ။ သူ့မှာ ပေးစရာ တခြားကလေးလည်း မရှိဘူး။ ပြီးတော့ မေစံရှားက သူ့ဆီ မကြာခဏ ရောက်နေကျ။ နောက်တစ်ချက်က မေစံရှားက ချောကလက်ကြိုက်တယ်။ ဒါကို ဒေါ်ဝင်းသူဇာက သိတယ်"

"ဆရာက ဒီအချက်တွေ ဘယ်ကရတာလဲ"

"ညည်းတို့ဆရာပဲလေ။ ဒါဘာခက်လဲ။ ရော့ . . . ဒီခွင်က လူအများကြီးမလိုဘူး။ လူဆိုတာ နည်းနိုင်လေ ပြဿနာကင်းလေပဲ ကဲ . . . သွားပေတော့"

ချောကလက်ထုပ်ကိုယူ၍ ချောမှုယာ လှည့်ထွက်မည်အပြု . . .

"ခြော် . . . နေဦး"

ဘဂျမ်း၏အသံ ထပ်မံပေါ်လာ၍ ချောမှုယာ ရပ်လိုက်သည်။





"ညနေ ငါ့အတွက် မြန်မာဆေးတစ်မျိုး ဝယ်လာပေးပါ။ ပြီး ဆေးဆရာအိမ်က သွားရတာ နည်းနည်းဝေးတယ်။ ဂရုစိုက်ပြီးသွား။ ရော့ . . . ဆေးဖိုးနဲ့ လမ်းစရိတ်။ ချောကလက်ကိစ္စအတွက် သီးခြား ချီးမြှင့်မယ်"

ဘဂျမ်းက ငွေစက္ကူအရွက်ကြီးတချို့နှင့် ဆေးဘူးအခွံလွတ် တစ်ခုကို ချောမှုယာကိုပေးသည်။

"ဒါဆို ကျွန်မသွားမယ်ဆရာ"

"ကောင်းပြီ ချောမှုယာ။ ချောကလက်ထုပ်ကို အရင်သွား ပေးနော်။ အရေးကြီးတယ်။ ပြန်လာမှ ဆေးဝင်ဝယ်"

"ဟုတ်ကဲ့"

ချောမှုယာ အခန်းထဲမှထွက်လာသည်။ လက်မှာ ချောကလက် ပါဆယ်ထုပ်ကလေးကို အိတ်လှလှလေးနှင့် ထည့်လျက်။

ဆရာဘဂျမ်း ခိုင်းလိုက်သည့်အတိုင်း လုပ်ရမည့်အချိန်ကို တွက်လိုက်သည်။ အချိန်ပိုသိပ်မရှိ။ မှုယာက မျက်မှန်လူအေးရှိနေမည့် တိုက်ခန်းကိုဝင်ဖို့ စိတ်ကူးထားသည်။ ယခု အဆင်မပြေတော့။ မျက်မှန် လူအေးက ယနေ့ သူမကိုတွေ့ဆုံရန် ဒိတ်လုပ်ထားသည်။

ပြောရလျှင် လူအေးက ချောမှုယာအပေါ် ရင်ခုန်နေကြောင်း ချောမှုယာသိထားသည်။ သို့ဆိုလျှင် ချောမှုယာကရော . . .

နှစ်ကာလတိုတို လက်တွဲ၍ အလုပ်လုပ်လာခဲ့ရာတွင် မျက်မှန် လူအေး၏ လုပ်ရည်ကိုင်ရည်နှင့် စိတ်သဘောထားကို ချောမှုယာ လေး စားခဲ့ပြီးသား။ ပြီးတော့ မျက်မှန်လူအေး၏ သူမအပေါ် ဂရုစိုက်မှု။

ချောမှုယာကလည်း မဆွတ်ခင်က ညွတ်ချင်နေတာ ဝန်ခံရ သိမ့်မည်။



www.burmeseclassic.com

လူအေးအဖို့က ယနေ့ရင်ဖွင့်ပြီး လက်ထပ်ခွင့်တောင်းဖို့ အစီအစဉ်ရှိကြောင်းကို အရိပ်အမြွက်ပြထားသည်။ ထို့ကြောင့် ဒီနေ့ပွဲက လက်လွတ်ခံ၍ မဖြစ်သောပွဲ။

သို့သော် မမျှော်လင့်ဘဲ ဆရာဘဂျမ်းက တာဝန်ပေးလာခဲ့ပြီ။

နှလုံးသားနှင့် တာဝန်။

ဆရာဘဂျမ်းအကြောင်း သိထားသူမို့ ခိုင်းသောတာဝန်ကို ရှောင်လွှဲ၍မရမှန်း ချောမူယာ သဘောပေါက်သည်။ လူအေးလည်း သဘောပေါက်ပါသည်။ နောက်တစ်နေ့မှာ ပြန်တွေ့ဖို့ ချိန်းဆိုမည်။

ချောမူယာ မိမိဖုန်းကိုထုတ်ကာ လူအေးထံ ဖုန်းဆက်လိုက်သည်။

"ဟဲလို ... မူယာ အခုဘယ်မှာလဲ"

"ဆရာ တာဝန်တစ်ခုပေးလိုက်လို့ သွားစရာရှိတယ်။ ပြီးရင် ဆရာ့အတွက် ဆေးသွားဝယ်ရဦးမှာ။ ဒီနေ့တော့ မူယာ လာနိုင်မယ် မထင်တော့ဘူး။ အစ်ကိုနဲ့ မနက်ဖြန်မှ တွေ့မယ်နော်"

"ဆရာက ဘာခိုင်းလိုက်လို့လဲ"

"ချောကလက်ထုပ်တစ်ခု သွားပို့ခိုင်းလို့"

"သိပြီ မူယာ။ အင်း ... ဘယ်တတ်နိုင်မလဲ။ မနက်ဖြန်မှ တွေ့ကြတာပေါ့။ ဒီနေ့ချိန်းတဲ့အချိန်ပဲ"

"ဟုတ်"

"သတိထားသွားနော်"

"အင်းပါ"

ဖုန်းကို ပိတ်လိုက်သည်။





ဆရာဘဂျမ်းအစီအစဉ်က ရှေ့နေမလေး မေစံရှားအား သေ ရွာပိုဒ်ို အစီအစဉ်။ မိမိက ပါဝင်လှုပ်ရှား က,ပြရမည့်သူ။ အရင်ဦးဆုံး နိုင်ငံခြားပြန်နှင့်တူအောင်၊ ပြီးတော့ လက်ရှိ ရုပ်လက္ခဏာနှင့် ကွဲပြား ခြားနားအောင် မိမိ ပြင်ဆင်ရဦးမည်။ သို့မှသာ ...

✿ ✿ ✿

www.burmeseclassic.com

[ ၂၁ ]

❑

မေစံရှား သူမ၏ရုံးခန်းတွင် အလုပ်လုပ်နေခိုက် ဟမ်းဖုန်းက မြည်လာသည်။ စာအုပ်ကိုမဲနေသဖြင့် ဖုန်းကိုဖွင့်ပြီး နားမှာကပ်သည်။

"ဟဲလို ... မေစံရှားပါရှင်"

"မေစံရှား ... ကြီးကြီးပါ။ ဝင်းသူဇာ"

"ဩော် ... ဟုတ်ကဲ့ ... ကြီးကြီး။ နေကောင်းလား။ ဘာအကြောင်းထူးရှိလို့ ဖုန်းဆက်တာလဲ"

"နေကောင်းပါတယ်ကွယ်။ ဖုန်းဆက်တာကတော့ လက်ဆောင်တစ်ခု ပေးချင်လို့ပါ"





"ကြီးကြီးက ခဏခဏ လက်ဆောင်ပေးနေတာပဲ။ မယူချင်တော့ပါဘူး"

"ယူပါကွယ်။ ကြီးကြီးကိစ္စတုန်းက မေစံရှားကူညီခဲ့တာနဲ့စာရင် ဘာမှမပြောပလောက်ပါဘူး။ တန်ဖိုးကြီးတာ မဟုတ်ပါဘူးကွယ်။ နိုင်ငံခြားက ကြီးကြီးသားရဲ့သူငယ်ချင်းက လူကြုံနဲ့ ချောကလက်တစ်ထုပ် ပေးလိုက်တာ မေစံရှားကို သတိရလို့လေ"

"ချောကလက် ... ဟုတ်လား။ အဲဒါတော့ ကြိုက်တယ်။ ယူမယ် .... ယူမယ် ကျေးဇူးပဲ"

"ဒါဆို ကြီးကြီး မေစံရှားရုံးခန်းကို ပို့ခိုင်းလိုက်မယ်နော်။ အိမ်နားကကောင်လေးနဲ့ လမ်းကြုံတယ်။ သူက ဂျာနယ်တိုက်မှာ အလုပ်လုပ်တာ။ သူနဲ့ပေးလိုက်မယ်"

"ကျေးဇူးပါပဲ ကြီးကြီး"

ဒေါ်ဝင်းသူဇာ ဖုန်းချသွားတော့ မေစံရှား ပြုံးကျန်နေသည်။ ဒေါ်ဝင်းသူဇာဆိုသည်က ဆွေမျိုးမတော်စပ်သော်လည်း ဆွေမျိုးလို ခင်မင်သံယောဇဉ်ရှိသူဖြစ်သည်။ လွန်ခဲ့သောနှစ်က ဒေါ်ဝင်းသူဇာ ဒုက္ခကြုံခဲ့ရသည်။

သူတစ်ပါး ချောက်တွန်းမှုတစ်ခုကြောင့် ထောင်ကျရမည့်ကိန်းဆိုက်နေရာမှ မေစံရှား၏ ကြိုးပမ်းမှုကြောင့် အမှုမှန်ပေါ်ကာ ဒေါ်ဝင်းသူဇာ အပြစ်မှ လွတ်သွားခဲ့၏။ ထို့ကြောင့် ဒေါ်ဝင်းသူဇာက မေစံရှားကို ကျေးဇူးတင်မဆုံး ရှိခဲ့သည်လေ။

အလုပ်ကို အာရုံပြန်စိုက်လိုက်သည်။ ဒုတိယဖုန်းက မြည်လာပြန်သည်။ ကိုနေသော်ဆက်သလားဟု ဖုန်းကိုကြည့်တော့ မဟုတ်။ ရုံးအုပ်ဆင်လင်းထံမှဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ကိုထင်လင်း ပြောပါ"

"ကျွန်တော်တို့ ခြေထစ်လှမ်း နောက်ကျသွားပြန်ပြီ"

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ"

"ဦးအောင်မင်းအိမ်မှာ အိမ်ဖော်အဖြစ် ဝင်လုပ်ခဲ့တဲ့ မိန်းကလေးကို ခြေရာခံမိဖို့ နီးစပ်နေချိန်မှာပဲ အဲဒီမိန်းကလေးက မနေ့ညက ရထားတိုက်ခံရပြီး ဆုံးသွားပြီ"

"ရှင် ..."

"ဦးဝင်းစိန် သေဆုံးရှုမှုက လမ်းစပြတ်သွားပြီပေါ့ဗျာ"

"ဘယ်လိုဖြစ်ပြီး ရထားတိုက်ခံရတယ်လို့ ထင်လဲ။ ပုံမှန်အတိုင်းက ရထားတိုက်ခံရဖို့ဆိုတာ သိပ်ပြီး ခက်ခဲတဲ့ကိစ္စပါ"

"ဟုတ်ပါတယ်။ အဲဒါကိုတော့ အဖြေရှာကြည့်နေတာပါပဲ။ လောလောဆယ်တော့ ဘာမှ သဲလွန်စမရဘူး။ ညအမှောင်မှာဆိုတော့ မယ့် ရထားက မီးထိုးပြီးလာနေတာလေ။ ဒါပေမဲ့ အဲဒီနေရာကတော့ ရထားလမ်းအကွေ့တစ်ခုဖြစ်နေပြီး လူသွားလမ်းလေးရှိတယ်။ အဲဒီမှာ မတော်တဆ ဖြစ်ခဲ့ပုံပဲ"

"မတော်တဆ"

"ထင်ရတယ်ပြောတာပါ"

"သူက ဦးဝင်းစိန် သေဆုံးရှုမှာ ပါဝင်ပတ်သက်တယ်လို့ ယူဆနိုင်တဲ့ မိန်းကလေးဖြစ်တဲ့အတွက် မတော်တဆမဟုတ်ဘဲ သူ့ဘက်ကများ အဲဒီမိန်းကလေးကို ရှင်းပစ်တာများ မဖြစ်နိုင်ဘူးလား"

"ဒေါ်မေစံရှားက သံသယနဲ့ တွေးပြန်ပြီ"

"လူတိုင်းကို ယုံကြည်ပါ။ ဒါပေမဲ့ သံသယမျက်လုံးနဲ့တော့ ကြည့်တတ်ရမယ်လို့ ကြားဖူးသလိုပဲ ကိုထင်လင်းရဲ့'





"ထားပါတော့။ အဲဒီစကားမျိုး ကျွန်တော်တို့ရဲ့တွေမှာလည်း ရှိပါတယ်။ ကဲပါဗျာ ... ကျွန်တော်တို့ တခြားနည်းလမ်းကို ဆက်ရှာဖွေကြတာပေါ့။ အဲဒီမိန်းကလေးကိစ္စကနေ တခြားသဲလွန်စတွေ ရနိုင်ကောင်းရဲ့ ထင်တာပဲ"

"ဟုတ်ကဲ့ ဆက်ပြီး ကြိုးစားပေးပါဦး"

ရဲအုပ်ထင်လင်း ဖုန်းချသွားသည်။

မေစံရှားရင်မှာ အတွေးတစ်ခု ဝင်လာပြန်သည်။

မိန်းကလေး ဘာကြောင့် ရထားတိုက်ခံရပြီး သေသလဲ။ ရဲက မိန်းကလေးကို ခြေရာခံလိုက်နေသည်ကို သိ၍ ရှင်းလိုက်ခြင်းလား။ ဘယ်ပဲ မတော်တဆဖြစ်ခဲ့လေသလား။

ဒါဟာလည်း အကွက်ချ လုပ်ကြံမှုတစ်ခုပဲလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၂ ]

❑

"ဒုန်း ..."

"မျက်မှန်လူအေး၏ လက်သီးက ဗီရိုနံရံကို ပြင်းစွာထိသည်
ဝင်းထွဋ်က သူ့ကိုဆွဲသည်။

"ကိုလူအေး ... စိတ်ကိုလျှော့ဗျာ။ လျှော့လိုက်ပါ"

"ဘယ်လိုလျှော့ရမှာလဲကွ။ သူ့ကို ငါ လက်ထပ်ခွင့်တောင်
တော့မယ့်ဆဲဆဲမှာ ခုလိုဖြစ်သွားရတာ ဘယ်လောက်ရင်နာဖို့ကောင်း
လဲ"

လူအေး၏လက်မှာ စုတ်ပြတ်သွားပြီး သွေးများစို့နေသည်။ ဝင်း
ထွဋ်က သူ့ပခုံးကိုဖက်၍ နှစ်သိမ့်သည်။





"ကံကြမ္မာကို ကိုယ်ကမှ မမြင်နိုင်တာဗျာ။ သူဒီလိုဖြစ်မယ်
...သိရင် ဒီနေရာကို ဘယ်သွားမလဲ"

"ဆရာဘကျွမ်းက ဆေးဝယ်ခိုင်းလိုက်လို့ သွားတာကွ။ တောက်
...ရတယ်ကွာ"

"ဆေး ... ဘာဆေးလဲ"

"ဆရာဘကျွမ်းသောက်နေကျ ဆေးပေါ့။ မြန်မာဆေး။ ကျောက်
...ဆေး"

"အဲဒီဆေးက မြို့ထဲကဆိုင်တွေမှာ မရလို့လား"

"ဟုတ်တယ် ...။ အဲဒီဆရာကြီးက သူ့ဆေးကို ဆိုင်တွေ
...တွေမှာ တင်မရောင်းဘူး"

ဝင်းထွဋ် သက်ပြင်းချသည်။

"ကိုလူအေးရော မှုယာပါ နှုတ်ကဖွင့်မပြောကြသေးပေမယ့်
...ဦးကိုတစ်ဦး ရင်ထဲကချစ်နေတာ ကျွန်တော်တို့ သိပါတယ်ဗျာ။ အဲဒီ
...တွက် စာလည်း စာနာပါတယ်။ ပြီးတော့ မှုယာ့အတွက်လည်း စိတ်
...ကိုက်ရပါတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲဖြစ်သွားတာ ဘာတတ်နိုင်မှာ
...။ တရားနဲ့ဖြေရုံပဲ ရှိတာပေါ့ဗျာ"

"ပြီးခဲ့တဲ့ကိစ္စမှာ ရဲက မှုယာ့ကို ခြေရာခံလိုက်နေတယ်လို့
...ရာဘကျွမ်းက ပြောခဲ့ဖူးတယ်။ မှုယာ ခုလိုဖြစ်သွားတာ ကိုယ့်လူ
...တွက် စိတ်မကောင်းပေမယ့် တခြားလူအတွက်တော့ တစ်မျိုးကောင်း
...သွားတယ်လို့ ဆရာဘကျွမ်းက ပြောတယ်။ မှုယာသေဆုံးကြောင်း ဆရာ
...အရင်သိလို့ ဖုန်းဆက်တာ။ ဒါပေမဲ့ ဆရာ အဲဒီလိုပြောတဲ့စကားကို
...ကြိုက်ဘူး။ မခံစားနိုင်ဘူး။ အားလုံးအတွက် မှုယာက တန်ဆာခံ
... အသက်ပေးခဲ့ရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထွန်း တွေခနဲကြည့်သည်။

"ဆရာဘဂျမ်းက အဲဒီလိုပြောသလား"

"အင်း"

"တခြားလူတွေအတွက် တစ်မျိုးကောင်းဖို့ ဆရာဘဂျမ်း စဉ်ခဲ့တာများလား"

"ဘာ ... ဘယ် ... ဘယ်လို ..."

"မသေချာပါဘူး။ ဒါပေမဲ့ ဆရာဘဂျမ်းစိတ်ကို ကိုလူအေ သိသားပဲ။ ရွှေနေမလေး မေစံရှားက အန္တရာယ်ရှိလာတယ်ဆိုရင် ချ ရှင်းပစ်ဖို့ ကြံစည်တာပဲလေ။ အဲဒီမေစံရှားလည်း မကြာခင်မှာ ချော ကလက်စားပြီးတော့ ..."

✿ ✿ ✿

| ၂၉ |

❑

မေစံရှားက လှပသော ချောကလက်တောင့်ကလေးကို ကြည့်ကာ သဘောကျနေသည်။

"သူတို့နိုင်ငံကတော့ စားစရာကို စားချင်အောင်ကို ထုပ်ပိုးပြင်ဆင်ထားတယ်။ လှလိုက်တဲ့ ပက်ကင်လေး။ စားပစ်ရမှာတောင် နှမြောစရာ"

မေစံရှားလက်ထဲတွင် ပက်ကင်ခွာလိုက်တော့ ချောကလက် တောင့်ညိုညိုကလေး ပေါ်လာသည်။ မွှေးနေသော ချောကလက်ရနံ့က ဆွဲဆောင်နိုင်လွန်းလှချည့်။

"ဟော့ ... ရှား ဘာတွေစားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲကို ကိုနေသော် ဝင်လာကာမေးသည်။

"ချောကလက်လေ ... သူများနိုင်ငံတွေမှာတော့ ချစ်သူ

ကို ချောကလက်ပေးကြတာ ကြားဖူးတယ်။ ကိုကိုကတော့ တစ်ခါ

မပေးဖူးပါဘူး။ စာရေးဆရာဆိုပြီး ဘာ Romance မှ မရှိဘူး။ ဟင်း

မေစံရှားက မပြုံးပြင်သော ရန်လိုစကားဖြင့် ချိုမြသော

စောင်းမြားတစ်စင်းကို ကိုနေသော့်ထံ ပစ်လွှတ်လိုက်သည်။ ကိုနေသော်

ဟက်ခနဲရယ်ကာ ...

"ချောကလက်က ဈေးကြီးတယ်ဗျ။ မဝယ်နိုင်ဘူး။ မိန်းမ

ဖို့ ပိုက်ဆံစုနေတာ"

"အံမယ် ... ဒီလိုကပ်စေးနည်းတဲ့ စာရေးဆရာများ ဘယ်

သူက ယူမှာမို့လို့လဲ"

"ရှိတာပေါ့ဗျ။ ကပ်စေးနဲကိုကြိုက်တဲ့ ကော်တရာမလေးရှိတာ

ပေါ့"

"မထင်ပေါင်"

"မထင်ရင် ထင်အောင်ပြရဦးမှာ ကိုကို့မှာ တာဝန်ရှိတယ်လေ

အဲဒါ ဘယ်သူလဲဆိုတော့"

"သွားပါ ... ဒီမှာ ချောကလက်စားမလို့ လာမနှောင့်ယှက်

နဲ့"

ကိုနေသော်က ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ရင်း ပြောသည်။ မေ

စံရှားက မဲ့ပြုံးဖြင့် ကြည့်ရင်းမှ ...

"တစ်ယောက်တည်းစားရမှာ မျိုကျမှာမဟုတ်ဘူး။ စားရ

လို့ သွားရည်ယိုနေတဲ့သူက ဘေးမှာရှိနေတော့လေ ... အင်း ...

သနားပါတယ်။ ရော့ပါ ... တစ်ဝက်စီစားတာပေါ့။ ကိုကိုက ကပ်စေး





နဲပေမယ့် ရှားကတော့ မရှိအတူ ရှိအတူ ထပ်တူညီမျှတဲ့ ချစ်ခြင်းမေတ္တာ

နဲ့ ပေးမှာပါ"

မေစံရှားက ချောကလက်တောင့်ကလေးကို ထက်ပိုင်းချိုးချ

လိုက်သည်။

"ရော့ ... ကိုကိုတစ်ဝက်၊ ရှားကတစ်ဝက်။ လုံးဝ အညီ

အမျှပဲနော်။ ဘယ်သူ့အပိုင်းကမှ ပိုမသာဘူး"

မေစံရှားက ကိုနေသော်ကို ချောကလက်ပိုင်းလေး ပေးလိုက်

သည်။

"မေစံရှားရေ ..."

ခေါ်သံနှင့်အတူ ကြောင်ကလေးပိုက်၍ ဝင်လာသူမှာ ဘေးရုံး

ခန်းမှ ဆရာဦးတင်ယု၏ လုပ်ဖော်ကိုင်ဖက် ဒေါ်သီတာဝင်းဖြစ်သည်။

ကိုနေသော်နှင့်မေစံရှားတို့ စားမည့် ချောကလက်များ မစားဖြစ်သေး

ဘဲ လက်တွင်ကိုင်ထားလျက်နှင့် ဒေါ်သီတာဝင်းကို ကြည့်မိကြ၏။

"ဆရာယုက ပြောခိုင်းလိုက်လို့။ ဒီနေ့ တိုင်းရုံးမှာ သူရှိမယ်

တဲ့။ မေစံရှားနဲ့ တိုင်ပင်စရာရှိလို့ပါတဲ့"

"အစ်ကိုကြီးကတော့ ရှားကို ပြဿနာတစ်ခုခု လက်ဆောင်

ပေးတော့မယ်နဲ့ တူတယ်။ ဟား ... ဟား ... ဟား ..."

ကိုနေသော်က ရယ်၍ ဝင်ပြောသည်။

"သေချာတာပေါ့ ...။ စာရေးဆရာတွေက ဒီလိုပဲ။ ပြဿနာ

တွေ လာပေးနေကျလေ။ ရှေ့နေစာရေးဆရာကြီး ချစ်ကိုကိုယုကိုပဲ

အယ်ဒီတာစာရေးဆရာလည်း ပြဿနာတွေ လာလာပေးတာပဲ"

မေစံရှားက ချစ်သူကိုရည်ရွယ်၍ ရယ်စကားဖွဲ့သည်။ ကိုနေ

သော်က အပြုံးမပျက် တဟဲဟဲ။



www.burmeseclassic.com

www.burmeseclassic.com



"မေစံရှားလက်ထဲက ဘာလဲ"

ဒေါ်သီတာဝင်း၏ အမေး

"ချောကလက်လေ။ အစ်မ စားပါဦးလား"

"မစားတော့ဘူး။ စောစောကပဲ ပဲမြစ်တွေ စားထားတယ်"

"ပဲမြစ်စားတာနဲ့ ဘာဆိုင်လို့လဲ"

"ဟဲ့ ... မတည့်ဘူး မေစံရှားရဲ့။ သေတတ်တယ်"

"ဟင်"

မေစံရှား မျက်လုံးပြူးသွားသည်။ ကိုနေသော်က မေစံရှား၏ မျက်နှာရိပ်ကို အကဲခတ်လိုက်ပြီး ...

"ရှား ဘာဖြစ်လို့လဲ"

"ရှားလည်း စောစောကပဲ ပဲမြစ်စားထားတာ"

"ဟာ ... ဒါဆို ချောကလက် မစားနဲ့ဦး"

"ဒါဖြင့် ကိုကိုပဲ တစ်ခုလုံး စားလိုက်တော့"

မေစံရှားက သူ၏လက်ထဲမှ ကိုင်ထားသော ချောကလက်ပိုင်း ကလေးကို ကိုနေသော်အား လှမ်းပေးသည်။

"ရှားမစားသေးရင် ကိုကိုလည်းမစားဘူးလေ။ ချောကလက် ဆိုတာ ချစ်သင်္ကေတဆိုတော့ ရှားနဲ့မှ အတူတူစားမယ်"

ကိုနေသော်က ချောကလက်နှစ်ပိုင်းအား စားပွဲပေါ်ရှိ ကော်ဖီ ပန်းကန်ပြားလေးပေါ်သို့ တင်လိုက်သည်။

ဒေါ်သီတာဝင်းက ရယ်၍ ...

"အပျိုကြီးရှေ့မှာ အားကျအောင် လုပ်နေပြန်ပါပြီ။ ဒုက္ခပါ ပဲ"

---

စိတ်ကူးသစ်စာပေ



မေစံရှားရော ကိုနေသော်ပါ သဘောကျစွာ ရယ်လိုက်ကြ သည်။

"အားကျရင်လည်း ရှာလိုက်ပေါ့ မမဝင်းရယ်"

"ဟဲ့ ... ရှာတာပဲ မရလို့ပေါ့။ ဟား ... ဟား ... ဟား"

ထိုစဉ် ဒေါ်သီတာဝင်းလက်ထဲမှ ပွေ့လာသော ကြောင်ကလေး က ခုံပေါ်သို့ ခုန်ဆင်းကာ ချောကလက်တောင့်ကို ကိုက်ချီ၍ ပြေးဆင်း သွားသည်။ အခန်းပြင်သို့ပါ ပြေးထွက်သွားသည်။

"ဟဲ့ ... ဟဲ့ ... ရွှေဝါ ... ရွှေဝါ ..."

ဒေါ်သီတာဝင်းက အားနာစွာ ဟန့်တားလိုက်ဆဲ ...။

"နေပါစေ ... မမဝင်းရယ်။ နေပါစေ"

"မေစံရှားရယ် ... ညည်းတို့ရဲ့ အချစ်သင်္ကေတကို ရွှေဝါက ဝင်ပြီး ခေါင်းပုံဖြတ်တာ ဘယ်ကောင်းမလဲ"

"သူလည်း ချစ်သင်္ကေတအဖြစ် သူ့ကြောင်မလေးချစ်သူကို သွားကျွေးမှာ ထင်ပါရဲ့"

ကိုနေသော်က ဝင်၍ အရွှန်းဖောက်သည်။

"ဖြစ်နိုင်တယ်။ သူက ဟိုဘက်ခန်းက ကြောင်မလေးနဲ့ ခု တစ်လော တပူးတွဲတွဲဖြစ်နေတာ"

ဒေါ်သီတာဝင်း၏စကား။

"ဒါဆို ရှားတို့က ပါရမီဖြည့်ပေးလိုက်တာပေါ့နော်။ အဟင်း ဟင်း"

"ဒါပေါ့"

မေစံရှားနှင့်ကိုနေသော် အတိုင်အဖောက်ညီစွာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၄ |

❑

"ဒေါ်မေစံရှားရေ ... ခင်ဗျား အတော်ကံကောင်းသွားထ
ဗျို့"

ရဲအုပ်ထင်လင်း၏ တယ်လီဖုန်းထဲမှအသံမှာ နောက်ခြေ
ခြင်းမဟုတ်ဘဲ မောလျှော့ ပြောလိုက်သံဖြစ်သည်။

"ဘာဖြစ်လို့လဲ ကိုထင်လင်း"

"ဒေါ်မေစံရှားဆီက ချောကလက်တွေကို အင်းစိန် စီ
သိပ္ပံနည်းပညာဌာနကို ပို့ပြီး ဓာတ်ခွဲပေးပါလို့ မေတ္တာရပ်ခံလိုက်
အထဲမှာ ဘာတွေ့လဲ သိလား"

"အဆိပ်လား"





"မှန်တာပေါ့ဗျာ။ ဆိုးဆေးဖော်ရာမှာ အသုံးပြုတဲ့ နိုက်ထရိုဇင်ဖိုင်းဓာတ်တွေ တွေ့ရတယ်တဲ့။ ချောကလက်အတောင့်တိုင်းရဲ့ အပေါ်ယံ သကြားရည်ထဲမှာ အဲဒီဓာတ်တွေ တွေ့ရတယ်လို့ ခုပဲ အကြောင်းပြန်တယ်"

"အဲဒါ ဘယ်လိုထည့်တာ ဖြစ်နိုင်လဲ"

"ချောကလက်ပတ်တဲ့ စက္ကူကို စစ်ဆေးကြည့်တဲ့အခါ ဘေးမှာ အပေါက်ကလေးဖောက်ထားတာကို တွေ့ရတယ်တဲ့။ အထဲက ချောကလက်အရည်တွေကို စုပ်ယူပြီး နောက်ထပ်အရည်တွေကို ထိုးသွင်းထဲ့ လက်ချာပေါ့"

"ဟင် ..."

"ဒေါ်မေစံရှား သတိထားဗျို့။ တစ်ယောက်ယောက်ကတော့ ဒေါ်မေစံရှားကို ရှင်းပစ်ဖို့ ကြံနေပြီ။ အဲဒါ နည်းနည်းစုံစမ်းပါ"

"ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ် ကိုထင်လင်းရယ်"

ရဲအုပ်ထင်လင်း ဖုန်းချသွားသည်။

အဖြစ်က ဤသို့ဖြစ်သည်။

ဒေါ်ဝင်းသူဇာထံမှ ရရှိသော ချောကလက်ကို မေစံရှားနှင့် ထိုနေသော် စားမည်ပြုစဉ် ဒေါ်သီတာဝင်းရောက်လာပြီး ပဲမြစ်နှင့်ချောကလက် မတည့်ကြောင်းပြောသဖြင့် မစားဖြစ်ခဲ့။ ထိုစဉ် ဒေါ်သီတာဝင်း၏ကြောင်ကလေး ရွှေဝါက ချောကလက်ကို ကိုက်ချီပေးသွားခဲ့သည်။

ထိုညနေ မေစံရှား တရားရုံးမှ ပြန်လာသောအခါ ကြောင်ကလေးရွှေဝါ အမြှုပ်များထွက်၍ သေဆုံးသွားကြောင်း ဒေါ်သီတာဝင်းက ပြောပြသည်။ ရွှေဝါနှင့်အတူ တစ်ဖက်ခန်းမှ ကြောင်မလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါလိုပင် အမြုပ်များထွက်ကာ သေဆုံးသွားခဲ့သည်ဟု ဆို၏။

"ဒါ ချောကလက်ကြောင့် ဖြစ်နိုင်တယ်။ မေစံရှား ချောကလက်တွေ မစားနဲ့တော့"

ဟု ဒေါ်သီတာဝင်းက သတိပေးခဲ့သည်။ ထို့ကြောင့် မေစံရှားက ချောကလက်များကို ရဲအုပ်ထင်လင်းဆီသို့ ပို့ကာ အကျိုးအကြောင်းကို ပြောပြခဲ့သည်။ ရဲအုပ်ထင်လင်းက စီအိုင်ဒီကိုပို့ကာ ဓာတ်ခွဲကြည့်ခဲ့ပြီး အကြောင်းပြန်လာသည်က ချောကလက်မှာ အဆိပ်ပါသတဲ့။

မေစံရှားနှင့်ကိုနေသော် ကံကောင်းသွားခြင်းဖြစ်ပြီး ကြောင်ကလေးရွှေဝါတို့က တန်ဆာခံသွားရခြင်းဖြစ်ပေသည်။

ရဲအုပ်ထင်လင်းပြောသလို မေစံရှားကို တစ်စုံတစ်ယောက်က ရှင်းပစ်ဖို့ ကြံစည်နေသည်မှာ မြေကြီးလက်ခတ်မလွဲ သေချာနေပြီ။

မည်သူနည်း။

ဒေါ်ဝင်းသူဇာက ချောကလက်ကို ပေးခဲ့သည်မှန်သော်လည်း ဒေါ်သူဇာဝင်းကတော့ မဖြစ်နိုင်။ ဒါကလည်း သေချာ၏။ ဒေါ်ဝင်းသူဇာနှင့်က အငြိမ်းအာဃာတမရှိသည့်အပြင် မိမိအပေါ် တူမတစ်ယောက်လို ချစ်ခင်သောသူ။

သို့ဆိုလျှင် မည်သူနည်း။

ချောကလက်က သူမ၏ သား၏ သူငယ်ချင်းက နိုင်ငံခြားက ပို့လိုက်တာတဲ့။

ထိုသူသည် မည်သူနည်း။

မေစံရှားသည် သိချင်သည်ကို အချိန်မဆွဲထားတတ်သူပီပီ ဒေါ်ဝင်းသူဇာထံသို့ ဖုန်းချက်ချင်းဆက်လိုက်သည်။





"ကြီးကြီး ... မေစံရှားပါ"

တစ်ဖက်မှ ဖုန်းထူးသူမှာ ဒေါ်ဝင်းသူဇာဖြစ်၏။

"မေစံရှား ... ချောကလက် ကောင်းလား"

မေစံရှားက မောပန်းစွာ ရယ်လိုက်သည်။

"ကြီးကြီးရေ ... ကြီးကြီးရဲ့ချောကလက် ကောင်းပုံကတော့ မပြောပါနဲ့တော့။ ကြောင်ကလေးနှစ်ကောင် သေသွားပြီ"

"ဟင် ... ဘာဖြစ်လို့"

"ကျွန်မတို့က မစားဖြစ်လိုက်ဘဲ တင်ထားတာကို ကြောင်ကလေးတွေက ယူစားသွားလို့လေ"

"အဲ ... အဲဒါ ... ဘယ်လိုဖြစ်တာလဲ"

ဒေါ်ဝင်းသူဇာ နားမလည်နိုင် ဖြစ်နေပုံရ၏။

"ချောကလက်ထဲမှာ အဆိပ်တွေပါနေတယ် ကြီးကြီး။ စီအိုင်ဒီက ဓာတ်ခွဲကြည့်တာ"

"ဘုရားရေ ..."

"ကြီးကြီး စိတ်မကောင်းမဖြစ်ပါနဲ့။ ကြီးကြီးနဲ့ မဆိုင်ပါဘူး။ ကြီးကြီးဆီကတစ်ဆင့် ကျွန်မဆီကို ချောကလက်ရောက်နိုင်တာသိတဲ့ သူတစ်ဦးဦးက ကြီးကြီးဆီကို ပေးခိုင်းလိုက်တာ ဖြစ်ပုံရပါတယ်"

"မေစံရှားဆိုလိုတာက မေစံရှားကို မကောင်းကြံချင်တဲ့လူက ကြီးကြီးဆီကို ဒီချောကလက်ပို့တယ်ဆိုတဲ့ အဓိပ္ပာယ်လား"

"မှန်ပါတယ်"

"ကြီးကြီးဆီကို ပို့လိုက်တာ သားရဲ့သူငယ်ချင်းပဲ။ စင်ကာပူက ပို့လိုက်တာ"

"မဖြစ်နိုင်ဘူး ကြီးကြီး။ ကြီးကြီးရဲ့သားသူငယ်ချင်း ပို့တာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး။ ဒါ ကြားထဲကလူတစ်ယောက် ဖန်တီးတာ။ လာပို့တဲ့သူက ကြားထဲကတစ်ယောက်ပဲ"

"ဒါဖြင့် လာပို့တဲ့မိန်းကလေးက လုပ်တာဖြစ်မှာပေါ့။ ဒီလိုလား"

"ဖြစ်နိုင်တယ်။ အဲဒီမိန်းကလေး။ ဒါမှမဟုတ် သူ့ရဲ့ ပါတနာတစ်ယောက်ယောက်ပဲ။ အဲဒါ ကြီးကြီး အဲဒီမိန်းကလေးကို မှတ်မိလား"

"ကောင်မလေးက ချောချောသွက်သွက် ခေတ်မီမီလေးပဲ။ အဲနေဦး ... မေစံရှား ခဏ"

ဒေါ်ဝင်းသူဇာထံမှ စကားသံပြတ်သွားသည်။ တစ်ဖက်တွင် ချီးချီးချွတ်ချွတ်အသံတွေ ကြားနေရ၏။ တရွက်လှန်သံမျိုးဖြစ်သည်။ မေစံရှား စိတ်ဝင်တစား စောင့်စားရင်း သဲလွန်စတစ်ခုခု ဖြစ်နိုင်သည်ဟု တွေးမိ၏။

"မေစံရှားရေ ..."

"ရှင် ကြီးကြီး"

"အဲဒီမိန်းကလေးပုံ ဒီနေ့ သတင်းစာမှာပါတယ်။ မီးရထားတိုက်ခံရလို့ သေသွားတဲ့ မိန်းကလေးလေ။ အဲဒီမိန်းကလေးပဲ ကြီးကြီးဆီကို ချောကလက်လာပို့သွားတဲ့နေ့က ရထားတိုက်ခံနေ့ပဲ"

"ဟင် ..."

မေစံရှား အံ့ဩသွားရပြန်သည်။

သို့ဆိုလျှင် ...

ထိုမိန်းကလေးသည် ဒေါ်ဝင်းသူဇာထံသို့ ချောကလက်ပို့သည့်ထိုနေ့မှာပင် ရထားတိုက်ခံရသည်။





အကြောင်းတစ်ခုခုတော့ ပတ်သက်ဆက်နွယ်နေတာ သေချာသည်။

မိန်းကလေး နှုတ်ပိတ်ခံရတာပဲလား။

သူမ မည်သူနည်း။

သူမကို မည်သူ ကြိုးကိုင်သနည်း။

"ကြီးကြီး စိတ်မကောင်းပါဘူး တူမရယ်။ ကံကောင်းလို့ တူမတို့ ဒုက္ခမရောက်တာ"

ဒေါ်ဝင်းသူဇာကို စိတ်ထဲတွင် ပေါ့ပါးသွားစေရန် ရည်ရွယ်၍ မေစံရှား ခပ်တိုးတိုးရယ်လိုက်သည်။ အရယ်နှင့် ဆက်၍ ခပ်သောသော ပြောလိုက်သည်။

"ကြီးကြီး ... ရှားက အသက်ပြင်းတယ်။ တော်ရုံနဲ့ သေမှ မဖြစ်နိုင်ဘူး။ ရှားကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်နေတာပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့နယ်တစ်ခုမှပင်ဖြစ်ပြီး လိပ်စာကို ကွန်ပျူတာဖြင့် ရိုက်ထားသည်။

ထင်သည့်အတိုင်းပင်ဖြစ်၏။

စာအိတ်ကိုဖွင့်၍ ဖောက်လိုက်သောအခါ ရေးထားသောစာ မဟုတ်ဘဲ စာရွက်ပိုင်းတချို့ဖြစ်နေ၏။ ပုံနှိပ်စာရွက်အချို့ဖြစ်သည်။ နိုင်ငံခြားဝတ္ထုစာအုပ်ထဲကဖြစ်သည်။

ယခင်အတိုင်းပါပဲ။

အင်္ဂလိပ်လို ရိုက်နှိပ်ထားသည့် ထိုစာပိုဒ်များကို ကိုနေသော်တို့ ဘာသာပြန်နိုင်းရမည်ဖြစ်၏။

✿✿✿

[ ၂၅ ]

❑

"သမီးရေ . . . သမီးဖို့ စာအိတ်ကြီးတစ်အိတ် ရောက်နေတယ်"

အိမ်ပြန်ရောက်ရောက်ချင်း ဒေါ်လေးကြွင်ကြွင်က ဆီး၍ပြောသည်။ မေစံရှားက ဆွဲလာသောအိတ်ကိုချ၍ ဒေါ်လေးကြွင်ကြွင်ထံမှ စာအိတ်ကို ဆွဲယူလိုက်ပြီး ဆက်တီမှာ ထိုင်ချလိုက်သည်။

စိတ်ဝင်စားစွာ စာအိတ်ကို ဖွင့်လိုက်သည်။

စာအိတ်က ယခင် မေစံရှား၏ရုံးခန်းသို့ ရောက်လာခဲ့ဖူးသည့် စာအိတ်မျိုးဖြစ်သည်။



www.burmeseclassic.com

❑

ဂရေဟာမ်က ထိုချောကလက်မှာ နောက်ထပ်ထုတ်မည့် အရ
အစားအသစ်ဖြစ်နိုင်ကြောင်း ပြောပြသည်။ ထို့နောက်တွင် သူ့မိန်း
စားသောကြောင့် သူကိုယ်တိုင်လည်း တစ်ခုယူ၍ စားသည်။ ဝါး
လိုက်သောအခါ ပူလောင်စပ်ဖျင်းဖျင်းအရသာကို သူ ခံစားရရှိလို
သည်။

မခံမရပ်နိုင်အောင် မဟုတ်သော်လည်း ချောကလက်အရသာ
ကမူ မရှိတော့ဟုထင်သည်။ ချောကလက်ထဲတွင် ထည့်လေ့ရှိသော
သံပရာအနံ့မှာလည်း အနည်းငယ် ပို၍ပြင်းသည်ဟု ထင်မိ၏။

"အားပါး ...အရသာက ပြင်းလှချည်လား။ အရက်
ပျော့ကိုမထည့်ဘဲ အရက်ပြင်းပြင်းတွေများ ထည့်ထားသလားမသိဘူး"

ဇနီးဖြစ်သူက နောက်တစ်တောင့်ကို ယူစားသည်။



"အို ...မောင်ကလည်း၊ အရက်ပြင်းတွေကိုတော့ ထည့်
ဆယ်မထင်ပါဘူး။ ခင်ကတော့ ခုလို ခပ်ပြင်းပြင်း အရသာမျိုးမှ ကြိုက်
တာ"

ဂရေဟာမ်က နောက်ထပ် ချောကလက်တစ်တောင့်ကို ယူစား
ကြည့်၏။ ပို၍ပင် မကြိုက်နိုင်ဖြစ်လာ၏။

"မောင်တော့ သူတို့ချောကလက်ကြီးကို မကြိုက်ဘူးကွာ။ သူ
တို့ချောကလက်ကို ဝါးရတာ လျှာထဲမှာ ထုံတုံတုံကြီးဖြစ်နေတယ်။ ချော
ကလက်အရသာက သိပ်ကောင်းပုံမပေါ်ဘူး။ မစားနဲ့တော့"

"ဒါကတော့ မောင်ရယ်၊ အမျိုးအစားအသစ်ကို စမ်းထုတ်
နေနေတာကိုး။ တစ်ခုရှိတာက သူ့ချောကလက်က ပူစပ်ပူလောင်ကြီး
ဖြစ်နေတာပဲ။ ခင်တောင် သိပ်မကြိုက်ချင်တော့ဘူး"

"မကြိုက်ရင် မစားနဲ့တော့ကွာ။ ပစ်လိုက်တော့"

ခဏကြာလျှင် ဂရေဟာမ်သည် အလုပ်အကိုင်နှင့် ပတ်သက်
၍ ချိန်းဆိုထားသောကြောင့် မြို့ထဲသို့ ထွက်လာခဲ့သည်။ သူ့ဇနီးသည်
မှာမူ ချောကလက်ကို စားရင်း ကျန်ရစ်ခဲ့၏။

ချောကလက်ကို ကြိုက်မကြိုက် အဆုံးအဖြတ်ပေးရန်လည်း
ဂရေဟာမ်က မှာခဲ့သည်။ ဤစကားများကို ဂရေဟာမ်က ကောင်းစွာ
မှတ်မိ၏။ ထိုအချိန်သည် သူ၏ဇနီးသည်ကို အသက်ရှင်လျက် နောက်
ဆုံးတွေ့လိုက်ခြင်းဖြစ်၏။

အချိန်မှာ နှစ်နာရီခွဲခန့်ရှိလေပြီ။ ညနေလေးနာရီခွဲတွင် ဂရေ
ဟာမ်သည် မြို့ထဲမှကလပ်သို့ တက္ကစီတစ်စီးဖြင့် ရောက်ရှိလာသောအခါ
မှာ သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသည်။ ဒရိုင်ဘာနှင့်ပေါ်
ဆာက သူ့ကိုတွဲ၍ ကလပ်ထဲသို့ ပို့ပေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာမှာ လူသေအလောင်းကဲ့သို့ ဖြူရော်နေကာ မျ
လုံးက ပြူးကျယ်နေ၏။ နှုတ်ခမ်းနှင့်အသားမှာ ပြာလျက်ရှိသည်။ တ
ကိုယ်လုံးမှာလည်း ချွေးစေးတွေ ပြန်နေသည်။ သို့သော် သူသည် သ
တာ့ လွတ်သွားခြင်းမရှိသေး။ ဂရေဟမ်သည် ပေါ်တာ၏အကူအညီ
ကလင်ဒေ့ခန်းထဲသို့ ရောက်သွားသည်။

ကလပ်ပေါ်တာမှာ အထိတ်တလန့်ဖြစ်လျက် ဆရာဝန်ထ
ယောက် ချက်ချင်းခေါ်ရ၏။ ဂရေဟမ်ကမူ ဆရာဝန်ခေါ်ရန်မလိုကြော
အစာမကြေ၍ ဖြစ်မည်ထင်ကြောင်း ပြောနေသည်။ ထိုအချိန်မှာ ဗျ
ခန်းထဲတွင် ဆာဝီလျံလည်း ရှိနေရာ ဂရေဟမ်က ...

"ခင်ဗျားပေးလိုက်တဲ့ အသုံးမကျတဲ့ ချောကလက်တွေ
ပြီး ဒီလိုဖြစ်တယ် ထင်တာပဲဗျ။ ဟုတ်တယ် ... ကျွန်တော် မှတ်မိ
ချောကလက်က တစ်မျိုးကြီးပဲ၊ ပုစပ်ပုလောင်ကြီးနဲ့ဗျ။ ကျွန်တော့်မိန်
လည်း ဘယ်လိုများ ဖြစ်နေမလဲမသိဘူး"

မိမိမျက်စိရှေ့မှောက်တွင် ဂရေဟမ်တစ်ယောက် သေကော
ပေါင်းလဲ ဖြစ်နေသည်ကို သိလိုက်သည့်အခါတွင် ...။

✿ ✿ ✿

❏

"ဒါက ဝတ္ထုတစ်ပုဒ်ထဲက စာတချို့ပဲ ရှား။ ကိုကိုဖတ်ဖူးတဲ့
ဝတ္ထုတစ်ပုဒ်ပဲ။ အင်္ဂလိပ်စာရေးဆရာ Anthony Barkeley ရဲ့ ဝတ္ထုလို့
ထင်တယ်။ ကိုကိုမှတ်မိသလောက် ပြောရရင် ဗီလျံက ချောကလက်ကို
ပေးလိုက်တာ။ ဂရေဟမ်က တခြားချောကလက်နဲ့လဲပြီး သူ့မိန်းမကို
ကျွေးလိုက်တာ။

သူ့ကို ရဲက လုပ်ကြံမှုန်းမသိအောင် သူပါ ချောကလက်ကို
စားလိုက်တဲ့သဘောပဲ။ သူစားတာကနည်းတော့ မသေဘူး။ သူ့မိန်းမ
က သေသွားတယ်။ ဟုတ်တယ် ...။ ကိုကိုမှတ်မိပြီ။ ချောကလက်
ထဲမှာ ထည့်ထားတာက ဆိုးဆေးထဲမှာထည့်ပြီး အသုံးပြုတဲ့ နိုက်ထရို
ဘင်ဇိုင်းဓာတ်ပဲ"

ကိုနေသော်၏ စကားအဆုံး၌ မေစံရှားက လေးပင်စွာ ခေါင်း
ညိတ်ယမ်းခါနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါပဲ။ ဝတ္ထုထဲကအတိုင်း လုပ်ထားတာပဲ။ ရဲရင့်ထင်လင်းပြောတာကလည်း ချောကလက်မှာ အဲဒီ နိုက်ထရိုဗင်ဇိုင်း တွေ့ရတယ်တဲ့။ သေချာတယ်။ ရှားကို လုပ်ကြံတာပဲ"

"အဲဒါ ဘယ်သူဖြစ်နိုင်လဲ ... ရှား။ ကိုထင်လင်းကိုလည် အကြောင်းကြားထားသင့်တယ်"

"ရဲအုပ်ကြီးကိုတော့ ဒီဝတ္ထုအပိုင်းကို ပို့လိုက်တဲ့အကြောင်း ထပ်ပြီး အစီရင်ခံရမှာပေါ့။ အင်း ... တိုက်ဆိုင်နေတာ သုံးကြိမ် သွားပြီ။ ပထမတစ်ခါက ဦးကြီးမြင့် အက်ဆီးဒင့်ဖြစ် သေဆုံးရစဉ်က ဒုတိယ ဦးစိန်ဝင်းသေဆုံးရစဉ်က။ အခုတစ်ခါက ချောကလက်ပို့တာ ဒါကိုထောက်ခြင်းဖြင့် ပို့သူဟာ တစ်ယောက်တည်းပဲလို့ဆိုတာ သေချာ နေသလို ရှားကိုစိန့်ခေါ်နေတာလည်း သေချာတယ်"

"စိန်ခေါ်ရုံမကဘူး။ အသက်ကိုပါ ရန်ရှာလာပြီလေ။ သူ့ဘယ် က အရှိန်တိုးမြှင့်လိုက်တဲ့သဘောပဲ။ သတိတော့ ကြီးကြီးထားမှဖြစ် တော့မယ်"

"ဘာလဲ ... ရှားကိုစိတ်မချလို့ ကိုကို လက်ထပ်ပါရစေလို့ ပြောမှာမဟုတ်လား။ သိပါတယ်နော်။ ပွဲအလန့်မှာ ဖျာဝင်ခင်းချင်တာ"

"ဟာ ... ရှားကလည်းကွာ။ ကိုကိုက စိတ်ပူလို့ အကောင်း ပြောတဲ့ဟာကို"

"သိပါတယ် ကိုကိုရယ်။ ကျွန်မြီးတိုမသွားပါနဲ့။ ရှားက ချစ် လို့စတာပါ"

ဒေါ်လေးကြင်ကြင်က ကော်ဖီခွက်များယူလာ၍ ချပေးရင်း..

"အေး ... မင်းတို့နှစ်ယောက်လည်း ယူမှာဖြင့် ယူကြတော့





တော်တို့ယူပြီးမှ ဒေါ်လေးလည်း စိတ်ချလက်ချ နောက်ကြောင်းအေးအေး နဲ့ တရားစခန်းဝင်လို့ရမှာ"

ကိုနေသော်က မေစံရှားကို ပြုံးစဖြင့်ကြည့်ကာ ...

"တွေ့လား ... ဒေါ်လေးကို အားနာဖို့ကောင်းနေပြီ။ ဒေါ်လေး ရဲ့ဘုသိုလ်ရေးမှာ ရှားက အနှောင့်အယှက် အဟန့်အတားဖြစ်နေပြီ ပြောထားတော့"

မေစံရှားက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ဒေါ်လေးရယ် ... ကိုကို့ရှေ့မှာများ ပြောရတယ်လို့။ ရေ သော်နေတဲ့သူကို ရေတွင်းထဲ တွန်းချတာကိုး"

ထိုစဉ် ...

မေစံရှားခေါ်ဟန်းဖုန်းက တီးလုံးကလေးထွက်လာသည်။ မေစံ ရှားက ဖုန်းကိုယူကြည့်သည်။ မျက်မှောင်ကြုတ်လိုက်သည်ကို ကိုနေ သော်က သတိပြုမိ၏။

"ဘယ်ကဖုန်းလဲ ရှား"

"နံပါတ်စိမ်းပဲ။ ရှားကြည့်ရတာ ကတ်ဖုန်းတစ်ခုခုပဲ"

"ဟိုအရင် အဲဒီလိုကတ်ဖုန်းနဲ့ဆက်ဖူးတာ ဘယ်သူပါလိမ့်"

"ရှားမိတ်ဆွေကြီး ကိုမင်းစိန်လေ"

"သံလက်ကောက်ဘရုန်းကို ပြောတာလား"

"ဟုတ်တယ်။ ခုလည်း သူပဲဖြစ်မယ်ထင်တယ်"

မေစံရှားက ဖုန်းကိုဖွင့်သည်။

"ဟဲလို ..."

"ဒေါ်မေစံရှား နေကောင်းတယ်နော်"

မေစံရှားက ကိုနေသော်ကို လှမ်းကြည့်ကာ ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



တ်။ ဒေါ်လေးကြောင်ကြောင်ကမူ ဘာမှမသိသဖြင့် အတွင်းသို့ ပြန်ဝင်သွားသည်။

"ကိုမင်းစိန် ... ပြောပါ။ ဘာကိစ္စများရှိလို့လဲ"

"မနေ့ညက အိပ်မက်မကောင်းတာနဲ့ ဖုန်းဆက်ကြည့်တာပါ။ အိပ်မက်ထဲမှာ ဒေါ်မေစံရှား ဆေးရုံတက်ရတယ် မက်လို့လေ။ ကိုယ့်စိတ်ထွေဆိုတော့ စိတ်ပူသွားလို့လေ"

"စိတ်ပူပေးတာ ကျေးဇူးပါပဲ။ ဒါပေမဲ့ မေစံရှားက တော်ရုံနဲ့ မသေနိုင်ဘူးရှင့်။ သိပ်အသက်ပြင်းတာ။ အမှန်တရားကိုဖော်ထုတ်ဖို့ တာဝန်တွေရှိနေသေးလို့ မေစံရှား အသက်ရှည်နေဦးမှာပါ"

"ကောင်းပါလေ့ဗျာ။ ဒေါ်မေစံရှားရှိတာ လူ့လောကအတွက် ကောင်းကျိုးချမ်းသာ ရတာပါပဲ။ ကျွန်တော်လည်း အသက်ရှည်ပါစေလို့ ဆုတောင်းပါတယ်"

"ကိုသဂျမ်းက ကျွန်မကို ယှဉ်ပြိုင်ချင်လို့ အသက်ရှည်စေချင်တာလား"

"အဲဒါလည်း ပါတာပေါ့"

"အလင်းထဲကလူနဲ့ အမှောင်ထဲကလူ၊ အဆုံးတစ်နေ့ကျရင် အလင်းထဲကလူက နိုင်မှာပါပဲရှင့်"

"အမှောင်ထဲကလူက အလင်းထဲကလူကို မြင်ရတယ်ဗျ။ အလင်းထဲကလူက အမှောင်ထဲကလူကို မမြင်နိုင်ဘူး။ ဒီတော့ အမှောင်ထဲကလူက တစ်ပန်းသာနေတာ အမှန်ပဲ"

"ဒါပေမဲ့ ကိုသဂျမ်း၊ သိထားရမှာက အလင်းထဲကလူဟာ စိတ်အေးကောင်းရှင်းစွာ လိပ်ပြာလုံစွာနဲ့ နေနိုင်ပြီးတော့ အမှောင်ထဲကလူက ကျိုးလန့်တ စားနေရတာပါ"





"မငြင်းပါဘူး။ ဒါပေမဲ့ အကွက်ကြိုမြင်တဲ့သူက သာမှာပဲလေ။ မဟုတ်ဘူးလား"

"မှန်ပါတယ်။ အကွက်မြင်တဲ့သူ သာမှာပါ။ အကွက်မြင်တာ ချင်းတူရင်တော့ စေတနာမှန်သူက နိုင်မှာပါ။ ဟုတ်တယ်နော်"

"ဒေါ်မေစံရှားက ရှေ့နေပဲဗျာ။ စကားပြိုင်ပြောလို့ ကျွန်တော် မနိုင်ပါဘူး"

"ရှေ့နေမို့ စကားပြောတတ်တယ် မထင်ပါနဲ့ရှင်။ နှလုံးသားက အပြစ်အနာကင်းလို့ ရှင်းလင်းတဲ့စကားတွေ ထွက်လာတာပါ။ ကဲ ဒီပဲမဟုတ်လား။ ကျွန်မ အလုပ်တွေရှိသေးလို့ ဖုန်းချပါရစေ"

မေစံရှားက ဖုန်းကိုပိတ်လိုက်သည်။

ကိုနေသော်က ပြုံး၍ကြည့်သည်။

"စာရေးကိုးပြီးတိုင်း ဖုန်းဆက်လာသူဟာ သံလက်ကောက်အချုပ်ဖြစ်နေတာ ရှား သတိပြုမိတယ်နော်"

"ပြုမိပါတယ်"

"ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ သူနဲ့များ သက်ဆိုင်နေမလား။ ရှား အခြေထုတ်သင့်ပြီ"

မေစံရှားက ခပ်တွေတွေ ခပ်လေးလေး ခေါင်းကိုညိတ်လိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

❑

ကြောင်နက်ကလေးကို ပွတ်သပ်နေသော သံလက်ကော
ဘဂျမ်း၏ရှေ့သို့ မျက်မှန်လူလေး ဝင်လာသည်။ လူလေး၏မျက်နှာ
မှုန်နေလျက်။ မျက်လုံးတွေက မီးကျီခဲလို ရဲနေသည်။ အရက်သော
လာပုံရှိသည်။ လူက အနည်းငယ် ယိုင်နေသည်။

"ဆရာ ... မှန်မှန်ပြောပါ"

ပထမဆုံးထွက်လာသည့် လူအေး၏စကား။

"ဘာလဲကွ ... လူအေးရာ။ မင်းစကားသံက အရင်း
အဖျားမရှိ"





ဘဂျမ်းက အေးဆေးစွာ ပြန်ပြောသည်။ မျက်နှာမှာ အပြုံး
ခပြုံးယ်။

"ချောမူယာသေရတာ ဘာကြောင့်လဲ"

လူအေးထံမှ ဒုတိယမေးခွန်း။

"ရထားတိုက်ခံရလို့လေ"

လူအေးက ခေါင်းကိုခါသည်။ တတိယမေးခွန်း ထွက်လာ၏။

"ဆရာ ချောမူယာကို ရှင်းလိုက်တာမဟုတ်လား"

ဘဂျမ်း အနည်းငယ် မျက်လုံးပြူးသွားသည်။ သို့သော် စက္ကန့်
ပိုင်းအတွင်းမှာပင် သူ၏မျက်နှာကို ပြင်လိုက်ပြီးဖြစ်သွား၏။

"အဓိပ္ပာယ်မရှိတာကွာ။ ချောမူယာကို ငါက ဘာလို့ရှင်းရမှာ
လဲ။ ရဲဘော်ရဲဘက် သွေးသောက်ညီအစ်ကိုဖြစ်တယ်။ ညီမလေးဆိုလည်း
ဟုတ်တယ်။ တစ်သက်လုံး တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြ
ဖို့ အဓိဋ္ဌာန်ပြုထားကြသူတွေ။ မင်း ဘာလို့ ဒီလိုစွပ်စွဲရတာလဲ"

မျက်မှန်လူအေး အနည်းငယ် ပျော့ကျသွားသည်။

"ချောမူယာသေတာ တခြားလူတွေကောင်းဖို့ဆို။ ဆရာပဲပြော
တာ"

"ဒါ မရိုးတင်ကဲ ရင်ထဲကထွက်လာတဲ့ စကားတွေ။ ငါနိုင်း
လို့ သူခေါ်သွားဝယ်ရတာ။ အဲဒီမှာ ရထားတိုက်ခံရတယ်။ ဒါကြောင့်
ဒါခံစားရတယ်။ ငါ့စနက်ကြောင့် သူသေရတာလို့ စိတ်မကောင်းဖြစ်ရ
တယ်။ အခု မင်းက ငါ့ကိုထပ်ပြီး ထိုးနှက်ပြန်ပြီ။ အနာပေါ်အနာကျ
ခံစားရတယ်ကွာ"

"မူယာက ကျွန်တော်တို့ရဲ့ ဘော်ဒါဖြစ်ရုံမကဘူး။ သေအတူ



www.burmeseclassic.com

www.burmeseclassic.com



ရှင်မကွာ လက်တွဲလာတာ။ ပြီးတော့ . . . ပြီးတော့ . . . ကျွန်တော်နဲ့ သူက သံယောဇဉ်တွယ်နေတာ''

''ငါသိပါတယ်။ ဒါကြောင့် မင်းကို ငါ စာနာပါတယ်။ ဒါပေမဲ့ အမှတ်မထင်ဘဲ ဖြစ်ခဲ့ရတယ်လေ။ ဝမ်းနည်းကြေကွဲရုံကလွဲပြီး ငါတို့ ဘာတတ်နိုင်မှာလဲ။ မင်းစိတ်ကို လျှော့လိုက်ပါကွာ။ ပြီးတော့ ငါတို့ အချင်းချင်း သံသယမထားကြရအောင်ကွာ''

သံလက်ကောက်ဘဂျမ်းက သူ၏သံလက်နှင့် ကြောင်ကိုပွေ့လျက် ထိုင်ရာမှထကာ လူအေး၏ပခုံးကို ကျန်လက်တစ်ဖက်နှင့် ပုတ်၍ နှစ်သိမ့်သည်။

လူအေး ငြိမ်သွားပြီး မျက်ရည်များသာကျလာ၏။ ဒေါသက ပြေးထွက်သွားခဲ့ပြီ။

သံလက်ကောက်ဘဂျမ်း၏ မျက်လုံးများကမူ တောက်လျက်ရှိလေ၏။

✿ ✿ ✿

| ၂၇ |

❑

ရဲအုပ်ထင်လင်း သည်နေရာကို ရောက်ခဲ့သည်မှာ အကြိမ်များလှပြီ။ ရထားတိုက်မှုဖြစ်ပြီးနောက် ဤနေရာတစ်ဝိုက်၌ ရဲအုပ်ထင်လင်း သတင်းရှာဖွေနေခဲ့သည်။ မေးပါများ စကားရဆိုသည်မဟုတ်သော။

ရထားလမ်းက လမ်းကွေ့။

နေရာက လူနေရပ်ကွက်နှင့် အတန်ငယ်လှမ်းသည်။

သို့သော် လူသွားလူလာက ရှိ၏။ သံလမ်း၏တစ်ဖက်မှာ စက်ရုံတစ်ခု ရှိနေသည်လေ။

ယနေ့တော့ ရဲအုပ်ထင်လင်း ကံကောင်းခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အမာခံသတင်းပေးတစ်ဦးက လူတစ်ယောက်ခေါ်လာသည်။

"ဆရာ ... သူ့မှာ သတင်းထူးတစ်ခု ပေးစရာရှိနေတယ်"

အမာခံသတင်းပေးက မိတ်ဆက်ပေးသည်။

"ကဲ ... ပြောပါဦး"

"အဲဒီညက ကျွန်တော်က အလုပ်ကအပြန် နောက်ကျတယ်။ ရထားဖြတ်သွားတော့ ကျွန်တော် ခပ်လှမ်းလှမ်းမှာ။ သံလမ်းကို မရောက်သေးဘူး။ ရထားဖြတ်သွားတာကို တွေ့တယ်။ ဒါပေမဲ့ အော်သံ ဘာမှ မကြားရဘူး။ ရထားကျော်သွားတော့ ကျွန်တော် သံလမ်းကိုဖြတ်တယ်။ အခုသေဆုံးတယ်ဆိုတဲ့ မိန်းကလေးကို ကျွန်တော် မတွေ့ပါဘူး"

"ဘယ်လို ..."

"ကျွန်တော်တို့ ရထားလမ်းကို ဖြတ်ကူးကြတဲ့ လမ်းကလေး ရှိပါတယ်။ အဲဒီမှာ မိန်းကလေး ရထားတိုက်ခံရတာ မဟုတ်ဘူး။ ဖြတ်မကူးတဲ့နေရာမှာ"

"အဲဒီတော့ မိန်းကလေးဟာ ရထားလမ်းကို ဖြတ်ကူးရင်း အတိုက်ခံရတာ မဟုတ်ဘူးဆိုတဲ့ သဘောလား"

"မှန်ပါတယ်"

"အော်သံ မကြားရဘူးဆိုတော့ သေပြီးမှ ရထားသံလမ်းပေါ် တင်ထားတာမျိုးကော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်"

"နောက်ကော ဘာထူးခြားတာ တွေ့သေးလဲ"

"ရထားဖြတ်သွားပြီးနောက်မှာ ကျွန်တော် ရထားလမ်းကို ဖြတ်လာတော့ လူတစ်ယောက် ရပ်ထားတဲ့ကားပေါ်တက်သွားတာ တွေ့ရတယ်။ ကားက ဆလွန်းကားလေးပါ။ အဖြူရောင်ပါ။ ဒီလူကို ဒီထက်





ခန်းကျင်မှာ မမြင်ဖူးပါဘူး။ ပြီးတော့ ကားကိုလည်း မမြင်ဖူးဘူး။ ထူးခြားတာက ..."

"ပြောပါဦး ... ဘာထူးခြားလဲ"

"သူ့လက်တစ်ဖက် ... အဲ ... ဘယ်လက်ကို မီးရောင်အောက်မှာ တွေ့လိုက်ရတာ လက်အစုံလို့ထင်တယ်"

"ဒီလူက သူ့ဘာသာ သူ့ခရီး သူသွားတာလဲ ဖြစ်နိုင်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီလို ညအချိန်မှာ ဒီလိုနေရာမှာ ဒီကားက ဘာကြောင့်ရပ်ပြီး ဒီလူက ဘာလာလုပ်တာလဲ။ စဉ်းစားစရာပါ"

"ကျေးဇူးတင်ပါတယ်။ ခင်ဗျားဆီက အလွန်တန်ဖိုးရှိတဲ့ သတင်းတွေ ရလိုက်တာပါပဲ။ တစ်ခုတော့ ပြန်စဉ်းစားပေးပါဦး။ အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကိုရော ဖော်ပြနိုင်လောက်အောင် သတိမပြုမိလိုက်ဘူးလား"

"သဲသဲကွဲကွဲတော့ မဟုတ်ဘူး။ ဒါပေမဲ့ လူက သပ်သပ်ရပ်ရပ်။ အရပ်အမောင်း ကောင်းကောင်းပါ။ စောစောကပြောသလို ထူးခြားတာက သူ့ရဲ့ဘယ်လက်က အတုလို့ ထင်ရတာပါပဲ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၀ ]

မေစံရှား တရားရုံးမှအထွက်တွင် ဖုန်းမြည်လာ၏။ လ
လျှောက်လာရင်းမှပင် ဖုန်းကိုဖွင့်၍ နားထောင်ရသည်။

"ဟဲလို ... ကိုထင်လင်း။ ဘာများထူးလို့လဲ"

"ဒေါ်မေစံရှားကို တစ်ခုလောက် မေးချင်လို့"

"ဟုတ်ကဲ့ မေးပါ"

"ဒေါ်မေစံရှားပြောခဲ့ဖူးတဲ့ သံလက်ကောက်ဘဂျမ်းကို မြင်
လား"

"မြင်ဖူးတယ်။ ဒါပေမဲ့ ဒါ လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်က
အခုနောက်ပိုင်း မတွေ့ဖူးပါဘူး"





"သူက ဘာကြောင့် သံလက်ကောက်ဘဂျမ်းလို့ နာမည်ယူ
တာလဲ။ သူ့လက်က လက်အတုတပ်ထားလို့လား"

"မပြောတတ်ဘူး။ အဲဒီဖြစ်နိုင်တယ်"

"ဒါဆိုရင် ကျွန်တော်ရခဲ့တဲ့ သတင်းက အဲဒီသံလက်ကောက်
ဂျမ်းများ ဖြစ်နေမလား"

"ကိုထင်လင်းက ဘာသတင်းရခဲ့လို့လဲ"

"ရထားတိုက်ခံရပြီး သေဆုံးသွားတဲ့မိန်းကလေး အခင်းဖြစ်
တာ အဲဒီနားမှာ အခင်းဖြစ်တဲ့အချိန်ဝန်းကျင်မှာ လက်အတုနဲ့ လူ
ယောက်ကို တွေ့လိုက်တဲ့သူရှိတယ်။ အချိန်နဲ့နေရာ တိုက်ဆိုင်မှု
ကြောင့် မသက်ာရဘူးလို့ ထင်မိတယ်။ ပြီးတော့ မိန်းကလေးကို ရထား
တိုက်ချိန်မှာ အော်သံမကြားရဘူးလို့ ဆိုတယ်။ ဒါကြောင့် သတ်ပြီးမှ
ထားလမ်းပေါ်လာချတာ ဖြစ်နိုင်မလားလို့လည်း တွေးမိတယ်"

"ကိုထင်လင်းတွေးတာ သဘာဝကျပါတယ်။ ဒါပေမဲ့ ရထား
သံ ဆူညံနေတာမို့ အော်သံမကြားရတာလည်း ဖြစ်ကောင်းဖြစ်နိုင်
တယ်။ တွေးစရာရှိတာတွေးပြီး လိုက်စရာရှိတာတော့ လိုက်ရမှာပါ
ကိုထင်လင်းပြောသလို အဲဒီတွေ့လိုက်တဲ့ လက်အတုနဲ့လူက သံလက်
ကောက်ဘဂျမ်း ဖြစ်နိုင်ဖွယ်ရှိပါတယ်"

"အဲဒါမှန်ရင်တော့ တရားခံဖော်နိုင်ဖို့ နီးစပ်လာပြီလို့ ပြောရ
မဲ့ ဒေါ်မေစံရှား"

"တစ်ခု ဒီလိုလုပ်ရင် ကောင်းမယ်ကိုထင်လင်း။ ကျွန်မဆီ
ဆက်ခဲ့ဖူးတဲ့ သံလက်ကောက်ဘဂျမ်းရဲ့ ဖုန်းနံပါတ်တွေကို ကျွန်မ
ရှာကြည့်ပါ့မယ်။ ရရင် အဲဒီဖုန်းနံပါတ်တွေကို မြန်မာ့ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ငန်းမှာ အကူအညီတောင်းပြီးလိုက်ရင် သူ့ရဲ့ နေထိုင်ရာအရပ်ကို နည်းနည်းတော့ Scope ကျဉ်းပြီး ခြေရာခံနိုင်မယ်ထင်တယ်"

"အဲဒါကောင်းတယ် ဒေါ်မေစံရှား။ ဖုန်းနံပါတ် အမြန်ရှာပေးပါ။ ကျွန်တော်ဆက်လုပ်မယ်။ ကျေးဇူးပဲ"

"ကျွန်မကလည်း ကျေးဇူးတင်ပါတယ် ကိုထင်လင်း။ မြို့ကွယ်နေတဲ့ အမှုပေါ်ဖို့ရယ်၊ ဒီတရားခံက နောက်ထပ် ဖြစ်မှုမကျူးလွန်နိုင်ဖို့ရယ်ကို ကိုထင်လင်းက ခုလို အင်တိုက်အားတိုက် တာဝန်ယူပြီးလိုက်နေတာ ချီးလည်း ချီးကျူးပါတယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ဒေါ်မေစံရှား"

"အဲဒီနောက်ကွယ်က တရားခံ၊ ဒါမှမဟုတ် ကြိုးကိုင်သူဟာ သံလက်ကောက်ဘဂျမ်းဆိုရင်တော့ သတိထားရမှာအမှန်ပဲ ... ကိုထင်လင်း။ ဒီလူက သိပ်ဉာဏ်ကောင်းတာ။ အကွက်ချနေရာမှာလည်း တော်တယ်။ ကိုထင်လင်းတော့ ပြိုင်ဘက်ကောင်းကောင်းတွေ့ပြီလို့ ပြောရမှာပဲ"

"သတိပေးတာ ကျေးဇူးပါပဲ။ ကျွန်တော်ကလည်း အဲဒီလို ပြိုင်ဘက်ကောင်းနဲ့ တွေ့ချင်နေတာပါ"

"ဟုတ်ပါပြီလေ။ သတင်းထူးရင် ကျွန်မကိုပြောပါဦး။ ကျွန်မလည်း စောစောက ဖုန်းနံပါတ်တွေရှာပြီး ကိုထင်လင်းဆီ ပို့ပါ့မယ်"

"အိုကေ ... ဒေါ်မေစံရှား"

မေစံရှား ဖုန်းကိုပိတ်၍ သိမ်းသည်။

လက်အတုနှင့် လူတစ်ယောက်။ ထိုသူကပဲ မိန်းကလေးကို သေကြောင်းကြံစည်ခဲ့သလား။ ရထားတိုက်မိအောင် လုပ်ခဲ့တာလား။ သတ်ပြီးမှ ရထားလမ်းပေါ်တင်တာလား။

---

စိတ်ကူးသစ်စာပေ



ထိုမိန်းကလေးမှာ လွှန်ခဲ့သော ဦးဝင်းစိန်အမှုမှာ ပါဝင်ပတ်သက်ပြီး ရဲက ခြေရာခံမိနေသူဖြစ်၍ အဖွဲ့ကပဲ စာရင်းရှင်းခဲ့တာလေလား။

သို့ဖြစ်လျှင် လက်အတုနှင့်လူက အဖွဲ့ဝင်လား။ သို့မဟုတ် နောက်ကွယ်က ကြိုးကိုင်သူလား။

သူသည် သံလက်ကောက်ဘဂျမ်းလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

❑

သံလက်ကောက်ဘဂျမ်းက ဖုန်းကိုဖွင့်သည်။ တစ်ဖက်မှအသံမှာ မိန်းမသံဖြစ်သည်။

"အမှုတစ်ခု အပ်ချင်လို့ပါ"

"ကျွန်တော်က ရှေ့နေမှမဟုတ်တာ"

တစ်ဖက်မှ ရယ်သံကြားရ၏။

"အမှုကို ဖြေရှင်းပေးဖို့ မဟုတ်ပါဘူး။ အမှုကို ဖန်တီးပေးဖို့ပါ"

"ဟုတ်လား။ ဒါဆိုရင်တော့ စိတ်ဝင်စားတယ်"

"ကိုဘဂျမ်းစိတ်ဝင်စားတဲ့ အမှုမျိုးပါ"





"ဘာမှုလဲ"

"လူသတ်မှု"

"ခင်ဗျားဘယ်သူလဲဆိုတာ အရင်ပြောဦးလေ"

"ကိုဘဂျမ်းရဲ့မိတ်ဆွေ ကိုတောက်ထိန်ရဲ့ညီမပါ"

"ဩော် ... သိပြီ။ Twi Light စားသောက်ဆိုင်ပိုင်ရှင်မဟုတ်လား"

"မှန်ပါတယ်"

"အဲဒီကိစ္စ ဆွေးနွေးရအောင်။ ကျွန်မတို့စားသောက်ဆိုင်ကို ကြွခဲ့ပေးလို့ရမလား"

"ဘယ်နေ့ ဘယ်အချိန်လဲ"

"အဲဒါကို ကိုဘဂျမ်းက ချိန်းပါ။ ကျွန်မက အမြဲလိုလို ဆိုင်မှာရှိပါတယ်။ အထူးသီးသန့်ခန်းမှာ တွေ့ကြတာမို့ စိတ်ချရပါတယ်"

"ကောင်းပြီ။ ကျွန်တော် ဖုန်းဆက်ပါ့မယ်"

ဖုန်းချပြီး သံလက်ကောက်ဘဂျမ်း စဉ်းစားသည်။

"အမှုတစ်ခု ပေါ်လာပြန်ပြီ။ ပြီးခဲ့တဲ့ အလုပ်တွေတုန်းက သက်စလက်န နည်းနည်းပေါ်ခဲ့ရပြီး ချောမူယာကို ဆုံးရှုံးခဲ့ရတယ်။ ငါ့မှာ လူအင်အား (၃) ယောက်ပဲကျန်တယ်။ လူအေးက ချောမူယာနဲ့ ဆက်သက်ပြီး ငါ့အပေါ်မှာ မယုံသင်္ကာရှိနေတယ်။ ရဲအုပ်ထင်လင်းဆိုတဲ့လူကလည်း အသည်းအသန်ကို လိုက်နေတာ။ ငါဆင်မဲ့အကွက်က ဖျက်ဖြစ်ရတော့မှာပဲ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၀ |

❑

ကိုနေသော်နှင့် ချိန်းဆိုထားသော Twi Light စားသော
ဆိုင်ကို မေစံရှား ရောက်နေသည်မှာ ကြာပြီ။ ကိုနေသော်က ရော
မလာသေး။

"ရှား ... အဲဒီကို ဘယ်အချိန်ရောက်မလဲ။ ကိုကို
ကွင်းကနေ တန်းပြီးလာခဲ့မှာမို့ နောက်ကျရင် ခဏစောင့်ပေးပါ"

ကိုနေသော် ဖုန်းဆက်ခဲ့စဉ်က ပြောခဲ့သောစကား။

ကိုနေသော်က သူ့ဖာတ်ညွှန်းကို ရုပ်ရှင်ရိုက်နေရာသို့
ရန် ရှိနေသည်ဟု ဆိုသည်။ ကားက 'အဖြူရောင်ရဲတိုက်' ရှ
ကားကြီးဖြစ်၍ သရုပ်ဆောင်များက ယနေ့ရုပ်များဖြစ်သော နေ





ဆွေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ဖြစ်သည်။ အကြိုဇာတ်သိမ်းခန်းတို့ ပြန်
ညည်ညှိနိုင်းလိုသည်ဟု ဒါရိုက်တာက ဖုန်းဆက်သဖြင့် မေစံရှားနှင့်
ချိန်းပြီးမှ ရိုက်ကွင်းကို ပြေးရခြင်းဖြစ်သည်။

ကိုနေသော်လာမှ စားမည်ဟူ၍ ကော်ဖီတစ်ခွက်သာ ကြို၍
မှာကာ စားပွဲတစ်လုံးမှာ နေရာယူရင်း မေစံရှားသည် ဆိုင်ဝကို မကြာ
ခဏ လှမ်းကြည့်မိ၏။

Taxi တစ်စီး ဝင်လာလိုက်၊ လှမ်းကြည့်လိုက်။

ကားတစ်စီး ဝင်လာလိုက်၊ လှမ်းကြည့်လိုက်ဖြစ်သည်။

ကိုနေသော် သူ၏ပါပလေ့ကာ အစုတ်လေးနှင့် လာမလား၊
ဘတ္တစီနှင့်လားမလား၊ သို့မဟုတ် ဘတ်စ်ကားမှတ်တိုင်မှ လမ်းလျှောက်
လာချင်လည်း လာနိုင်သည်။ သူက ကပ်စေးနဲ့ကော်တရာ။

တွေးရင်း ပြုံးမိ၏။

အရက်မသောက်၊ ဖဲမရိုက်၊ မရှုပ်မပွေသော သူ့စရိုက်ကို မေ
စံရှားချစ်၏။ အရက်သောက်မှ စာရေးဆရာဖြစ်သည်ဟု တလွဲဆံပင်
ကောင်းနေသူများကြားတွင် သူက ဂုဏ်ယူစရာကောင်းသောချစ်သူ။

သူ့ဘာသာသူမူ ကပ်စေးနဲသည် ဆိုနိုင်၏။ မြိုးမြိုမြှေတာသူ
ဖြစ်၏။ မိန်းမယူဖို့ ပိုက်ဆံစုနေတာလေဟု သူ ရယ်ကျဲကျဲပြောတတ်
သည်။ တစ်ပါးသူကို ကျွေးမွေးဖို့ဆိုလျှင်တော့ သူက လက်မနှေးပါ။
ဒါတွေက မေစံရှားနှင့် စရိုက်တူခြင်းဖြစ်သည်ဟု ဆိုနိုင်၏။

လက်ထပ်ကြဖို့ အကြိမ်ကြိမ် နားပူနေသော သူ့ကို မေစံရှား
အားနာမိနေသော်လည်း ယခုထိမူ မေစံရှား လက်ထပ်ဖို့ မပြင်ဆင်ရ
သေး။ အလုပ်တွေနောက်ကို မေစံရှားလိုက်နေရသည်မို့ အလုပ်က ပထမ၊
အချစ်က ဒုတိယဖြစ်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကိုနေသော်က နားလည်ပေးရှာပါ၏။ ကျေးဇူးတင်စ
မည်လေ။

Taxi တစ်စီးဝင်လာ၍ မေစံရှား လှမ်းကြည့်မိ၏။

ဆင်းလာသူမှာ ကိုနေသော်မဟုတ်သေး။ ထိုစဉ် . . .

စားသောက်ဆိုင်၏ သီးသန့်ခန်းဘက်ဆီမှ ထွက်လာသော ရ
တစ်ယောက်ဆီသို့ မေစံရှားအကြည့်ရောက်သွားသည်။ အစိမ်းရော
ဂျာကင်ကို ဝတ်ဆင်ထားသူ၏မျက်နှာမှာ မေစံရှားနှင့် ရင်းနှီးဖူးသူ
ဦးနောက်ထဲမှာ ချက်ချင်း မီးအချက်ပြသည်။ ကွန်ပျူတာတစ်ခု၏ ဖွ
ပကားထက် အဆများစွာသာသော မေစံရှား၏ဦးနှောက်က အဖြေတ
ချက်ချင်းထုတ်ပေးသည်။

သူ . . . ကိုမင်းစိန်။

အကွက်ချကောင်းသူ။

ပြီးတော့ သံလက်ကောက်ဘဂျမ်း။

ချက်ချင်းပင် မေစံရှားမျက်လုံးများက သူ၏လက်ကောက်ဝ
ဆီသို့ ရောက်သွားသည်။ ရဲအုပ်ထင်လင်း၏စကားကို ကြားယောင်လိုက်
သောကြောင့်ဖြစ်သည်။

"သံလက်ကောက်ဘဂျမ်းကို မြင်ဖူးလား။ သူက ဘာကြောင့်
သံလက်ကောက်ဘဂျမ်းလို့ နာမည်ယူထားရတာလဲ။ သူ့လက်က လက်
အတုတပ်ထားလို့လား"

မှန်ပေသည်။

ကိုမင်းစိန်၏ သံလက်ကောက်ဘဂျမ်းမှာ ဘယ်လက်က အတု
ဟု မေစံရှားသတိပြုလိုက်မိသည်။





လက်အတုက စတီးလ်နှင့်လုပ်ထားသည့် လက်။ အရောင်က
ပြောင်လက်နေသည်မို့ မေစံရှား ကောင်းစွာ မြင်လိုက်ရခြင်းဖြစ်သည်။

ဘဂျမ်းသည် အထူးသီးသန့်ခန်းထဲမှ ထွက်လာခြင်းဖြစ်ပြီး
နောက်ထပ်အခန်းထဲမှ ထွက်လာသူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်။
ကြည့်ရသည်မှာ အမျိုးသမီးသည် ဤဆိုင်၏ တာဝန်ရှိသူတစ်ဦး ဖြစ်
ပုံရ၏။ ဝန်ထမ်းများက သူမကို အထူးလေးစား ရိုကျိုးစွာဆက်ဆံကြ
သည်လေ။

သံလက်ကောက်ဘဂျမ်းမှာမူ ရပ်ထားသော ကားတစ်စီးနား
သို့ ရောက်သွားခဲ့ပြီ။ ကားက အဖြူရောင် စူပါဆလွန်းဖြစ်၏။

မေစံရှား ရုတ်တရက် အသိဝင်လာသည်။

ကော်ဖီဖိုးကို ခုံပေါ်တွင်ချကာ မေစံရှား ထိုင်ရာမှထသည်။
ပြီးလျှင် ဘဂျမ်းရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့၏။ သို့သော် နောက်
ကျသွားခဲ့ပြီ။

ဘဂျမ်း ကားပေါ်တက်သွားပြီး ကားကလေး ထွက်သွားသည်။
ဆိုလိုက်။ ထိုစဉ် ဆိုင်ဝင်းအတွင်းသို့ Taxi တစ်စီးဝင်လာသည်။ မေစံ
ရှားက Taxi ဘေးသို့ ပြေးရပ်လိုက်သည်။ Taxi ကိုငှား၍ လိုက်ရန်ဖြစ်
သည်။ အဆင်ပြေသွားပြန်သည်။

"ရှား . . ."

"ဟင် . . . ကိုကို"

"ဘယ်လဲ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မေးမနေနဲ့ဦး။ ကားပေါ်က မဆင်းနဲ့။ ကားဆရာ
ချွန်မပါလိုက်မယ်။ ပြန်မောင်းပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မေစံရှား ကားပေါ်သို့ အလျင်စလို တက်လိုက်သည်နှင့် ကား ဆရာကလည်း အလိုက်သိစွာ ကားကို ပြန်ကွေ့ပြီး အပြင်ကိုမော င်းထွက်သည်။

"ဟို ... ဟိုရှေ့က ကားဖြူလေးကို မီအောင်လိုက်ပေးပါ"

မေစံရှားက ကားဆရာကို ပြောလိုက်သည်။

"ဘယ်သူ့ကားလဲ ရှား"

"ဘဂျမ်း ...။ သံလက်ကောက် ဘဂျမ်း"

"ဟင် ..."

မေစံရှားတို့စီးလာသော Taxi မှာ ကားဖြူလေးနောက်တွင် အတော်ပင်ကွာ၍ ကျန်ခဲ့သည်။ Taxi အမြန်မောင်းပါသော်လည်း ကြား တွင် ကားကလေး (၃) စီးခံနေသည်။

ကံဆိုးချင်တော့ ...

မီးပွိုင့်တွင် ဘဂျမ်း၏ကားဖြူလေးက လွတ်သွားကာ မေစံ ရှားတို့ Taxi က မီးနီမိသွားသည်။

ဘဂျမ်း လွတ်သွားခဲ့လေပြီ။

✿ ✿ ✿

[ ၃၁ ]

❑

ရဲအုပ်ထင်လင်းက မြန်မာ့ဆက်သွယ်ရေးဖုန်းဆိုင်မှ ဝန်ထမ်း မိန်းကလေးကို တွေ့ဆုံ၍ မေးနေသည်။

"ဒီဆိုင်မှာလာပြီး ဖုန်းဆက်ကြသူတွေထဲက ထူးထူးခြားခြား လက်အတုတပ်ထားတဲ့ လူတစ်ယောက်ကိုများ သတိထားမိလား"

မိန်းကလေးက စဉ်းစားသည်။

"နေ့တိုင်း ဖုန်းလာဆက်သူတွေက များတော့ မမှတ်မိတာ များပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လထဲမှာတော့ လူတစ်ယောက် ကားဖြူ တလေးကိုရပ်ပြီး ဖုန်းလာဆက်ပါတယ်။ ကားနဲ့လာပြီး သူ့မှာလည်း တယ်ဖုန်းရှိနေပါလျက်နဲ့ ဖုန်းလာဆက်တာမို့ အံ့သြမိလို့ပါ။ ပြီးတော့ အဲဒီလူရဲ့ဘယ်လက်က အတုကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ထင်လင်း လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ။ အဲဒီလူ နောက်ထပ် မလာဘူးလား။ သူ့ကိုတွေ့ရင် မှတ်မိမလား။ သူက ဒီနေရာတစ်ဝိုက်ကလား"

"နောက်ထပ် မလာပါဘူး။ လူမြင်ရင်တော့ မှတ်မိပါတယ်။ ဒီနားတစ်ဝိုက်မှာနေတာတော့ မဖြစ်နိုင်ဘူး။ အရင်က မတွေ့ဖူးခဲ့သလို နောက်ထပ်လည်း မတွေ့ရတော့ဘူးလေ"

ရဲအုပ်ထင်လင်းအဖို့ လမ်းစရမလိုလိုနှင့် ဝေးသွားရပြန်သည်။ ဖုန်းဆိုင်မှအထွက် ရဲအုပ်ထင်လင်း၏ဟမ်းဖုန်းက မြည်လာသည်။ ဖုန်းကိုကြည့်တော့ မေစံရှားထံမှဖြစ်ကြောင်း တွေ့ရ၏။

"ဟဲလို ... မေစံရှား ပြောပါ"

"စောစောကပဲ မမျှော်လင့်ဘဲ ဘဂျမ်းကိုတွေ့လိုက်တယ်။ Twi Light စားသောက်ဆိုင်မှာ။ သူ့ကားဖြူလေးနဲ့ ထွက်သွားတာတွေ့လို့ ကျွန်မ Taxi နဲ့လိုက်တာ မီးပွိုင့်မှာ လွတ်သွားတယ်"

"ဟာ ... နာလိုက်တာ"

"သေချာတာက အရင် ကျွန်မ ကိုထင်လင်းကိုပြောဖူးတဲ့ အကွက်ချကောင်းသူ ကိုမင်းစိန်နဲ့ ဘဂျမ်းဟာ တစ်ယောက်တည်းဖြစ်သလို သူ့မှာ စတီးလက်အတု တပ်ထားတယ်ဆိုတာပဲ။ ထောင်ကထွက်လာမှ ဖြစ်ခဲ့တာလား၊ ထောင်ထဲမှာ လက်ကိုထိပြီး ဆုံးရှုံးခဲ့တာလားတော့ မသိဘူး"

"ကျွန်တော်လည်း ဒေါ်မေစံရှားဆီကရတဲ့ ဖုန်းနံပါတ်ကို လိုက်တာ။ ဖုန်းကိုတွေ့ပြီ။ P.C.O ဖုန်းပဲ။ ဝန်ထမ်းကောင်မလေးက မှတ်မိတယ်။ ကားဖြူလေးနဲ့ လာတာတဲ့။ လက်က အတုကြီးနဲ့တဲ့"

"ဒါဆို သေချာတာပေါ့။ ဘဂျမ်းပဲ"

---





"နည်းနည်းတော့ နီးစပ်လာပြီထင်တယ် ဒေါ်မေစံရှား"

"ကျွန်မ အကြံပေးချင်တာက Twi Light ဆိုင်က ဆိုင်ရှင်နဲ့ ဘဂျမ်း သီးသန့်ခန်းတစ်ခုထဲက ထွက်လာတာဆိုတော့ သူတို့နှစ်ဦး အဆက်အစပ်ရှိပုံပဲ။ အလုပ်တစ်ခု အတူတူလုပ်တာလား၊ ဘာလားတော့မသိဘူး။ ကိုထင်လင်း Twi Light မှာ လျှို့ဝှက်စုံစမ်းကြည့်သင့်တယ်ထင်တယ်"

"အိုကေ ... ဒေါ်မေစံရှား။ ဒီလောက် လမ်းစရနေတာ လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ"

"ဒါပဲနော် ကိုထင်လင်း။ ကျွန်မနဲ့ ကိုနေသော် Twi Light မှာ တစ်ခုခုစားဖို့ချိန်းတာ။ ဘာမှမစားရဘဲ ဘဂျမ်းမြင်တာနဲ့ ထွက်လိုက်လာကြတာ။ အခုမှ နီးရာဆိုင်တစ်ဆိုင်ဝင်ပြီး စားလိုက်ဦးမယ်"

"ဆောရီးဗျာ ...။ ဘဂျမ်းကြောင့် ချစ်သူနဲ့ချိန်းတွေ့တာ ဆောင် Feel ပျက်သွားရတယ်၊ ဒေါ်မေစံရှားတို့အဖြစ်ကတော့။ ဟားဟား ... ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၂ ]

❑

"အခုတစ်ကြိမ် အလုပ်ကတော့ အရင်ကထက် ပိုအရေးကြီး တယ်ဆိုတာ ပထမဆုံး ပြောချင်တယ်"

မျက်မှန်လူအေး၊ ဝင်းထွဋ်နှင့် ဝတုတ်တို့ ငြိမ်၍ နားထောင် နေကြသည်။ သူတို့အာရုံက သူတို့ဆရာ သံလက်ကောက်ဘဂျမ်းထံ မှာ။ ဘဂျမ်းက ထိုင်ခုံမှာထိုင်လျက်။ သူ၏လက်စွဲတော် ကြောင်နက် ကလေးကို ပွေ့ပိုက်ထားရင်း ပွတ်သပ်နေသည်။

"ဘာကြောင့်လဲဆိုတော့ ငါတို့မှာ အင်အားတစ်ယောက်လျော့ သွားတာကြောင့်ရယ်၊ ရဲက ငါတို့ကို ခြေရာခံနေတာကြောင့်ရယ်။ ဒီ ကြားထဲကနေ ငါတို့ လှုပ်ရှားရမှာ"





လူအေးမျက်ဝန်း၌ ချောမွယာကို ဖျတ်ခနဲ မြင်ယောင်လာ ...ည်။ မိမိနှင့် ချိန်းဆိုထားခဲ့သောနေ့၊ မိမိက ရင်ဖွင့်၍ လက်ထပ်ရန် ...တောင်းမည့်နေ့မှာမှ လောကကြီးကို စွန့်ခွာကျောခိုင်းသွားရသည့် ...ားစရာ မိန်းကလေး။

အလွန်သတိကောင်း၍ အေးဆေးတည်ငြိမ်သည့် မိန်းကလေး။ ...ကြောင့် ရထားကြီး၏အတိုက်ခံခဲ့ရတာလဲ။ တကယ်ပဲ မတော်တဆ ...ခဲ့တာလား၊ မိမိတို့လုပ်ခဲ့သည့် မတော်တဆမှုများအတိုင်း ချောမွယာ ...ရတာလား။ အလားတူ အကျိုးပေးခဲ့တာလား။ ကိုယ်ပြုသည့်ကံ ...င်သံ၊ ကိုယ့်ထံပြန်လာခဲ့တာလား။ ကိုယ်စိုက်ပျိုးသလို ကိုယ်ရိတ် ...ရတာပဲလား။

သို့မဟုတ် ...

ချောမွယာ လုပ်ကြံခံရတာလား။

ရဲက ခြေရာမခံနိုင်အောင် ချောမွယာက တန်ဆာခံ အသက် ...သွားရတာလား။

ဘယ်သူ့ကြောင့်လဲ။

ဘယ်သူ့လက်ချက်လဲ။

"ဟောဒီမှာ ငါတို့ရဲ့ပစ်မှတ်"

ဘဂျမ်းက ဓာတ်ပုံတစ်ပုံကို စားပွဲပေါ်သို့ ချပေးသည်။

လူလတ်ပိုင်းတစ်ယောက်၏ပုံ။

"လုပ်ရမယ့်လုပ်ငန်းကို ငါ အသေးစိတ် ပြောပြမယ်။ ဂရု ...။ ကွက်တိလှုပ်ရှားပါ။ ပြီးတော့ ဒီလှုပ်ရှားမှုမှာ ငါလည်း တင် ...တစ်ပိုင်း ပါဝင်အားဖြည့်ပေးမှာပါ။ အထူးသတိပြုရမှာက ခြေအုပ် ...သင်းပဲ။ သူ့ကို တွဲဖက်ပစ်မှတ်အဖြစ် သတ်မှတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဘဂျမ်းကို အလန့်တကြား ကြည့်လိုက်ကြသည်။

"အန္တရာယ်တော့ ကြီးတယ်။ ဒါပေမဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းလည်း ဖြစ်တယ်"

လူ၆အေး၏ မျက်လုံးထဲမှာ ချောမူယာကို မြင်ယောင်လာဖြစ်သည်။ အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းထဲမှာ ပါသွားခဲ့လေသလား။

အံကလေး တင်းသွားသည်။

သူ့မျက်လုံးတွေ အေးစက်ပြီး အစိမ်းရောင်လက်သွား၏။

✿ ✿ ✿

[ ၃၃ ]

❑

ထိုနေ့က လက်ဖက်ရည်ဆိုင်အတွင်း စာပေသမားများ၏ အားသံများ လှိုင်းထန်၍နေသည်။ ထို့ကြောင့်လည်း စာပေသမားများ ဆည်းရာ လက်ဖက်ရည်ဆိုင်လေးတို့သည် 'လေထန်ကုန်း'၊ 'လေ န်ကုန်း' ဟု အမည်တွင်နေခြင်းဖြစ်လိမ့်မည်ဟု မေစံရှား တွေးနေမိ

စင်စစ် သည်နေရာလေးက မေစံရှားနှင့်တော့ မသက်ဆိုင် ပါ။ မေစံရှားနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်က တရားရုံး၊ ရဲစခန်း၊ နေများစုဝေးရာ နေရာတို့ဖြစ်၏။ ယခု သည်နေရာသို့ ရောက်နေ သည်က ချစ်သူကိုနေသော်နှင့် ပါလာသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေသော်ကို အရင်တုန်းကလို ရသဝတ္ထုလေးတွေ ...
များ ပြန်ရေးစေချင်တယ်"

ဟု ကဗျာဆရာ ဆုမွန်ဦး (ဟသ်ာတ) က စတင်ဖော...
ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်အနှစ်သက်ဆုံးကလည်း ရသ...
တိုပါပဲ။ အခုတစ်လော အရေးနည်းတာ ကျဲတာတော့ ဝန်ခံပါတ...

ကိုနေသော့် ဝန်ခံစကား။

"စုံထောက်ဝတ္ထုနဲ့ နာမည်ရတာတော့ မုဒိတာပွားပါတ...
ဒါပေမဲ့ စုံထောက်၊ လျှို့ဝှက်သည်းဖိုဆိုတာက စာပေမှာ အရ...
တယ်ဗျ"

အရှိန်မြင့်လာသော စာရေးဆရာ ကိုသုည၏စကား။

"အဲဒါ ကျုပ်ထောက်ခံတယ်။ အဲဒီစာပေတွေက အပ်အ...
အညစ်အသတ်တွေ များတယ်လေ။ လူတွေကို ဘာမှအကျိုးမပြု...

ဝတ္ထုတိုလေးများဖြင့် မဂ္ဂဇင်းစာမျက်နှာပေါ် တက်လာသ...
စာရေးဆရာ ကိုမြေသား၏ ထပ်ဆင့်တွန်းအား။

မေစံရှားက ကိုနေသော့်ကို လှမ်းကြည့်သည်။ ကိုနေ...
ပြုံးနေ၏။

"ခင်ဗျားအမြင် ပြောပါဦး။ ကျုပ်တို့က ခင်ဗျားကို ဝိုင်...
ကွပ်တယ် မထင်နဲ့နော်။ ရေးဖော်ရေးဖက်ချင်း ဝေဖန်တာ။ ပွင့်ပွင့်...
လင်းပြောတာ"

နာမည်ရ ဝတ္ထုတိုသမား ကိုပံသုက ဝင်တို့သည်။

ကိုနေသော်က သောက်နေသော ရေနွေးကြမ်းပန်းကန်ကို...
လိုက်ကာ ...





"ကျွန်တော့်အမြင်မပြောခင် တစ်ခုမေးပါရစေ"

"မေးပါ"

"ဆရာတို့ ကျွန်တော်ရေးတဲ့ စုံထောက်ဝတ္ထုတွေအားလုံး၊
...လုံးဆိုတာ ဝတ္ထုတိုရော၊ ဝတ္ထုရှည်ရော ပြောတာ။ ဖတ်ဖူးကြပါ
...သား"

ဝေဖန်ကြသူဘော်ဒါများ အသံအနည်းငယ် တိတ်သွားသည်။
... အသံတိုးတိုးများဖြင့် ...

"မဖတ်ဖူးဘူး"

"နည်းနည်းတော့ ဖတ်ဖူးတယ်"

"တစ်ပုဒ် နှစ်ပုဒ်ပေါ့။ ခင်ဗျားလက်ဆောင်ပေးတာ ဖတ်ရပါ
...သယ်"

ကိုနေသော် ထပ်မံပြုံး၏။

"ဆရာတို့ စောစောကပြောတဲ့ စုံထောက်လျှို့ဝှက်သည်းဖို တွေ
...ပေါ် မြင်တဲ့အမြင်ကို ကျွန်တော် မငြင်းပါဘူး။ ဒါပေမဲ့ ရှားလော့
...ဝတ္ထုတွေ ဒီနေ့ ဒီကမ္ဘာ့စာပေမှာ ကျန်နေတယ်။

ကျွန်တော်တို့ဆီက ဆရာကြီးရွှေဥဒေါင်းရဲ့ စုံထောက်မောင်စံ
...တို့၊ ဆရာကြီး ဒဂုန်ရွှေမျှားရဲ့ စုံထောက်ဦးထင်ကျော်တို့ ဒီနေ့ထိ
...မှာ့စာပေမှာ ထင်ကျန်နေဆဲဖြစ်တယ်။ ဂန္ထဝင် ဝင်နေတယ်ပြောရင်
...ဘဲ။ အဲဒါ ဘာကြောင့်လဲ"

သူတို့အသံများ ပျောက်သွားသည်။ မေစံရှားကမူ ကိုနေသော့်
...ဆက်ပြောမလဲဟု အကဲခတ်နေသည်။

"အရေးကြီးတာက ကိုယ်ဖန်တီးတဲ့ဝတ္ထုရဲ့ စေတနာပါ။ တစ်
...တ စုံထောက်၊ လျှို့ဝှက်သည်းဖိုတို့ဟာ ဆရာတို့ပြောခဲ့သလို အပစ်၊



www.burmeseclassic.com

www.burmeseclassic.com



အခတ်၊ အညှစ်၊ အသတ်တွေပဲလို့ ဝေဖန်သံတွေ ညံစည်နေခဲ့ တယ်။ ဒါပေမဲ့ ကျွန်တော်ရေးတဲ့ ဝတ္ထုတွေထဲမှာ အဲဒါတွေ ပါသ တွေ့ရင် ထောက်ပြကြပါ''

အဖြေစကားသံများ ထွက်မလာ။

''ကျွန်တော် မေစံရှားဇာတ်ဆောင်ပြုပါဝင်တဲ့ စုံထောက်ဝ တွေ ရေးဖြစ်တာဟာ မေစံရှားရဲ့ နှလုံးသားကိုချစ်လို့ စာပေကိုချ ကျွန်တော့်နှလုံးသားနဲ့ ပေါင်းပြီး ရေးခဲ့တာ။ မေစံရှားက ဆရာတို့ တဲ့အတိုင်း ရှေ့နေပါ။ သူက ရဲမဟုတ်ဘူး။ စုံထောက်မဟုတ်ဘူး။

ဒါပေမဲ့ သူကျင်လည်နေတဲ့ ပတ်ဝန်းကျင်မှာ သူ့အလုပ် လုပ်ရင်း အမှုတွေ လိုက်ရင်းပေါ့ဗျာ။ ပတ်သက်ဆက်နွှယ်လာတဲ့ အ တွေအပေါ်မှာ လျှို့ဝှက်မြုပ်ကွယ်နေတာတွေ ဖော်ထုတ်ဖို့ လိုလာ စုံစမ်းထောက်လှမ်းရတာတွေ ဖြစ်လာတယ်။ ဒီအကြောင်းတွေရေး စုံထောက်ဝတ္ထု ဖြစ်လာတာပါပဲ''

မေစံရှားက သူမ၏အကြောင်း ပါလာ၍ နားစွင့်နေမိ၏။ ခွန်းတစ်ပါဒမျှ ဝင်မပြော။

''ဒီဝတ္ထုတွေမှာ ကျွန်တော်မြှုပ်နှံထားတာက မေစံရှားရဲ့ ရိုက်တာ။

(၁) အမှန်တရားကို မြတ်နိုးတယ်။ အမှန်တရားအတွ ဆို ငွေကြေးဥစ္စာ၊ အရှိန်အဝါ၊ ဩဇာအာဏာ ဘာတွေနဲ့ဖိဖိ သူမ မထောက်၊ လက်မမြှောက်ဘူး။

(၂) အနစ်နာခံမယ်၊ ကူညီမယ်။ အားနည်းသူတွေဘ က ရပ်တည်မယ်။ ဒါဟာ ဘုရားကြိုက်တဲ့စိတ်၊ မကောင်းမှုရှော



င်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားလို့ ဘုရားက ဟောတယ်လေ။ အတိုင်း ကျင့်သုံးခဲ့တဲ့ မေစံရှား။ သူ့နှလုံးသား မလှဘူးလား။

(၃) ကိုယ်ကျိုးစွန့်မယ်၊ အများအကျိုးကို ဆောင်ရွက် ယ်။ ဥပမာ ဆင်းရဲနွမ်းပါးသူတွေအတွက် လိုအပ်လာရင် ဒုက္ခတွင်း ကကျင်းထဲက ကယ်ထုတ်နိုင်ဖို့ အကျိုးဆောင်ခမယူဘဲ သူ့အိတ် စိုက်ပြီး အမှုလိုက်ပေးမယ်။ အများမလုပ်နိုင်တဲ့အလုပ် သူလုပ် ။ ဒါ စံပြုလို့မရဘူးလား။

အဲဒါတွေကို ကျွန်တော်က စာဖတ်သူတွေကို ပေးချင်တယ်။ ကြောင့် မေစံရှားဝတ္ထုတွေ ရေးတယ်။ အခုဖတ်တဲ့ စာဖတ်ပရိသတ် ထဲက မေစံရှားကိုအားကျကြောင်း၊ မေစံရှားကိုအတုယူပြီး သူတို့လည်း စံရှားလို ဖြစ်ချင်ကြောင်း၊ မေစံရှားနှင့်တွေ့လိုကြောင်း စာရေးကြ ကြ၊ ဖုန်းနဲ့ပြောကြတာတွေ ရှိလာတယ်။ ဒါ အကျိုးမပြုဘူးလား။ ဆရာတို့ စဉ်းစားကြည့်ပါ''

အားလုံး ငြိမ်နေကြ၏။ သူတို့မှာ ပြန်ပြောချင်သော စကား တွေရှိနေမှာ သေချာသော်လည်း သူတို့နှုတ်က ထွက်မလာ။

''အဲဒီမေစံရှားကို အဓိကဇာတ်ဆောင်ပြုပြီး လေးစားထိုက် တဲ့သူတွေရဲ့အကြောင်းနဲ့ အတုယူထိုက်တဲ့ လူတွေရဲ့အကြောင်းတွေကို ဝတ္ထုဖွဲ့ပါတယ်။ မေစံရှား ကိုယ်တွေ့တွေကို ရသဖြည့်ပြီးတော့ပေါ့ဗျာ။

အဲဒီမှာ သမထနဲ့ ဝိပဿနာအကြောင်း ပါမယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတွေအကြောင်း ပါတယ်။ မိဘမေတ္တာနဲ့ သားသမီးမေတ္တာအကြောင်း ပါတယ်။ ပညာရေးဖောင်ဒေးရှင်းတွေ အကြောင်း ပါမယ်။ ဒါပေမဲ့ မပါတာ လုံးဝသေချာတာက အပစ်၊



www.burmeseclassic.com

www.burmeseclassic.com



အခတ်၊ အညှစ်၊ အသတ်၊ အညှိနဲ့ ယမ်းနံ့တွေပဲ။ ဒါဆိုရင် ဆရာ
စဉ်းစားလို့ရပြီ ထင်ပါတယ်"

"အဲဒါတော့ မှန်ပါတယ်။ ကျွန်တော်လည်း ဆရာနေ့ဝတ္ထုတွေ
ဖတ်ပြီး အဲဒါတွေ ခံစားရပါတယ်။ ကျွန်တော်လည်း မေစံရှားကို သဘော
ကျနေတာ။ ဟား ... ဟား ... ဟား ..."

ဆုမွန်ဦး (ဟာသ်ာတ) က သူ့ပုံစံအတိုင်း ရယ်ရယ်မောမော
ပြောသည်။

"ကျွန်တော်ပြောခဲ့သလို စေတနာပါပဲဗျာ။ ဘယ်ပုံစံနဲ့ရေးရေး
မှန်ကန်တဲ့ စေတနာပါဖို့ လိုတာပါပဲ။ စေတနာမှန်ရင် ကျန်မှာ
အသံကြားဖမ်းတရားနာရင်တော့ အမှန်မကြားနိုင်ဘူးဗျ။ လူတွေဆင်
ရဲတဲ့အကြောင်း ရှာကြံရေးမှ ရသဝတ္ထုကောင်းတစ်ပုဒ် မဟုတ်ပါဘူး"

ကိုနေသော်စကားအလည်ကို မေစံရှား၏ ဟမ်းဖုန်းမြည်သံက
ဖြတ်တောက်လိုက်သည်။ မေစံရှားက အားလုံးကိုတောင်းပန်ကာ ထိုင်
ရာမှထ၍ အပြင်သို့ ထွက်လာခဲ့သည်။

"ဟဲလို ... အမိန့်ရှိပါရှင်"

"ကျွန်တော် ဒုရဲအုပ် ဖြိုးကြီးပါ။ ရဲအုပ်ထင်လင်း ဒဏ်ရာရ
ပြီး ဆေးရုံရောက်နေပါတယ်။ ဒေါ်မေစံရှားနဲ့ တွေ့ချင်တယ်လို့ ပြော
လို့ပါ"

"ရှင် ... ကိုထင်လင်း ဆေးရုံရောက်နေတယ်"

✿ ✿ ✿

[ ၃၄ ]

❑

ဆေးရုံရောက်တော့ ရဲအုပ်ထင်လင်းကို တွေ့ရသည်မှာ စိတ်
ကောင်းစရာဖြစ်၏။ မေစံရှား မျက်ရည်တွေပင် စို့လာသည်။ ခေါင်း
မှာလည်း ပတ်တီးနှင့်။ မျက်နှာဒဏ်ရာတွေနှင့် အောက်ပိုင်းခြေထောက်
တွေမှာ ပတ်တီးလိပ်ကြီးလိုပင် ဖြစ်နေ၏။

ရဲအုပ်ထင်လင်းကတော့ အပြုံးကလေး ရှိနေသေး၏။ ဘာကို
မျှ ကြောက်ရွံ့အရှုံးမပေးသည့် သူ၏ စရိုက်လက္ခဏာပင်။

"ဘယ်လိုဖြစ်ရတာလဲ ကိုထင်လင်းရယ်"

မေစံရှား မချိတင်ကဲ မေးမိသည်။ ကိုနေသော်ပင် ရဲအုပ်ထင်
လင်း၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင် အားပေးလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လောသွားတာ။ သတိကလေးတစ်ချက်လွတ်သွား
တာနဲ့ ဖြစ်သွားတာ"

"အမှုလိုက်ရင်းဖြစ်တာဆို"

"ဟုတ်ပါတယ်။ စခန်းကို ဖုန်းဝင်လာတယ်လေ။ တစ်ယော
ယောက်က သတင်းပေးတာပေါ့။ စက်ရုံဟောင်းကြီးတစ်လုံးရဲ့ ဘို
လာတွေ၊ စက်ပစ္စည်းတွေရဲ့ကြားထဲမှာ လူသေအလောင်းတစ်လော
တွေ့ရတယ်တဲ့။ သတင်းပေးသူက အတိအကျ အနိုင်အမာ သတင်းပေ
တာဆိုတော့ ကျွန်တော်လည်း စခန်းမှူးကိုသတင်းပို့ပြီး အဖွဲ့တွေ
လိုက်သွားတယ်။ သတင်းရတဲ့အတိုင်းပါပဲ အလောင်းကို တွေ့ရတယ်"

မေစံရှားရော ကိုနေသော်ပါ နားထောင်ရင်း ငြိမ်နေမိကြ
ရဲအုပ်ထင်လင်းခမျာ ပြောချင်၍သာ ပြောနေရှာ၏။ ဒဏ်ရာများကြော
နာကျင်မှုဝေဒနာကို သူ ခံစားနေရသည်လေ။ သူ့စကားကို နားထော
ရသည်မှာပင် အားနာစရာ။

"အလောင်းက ယောကျ်ားတစ်ယောက်ရဲ့ အလောင်းပဲ။ ဒ
ပေမဲ့ အလောင်းက အပြင်မှာမဟုတ်ဘူး။ စက်ကိရိယာအဟောင်းတွေ
ရဲ့ ကြားထဲမှာ။ အောက်ထဲမှာ။ ဒါနဲ့ ကျွန်တော်က စက်ကိရိယာတွေ
ဘို့င်လာအိုးဟောင်းကြီးတွေရဲ့အောက် အလောင်းရှိတဲ့နေရာကို တွာ
ပြီး ဝင်ရတယ်။ အလောင်းကလည်း စက်ပစ္စည်းတချို့ပိပြီး သေ
တာ"

မေစံရှား နားထဲမှာ မရှင်း။ ရင်ထဲမှာ မရှင်း။

"စက်ရုံဟောင်းကြီးဆိုတော့ လည်ပတ်မှုမရှိဘူးမဟုတ်လား
လူတွေ၊ အလုပ်သမားတွေမရှိတဲ့နေရာ မဟုတ်လား။ ဒီလူက အ





ကြောင့် အဲဒီအထဲရောက်ပြီး သေနေရတာလဲ။ တစ်ယောက်ယောက်
က ဒီနေရာကိုခေါ်လာပြီး သတ်ထားတာလား။ သတ်ပြီးမှ ဒီကိုခေါ်လာ
ပြီး လာပစ်ထားတာလား။ တစ်ခုခုဖြစ်မှာပေါ့။ သူကတော့ သူ့ဘာသာ
လူသူမရှိတဲ့ စက်ရုံဟောင်းထဲမှာ စက်ကိရိယာတွေပိပြီး လာသေစရာ
အကြောင်းမှမရှိတာ"

မေစံရှားစကားကို ရဲအုပ်ထင်လင်းက လက်ခံသည်။

"ဒါမေစံရှားပြောတာ မှန်ပါတယ်။ သူ အသတ်ခံရတာပါ"

"ဒါနဲ့ ကိုထင်လင်းက ခုလို ဘယ်လိုကြောင့် ..."

"ဒါပြောတာပေါ့ဗျာ။ ကျွန်တော် လောသွားတာ။ သတိလက်
လွတ်သွားတာ။ အလောင်းကိုလည်းတွေ့ရော စိတ်လှုပ်ရှားပြီး ကမန်း
ကတန်း အပေါ်ကပိနေတဲ့ စက်ကိရိယာတွေကို ဖယ်ထုတ်တာ။ နောက်
ကလိုက်ပါလာတဲ့ အဖွဲ့တွေကိုတောင် မစောင့်တော့ဘဲ လုပ်လိုက်တာ"

"အဲဒီတော့ ..."

"အလောင်းကိုပိနေတဲ့ စက်ကိရိယာတွေကို ဆွဲအဖယ်မှာ
အပေါ်ကနေ ကျွန်တော့်ပေါ်ကို ဘွိုင်လာပိုက်အကြီးကြီးနဲ့ စက်ကိရိယာ
တွေ ပြုတ်ကျလာတာပဲ"

"ရှင် ..."

"ဗျာ ..."

ကိုနေသော်နှင့် မေစံရှားတို့ထံမှ ပြိုင်တူ အာမေဍိတ်သံထွက်
လာသည်။ သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

"ဒါ မတော်တဆမှုမှ ဟုတ်ရဲ့လား"

"မဟုတ်ဘူးထင်တယ်။ ဒါ မတော်တဆဟန် ပြုလုပ်ထားတဲ့
ထောင်ချောက်တစ်ခု ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်နှင့် မေစံရှား၏ ယှဉ်ဆချက် ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာသည်။

"ကျွန်တော်လည်း အဲသလို ယူဆပါတယ် ဒေါ်မေစံရှား"

"ကိုထင်လင်း မသေမပျောက်တာ ကံကောင်းတယ်"

"ဟုတ်ပါတယ်။ အဲဒီလို ကျွန်တော့်ပေါ် မထင်မှတ်ဘဲ ဝုန်းခနဲ ပြုတ်ကျလာတော့ ရှောင်တိမ်းချိန် လုံးဝမရလိုက်ဘူး။ အန္တရာယ်ပဲလို့ သိလိုက်ချိန်မှာ ဖြစ်ပြီးသွားပြီ။ ကျွန်တော် လုံးဝ အမှောင်ကျပြီး မေ့သွားတယ်။ သတိပြန်ရတော့ ဆေးရုံရောက်နေပြီ"

"ဆရာဝန်ကြီးတွေက ဘာပြောလဲ"

"လောလောဆယ်ဖြစ်တဲ့ ဒဏ်ရာတွေကို ပြုစုကုသပြီး စမ်းသပ်စစ်ဆေးချက်တွေလည်း လုပ်ထားပါတယ်။ အကြမ်းဖျဉ်း ကောက်ချက်မှာတော့ ကျောရိုးမကြီးကို ပြင်းပြင်းထန်ထန် ထိခိုက်သွားမိတယ် ပြောတာပဲ။

ခြေထောက်တွေ ကျိုးသွားတာမို့ အခုလို ကျောက်ပတ်တီးစည်းထားရတော့ ခြေထောက်တွေရဲ့ အခြေအနေ အလားအလာ အတိအကျ မပြောနိုင်သေးဘူး။ ဆရာဝန်ကြီးတွေ မပြောပေမယ့် ကျွန်တော်ထင်တာတော့ ကျွန်တော့်အောက်ပိုင်း လှုပ်ရှားလို့ ရနိုင်တော့မယ် မဟုတ်ဘူး"

"အို . . ."

မေစံရှားရင်ထဲ နင့်ခနဲဖြစ်သွားသည်။ အလွန်ထက်မြက်သော လူငယ်ရဲအရာရှိတစ်ဦး။ အမှန်တရားကိုချစ်၍ နေ့မအားညမအား ပြည်သူတို့၏ လုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းကောင်း





တစ်ဦး။ တာဝန်ထမ်းဆောင်ရင်း သူ့ဘဝသေဆုံးသွားပြီလား၊ သေဆုံးသွားရတော့မှာလား။

ကိုနေသော်က မေစံရှားခံစားမှုကို နားလည်သည့်ထင့်။

မေစံရှားလက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

မေစံရှား ပင့်သက်မောကြီးကို ချလိုက်သည်။

ဒါ ဘယ်သူ့လက်ချက်လဲ။

မကောင်းတာလုပ်တဲ့လူက ကောင်းတာလုပ်တဲ့လူကို အနိုင်ရသွားတာလား။

ဒါ . . . လက်ပိုက်ကြည့်နေရမှာလား။

ဗုဒ္ဓတရားတော်အရ 'ကံ' ဟုဆိုနိုင်ငြား မကောင်းမှုတွေ ထပ်ဖန်တလဲလဲ ဖြစ်လာသည်ကိုတော့ စွမ်းနိုင်သမျှ ကာကွယ်တားဆီးကြရမှာမဟုတ်လား။

"ကျွန်တော် ဒေါ်မေစံရှားကို ခေါ်တွေ့ရတာကတော့ အကူအညီတောင်းချင်လို့ပါ"

ရဲအုပ်ထင်လင်းထံမှ ထွက်လာသည့်စကား။

"ဟုတ်ကဲ့ ပြောပါ"

"ခုပုံအတိုင်းဆိုရင် ကျွန်တော် ဘယ်အချိန်မှာ ပြန်လှုပ်ရှားနိုင်မယ်ဆိုတာ မသိနိုင်သေးဖူးမို့ပါ။ အသတ်ခံရတယ်လို့ ဆိုနိုင်တဲ့ အလောင်းကိစ္စကို ရဲအဖွဲ့က စုံစမ်းနေပါပြီ။ ကျွန်တော့်ကို ကူညီပေးသလို ဒေါ်မေစံရှားက သူတို့ကိုလည်း ကူညီပေးပါ။ ပြီးတော့ ကျွန်တော့် အထင်ပြောရရင် . . ."

ရဲအုပ်ထင်လင်း ခေတ္တခဏမျှ စကားကိုဖြတ်သည်။ ပြောမည့်စကားကို ချင့်ချိန်နေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မေစံရှားက သူ့ဆက်ပြောစေရန် တွန်းအားပေးလိုက်သည်။

ရဲအုပ်ထင်လင်း သက်ပြင်းချလိုက်သည်။

"ကျွန်တော်တို့လိုက်နေတာ မပေါ်သေးတဲ့ အမှုတစ်ခုရှိနေတယ်။ ဒီအမှုဟာ အားလုံး မတော်တဆပုံစံမျိုးနဲ့ ဖြစ်ခဲ့ကြတာချည်းပဲ။ လက်စလက်န သက်သေခံရှားပါးပြီး ထင်မြင်ချက်ပဲ ရှိနေခဲ့တာ။ ဦးကြီးမြင့်ကိစ္စ။ ပြီးတော့ ဦးဝင်းစိန်ကိစ္စ။

ဦးကြီးမြင့်ကိစ္စမှာ ဘာမျှ သဲလွန်စမရခဲ့ဘူး။ ဦးဝင်းစိန်ကိစ္စမှာတော့ သဲလွန်စ နည်းနည်းရခဲ့တယ်။ အဲဒီသဲလွန်စကလည်း ပျောက်သွားခဲ့ရတယ်။ သဲလွန်စရှင် မိန်းကလေးဟာ ရထားတိုက်ပြီးသေသွားတယ်။ ပြီးတော့ ဒေါ်မေစံရှားရဲ့ ချောကလက်ကိစ္စ။ အခု ကျွန်တော် ဖြစ်တာ။ ဒါတွေကို ကျွန်တော် လမ်းကြောတစ်ခုတည်းပဲလို့ ယူဆတယ်။ အဲဒါ ဒေါ်မေစံရှား သဘောတူမယ်ထင်တယ်"

"ဟုတ်ကဲ့ ... ကျွန်မလည်း ဒီယူဆချက်ပါပဲ"

"ဒီဖြစ်စဉ် ဒီပြစ်မှုတွေကို ဖန်တီးသူဟာ ဒေါ်မေစံရှားပြောတဲ့ အကွက်ချကောင်းသူ ကိုမင်းစိန် (ခေါ်) သံလက်ကောက်ဘကျွမ်းလို့ ကျွန်တော်ထင်သလို ဒေါ်မေစံရှားလည်း ထင်မှာပဲ"

"မှန်ပါတယ် ...။ သူက ကျွန်မကြောင့် ထောင်ထဲဝင်ရတယ်ဆိုပြီး ချောကလက်ပို့ ကလဲ့စားချေတယ်။ သူ့ကိုဖမ်းခဲ့တဲ့ အန်ကယ် ဦးမြဦးကိုလည်း ကျွန်မအထင် သူပဲ ဒုက္ခပေးခဲ့ပုံပဲ။ အခုတစ်ခါ ကိုထင်လင်း။ ကိုထင်လင်းက သူ့အမှုတွေနောက် တစိုက်မက်မက် လိုက်ခဲ့သူလေ။

ဒီအမှုမှာတော့ သူ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ခဲ့တာပဲ။

စိတ်ကူးသစ်စာပေ



သူလုပ်နေကျ လူသတ်မှုတစ်ခုလုပ်မယ်။ တစ်ပြိုင်တည်း ကိုထင်လင်းကိုပါ ဒုက္ခပေးမယ်။ ခွချက်ပဲပေါ့။ သေချာပါတယ်။ အကွက်ချကောင်းတဲ့ ကိုမင်းစိန်ပါပဲ"

"ဒါဆို မကြာခင် ရှားဆီကို သူဖုန်းဆက်ဦးမှာပဲ။ ပြီးရင် မကြာခင်မှာပဲ စာရွက်ပိုင်းလေးတွေ ရောက်လာမယ်ထင်တယ်"

ကိုနေသော်က ဝင်ပြောသည်။ မေစံရှားက ခေါင်းညိတ်သည်။

"မှန်တယ်ကိုကို"

ရဲအုပ်ထင်လင်းက ဝင်၍ ...

"ဒေါ်မေစံရှားကို အထူးသတိထားဖို့လည်း ပြောချင်တယ်။ ဒီလူက ဒေါ်မေစံရှားကို ပစ်မှတ်ပြုဦးမှာပဲ"

"ဟုတ်ကဲ့ပါ ...။ ကျွန်မ သတိထားပါ့မယ်"

"ပြီးတော့ ကျွန်တော်တောင်းချင်တဲ့ အကူအညီက ဒေါ်မေစံရှား သူ့အမှုတွေကို ဝိုင်းဝန်းဖော်ထုတ်ပေးဖို့ပါ"

"ဟုတ်ကဲ့ ... အဲဒါလည်း ကျွန်မ ကြိုးစားပါ့မယ်"

"တာဝန်မရှိတဲ့ ဒေါ်မေစံရှားကို တာဝန်သဘောမျိုးပေးရတာတော့ အားနာပါတယ်"

"တာဝန်မဟုတ်ပါဘူးရှင်။ ဝတ္တရားပါ။ ဝတ္တရားက ပြုဖွယ်ရှိတာကို ပြုတာပါ။ လုပ်ရမယ့်အလုပ်ကို လုပ်တာပါ။ ဒါက အမှန်တရားတစ်ခုအတွက် ကျရောက်လာတဲ့ ဝတ္တရားပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကိုထင်လင်းလည်း ဂရုစိုက်ပါ။ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၃၅ |

❑

မျက်မှန်လူအေး သူ့ကိုယ်သူ မကျေနပ်ခြင်းများစွာဖြင့် သည် နေရာကို ပြန်လာခဲ့ရသည်။

လူအေးက ဘာကိုပဲလုပ်လုပ် တည်ငြိမ်အေးဆေးသည့်လူ။ ဆရာသမားဖြစ်သူ သံလက်ကောက်ဘဂျမ်းကပင် ချီးမွမ်းခံရသူ။ သို့ ပါလျက် ယခုတစ်ခေါက်မှာ မျက်မှန်လူအေး အမှားများ ကျူးလွန်ခဲ့မိ သည်။

ချောမှုယာကြောင့် စိတ်တွေ ဂယောက်ဂယက် ဖြစ်နေခြင်း ကလည်း အကြောင်းတစ်ခုဖြစ်သည်ဟု ဆိုရမည်။

ပစ်မှတ်ကိုရှင်းဖို့ ဘဝမေ့အောင်ရိုက်ပြီး သည်နေရာသို့ ခေါ် လာခဲ့စဉ်က ဝင်းထွန်းရော ဝတုတ်ရောပါသည်။ ဆရာသမား အစီအစဉ်





အတိုင်း သတိမေ့နေသောပစ်မှတ်ကို စက်ကိရိယာများပိကာ သေဆုံး ရသည့်သဏ္ဍာန်ဖြစ်အောင် ပြုလုပ်ခဲ့သည်။ ဆရာသမားဖြစ်သူ သံလက် ကောက်ဘဂျမ်းပါ ပါဝင်လာကာ ထောင်ချောက်တစ်ခု ဆင်ခဲ့ကြသည်။

အရာရာကို လက်အိတ်များဖြင့် ခြေရာလက်ရာမကျန်အောင် လုပ်ခဲ့ကြပြီး ကိစ္စပြီးသောအခါ ဘာမျှ သဲလွန်စမကျန်အောင် ပြန်လည် ရှာဖွေဖျက်ဆီးခဲ့ကြသည်။

ဖြစ်ချင်တော့ ချောမှုယာနှင့် မိမိတို့တွဲရိုက်ထားသည့် ဓာတ်ပုံ ကို မိမိ၏ ဂျင်းဂျာကင်အိတ်ထဲ ထည့်ထားမိခဲ့ရာ စက်ကိရိယာတစ်ခု နှင့်ငြိ၍ အကျႌပွင့်ပြီး ဓာတ်ပုံထွက်ကျလာခဲ့သည်ကို မိမိ သတိမပြုမိ ခဲ့။ မိမိနေထိုင်ရာ အခန်းကိုပြန်ရောက်တော့မှ ဓာတ်ပုံပျောက်နေသည် ကို တွေ့ရ၏။

လူအေး ခေါင်းစားသွားခဲ့ပြီ။

မိမိလည်ပင်းကို ကြိုးကွင်းစွပ်တော့မည့် ဓာတ်ပုံ။

ချောမှုယာက ရထားတိုက်ခံရပြီး သတင်းစာတွင်ပါလာခဲ့ရာ လူသိထင်ရှား ရှိလှ၏။ ပြီးတော့ ရဲများက ထိုဓာတ်ပုံပိုင်ရှင် ချောမှုယာ ကို ရင်းနှီးနေခဲ့ကြပြီး ယခုဓာတ်ပုံသာတွေ့ပါက တစ်နွယ်ငင်တစ်စင်ပါ ဖြစ်ပေရော့မည်။

ထို့ကြောင့်လည်း ထိုဓာတ်ပုံကို ရဲများတွေ့သွားခြင်း ရှိမရှိ ရဲများ မတွေ့သွားခဲ့ပါက ပြန်လည်ရယူရန် လူအေး စွန့်စားပြီး လာရ ခြင်းဖြစ်သည်။

စက်ရုံဟောင်းကိုရောက်တော့ အခြေအနေက လုံးဝအေးဆေး သည်ကို တွေ့ရ၏။ အမှုဖြစ်ခဲ့သည်မှာ လေးငါးရက် ကြာခဲ့ပြီလေ။ ရဲများ သည်ဝန်းကျင်၌ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံဟောင်းအတွင်း မိမိတို့လှုပ်ရှားခဲ့သည့်နေရာသို့ လှူအေး ဝင်လာသည်။ ဖရိုဖရဲ၊ အပြိုပြိုအလဲလဲ စက်ကိရိယာဟောင်းများ၏ နေရာတွင် မျက်မှန်လှူအေးက သူ၏ဓာတ်ပုံကို ရှာသည်။

ပစ်မှတ်ကို မိမိတို့စက်ကိရိယာများ တွန်းချပိပြားစေလျက် အသက်သေဆုံးခဲ့သောနေရာ။ ထိုနေရာ၌ လှူအေးမျက်ဝန်း၌ ရထား လမ်း၌ သေဆုံးခဲ့ရသည့် ချောမှူယာကို ပြန်၍ မြင်ယောင်သည်။

အသေဆိုးသေခဲ့ရသည့် ချောမှူယာ။

ယခုကိစ္စ၌ ဆရာသမားဖြစ်သူ သံလက်ကောက်ဘဂျမ်းက ပစ် မှတ်ကိုရှင်းရုံမက ရဲအုပ်ထင်လင်းကိုပါ ထောင်ချောက်ဆင်ခဲ့သည်။

"ကိုယ်က အမြဲတစ်ကွက်သာနေရတယ်ကွ။ ခလုတ်ကန်သင်း ရှိနေမှန်းသိရင် ခလုတ်ကန်သင်းကို မထားရဘူး။ သူ့အသက်ကိုယ့် အသက်ရွေးရင် ကိုယ့်အသက်ရွေးရမှာလေ"

သံလက်ကောက်ဘဂျမ်း ပြောခဲ့သောစကား။ သွေးအေးအေး နှင့် ရက်စက်တတ်သူ။

ချောမှူယာ ခလုတ်ကန်သင်း ဖြစ်ခဲ့လေသလား။

သံလက်ကောက်ဘဂျမ်းသည် သဲလွန်စဖြစ်နေခဲ့သော ချောမှူ ယာကို အစဖျောက်ခဲ့ခြင်း ဖြစ်နိုင်သည်ဟူသော သံသယက ပြန်နိုးထ လာသည်။

"ဖြစ်နိုင်တယ်။ ဒါ ဆရာဘဂျမ်း လက်ချက်ပဲနေမှာ။ ဆေး သွားဝယ်နိုင်းတယ်။ ဆေးသွားဝယ်တဲ့နေရာမှာ ချောမှူယာက သေရ တယ်။ ဆရာဘဂျမ်း အကွက်ချထားတာပဲ။ အခုလည်း ပစ်မှတ်နဲ့ ရဲအုပ် ထင်လင်းကို တွဲပြီး အကွက်ချခဲ့တာ။





ပစ်မှတ်က သေ၊ ရဲအုပ်ထင်လင်းက ဆေးရုံမှာ၊ ကြောက် စရာပဲ။ ငါ့ကိုရော တစ်ချိန်ချိန်မှာ ဆရာဘဂျမ်းက ဒီလိုပဲ စွန့်ပစ်မလား ဆိုနိုင်ဘူး။ ချောမှူယာကိစ္စကြောင့် ငါ သူ့ကို အစာမကျေတာ သူသိ နေတယ်။ ငါ ဘာလုပ်ရမလဲ။ သူ့ထက်ဦးအောင် ငါက စဉ်းစားရတော့ မယ်။ ချောမှူယာအတွက် ငါ လက်တုံ့ပြန်ရမလား။ ရဲကို ငါ ဖော်ကောင် လုပ်ပြီး ငါ့ဘဝကို ပြောင်းပစ်ရင်ကော"

ဆုံးဖြတ်ချက် မချနိုင်သေး။

အရေးထဲမှာ ဓာတ်ပုံကလည်း ရှာမရ။ ဓာတ်ပုံကျခဲ့သည်ဟု ထင်ရသော နေရာများမှာ အကြိမ်ကြိမ်အဖန်ဖန် အခေါက်ခေါက်အခါခါ ရှာသော်လည်း မတွေ့။ ကြမ်းပြင်ပေါ်ကျနေသည့် စက်ကိရိယာအစိတ် အပိုင်းများကို ဖယ်ရှားကြည့်ပါ၏။ မတွေ့။

လှူအေး သက်ပြင်းမောကို မှုတ်ထုတ်ကာ လက်လျှော့လိုက် ရတော့သည်။ နေရာမှ လှည့်ထွက်မည်အပြု ...

"ရှင် ဒီဓာတ်ပုံ ရှာနေတာများလား"

အေးမြ၍ ရှုးရှသော၊ ကြည်လင်၍ သြဇာကြီးသော၊ ပီသပြတ် သား၍ ရဲရင့်နိုင်ကျည်သော အသံတစ်သံ လှူအေး၏နောက်မှာ ပေါ် လာသည်။

လှူအေး အလန့်တကြားဖြစ်သွားသည်။

လှည့်ကြည့်တော့ မိန်းကလေးတစ်ဦး။

လှသည်။ လှသည်ဆိုခြင်းမှာ ချောမှူယာလို စိတ်နှလုံးကို ပူ လောင်စေသော အလှမျိုးမဟုတ်။ တည်ငြိမ်ကျက်သရေရှိသော အလှ။ ဝတ်စားဆင်ယင်ပုံက ရှေ့နေတစ်ဦးဟု သိနိုင်စေမည်ဖြစ်ရာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်း ချောကလက်ပေးပို့ခဲ့သော ရွှေနေမလေး မေစံရှားများ မလားဟု၍ ဖျတ်ခနဲ တွေးလိုက်မိသည်။

မေစံရှား မှန်လျှင်တော့ သွားပြီ။

"မေစံရှားဆိုတာ မိန်းကလေးဖြစ်လို့ အထင်သွားမသေး ပါနဲ့။ မင်းတို့ဆရာကို ထောင်ထဲပို့ခဲ့တာ သူပဲ"

ဆရာဘဂျမ်းပြောခဲ့သော စကားကို ကြားယောင်ပြီး လူ တုန်လှုပ်သွားသည်။

"ဟုတ်လား ... ဒီဓာတ်ပုံ ရှာနေတာလား"

သူမက ထပ်မေးသည်။ ဓာတ်ပုံကိုလည်း ထောင်ပြသည် ရှပြီး အင်အားကြီးလွန်းသော သူမ၏မျက်လုံးကို ရင်မဆိုင်ရဲ၍ မျ လွှဲကာ ဓာတ်ပုံကိုကြည့်လိုက်တော့ မှန်၏။ မိမိရှာနေသော ဓာ ချောမှုယာနှင့် မိမိ၏ပုံ။

"မဟုတ်ပါဘူး။ ကျွန်တော်က ဒီနားရောက်ရင်း ဝင်ကြ တာပါ။ သံဟောင်းတွေဝယ်ဖို့ ပြောထားလို့"

စိတ်ထဲမှ ကြုံရာထုတ်ပြောလိုက်သော အကွယ်အကာစကား သို့သော် အကွယ်အကာစကားကို သူမက သိနေပုံရသည်။ ပြုံးသ

"ဒီထဲကပုံက ရှင့်ပုံပဲ။ လုံးဝသေချာတယ်။ ဒီမျက်မှန်နဲ့ ရှင်ပါပဲဆိုတာ ဘယ်သူမဆိုသိနိုင်တာပဲ"

လူအေး ဘာလုပ်ရမှန်းမသိ၊ ဘာပြောရမှန်းမသိ ဖြစ်သွ သည်။

သူမသည် အခင်းဖြစ်နေရာသို့ တစ်စုံတစ်ခုစုံစမ်းရန် ရောက် ရှိလာခဲ့ပုံရသည်။ ရဲများ တွေ့မသွားခဲ့သော ဓာတ်ပုံကို သူမ တွေ့ ရသည်။ ထိုဓာတ်ပုံသည် မိမိလည်ပင် ကြိုးကွင်းစွပ်မည့်ဓာတ်ပုံ။





လူအေး ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ပြီးသည်နှင့် လူအေးသည် မေစံရှားရှိရာသို့ ခုန်ဝင် ကာ ဓာတ်ပုံ ဖျတ်ခနဲ ဆွဲယူလိုက်သည်။ လူအေး မြန်ပါ၏။ သို့သော် ဆစ်ကွက်နောက်ကျနေသည်။ မေစံရှားက ဓာတ်ပုံကို ဆတ်ခနဲ ရုတ် လိုက်ကာ လူကလည်း နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ဖြစ်နေ၏။

ဓာတ်ပုံကို လုယူပြီဆိုမှတော့ မိမိသည် သည်အမှုနှင့် ပတ် သက်နေသူဖြစ်ကြောင်း ဝန်ခံသလိုဖြစ်သွားပြီမို့ လူအေးအဖို့ အကြပ် ရိုက် ချောင်ပိတ်သွားခဲ့ပြီဖြစ်သည်။

လူအေး ရှေ့ကိုတိုးလိုက်သည်။

မေစံရှားကို ဝင်၍တိုက်ခိုက်ဖို့ ကြိုးစားသည်။ မေစံရှားကို တိုက်ခိုက်ပြီး ဓာတ်ပုံလုယူရန်ဖြစ်သည်။ ဒါသည်လည်း အမှားတစ်ခု ဖြစ်နေ၏။ မိမိ၏တိုက်ချက်က လေတွင်ပင်ဖြတ်သန်းကာ လေထဲတွင် ပင် အဆုံးသတ်သွားခဲ့ပြီ။ ဘယ်ကဝင်လာမှန်းမသိသော သူမ၏ လက် ခုံစောင်းရိုက်ချက်ကသာ မိမိ၏လည်ကုပ်ပေါ်သို့ ဒုတ်ခနဲ ကျဆင်းလာ သည်ကို အံ့အားတသင့် တွေ့လိုက်ရသည်။

ဒေါသက အစွယ်ထွက်လာ၏။

မေစံရှားကိုတိုက်ခိုက်ဖို့ လူအေး အလူးအလဲ အပြင်းအထန် ဆက်တိုက်ဆက်တိုက် ကြိုးစားမိတော့သည်။ လက်သီးတွေ၊ တံတောင် တွေ၊ ခြေကန်ချက်တွေ။ သို့သော် တစ်ခုမှ အရာမထင်။

မေစံရှားက အေးဆေးစွာပင် အရှေ့၊ အလျား၊ အယိမ်းအနွဲ့၊ အပက်၊ အပယ်များဖြင့် သာသာလေး ရှောင်တိမ်းသွားနိုင်ပြီး မရှော် လင့်သော ရိုက်ချက်၊ ထိုးချက်များကြောင့် လူအေးသာလျှင် မြေမ်းပြင် ပေါ် ပြုတ်ကျသည်ထိ ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူအေး နားလည်လိုက်ပြီ။

လူအေးသည် တိုက်ရည်ခိုက်ရည် မည့်လုသူဖြစ်၏။ သို့သော် မေစံရှားကို သူ မည်သို့မျှ နိုင်မှာမဟုတ်ကြောင်း ပိုင်ပိုင် သဘောပေါက်လိုက်ပြီ။

ထို့ကြောင့် လဲကျနေရာမှ အနီးရှိ သံပိုက်တစ်ခုကို မေစံရှားထံသို့ ရုတ်တရက် တွန်းလှိမ့်ပစ်လိုက်ကာ နေရာမှ ရုတ်ခြည်းထ၍ လူအေး ထွက်ပြေးခဲ့မိတော့၏။

"မပြေးနဲ့ ...။ ရှင် ပြေးလို့မလွတ်ဘူး"

နောက်မှ အော်သံနှင့် ပြေးလိုက်လာသံ ကြားရ၏။

စက်ရုံဟောင်းအတွင်းမှ အားသွန်ပြေးလာရင်း လမ်းတွင်တွေ့သမျှ အရာဝတ္ထုများကို ဆွဲချကာ နောက်မှလိုက်လာသူကို ဟန့်တားနိုင်ရန် ပြုလုပ်ခဲ့သည်။

စက်ရုံဟောင်းအတွင်းမှ လွတ်မြောက်ခဲ့ပြီ။

အပြင်တွင် မမျှော်လင့်ဘဲ ပါပလေကာကားလေးတစ်စီးကို တွေ့ရပြီး ကားဘေးမှလူရွယ်က လူအေးအား ဆီး၍ဖမ်းရန် ပြေးလာသည်ကို တွေ့လိုက်ရပြန်သည်။

လူအေးသည် ထိုသူကို ရင်ဆိုင်နေပါက နောက်မှလိုက်လာသူ မေစံရှားက မီသွားနိုင်သည်ကို တွက်ဆကာ အခြားတစ်ဖက်သို့ ကွေ့ချိုး၍ ထွက်ပြေးခဲ့ရတော့၏။

ယခင်အခေါက်များက မိမိတို့လာနေကျ စက်ရုံဟောင်း၏ဘေးလမ်းသို့ ဦးတည်လိုက်သည်။

ကံကောင်းလေစွ။





စက်ရုံ၏ အခြားတစ်ဖက် ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှိနေသည့် လမ်းဟောင်းထဲမှ ကားတစ်စီးထွက်လာသည်။ လူအေးသိလိုက်၏။ ဆရာဘဂျမ်း၏ကား။ ဆလွန်းကားလေး။ သို့သော် ဆရာဘဂျမ်းက အသွင်အမျိုးမျိုးပြောင်းကာ စတစ်ကာများကပ်ခြင်း၊ နံပါတ်များပြောင်းခြင်း စသည်ဖြင့် မည်သူမျှ သေချာစွာ ခြေရာခံမရအောင် ပြင်ဆင်ထားသည့်ကား။ ကြည့်ပါ။ ယခင်က အဖြူရောင်။ ယခု မီးခိုးရောင်။

ဆရာဘဂျမ်းကိုယ်တိုင် မောင်းလာပုံရသည်။

ကားက မိမိရှေ့သို့ ရွေ့လျားလာသည်။

နောက်မှ ပြေးလိုက်လာသူတို့၏ ခြေသံကလည်း ထက်ကြပ်လာ၏။ ဘဂျမ်း မိမိကိုကယ်တင်ရန် အချိန်မီရောက်လာခြင်းအတွက် ကျေးဇူးတင်ရပါ၏။ ကားနှင့်နီးလာသည်။ ကားကလည်း မောင်းလာသည့်အရှိန်ကို မလျှော့။

လူအေးက ကားကိုရပ်ပေးရန် လမ်းပေါ်မှ လက်မြှောက်ပြလိုက်သည်။ ကားရပ်လျှင် ကားပေါ်ပြေးတက်ဖို့ အပြင် ...

မယုံနိုင်စရာ။

မထင်မှတ်စရာ။

ကားကမရပ်ဘဲ စက်သံပို၍ တစ်ဟုန်ထိုးမြင့်လာကာ ဝေါခနဲ အရှိန်ဖြင့် ပြေးဝင်လာပြီး လူအေးအား တည့်တည့်ကြီး ဝင်၍တိုက်ပစ်လိုက်သည်။

"ဒုန်း ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



လူအေး လေတွင်မြောက်ကာ ကားခေါင်မိုးပေါ်ကျ။ ထို့နောက် တစ်ဆင့်လိမ့်ကာ အရှိန်ဖြင့် ကားလမ်းဘေးသို့ ကျသွား။ ကားက အရှိန်ဖြင့် ဝေါခနဲမောင်းထွက်သွား။

"ဟာ . . . တိုက်သွားပြီ"

ဟူသောအသံကို ကြားလိုက်ရခြင်းသည် နောက်ဆုံးဖြစ်တော့၏။

အမှောင် . . . ကျသွားပြီ။

လုံးဝအမှောင်။ ပိန်းပိန်းပိတ်သောအမှောင်။

✿ ✿ ✿

| ၃၆ |

❑

ရဲအုပ်ထင်လင်းက ဓာတ်ပုံကိုကြည့်ရင်းမှ သက်ပြင်းချပြီးနောက် . . .

"ဒီဓာတ်ပုံထဲက မိန်းကလေးက ရထားတိုက်ခံရပြီး သေဆုံးခဲ့တဲ့ မိန်းကလေး။ ဒီမျက်မှန်နဲ့လူက အခု ကားတိုက်ခံရပြီး သေဆုံးသွားတာ။ သူတို့နှစ်ဦးက ဓာတ်ပုံထဲကအတိုင်းဆိုရင် ပတ်သက်မှုရှိနေသလို သူတို့နှစ်ဦး သေဆုံးရမှုကလည်း ပတ်သက်နေတာ သေချာတယ်။ ဒေါ်မေစံရှား ဘယ်လိုထင်လဲ"

"ကိုထင်လင်း ယူဆချက်အတိုင်းပါပဲ။ လုံးဝ ဆက်နွယ်နေတဲ့ ကွင်းဆက်ပါ။ ခုတစ်ခါက ရှင်းတယ်။ ကားသမားက ဒီမျက်မှန်နဲ့လူနဲ့ တစ်ဖွဲ့တည်းပဲ။ ကားကိုတားတာက ဒီလူက သူ့လူကို အရူးအညီ ချို့ တားတာ။ တကယ်က တိုက်ပြီးပြေးတာ။ တိုက်ပြီးပြေးတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ရှောင်ပြေးရင်း တိုက်မိသွားတယ်လို့ ဆိုလိုတာမဟုတ်ဘူး။ အပြတ်ရှင်းသွားခဲ့တဲ့ သဘောနဲ့ တိုက်သွားပုံပဲ''

မေစံရှားက ပြန်ပြောသည်။

''ကားထဲကလူကော မြင်လိုက်လား''

ရဲအုပ်ထင်လင်း မေးသည်။

''မမြင်လိုက်ရဘူး။ ကားမှန်တွေကို စတေကာအနက်တွေ ကပ်ထားတယ်''

''ကားက ဘာကားလဲ''

''ဆလွန်း။ စူပါဆလွန်းပဲ''

''အရောင်က ...''

''မီးခိုးရောင်''

''ဟိုတစ်ခါ ရထားလမ်းဘေးမှာ တွေ့လိုက်တာနဲ့ ဖုန်းဆိုင်က မိန်းကလေးပြောစကားအရ ကားက စူပါဆလွန်းပဲ။ ဒါပေမဲ့ အဖြူရောင်''

''အရောင်က ပြောင်းလို့ရတာပဲ။ အခုကြည့်ရတာ ကားက ဆေးအသစ်ပြန်ပြီး မှုတ်ထားတဲ့ပုံပါ''

ကိုနေသော်က ဝင်ပြောသည်။

''ကားနံပါတ်ကိုတော့ ကြည့်လိုက်ပြီး မှတ်လိုက်တယ်။ ဒီနံပါတ်ပါ။ ဒါပေမဲ့ ကားနံပါတ်ကလည်း အမှန်ဟုတ်မယ်မထင်ဘူး''

''ဒေါ်မေစံရှားတို့မှတ်လာတဲ့ ကားနံပါတ်ကိုတော့ ပိုင်ရှင်သိရအောင် စုံစမ်းနိုင်းလိုက်ပါ့မယ်''

''ကားတိုက်ခံရပြီး သေဆုံးသွားသူရဲ့ကိုယ်ကို ကိုထင်လင်းတို့အဖွဲ့တွေ ရှာဖွေစစ်ဆေးပြီး ဘာတွေ ထူးခြားတာတွေ့ရလဲ''





''ခုထိတော့ ဘာမှ မည်မည်ရရ မရှိတော့ဘူးပြောရမှာပဲ''

''ရဲမှတ်တမ်းထဲမှာရော သူ ... ရှိနိုင်မလား''

''ရှာခိုင်းထားပါတယ်''

''စက်ရုံဟောင်းမှာ သေဆုံးသွားသူရဲ့ နောက်ကြောင်းရာဇဝင်ကိုရော သိရပြီလား''

''သိရပြီ။ သူက လူလွတ်တစ်ယောက်ပဲ။ အလုပ်အကိုင် မည်မည်ရရမရှိဘူး။ ရတဲ့သတင်းအရ ပြောရရင် ဒီကောင်က လူမှုရေးဖောက်ပြန်သူတွေကို လိုက်ချောင်းပြီး ငွေညှစ်တတ်တဲ့ကောင်တဲ့''

''ဒါဆိုရင် သူ ငွေညှစ်တာခံရတဲ့ တစ်ယောက်ယောက်က သူ့ကိုပြန်ပြီး လုပ်ကြံသွားတာ ဖြစ်နိုင်တာပေါ့''

''အဲဒီလို ယူဆပါတယ်။ ငွေညှစ်ခံရသူဆိုတာ ကျွန်တော့်အထင် ငွေကြေးချမ်းသာသူ၊ အဆင့်အတန်းမြင့်မြတ်တဲ့ထဲက ဖြစ်မှာပဲ။ ဒါမျိုးမှ ငွေညှစ်လို့ရမှာလေ။ ဒီတော့ ငွေညှစ်ခံရသူက ကိုယ်တိုင်လုပ်ကြံသတ်ဖြတ်တာမျိုးမဟုတ်ဘဲ တစ်ယောက်ယောက်ကို ငွေပေးအလုပ်အပ်လိုက်တာမျိုးလည်း ဖြစ်နိုင်တာပေါ့''

''ကိုထင်လင်း အယူအဆနဲ့ပြောရရင် သံလက်ကောက်ဘာဂျမ်းလား''

''အဲသလို ယူဆတယ် ဒေါ်မေစံရှား''

''ကောင်းပါပြီ။ ကျွန်မလည်း ကြိုးစားကြည့်ပါ့မယ်။ ကိုထင်လင်းဘက်က ကျွန်မကို အသိပေးလို့ရမှာရှိရင် အသိပေးပါ။ ကျွန်မ စုံစမ်းရသမျှကို သတင်းပို့ပါ့မယ်''

''ပူးပေါင်းဆောင်ရွက်တာပေါ့ဗျာ''

''ဒါနဲ့ ကိုထင်လင်းရဲ့ဒဏ်ရာတွေ အခြေအနေ''



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတို့ဘာတို့က သက်သာနေပါပြီ။ ခြေထောက်ကျိုးတာတော့ ကြာဦးမှာပဲ။, ကြည့်ရတာ အောက်ပိုင်းက လှုပ်ရှားနိုင်ဖွယ်မရှိဘူး"

"ဟင် ... ဘုရား ... ဘုရား ..."

"စိတ်မကောင်း မဖြစ်ပါနဲ့။ အောက်ပိုင်းမလှုပ်ရှားနိုင်ရင် ဒုက္ခိတဖြစ်နေရင်လည်း ခေါင်းနဲ့ အလုပ်လုပ်ဦးမှာပါ"

"ဒီဆေးရုံမှာပဲ အကြာကြီးနေရဦးမှာပေါ့နော်"

"ဟင့်အင်း ... ဒီတစ်ပါတ်ထဲမှာ ဆေးရုံကဆင်းပြီး အိမ်မှာ ပြန်နေမယ်"

"အိမ်မှာ ပြုစုမဲ့သူရှိလို့လား"

"အစ်မတို့လင်မယားက အလုပ်ကိုယ်စီနဲ့ဆိုတော့ ဘယ်ပြုစုနိုင်မလဲ။ သူနာပြုတစ်ယောက် ငှားပေးထားမယ်ပြောတယ်"

မေစံရှားနှင့်ကိုနေသော် ဆေးရုံမှပြန်ဆင်းလာတော့ နှစ်ဦးစလုံး စကားမပြောနိုင်ကြ။ သူတို့ရင်မှာ ဒုက္ခိတဖြစ်သွားတော့မည့် ရဲအုပ်ထင်လင်းအတွက် ခံစားနေရသည့် ကရုဏာဝေဒနာ။ ပြီးတော့ ရက်စက်ယုတ်မာသည့် လူဆိုးတစ်ယောက်အပေါ် နာကျင်မှု၊ ခံပြင်းမှု။

"သံလက်ကောက်ဘဂျမ်း ... ရှင် ဥပဒေရှေ့မှောက် ရောက်လာစေရမယ်"

မေစံရှားရင်ထဲမှ ကြုံးဝါးစကား။

သို့သော် ...

သံလက်ကောက်ဘဂျမ်းက အကွက်ချကောင်းသူ ဉာဏ်သမား။ မေစံရှား ယှဉ်နိုင်ပါ့မလား။

✿ ✿ ✿

[ ၃၇ ]

❑

"သမီးရေ ... သမီးနာမည်နဲ့ ပါဆယ်တစ်ခု ရောက်နေတယ်"

ဒေါ်လေးကြင်ကြင်က တံခါးဖွင့်ပေးရင်း ဆီးကြို၍ပြောသည်။

"ပါဆယ် ... ဟုတ်လား"

"ဟုတ်တယ် ပါးပါးလေးပဲ။ စာအုပ်လား ဘာလားမသိဘူး"

မေစံရှားအတွေးတွင် ယခင်က ကိစ္စတစ်ခုဖြစ်တိုင်း ရောက်လာတတ်သော စာအိတ်များကို ဖျတ်ခနဲ သတိရလိုက်၏။ ယခု ဒေါ်လေးကြင်ကြင်ပြောနေသည်က စာမဟုတ်။ ဘာပါလိမ့်။ ဘယ်သူပို့တာပါလိမ့်။

www.burmeseclassic.com



အခန်းထဲသို့ရောက်ပြီးနောက် ဒေါ်လေးကြင်ကြင်ပေးသော ပါဆယ်ထုပ်ကို အစောတလျင် ယူကြည့်မိ၏။ အဝတ်အစားပင် မလဲနိုင်။ ဆွဲလာသော အိတ်တို့ကိုပင် နေသားတကျ နေရာမချနိုင်သေး။

ပါဆယ်ထုပ် ပြားပြားလေး။ ပြားပြားလေးမှ တကယ့်ပြားပြားလေးဖြစ်သည်။

ပို့သူ လိပ်စာပါ၏။ သို့သော် ထုံအမည်နာမ၊ ထိုလိပ်စာတို့သည် အမှန်ဖြစ်ကောင်းမှ ဖြစ်မည်။ ယခင်စာအိတ်များတုန်းကလည်း လိပ်စာနှင့်ပို့သူက အမျိုးမျိုးဖြစ်၏။

ပါဆယ်ထုပ်ကို စိတ်ဝင်စားစွာ ဖောက်လိုက်သည်။

ပလတ်စတစ်ဘူးကလေးနှင့် ထည့်ထားသော စီဒီပြားကလေး ဖြစ်၏။ စာအုပ်မဟုတ်။

မေစံရှား ပို၍ စိတ်ဝင်စားသွားသည်။

ဘာစီဒီလဲ။

မေစံရှားထံသို့ သီချင်းခွေ၊ ရုပ်ရှင်ခွေ ပို့စရာတော့ အကြောင်းမရှိ။ စီဒီကလည်း ကူးခွေ။ စီဒီပေါ်မှာ ဘာကြော်ငြာ၊ ဘာအမှတ်အသားမှ မပါ။

ခေတ်ပုံတွေလား၊ မှတ်တမ်းတွေလား။

သီချင်စိတ်၏ စေ့ဆော်မှုကြောင့် မေစံရှား ကွန်ပျူတာထဲသို့ ထည့်လိုက်သည်။

ပေါ်လာသည်က ....။

✿ ✿ ✿

❑

အဆောက်အဦပေဟာင်းတစ်ခု။ စက်ရုံဟောင်းလည်း ဖြစ်ပုံရသည်။ ရှေ့တွင် ရဲကားနှစ်စီးနှင့် ရဲသားများ။ ဆေးရုံကားကလည်း မီးနီအလေးလည်လျက်။ အချိန်က ...ည။

အထဲသို့ ဝင်လိုက်ထွက်လိုက် ရဲဝန်ထမ်းများ။

အတွင်းတစ်နေရာမှာတော့ ...

ရဲအရာရှိ ဒန်ဖယ်ဝါရှင်တန်နှင့် သူ့လူများ။

''အလောင်းတွေ့တဲ့နေရာက ဘယ်မှာလဲ''

''ပိုက်လုံးကြီးရဲ့ အောက်ဘက်မှာ ဆရာ''

''ဒါဆို ငါဝင်မယ်။ မင်းရဲ့ မီးပေးစမ်း''

ရဲသားတစ်ဦးထံမှ လက်နှိပ်မီးကို လှမ်းချဲ့တောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်တော်ဝင်ပါ့မယ်"

"ရပါတယ်ကွာ။ မင်းကို စိတ်မချဘူး"

"ဖြည်းဖြည်းသွားပါ ဆရာ။ အန္တရာယ်က မမြင်ရဘူး"

"အထဲကလူက မင်းတို့ပြောသလို အလောင်းဆိုပေမဲ့ သေချင်မှ သေနေမှာကွ။ အသက်ရှိချင် ရှိနိုင်သေးတယ်။ အချိန်မီ ကယ်ခွင့်ရရင် ကယ်ချင်တယ်။ မင်းတို့လိုက်ချင် ငါ့နောက်က လိုက်ခဲ့"

တကယ်တော့ သူ့လူများကို အန္တရာယ်ရှိမှာ စိုးသည်ကတစ်ကြောင်း၊ အထဲတွင် ပိတ်မိနေသူကို ကယ်တင်နိုင်လျှင် ကယ်တင်ရန် စိတ်စောနေသည်က တစ်ကြောင်းမို့ ရဲအရာရှိ ဒန်ဖယ် ရှင်တန် ရှေ့မှနေ၍ ပိုက်လုံးကြီးရှိရာသို့ ဝင်သွားသည်။ နောက်မှ သူ့လူနှစ်ဦး။

ပိုက်လုံးကြီးရှိရာသို့ ဝင်သွားသည်ဆိုခြင်းမှာ လွယ်လွယ်ကူကူ မဟုတ်လှပါ။ စက်ကိရိယာများနှင့် မြေအောက်ပိုင်းရှိရာသို့ မိကျောင်းတွားဝင်ရခြင်းဖြစ်သည်။ ရှေ့တွင် မှောင်မည်းနေသည်မို့ မီးဖြင့်ထိုး၍ သွားရသည်။ ရှေ့မှာ ဘာရှိမည်၊ အန္တရာယ် ဘာလာနိုင်မည်ကို တွေး၍မရ။

ဟစ်စတစ်စနှင့် ပိုက်လုံးကြီးရှိရာ ရောက်လာသည်။

"ရှေ့နားမှာ ဆရာ"

မီးထိုးရင်း ထိုးရင်းဖြင့် ...

"တွေ့ပြီကွ။ ရှေ့မှာ ..."

ဒန်ဖယ်ဝါရှင်တန်က အလောတကြီး ပြောလိုက်သည်။

ပြောစကားနှင့်အတူပင် လူက ရှေ့သို့တိုးကာ အလောင်းရှိရာသို့ တွားဝင်လိုက်သည်။





မထင်မှတ်ထားသော အရာ။

အသံတစ်ခု ကြားလိုက်ရင်း ...

ထောင်ချောက်တစ်ခုဖြစ်သည်ဟု သူ တွေးမိလိုက်ပုံရှိသည်။ မော့ကြည့်လိုက်သည်။

အပေါ်မှ အရှိန်ဖြင့်ကျလာသော ပိုက်လုံးကြီးတစ်ခု။

လောကကြီး မှောင်သွားသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မှောင်ရာမှလင်းလာတော့ ဆေးရုံမှာဖြစ်နေသည်။

တစ်ကိုယ်လုံး ပတ်တီးအဖွေးသားနှင့်။

နှလုံးခုန်နှုန်းပြကိရိယာပေါ်မှ နှလုံးခုန်ဂရပ်မျဉ်းများက မမှန်ကန်။

အောက်စီဂျင် ပေးထားရသည်။

ဆရာဝန်ကြီးက ဘေးတွင်ရှိနေသော ရဲအရာရှိများ၊ ဝန်ထမ်းများ၊ သူနာပြုများကို လှည့်၍ ကြေညာသည်။

''အသက်အန္တရာယ်တော့ ကျော်သွားပါပြီ။ ဒါပေမဲ့ ...''

စကား ခဏရပ်သွားသည်။

အားလုံး အသက်ရှူဖို့ မေ့နေသလို ဆရာဝန်ကြီးကို ကြည့်နေကြသည်။

''ကိုယ်တစ်ပိုင်းသေသလို နာတာရှည် ဒုက္ခိတအဖြစ်နဲ့တော့ သူ့အသက်ရှင်သွားဦးမှာပဲ''

✿ ✿ ✿

❑

ဇာတ်လမ်းက ဤမှာပင် ပြတ်သွားသည်။

ဘာလဲ။ ဘာအဓိပ္ပာယ်လဲ။ ဘာကို ဆိုလိုချင်တာလဲ။

ပို့သူ၏ရည်ရွယ်ချက်က ဘာလဲ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၈ |

"ကိုကို ဒီရုပ်ရှင်ကားကို ကြည့်ဖူးတယ်။ ကြာတော့ ကြ[illegible]
ဟု ကိုနေသော်က တွေးတွေးဆဆပြောသည်။

မေစံရှားက သူမထံသို့ရောက်လာသော စီဒီချပ်ပါ ဇာတ်[illegible] အပိုင်းကလေးကို ပြောပြသောအခါ ကိုနေသော်က စတင်၍ ပြော[illegible] စကားဖြစ်၏။

မေစံရှား၏ရုံးခန်းမှာ။

"အဲဒါဆို ပြန်စဉ်းစားပါဦး။ ဘာကားလဲ။ ဘယ်သူတွေ[illegible] ဇာတ်လမ်းက ဘာလဲ"

မေစံရှားက သိလိုဇောဖြင့် မေးခွန်းတွေ ဆင့်ကာဆင့်[illegible] တွန်းတွန်းတိုက်တိုက် မေးသည်။





"ကြည့်ဖူးတဲ့ကားတွေ များနေတော့ ရောထွေးနေတယ် ရှား[illegible]ရဲ့။ ကိုကို့အထင်တော့ ဒန်ဖယ်ဝါရှင်တန်က ရဲအရာရှိ။ မင်းသမီးက အင်ဂျလီနာဂျိုလီထင်တာပဲ"

"ဇာတ်လမ်းက ..."

"ခုအထိ သေသေချာချာ မမှတ်မိဘူးဖြစ်နေတယ်။ ဂျိုလီက [illegible]ယ်မြေရဲတစ်ဦးလို့ မှတ်မိတယ်။ နေဦး ...။ ကိုကို့အိမ်မှာ အခွေ[illegible]ဆောင်းတွေရှိတယ်။ ပြန်ရှာဦးမယ်။ ကိုကိုက ကြည့်ပြီးတဲ့အခွေတချို့[illegible]ကို တခြားသူတွေကြည့်ချင်ရင် ပေးလိုက်တာမို့ ရှိချင်လည်း ရှိနိုင်တယ်။ [illegible]ချင်မှလည်း ရှိမယ်"

မေစံရှား မချင့်မရဲဖြစ်သွားသည်။

"တာ ... ကိုကိုကလဲ။ မရေရာ မသေချာလိုက်တာ။ ဇာတ်[illegible]အားနာမည်ရော မှတ်မိလား"

"အဲဒါလည်း ဇဝေဇဝါပဲ"

"ကိုကိုကတော့ တကယ့်ဟာကျမှ မေ့နေတယ်။ တကယ်ပဲ"

"ခေါင်းထဲမှာ ဝတ္ထုဇာတ်လမ်းတွေ၊ ဇာတ်ညွှန်းတွေထည့်ထား[illegible]တာများနေတော့ ဦးနှောက်က သိမ်းထားတာတွေက ပိနေတာပေါ့[illegible]ရယ်။ ဦးနှောက်ဆိုတာကလည်း ကွန်ပျူတာလိုပဲလေ။ ကွန်ပျူတာ[illegible]ကြည့်။ Save လုပ်ထားတာတွေများရင် စက်က လေးသွားပြီး အလုပ်[illegible]ည်ဖို့ မကောင်းတော့ဘူးလေ"

"ကိုကို အဲဒီအခွေ ရှာကြည့်စမ်းပါ"

"ရှာပါ့မယ်။ အိမ်မှာလည်းရှာမယ်။ မရှိရင် ဆိုင်တွေမှာလိုက်[illegible]ပြီး ရှာပါ့မယ်။ ဇာတ်ကားက နည်းနည်းကြာသွားလို့ ရှာရမှာခက်တော့[illegible]မယ်ထင်တယ်ရှား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ဘူး။ အဲဒါ ရှားကိုရအောင်ရှာပေး"

"ဟာ ...အမိန့်ပါလား။ အမိန့်မှ တစ်ချက်လွှတ်အမိန့် ကြောက်စရာကြီး"

မေစံရှား လွှတ်ခနဲ ရယ်လိုက်မိသည်။ မချိုမချဉ်ပြုံးနေ နေသော ကိုနေသော်ကို အားနာစွာ လှမ်းကြည့်မိသည်။

"ဆောရီးကိုကို။ ရှား ဇောကပ်သွားလို့ပါ"

ကိုနေသော်က ဟက်ခနဲ ပြန်ရယ်ပြ၏။

"ရပါတယ်။ ကိုကို့ရှားက အာရုံတစ်ခုခုငြိသွားရင် နစ် သွားပြီး တခြားအရာအားလုံးကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ပြ ကျော်ချင်တာ ကိုကိုသိနေတာပဲဟာ။ ကိုကို့ချစ်သူကို ကိုကို နားလည် ပါတယ်။ ကိုကို ရအောင်ရှာပေးပါ့မယ်"

"ကျေးဇူးပါပဲ ကိုကို"

"ကျေးဇူးစကား လိုလို့လား။ သူစိမ်းတွေမှ မဟုတ်တာကို"

"ဒါဆို လောလောဆယ် ကိုကို့အထင် ပြောပါဦး။ ရှား အ နဲ့ပါ တိုက်ဆိုင်ကြည့်ရအောင်"

ကိုနေသော်က မျက်ခုံးနှစ်ဖက်ကွေးညွတ်သွားအောင် အ အနက်ပြု စဉ်းစားလိုက်သည်။ ဒါက သူ့အလေ့၊ သူ့အကျင့်။ တစ် မပြောမီ သူ၏ချိန်ဆမှု။ သူပြောလေ့ရှိသည့် အတွေးကို မေစံရှား ခနဲ သတိရသည်။ သူ့စာအုပ်တစ်အုပ်ထဲမှာ သူက ထိုအတွေးရ ထည့်ရေးထားသည်။ 'မပြောမီ၊ မလုပ်မီ စဉ်းစားပါ။ ပြောပြီး၊ လုပ်ပြီး လျှင် ပြန်လည်ဆန်းစစ်ပါ' တဲ့။

"ဒါ အရင်တုန်းကလိုပဲ။ စာပို့တဲ့သူက ဒီတစ်ခါတ္တုအပိုင် အစတွေရဲ့အစား ရုပ်ရှင်ကားအပိုင်းအစတစ်ခုကို ပို့ပေးလိုက်တာပဲ"





"အင်း ...ဟုတ်တယ်။ ဒါ ရှားလည်း တွေးမိတယ်။ ပြော ရရင် အရင်က စာပို့သူနဲ့ တစ်ယောက်တည်းဖြစ်ပြီး သူကျူးလွန်တဲ့ အမှုတစ်ခုနဲ့လည်း သက်ဆိုင်နေတယ်"

"မှန်တာပေါ့။ ဒီအပိုင်းလေးမှာက ကိုကို့အမြင် ဇာတ်လမ်း နှစ်ခုပါနေတယ်"

"ဘယ်လို ကိုကို"

"တစ်ခုက သေနေပြီဖြစ်တဲ့အလောင်း။ စက်ကိရိယာတွေပိ ပြီး ချောင်ကြိုချောင်ကြားမှာ သေဆုံးနေတာ။ ဒါဟာ လူသတ်မှုဇာတ် လမ်းတစ်ခု။ နောက်တစ်ခုက ရဲအရာရှိ။ ရဲအရာရှိက အလောင်းရှိရာ သွားတယ်။ အပေါ်က ပိုက်လုံးတွေ အချိန်ကိုက် ပြုတ်ကျလာတယ်။ ဆေးရုံရောက် ဒုက္ခိတဖြစ်သွားတယ်။ ဒါက ဒုတိယဇာတ်လမ်း။ သုံးသပ် ကြည့်ရရင် မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ပစ်တာ"

မေစံရှားခေါင်းထဲတွင် လင်းခနဲ ဝင်းပြက်သွားသည်။

"ကိုကို တော်လိုက်တာ။ အဲဒါ ရှားတွေးမိမလိုနဲ့ သတိကပ် လွတ်နေတဲ့ အချက်ပဲ။ မှန်တယ်ကိုကို။ အခုဖြစ်ခဲ့တဲ့အမှုမှာ လူသတ် မှုတစ်ခုဖြစ်ပြီး အဲဒီလူသတ်မှုကို သွားရောက်စစ်ဆေးတဲ့ ရဲအုပ်ထင် လင်း အက်ဆီးဒင့်ဖြစ်ရတယ်။

အဲဒီအက်ဆီးဒင့်ကြောင့် ရဲအုပ်ထင်လင်း ဆေးရုံရောက်ပြီး လေ့ပ်ရှားနိုင်ဖြစ်ရတယ်။ အဖြစ်အပျက်တွေက ထပ်တူထပ်မျှပဲ။ ကိုကို ပြောသလို လူသတ်သမားဟာ အကွက်ချပြီး ခဲတစ်လုံးနဲ့ ငှက်နှစ် ကောင်ပစ်ခဲ့တာ။ ဒါကြောင့် ဒီဇာတ်လမ်းအပိုင်းအစကို ပို့တာ"

"ကိုကို တစ်ခုပြောချင်သေးတယ်"

"အင်း ...ပြော ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်သမားဟာ သူကျူးလွန်တဲ့ ပြစ်မှုတစ်ခုခု၊ အခုကိစ္စတွေမှာတော့ လူသတ်မှုပေါ့။ အဲဒါကို ကျူးလွန်ပြီးမှ သူ့ကျူးလွန်မှုနဲ့ တူတဲ့ ဇာတ်လမ်း၊ ဝတ္ထုအပိုင်းအစတစ်ခု။ အခုတော့ ရုပ်ရှင်ဇာတ်လမ်း တစ်ကွက်နှစ်ကွက်ကိုပို့တယ်။ အဲဒါကို ဝေဖန်ကြည့်ပါစို့။

ကျူးလွန်ပြီးမှ အလားတူဇာတ်လမ်းအပိုင်းအစကို ဉာဏ်ချင်း ယှဉ် စိန်ခေါ်ချင်လို့ ရှားဆီပို့တာလား။ အဲဒီလိုဇာတ်လမ်းကို အရင်ရှာပြီးမှ အဲဒီအတိုင်း ကျူးလွန်တယ်။ ပြီးမှ ဒီလိုပါလို့ ရဲရဲဝံ့ဝံ့ စိန်ခေါ်ချင်တဲ့သဘောနဲ့ ရှားဆီပို့တာလား"

"ကိုကိုပြောချင်တာက လူသတ်ပြီးမှ ဆင်တူဇာတ်လမ်းရှာပို့တာ၊ ဒါမှမဟုတ် ဇာတ်လမ်းအတိုင်း အတုယူပြီး လိုက်ကျူးလွန်တာ။ ဒီနှစ်ခု ဘယ်ဟာလဲလို့ မေးချင်တာမဟုတ်လား။ သေချာပါတယ်ကိုကို။ လူသတ်သမားဟာ ဇာတ်လမ်းအတိုင်း လိုက်လုပ်နေတာ"

"အောရိုက်။ အဲဒါ ရှားနဲ့ကိုကို အတွေးတူတယ်"

"ဒီကိစ္စမှာတော့ လူသတ်သမားက ပို့ပြီး ရဲတင်းလာတဲ့သဘော ရှိနေတယ်။ ပြီးတော့ အန္တရာယ်သိပ်ကြီးတဲ့သူ။ သွေးအေးအေးနဲ့ ရက်စက်တဲ့လူဆိုတာလည်း သေချာနေတယ်"

ကိုနေသော်က သဘောကျကြောင်း ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ပြီးခဲ့တဲ့ လူသတ်မှုတွေဖြစ်တဲ့ ဦးကြီးမြင့်တို့၊ ဦးဝင်းစိန်တို့ကနေ အခုသေဆုံးသွားတဲ့လူအထိ။ ပြီးတော့ ရထားတိုက်ခံရပြီးသေရတဲ့မိန်းကလေး။ အခု ကားတိုက်ခံရပြီး သေသွားတဲ့လူ။ အားလုံးဟာ ကွင်းဆက်တွေဖြစ်နေသလို အဲဒီပြစ်မှုအားလုံးရဲ့ အဓိကတရားခံ Master Brain က တစ်ဦးတည်းပဲဆိုတာ သေချာတယ်။





Master Brain လို့ဆိုချင်တာက ဒီလူဟာ ရူးနေလို့၊ စိတ်ဖောက်ပြန်နေလို့ လူလိုက်သတ်နေတာမဟုတ်ဘဲ ကြေးစားလူသတ်သမား ...ပ်နေတာလို့လည်း ယူဆတယ်။ ပြီးတော့ တစ်ကိုယ်တော်မဟုတ်ဘဲ ...ခွဲနဲ့လှုပ်ရှားပြီး နောက်ကနေ ကြိုးကိုင်နေတဲ့သူဆိုတာပါပဲ"

"ကိုကိုလက်ခံတယ်။ ဒီလူဟာ ပေါ့သေးသေးမဟုတ်ဘူး။ လျှော့...တ်လို့ မရတဲ့လူ။ ရှားကို ချောကလက်ပို့ လုပ်ကြံခဲ့ပြီးပြီ။ အခု ရဲအုပ်...င်လင်းကို အန္တရာယ်ပေးတယ်။ ဒါဟာ သူ့ရဲ့ အတွင်းစိတ်ခံစား...သောပဲ။ ပြီးတော့ ရှားကို စိန်ခေါ်တဲ့အနေနဲ့ စာတွေပို့တယ်။ အခု ...တ်လမ်းပို့တယ်။ ကျုပ်က ဒီလိုလုပ်နေတာ။ သိပ်တော်တဲ့ မေစံရှား ...ရဲ့လားဆိုတာမျိုးပေါ့။ ပြုံးနေတာ"

"အဲဒါကြောင့် ရှားတွက်ထားတာက သံလက်ကောက်ဘဂျမ်း ...တဲ့ ကိုမင်းစိန်ပဲ"

"အင်း ... လူသတ်မှုဖြစ်တယ်။ ဖြစ်ပြီးရင် ရှားဆီကို စာ...ောက်လာတယ်။ ပြီးရင် ဖုန်းဆက်တယ်။ ဒါက ဖြစ်နေကျပဲ။ ဒီပုံသေ...ည်းအရပြောရရင် မကြာခင် ရှားဆီကို သူ ဖုန်းဆက်ဦးမှာပဲ"

"သေချာတာပေါ့"

ထိုစဉ်မှာပင် ...

စားပွဲပေါ်ရှိ မေစံရှားလက်ကိုင်ဖုန်းက ကီးလုံးသံလေး ထွက်...သည်။ ကိုနေသော်နှင့် မေစံရှား အကြည့်ချင်းဆုံသွားသည်။ မေ...ရှားက ခေါင်းတစ်ချက်ညိတ်ပြမိကာ ဖုန်းကိုကောက်ယူပြီး ဖုန်း...ကြည့်သည်။ နံပါတ်စိမ်း။

အစိမ်းခလုတ်ကလေးကိုနှိပ်ပြီး မေစံရှား နားမှာကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... အမိန့်ရှိပါရှင်"

"ဒေါ်မေစံရှား ... မင်္ဂလာပါ။ ကျန်းမာတော်မူပါစခင်ဗျာ"

ထင်ထားသည့်အတိုင်းပါပဲ။ ကိုမင်းစိန် ခေါ် သံလက်ကောက် ဘာဂျမ်း၏အသံ။

ကိုနေသော်က 'ဟုတ်တယ်မဟုတ်လား' ဟူသော မျက်လုံး အမူအရာဖြင့် မေးသည်။ မေစံရှားက ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ပို့သတဲ့မေတ္တာတရားကြောင့် ကျန်းမာပကတိ၊ ချမ်းသာ ရှိပါ၏ ... ပေါ့ရှင့်"

မေစံရှားက ခနဲ့စကားမပြောစဖူး ပြောလိုက်မိ၏။ ထိုစကား ကြောင့် ဖြစ်မည်ထင်၏။ ကိုနေသော်က ပြုံး၏။

"ဝမ်းသာပါတယ်ဗျာ။ ဒါမှလည်း လူကြီးနဲ့ကလေး လက်ဆ ထိုးတာမဟုတ်ဘဲ စိတ်တန်းချင်းတူတဲ့ ပွဲကြီးပွဲကောင်းကို ဆက်ကြည့် ရမှာပေါ့"

"ကိုမင်းစိန်စိတ်ဓာတ်ကို လေးစားပါတယ်။ ဒါပေမဲ့ ကျွန်မ ကြားဖူးတာကတော့ ရှေးတုန်းက သူရဲကောင်းတွေဟာ ချုံခိုတိုက်ခိုက် ပြီးမှ ငါကွလို့ မကြွေးဝါးကြဘူး။ ဘယ်တောင်ခြေမှာ လက်ရုံးချင်းယှဉ် ဖို့ သဝဏ်လွှာပို့ စိန်ခေါ်ယှဉ်ပြိုင်ကြတာမျိုးပဲ။ သိပ်အထင်ကြီးချီးကျူး ဖို့ကောင်းတယ်ရှင့်"

"ဒါ ဒေါ်မေစံရှားက ကျွန်တော့်ကို ထိုးနှက်လိုက်တာလား"

"မဝံ့ရဲပါဘူးရှင်။ အမှောင်ထဲကနေ ခဲနဲ့ပစ်ပြီး ပြေးတဲ့လူ အထင်သေးမိတာတော့ အမှန်ပါပဲ"

"အဲသလိုယူရင် ရ၏ပေါ့ဗျာ။ ဒါပေမဲ့ ကိစ္စတစ်ခုရဲ့ အောင် မြင်မှုဆိုတာက လျှို့ဝှက်သင့်တဲ့အရာ လျှို့ဝှက်ရတာပေါ့။ စီးပွား





သမားတွေရဲ့ ပြိုင်ဆိုင်မှုမှာတောင် ကိုယ်ထုတ်လုပ်မဲ့ပစ္စည်းကို လျှို့ဝှက် တီထွင် ထုတ်လုပ်ကြရတာမဟုတ်လား"

"ဒါက အနိုင်ယူနည်းမှန်ပေမဲ့ သူရဲကောင်းမပီသဘူးလို့ ကျွန်မ တော့ထင်တာပဲ။ ကျွန်မသာဆိုရင် 'ကျုပ် ဒီလိုလုပ်တယ်ဗျ' လို့ ရင် ကော့ပြီး သတ္တိရှိရှိ ကြွေးကြော်လိုက်မှာပဲ"

ကိုနေသော်က မေစံရှား၏စကားအသွားအလာကို ချိန်ဆကြည့် ကြည့်နေသည်။

"ဟင်း ... ဟင်း ... ဒေါ်မေစံရှားကတော့ ကျွန်တော့်ကို သွေးကြွအောင် လုပ်နေပြီ။ ကိုယ့်ကိုယ်ကိုယ် သိပ်သွေးအေးတာလို့ ထင် ထားတဲ့ကျွန်တော်တောင် ရင်ထဲမှာ ခလုတ်တိုက်သွားသလိုပဲ"

"ကျွန်မက ရှင့်ကို အထင်ကြီးချင်လို့ပါ"

"အခု အထင်မကြီးဘူးလို့ ပြောချင်တာလား"

တစ်ဖက်မှအသံမှာ အနည်းငယ်တင်းမာသွားသည်။ မေစံရှား ပြုံးလိုက်မိ၏။

"ယူသော်ရ၏ပေါ့ရှင်"

"ဒါနဲ့ ဒေါ်မေစံရှားရဲ့မိတ်ဆွေ ရဲအုပ်ကြီးတစ်ယောက် ဆေးရုံ ရောက်နေတယ်လို့ ကြားတယ်။ သိပ်တော်တဲ့ ရဲအရာရှိကြီးဗျာ။ ဘယ် လိုဖြစ်ရတာလဲ။ ပညာရှိ သတိဖြစ်ခဲ ဖြစ်သွားတယ်ထင်ပါရဲ့"

"မှန်ပါတယ်။ စေတနာဖောက်သွားလို့ ထောင်ချောက်မိသွား ရတာ"

"သင်ခန်းစာယူစရာပါပဲဗျာ။ ဒေါ်မေစံရှားတို့၊ ရဲအုပ်ကြီးတို့ လူတော်တွေ သတိထားရမဲ့ကိစ္စပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အခုဆက်တာ သတင်းထူးပြောစရာများ ရှိလို့လား"

"မရှိပါဘူး။ ဒေါ်မေစံရှားအသံ ကြားချင်လို့ပါ။ ဟဲ ... ဟဲ"

"ဒီလိုသတိရပေးတာ ကျေးဇူးပါပဲ။ ကျွန်မကို လက်တို့ပြီး သတိပေးတာမျိုးမို့ ကျွန်မရဲ့ ကင်းကွာနေတဲ့သတိတွေ ပြန်ပြီး စုစည်းလို့ရတာပေါ့"

"ကဲ ... ဒါပါပဲဗျာ။ ဖုန်းချလိုက်တော့မယ်နော်"

"ခဏ ... ကိုမင်းစိန်။ စောစောကစကားလေး ထပ်ပြောပါရစေ။ ရှင့်ကို ကျွန်မ အထင်ကြီးချင်ပါတယ်"

✿ ✿ ✿

| ၃၉ |

❑

သံလက်ကောက်ဘဂျမ်းက ဖုန်းမပိတ်မီ မေစံရှားက ဖုန်းပိတ်သွားသည်မို့ ဘဂျမ်း နည်းနည်း'တင်း'သွားသည်။

နည်းနည်းမဟုတ်ပါလေ။

'တင်း' သည်မှ အတော်ကလေး 'တင်း' သွားခြင်းဖြစ်၏။

ဘာတဲ့။ အထင်ကြီးချင်ပါတယ် ... တဲ့။

ဒါ အထင်သေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

သံလက်ကောက်ဘဂျမ်းလို့ အဆိပ်ရှိသောမြွေကို ပါးပျဉ်းထောင်အောင် မေစံရှားလုပ်လိုက်ခြင်းပဲဟု ယူဆသည်။

မိမိက မိမိလုပ်ရပ်တစ်ခုပြီးတိုင်း မိမိလုပ်ခဲ့သောအလုပ်၏ ရှာယူရာ ဇာတ်လမ်းတစ်ပိုင်းတစ်စကို ပို့သည်။ 'ကျုပ် အဲဒီလိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာဗျ' ဟူသည့်သဘော။ ပြီးတော့ သူမထံ ဖုန်းဆက်သည်။ 'အဲဒါ ကျူပ်ပဲဗျ' ဟု ကလိသည့်သဘော။ ဤအတိုင်း မိမိပြုခဲ့သည်မှာ အကြိမ် ကြိမ်။

ရည်ရွယ်ချက်မှာ မိမိ၏အစွယ်ကို ပြခြင်းဖြစ်သည်။ အဆိပ် ကို ပြခြင်းဖြစ်သည်။

နောက်တစ်ချက်က ပြိုင်ဘက်ကို စိန်ခေါ်နေခြင်းဖြစ်သည်။

ဒါကို မေစံရှား မသိမဟုတ်။ သိနေလိမ့်မည်။

သို့သော် မိမိလုပ်ခဲ့သမျှ ခြေလှမ်းတွေကို သူမ ခြေရာမကောက် နိုင်။ ယင်းသည်ပင် မိမိက မေစံရှားကို အနိုင်ယူနေခြင်းဖြစ်တော့၏။

ပြီးတော့ မေစံရှားအပေါ် ကလဲ့စားချေနေခြင်းလည်းဖြစ်၏။ တစ်ချိန်က သူမ၏စွမ်းရည်အောက်မှာ မိမိ ရှုံးနိမ့်ခဲ့ရဖူးသည်မဟုတ် လား။ ဤသို့သာမက မိမိခံစားခဲ့ရသော အတိုင်းအတာကို လျော်ကြေး ယူသည့်သဘောဖြင့် ချောကလက်ပို့ခဲ့သည်။ ကံကောင်းထောက်မ၍ မေစံရှား သေကံမရောက် သက်မပျောက်ခဲ့။

တစ်ဖန် မိမိတို့လည်းပင်း ကြိုးကွင်းစွပ်မည့် ရဲအုပ်ကြီးကို လည်း ပညာပေးဖို့လိုလာ၍ မိမိက တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖာထေး လမ်းဆင်ခဲ့သည်။ ယခု ရဲအုပ်ကြီး အငြိမ်းစားယူနေရပြီ။

ထို့အတွက် မေစံရှား မခံချိမခံသာ ဖြစ်ရှုနေပုံရ၏။

ယခု မိမိကို ထိုးစစ်ဆင်လာခဲ့ပြီ။

"အထင်ကြီးချင်ပါသတဲ့"

"စိန်ခေါ်ပြီးမှ လုပ်စမ်းပါ" ဆိုသည့်သဘော။

သံလက်ကောက်ဘဂျမ်းကိုက စိန်ခေါ်လျှင် တိမ်ပေါ်အထိ လိုက်မည့်လူစား။ အလျှော့ပေးရိုး ထုံးစံမရှိ။





ပြီးတော့ မိမိနှလုံးသားက သံမဏိပဲ။ ထိလျှင် မီးပွင့်တတ် သည်။ မီးအစားလည်း ခံနိုင်သည်။ မိမိအတွက် ခလုတ်ကန်သင်းမှန် သမျှကိုလည်း ဘယ်အကြောင်းကြောင့်မျှ ကြည့်မနေတတ်။ ရှင်းရမည် သာဖြစ်၏။ ခလုတ်ကန်သင်းမရှင်းလျှင် လမ်းက မဖြောင့်ဖြူးနိုင်။

ချောမူယာကို ရှင်းခဲ့ရ၏။

လူအေးကိုလည်း ရှင်းခဲ့ရပြန်၏။

ရှင်း၍မရခဲ့သေးသော မေစံရှားက ယခု 'ရှင်းပါ၊ ရှင်းပါ' ဟု တစာစာ မြည်ကြွေးနေပြီ။

"နောက်တစ်ပွဲမှာ တွေ့ကြတာပေါ့"

စိတ်ထဲက ကြုံးဝါးလိုက်မိ၏။

သံလက်ကောက်ကို ခုံပေါ်သို့ ဒုန်းခနဲ ရိုက်ချလိုက်ကာ စိတ် ကို ထွက်ပေါက်ပေးလိုက်၏။

ရင်ခွင်ထဲမှ ကြောင်နက်ကလေးမဟူရာပင် လန့်သွားကာ အောက်သို့ ခုန်ဆင်းသွားသည်။

ထိုအချိန်တွင် တံခါးပွင့်လာကာ ဝင်းထွဋ်နှင့်ဝတုတ် ဝင်လာ သည်။

"ဘာလဲကွ"

"လူအေးနဲ့ပတ်သက်ပြီး ရဲတွေက ကျွန်တော်တို့ကို ခြေဦး လှည့်လာနိုင်တယ်လို့ တွေးမိလို့ပါ"

ဝင်းထွဋ်က စပြောသည်။

"မှန်တာပေါ့"

"လူအေးသေဆုံးရတာက ကားတိုက်ခံရတာလို့ ကြားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ထဲမှာ ကားတစ်စီးက တိုက်သွားတာတဲ့။ အရောင်က မီးနီး ရောင်ဆူပါဆလွန်းလို့ ဖော်ပြထားတော့ အဲဒါ ...''

ဝတုတ်ခေါ်စကား။ စကားက အဆုံးမသတ်။ စကားကိုရပ်ထား ပြီး ဝတုတ်က ဘကျမ်းကိုကြည့်နေသည်။ ထိုအကြည့်က အဓိပ္ပာယ်တွေ အများကြီးပါသည်။

''မင်းတို့က ငါ့ကားထင်လို့လား။ ငါက ငါ့တပည့်ကို ကားနဲ့ တိုက်သတ်မလားကွ။ ကယ်မှာပေါ့။ မင်းတို့ဖြစ်ရင်လည်း ငါကကယ် မှာပဲ။ ငါတို့က သွေးသောက်ရဲဘော်တွေလေ''

သံလက်ကောက်ဘကျမ်းခေါ်နှုတ်မှ ထွက်သွားသော စကားများ ကို ဘကျမ်းကိုယ်တိုင် အံ့သြသွားရ၏။ ကောင်းလိုက်သည့်စကားလုံး များ။ လေသံကလည်း Feel အပြည့်။

ဝင်းထွဋ်နှင့်ဝတုတ် ငြိမ်သွားသည်။

''လူအေးအတွက် ငါလည်း စိတ်မကောင်းပါဘူး။ ဒီကောင် က ငါ သိပ်အားထားရတဲ့လူ။ ဒါဟာ လှည့်ကွက်တစ်ခုပဲ။ ရဲက ငါတို့ ကို ထောင်ချောက်ပြန်ဆင်တာ။ မင်းတို့ သဘောပေါက်ဖို့လိုနေပြီ''

သူတို့နှစ်ဦး ဖေဝေဝါဖြစ်သွားသည်။ ပညာရည်နိမ့်ကျလှသော သူတို့နှစ်ယောက်မှာ စဉ်းစားချင့်ချိန်နိုင်စွမ်းက နည်းလှသည်မဟုတ် လား။

''အခုတော့ မင်းတို့နှစ်ယောက်နဲ့ ငါပဲ ကျန်တော့တာ။ ငါတို့ စည်းလုံးကြဖို့တော့လိုတယ်။ နွားကွဲရင် ကျားခွဲမှာပဲ''

သူတို့နှစ်ယောက် ခေါင်းညိတ်လက်ခံပြီး ပြန်သွားကြသည်။ ခလုတ်ကန်သင်းဖြစ်ကောင်းဖြစ်လာနိုင်မည့် သူတို့နှစ်ယောက်။





သူတို့က မီးဝါအဆင့်မှာပဲရှိသေးသည်။ မီးနီအဆင့်မရောက် သေး။ မီးနီအဆင့်ရောက်နေသည်က မေစံရှား။

သံလက်ကောက်ဘကျမ်းက သူ့ခေါ်စားပွဲအံဆွဲထဲမှ စီဒီတစ်ချပ် ကို ထုတ်ယူကာ ကွန်ပျူတာထဲသို့ ထည့်လိုက်သည်။

ကွန်ပျူတာဖန်သားပြင်ပေါ်မှာ အရုပ်တွေ လှုပ်ရှားလာ၏။

✿ ✿ ✿

www.burmeseclassic.com

| ၄၀ |

❑

ကိုနေသော်နှင့် မေစံရှားတို့ ရဲအုပ်ထင်လင်းနေထိုင်ရာတိုက်ခန်းသို့ ရောက်သွားပြီး တံခါးခေါက်လိုက်သောအခါ ဖွင့်ပေးသူမှာ သူနာပြုဆရာမလေးဖြစ်သည်။

"ရဲအုပ်ထင်လင်းနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ . . . ရှိပါတယ်ရှင်။ ဝင်ပါ"

"သူ အိပ်နေလား"

"မအိပ်ပါဘူးရှင်။ ခုလေးတင်ပဲ နံနက်စာကျွေးပြီးတာပါ"

ရဲအုပ်ထင်လင်း ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်နေသည့်အတွက် မေစံရှားတို့ သတင်းသွားမေးခြင်းဖြစ်၏။





ရဲအုပ်ထင်လင်းကို သူ၏ခုတင်မှာ တွေ့ရ၏။

အပြုံးနှင့်ပင်။

"လာဗျို့ . . . မမေစံရှားတို့ ရောက်လာမယ်လို့ အာရုံက ကြိုသိနေပါတယ်"

ရယ်ကျဲကျဲနှင့် သူကပင် စတင်နှုတ်ဆက်သည်။

"အခြေအနေ တိုးတက်နေပြီလား"

မေစံရှားက ယူလာသောပန်းသီးအိတ်ကို အနားရှိ စားပွဲပေါ်တင်ရင်း မေးသည်။

ရဲအုပ်ထင်လင်းမှာ ပက်လက်အနေအထားဖြင့်ပင် ရှိနေသည်။ အောက်ပိုင်းကို စောင်ဖြင့်ခြုံလွှမ်းထား၏။ လက်ကလှုပ်ရှား၍ရသဖြင့် အထိုင်မည်ပြုရာ ကိုနေသော်က ဖေးမပြီး ထူပေးသည်။

ခုတင်ခေါင်းရင်းတန်းကို ကျောမှီကာ . . .

"လုံးဝတော့ ဒုက္ခိတမဖြစ်တော့ပါဘူး။ ဒါပေမဲ့ အောက်ပိုင်းဆိုတော့ ဒုက္ခိတလိုဖြစ်နေတယ်။ လှုပ်ရှားမရသေးဘူး။ ဆရာဝန်ကြီးတွေ မှန်ကြားသလို ဆေးလည်းသောက်၊ လေ့ကျင့်ခန်းလည်း လုပ်ပေါ့ဗျာ။ အချက်ပတ်တီးကလည်း မဖြည်ရသေးဘူး။ သူနာပြုဆရာမလေးကပဲ အကြောတွေ ပြန်လည်လှုပ်ရှားနိုင်အောင် ခပ်ဖြည်းဖြည်း လေ့ကျင့်သလို လုပ်ပေးရတယ်"

"ခေါင်းကပတ်တီးတွေ ဖြည်လိုက်နိုင်ပြီဆိုတော့ အခြေအနေတော်တော်တိုးတက်နေတာပဲ။ ခြေထောက်လည်း ပြန်ကောင်းလာမှာပါ။ အရေးကြီးတာက စိတ်ဓာတ်ပါပဲ"

"ကျွန်တော့်အကြီးအကဲတွေကလည်း အဲဒီလိုပဲ အားပေးပါတယ်။ ဆရာဝန်ကြီးကလည်း စိတ်ဓာတ်မကျဖို့ အမြဲပြောတယ်။ မမေ



www.burmeseclassic.com

www.burmeseclassic.com



စံရှားလည်း အားပေးတယ်ဆိုတော့ လူကတော့ ခါတိုင်းလို လန်းလန်း ဆန်းဆန်း တက်တက်ကြွကြွပါပဲ။ စခန်းက တချို့အမှုတွေတောင် ပြီး ကြီးတို့ကိုနိုင်ပြီး ကျွန်တော် အလုပ်ပြန်လုပ်နေပါပြီ''

''ဟာ ... ကိုထင်လင်းကတော့ စံပါပဲ''

ရဲအုပ်ထင်လင်းက သတိရဟန်ဖြင့် ...

''မမေစံရှားရောက်လာတာ အတော်ပဲ။ သတင်းတစ်ခုပေး ဦးမယ်။ ကျွန်တော်တို့ Twi Light စားသောက်ဆိုင်က အမျိုးသမီး စောင့်ကြည့်ရုံမကဘူး၊ စစ်ကြောရေး ခေါ်လုပ်လိုက်တဲ့အခါ သေဆုံး သွားတဲ့လူကို သတ်ပေးဖို့ သံလက်ကောက်ဘဂျမ်းကို ငွေပေးပြီး အလုပ် အပ်ခဲ့ကြောင်း ပေါ်လာတယ်။ ဘယ်သူ့အဆက်အသွယ်လည်းဆိုတော့ သူ့အစ်ကိုရဲ့ အဆက်အသွယ်တဲ့။

ဒါပေမဲ့ သူ့အစ်ကိုက နိုင်ငံခြားရောက်နေတာ။ ဘဂျမ်းရဲ့ ဖုန်းကို ဆက်သွယ်ခေါ်ယူခဲ့တာတဲ့။ ခက်တာက အဲဒီအမျိုးသမီးဆီက ရတဲ့ဖုန်းက မြန်မာ့ဆက်သွယ်ရေးမှာ မှတ်ပုံတင်ထားတဲ့ဖုန်း မဟုတ် ဘူး။ ကတ်ဖုန်းပဲ။ သူက သူ့နောက်ကို ခြေရာခံမလိုက်နိုင်အောင် ကတ် ဖုန်းတွေကိုပဲ အမျိုးမျိုး ပြောင်းသုံးနေပုံရတယ်''

''အိမ်ရော မသိဘူးလား''

''မသိဘူးတဲ့။ အဲဒါတော့ သိမဲ့သဘောမဟုတ်ဘူး။ အမှန် ဘဂျမ်းက အိမ်ကို အသိပေးမှာမဟုတ်ဘူးလေ''

''ကျွန်မဆီဆက်သွယ်ခဲ့တဲ့ ဖုန်းနံပါတ်တွေကလည်း တစ်ခု ပြန်ခေါ်လို့မရဘူး။ တစ်ခါဆက်ရင် နံပါတ်တစ်ခုပဲ''

''ဒီလူက တော်တော့်ကို အကွက်စေ့ ဉာဏ်များတဲ့သူပဲ''

''ကျွန်မဆီကို ကိုထင်လင်းတို့ဖြစ်ပြီးမှ အရင်လိုပဲ သူ ဖုန်း





ဆက်တယ်။ ပြီးတော့ စီဒီတစ်ချပ် ရောက်လာတယ်''

''ဖုန်းဆက်တာက ဘာလဲ။ စီဒီကရော''

''ဖုန်းဆက်တာကတော့ ခါတိုင်းလိုပဲ စကားစစ်ထိုးတာပါ။ စီဒီ ကတော့ ထူးခြားတယ် ပြောရမှာပဲ။ အရင်က ဝတ္ထုစာရွက်အပိုင်းတွေ ပို့တာ။ ဒီတစ်ခါ ရုပ်ရှင်ကားတစ်ခုရဲ့ အပိုင်းတစ်ပိုင်းပို့တာ''

''ရုပ်ရှင် ... ဟုတ်လား။ နိုင်ငံခြားရုပ်ရှင်လား။ ဘာကား လဲ''

''နိုင်ငံခြားရုပ်ရှင်ပဲ။ တစ်ကားလုံးမဟုတ်ဘူး။ တစ်ပိုင်းတည်း။ အဲဒီတစ်ပိုင်းကတော့ ကိုထင်လင်းဖြစ်ခဲ့တဲ့ အဖြစ်အပျက်အတိုင်းပဲ''

''ကိုနေသော် အဲဒီရုပ်ရှင်ကား မကြည့်ဖူးဘူးလား''

ရဲအုပ်ထင်လင်းက ကိုနေသော့်ကို လှည့်မေးသည်။

''ကြည့်ဖူးတယ်။ ကြာလို့ မေ့နေတာ။ ဒန်တယ်ဝါရှင်တန်နဲ့ အင်ဂျလီနာဂျိုလီတို့ပါတဲ့ကားပဲ။ အိမ်မှာ အခွေပြန်ရှာတာ မတွေ့တော့ ဘူး။ ဆိုင်တွေမှာ လိုက်ရှာတာလည်း မရဘူးဖြစ်နေတယ်။ ဒါပေမဲ့ မိတ်ဆွေတွေကို မှာထားတယ်။ ကျွန်တော့်သူငယ်ချင်း ကလျာမဂ္ဂဇင်း က ဆရာဖုးကျော်က ရုပ်ရှင်ဝါသနာအိုးမို့ သူရှာကြည့်မယ်ပြောတယ်။ ကြာခင်ရမှာပါ''

''Twi Light ကအမျိုးသမီးကို ဖမ်းဆီးစစ်ဆေးတယ်လို့ ကြား ရင်တော့ သံလက်ကောက်ဘဂျမ်း ငြိမ်သွားရင်သွား။ ဒါမှမဟုတ် ပြေး သွားမသိဘူး''

''သံလက်ကောက်ဘဂျမ်းရဲ့စိတ်ဓာတ်ကို ခန့်မှန်းကြည့်ရတာ တော့ ပြေးမဲ့ပုံမရှိဘူး။ သူက သူရဲဘောမကြောင်ဘူး။ သတ္တိရှိတယ်လို့ ကိုယ့်ကိုယ်ကို ခံယူထားတဲ့သူ။ ဒါကြောင့် ခုတစ်ခါ သူဖုန်းဆက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ ပုန်းရာကထွက်လာအောင်တော့ စိတ်ကို ဆွပေးလိုက်တာပဲ။ ကျွန်မထင်ပါတယ်။ သူက ကိုထင်လင်းနဲ့ကျွန်မကို အပြတ်အသတ်နိုင်တဲ့အထိ ဆက်ပြီး ယှဉ်ပြိုင်မဲ့သူပါ"

"ကျွန်တော့်ကိုတော့ သူ တစ်ကွက်နိုင်သွားပြီ။ မမေစံရှားကို ချောကလက်နဲ့ ကိစ္စပြတ်လုပ်တုန်းကတော့ မအောင်မြင်ဘူး။ ဒါကြောင့် မမေစံရှားကို ပစ်မှတ်ပြုနေဦးမယ်ထင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ မမေစံရှားက သူ့ကို ထောင်ထဲပို့ခဲ့တဲ့သူလေ။ မမေစံရှားအတွက် ကျွန်တော် စိုးရိမ်တယ်။ ကိုနေသော်က ဂရုစိုက်ပေးပါဗျာ"

"အဲဒါတော့ မပူနဲ့။ ကျွန်တော်က အခု အမြဲအနီးကပ် နေပေးနေတာ။ ခုပဲကြည့်လေ ... ကိုထင်လင်းဆီလာတာတောင် အနားကမခွာဘူး"

ကိုနေသော်က ပြောပြီးရယ်သလို ကိုထင်လင်းကလည်း လိုက်၍ရယ်သည်။ မေစံရှားက ...

"ကိုထင်လင်းရေ ... အဲဒါအကြောင်းပြပြီး ကျွန်မကို လက်ထပ်မှဖြစ်တော့မယ်ချည်း ပြောနေတာ။ ပွဲအလန့်မှာ ဖျာဝင်ခင်းတယ်ဆိုတဲ့စကား ခုမှ သဘောပေါက်တယ်"

ရဲအုပ်ထင်လင်း အရယ်ဆက်သွားသည်။

"မမေစံရှားတို့နဲ့ စကားပြောလိုက်မှပဲ လူက ပိုပြီးလန်းဆန်းသွားတယ်ဗျာ"

"ကျွန်မတို့ မကြာခဏ လာမှာပါ"

"အကြောင်းထူးရင် ဖုန်းဆက်ပါ။ မြို့ကြီးကိုလည်း မှာထားတယ်။ ကိစ္စရှိရင် မမေစံရှားကိုလည်း လှမ်းပြီး ချိတ်ပါလို့"

✿ ✿ ✿

| ၄၁ |

❑

ရဲအုပ်ထင်လင်းထံမှအပြန် ကိုနေသော်၏ ပါပလေကာကား အလေးပေါ်မှာပင် တယ်လီဖုန်းက မြည်လာသည်။

နံပါတ်စိမ်း။

"ကိုမင်းစိန်ပဲထင်တယ်"

မေစံရှား စိတ်ဝင်စားသွားသည်။

"ဟဲလို ..."

"ဒေါ်မေစံရှား ... ကျွန်တော်ပါ"

မှန်းဆသည့်အတိုင်းပင်။

"ဪ ... ကိုမင်းစိန် ... ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြစ်ရှား အရင်တစ်ခါပြောဖူးတဲ့စကားကို ကျွန်တော် အမြဲအမှတ်ရနေတယ်ဗျာ။ ကျွန်တော့်ကို အထင်ကြီးချင်ပါတယ်ဆိုတဲ့ စကားလေ။ အဲဒါ တကယ်ပဲ ဆန္ဒရှိတာလား"

"မှန်ပါတယ်"

"အဲဒါဆိုရင်တော့ အထင်ကြီးအောင် ကြိုးစားရတော့မှာပေါ့ ဗျာ။ အဲ ... မဟုတ်သေးဘူး။ အထင်ကြီးလိုက်ပေတော့ပေါ့ဗျာ။ ဟဲ ဟဲ ..."

"ဘာကိုဆိုလိုတာလဲရှင့်"

"ကျွန်တော်တို့က အုပ်စုပွဲလည်း ကျော်ခဲ့ပြီ။ ကွာတားဖိုင် နယ်ကိုလည်း ဖြတ်ခဲ့ပြီ။ ဆီမီးဖိုင်နယ်မှာလည်း ဆုံးခဲ့ပြီးပြီ။ ဒီလိုဆို တော့ ဖိုင်နယ်ပဲ ကျန်တော့တာပေါ့နော်။ ဖိုင်နယ်ဆိုတာကတော့ လူ တွေစိတ်အဝင်စားဆုံးပွဲပဲ ဒေါ်မြစ်ရှားရဲ့"

"ဖိုင်နယ်ပွဲ စတော့မယ်လို့ ဆိုချင်တာလား"

မြစ်ရှားစကားသံကြောင့် ကားမောင်းနေရာမှ ကိုနေသော် က လှည့်ကြည့်သည်။

"ဒေါ်မြစ်ရှားပြောသလို အထင်ကြီးခံချင်တယ်ဗျာ။ သရုပ် လုပ်ပွဲမှာ သရေပူးတွဲတော့ အဖြစ်မခံနိုင်ဘူးဗျ။ ဒါပါပဲဗျာ။ ဒေါ်မြစ်ရှား ဘယ်ထောင့်က တက်လာမလဲဆိုတာ ကျွန်တော်စောင့်နေမယ်"

"ဟဲလို ... ဟဲလို ..."

သံလက်ကောက်ဘဂျမ်း ဖုန်းချသွားသည်။

"ဘာလဲရှား ... ဟိုလူက ဘာပြောတာလဲ"

မြစ်ရှားတစ်ကိုယ်လုံးရှိသွေးများ နွေးသွားကာ အရှိန်ပြင်း ပြင်းနှင့် လည်ပတ်စီးဆင်းနေသည်ဟု ခံစားလိုက်ရ၏။





"သိပ်ထူးဆန်းတယ် ကိုကို"

"ဘာကိုလဲ"

"ခါတိုင်းတုန်းက အမှုတစ်ခုကျူးလွန်ပြီးမှ သူဖုန်းဆက်တာ။ အခုက အမှုတစ်ခု မကျူးလွန်ခင် ဆက်တဲ့သဘောပဲ။ သူ တစ်ခုခု လုပ်တော့မယ်"

"ဒါ ရှားက အထင်ကြီးချင်ပါတယ်ဆိုတဲ့စကားနဲ့ သူ့စိတ်ကို ဆွပေးလိုက်လို့ ပြောင်းလဲလိုက်တဲ့ပုံစံနေမှာပေါ့"

"ဟုတ်တယ်။ နောက်တစ်ခုက သူ့စကားထဲမှာပါတဲ့ သရုပ် လုပ်ပွဲဖိုင်နယ်ပွဲဆိုတဲ့စကား။ ဒီစကားက အကြီးကျယ်ဆုံးပွဲ လုပ်တော့ မယ်။ ပူးတွဲသရေမလိုချင်ဘူး။ အနိုင်ရအောင်လုပ်မယ်ဆိုတဲ့ စကားပဲ။ ဘယ်ထောင့်က တက်လာမလဲလို့ စောင့်နေမယ်တဲ့"

"ဒါဆိုရင်တော့ သတိကြီးစွာထားဖို့ လိုနေပြီရှား"

"ခက်နေတာက သူ ဘာကျူးလွန်မလဲ၊ ဘယ်မှာကျူးလွန် မလဲဆိုတာ ကြိုပြီးမသိနိုင်တဲ့အချက်ပဲ။ ရှားတို့က ဘယ်လိုကာကွယ် မလဲ၊ ဘယ်လိုပြင်ဆင်မလဲ။ အတွေးမှားရင် ယုန်တောင်ပြေး ခွေး မြောက်လိုက် ဖြစ်ကုန်မှာပဲ"

"ကိုထင်လင်းကို ပြောပြသင့်တယ်ထင်တယ် ရှား"

"အင်း ... ပြောရမှာပေါ့။ အခုအနေအထားက အချိန်နဲ့ အမျှ အရေးကြီးလာပြီ"

မြစ်ရှားက ရဲအုပ်ထင်လင်း၏ ဖုန်းနံပါတ်ကို ပြန်နှိပ်လိုက် သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄၂ ]

❑

ဝင်းထွဋ်နှင့်ဝတုတ်တို့ အခန်းထဲတွင် မျက်နှာချင်းဆိုင်ကာ စကားမဆိုဘဲ ငိုင်နေကြသည်မှာ မိနစ်အတော်ကြာဖြစ်၏။

နောက်ဆုံးမှ သက်ပြင်းချသံ ဖြိုင်တူထွက်လာသည်။

"ဆရာဘဂျမ်းက ငါတို့ကို အချိုးသပ်လိုက်တာလားလို့ ငါ အခုမှ ပြန်တွေးကြည့်နေမိတယ်"

ဝင်းထွဋ်ထံမှ ပထမဆုံးစကား။

"အေး ... ငါလည်း အဲဒါပဲ တွေးနေတာ။ ငါတို့အဖွဲ့က ဖွဲ့သွားတာ ခုဆို မင်းနဲ့ငါပဲကျန်တော့တယ်။ ပထမ ချောမွယာထွက်သွားရတယ်။ ဒါ မျက်စိနဲ့မမြင်ရပေမဲ့ ဆရာဘဂျမ်းလက်ချက်ပဲလို့ ငါထင်တယ်။





ဒုတိယ ကိုလူအေး ထွက်သွားရပြန်ပြီ။ ကိုလူအေးကျတော့ ဆရာဘဂျမ်းဆိုတာ ပိုသေချာသလောက်ရှိတယ်။ ဆရာဘဂျမ်းဆိုတဲ့ လူက ငတောမာဖို့ဆိုရင် တစ်ကမ္ဘာလုံးသေဖို့ စဉ်းစားမဲ့လူပဲကွ"

ဝတုတ်၏ တုံ့ပြန်စကား။

"မှန်တာပေါ့။ ချောမွယာရော၊ ကိုလူအေးပါ ဆရာဘဂျမ်းက သူ့အတွက် အန္တရာယ်ရှိလာနိုင်တယ်ဆိုပြီး ရှင်းတာ။ ဟိုတစ်ခါ ကိုလူအေးက ချောမွယာနဲ့ပတ်သက်ပြီး ဆရာဘဂျမ်းကို ပြောကတည်းက ငါတော့ ကိုလူအေးသွားတော့မှာပဲလို့ ထင်ထားခဲ့တာ။ အမှန်ပဲ"

"မင်းနဲ့ငါလည်း ကိုလူအေးကိစ္စ သူ့အပေါ် သံသယရှိတာ သူသိသွားပြီ။ သူ ငါတို့ကို အမြုံးမပျက် စကားပြေပြောလိုက်ပေမဲ့ သူ့ မျက်လုံးတွေ အေးစက်သွားတယ်လို့ ငါထင်တယ်"

"ငါလည်း သံသယရှိတယ်။ တစ်ချိန်ချိန်မှာ ငါတို့ဘက် လှည့်လာဦးမှာပဲ"

"ဒါဖြင့် ငါတို့ ဘာလုပ်မလဲ။ ဘာလုပ်သင့်သလဲ။ သူ့နဲ့ဝေးရာ ပြေးမလား"

"ပြေးလို့လွတ်မယ် မင်းထင်လား။ သူ့လက်တံက ရှည်တယ်။ လွတ်နိုင်ဘူး"

"ဒါဖြင့် ..."

"ငါ စဉ်းစားထာ ပြောမယ်။ မင်းလည်း စဉ်းစားကွာ"

"အေး ... ပြော"

"မင်းနဲ့ငါက ဘဝတူပဲ။ ညီအစ်ကိုမဟုတ်ပေမဲ့ ညီအစ်ကိုလို နေလာခဲ့တာ။ ငါတော့ ဒီဘဝမှာ စိတ်ကုန်နေပြီ။ လုပ်ရတဲ့အလုပ်ကို စိတ်ကုန်ရုံမကဘူး နောက်ကျောကပစ်သွင်းမဲ့ ကျည်ဆန်ကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ။ ဒီတော့ ပြေးရမဲ့အတူ အဝေးကိုမပြေးဘဲ အလင်းထဲကိုဝင်မယ်ကွာ''

''အဖမ်းခံမယ်ဆိုတဲ့သဘောလား''

''ဟုတ်တယ်။ အဖမ်းခံမယ်။ အပြစ်တွေ ဖြောင့်ချက်ပေးမယ်။ ဆရာဘကျွမ်းလုပ်သမျှကို ဖော်မယ်။ ကြိုးစင်တက်ရလည်း ဆရာဘကျွမ်းနဲ့ ငါတို့အတူတူပေါ့ကွာ။ နိုင်ငံတော်က တရားဥပဒေက ငါတို့ကို နားလည်လို့သက်ညှာရင် ငါတို့ အခံရသက်သာမှာပဲ။ ဘယ်လိုသဘောရလဲ''

''မင်း အဲဒီလိုစိတ်ကူးရင် ငါလည်း သဘောတူတယ်ကွာ။ ဘာပဲဖြစ်ဖြစ် ခွေးသေဝက်သေ သေရမှာထက်စာရင် အပြစ်ကိုဆေးကြောပြီး သေမယ်''

သူတို့နှစ်ဦး သဘောတူလိုက်ကြသည်။

''ဒေါက် ... ဒေါက် ... ဒေါက် ...''

တံခါးခေါက်သံပေါ်လာ၏။

ဝတုတ် တခါးရှိရာသွားကာ ချောင်းကြည့်ပေါက်မှ ချောင်းကြည့်သည်။ တံခါးဝတွင်ရပ်နေသူက မိန်းကလေးတစ်ဦး။

တံခါးဖွင့်ပေးလိုက်သည်။

မိန်းကလေးက ကျွတ်ကျွတ်အိတ်များဆွဲထားကာ ...

''ဒီကအစ်ကိုတို့က ကိုဝင်းထွဋ်နဲ့ ကိုဝတုတ်ပါလားရှင်''

မေးသည်။

''ဟုတ်ပါတယ်''

''ကျွန်မက Dream စားသောက်ဆိုင်ကပါ။ မှာထားတဲ့အစားအစာနဲ့ ဘီယာတွေ လာပို့တာပါ''

စိတ်ကူးသစ်စာပေ



''ဟာ ... ကျွန်တော်တို့ မမှာပါဘူး''

ထိုစဉ်မှာ ဝင်းထွဋ်၏ဟမ်းဖုန်းကမြည်လာ၏။ သံလက်ကောက်ဘကျွမ်းဆီမှဖြစ်သည်။ ဖုန်းသံကြောင့် ဝတုတ်က လှည့်၍ကြည့်၏။

''ဆရာ ပြောပါခင်ဗျာ''

''ငါပါကွ။ မင်းတို့ပင်းပန်းနေတာကို အပန်းဖြေရအောင် စားသောက်ဆိုင်ကို ငါ စားစရာတွေမှာထားတယ်။ လာပို့လိမ့်မယ်။ အေးအေးဆေးဆေးစားသောက်ပြီး ဇိမ်ယူလိုက်ပါဦး။ ဒါပါပဲကွာ''

တစ်ဖက်မှ ဖုန်းချသွားသည်။

''ဘာလဲကွာ''

''ဆရာဖုန်းဆက်တာ။ သူမှာပြီး ပို့ခိုင်းလိုက်တာတဲ့''

''ဟုတ်လား''

ဝတုတ်က မိန်းကလေးထံမှအိတ်များကို လှမ်းယူပြီး ကျေးဇူးတင်ကြောင်း ပြောသည်။ မိန်းကလေး ပြန်ထွက်သွားသည်။

တံခါးပြန်ပိတ်ပြီး ...

''ဆရာဘကျွမ်းကတော့ ငါတို့ကို ချော့နေပြီ''

ဝတုတ်အပြော။

''ငါတို့စိတ်ကူးကို မသိသေးလို့ပါကွာ။ သိများသိရင်လား''

ဝင်းထွဋ်က မဲ့ပြုံးဖြင့် ...

''ကဲ ... စိတ်ကူးကို ဘယ်လိုအကောင်အထည် ဖော်မလဲဆိုတာ ဆရာဘကျွမ်းကျွေးတာလေးတွေ စားရင်းသောက်ရင်း စဉ်းစားကြတာပေါ့ကွာ။ ဟား ... ဟား ... ဟား ...''

နှစ်ယောက်အတူ ပေါ့ပေါ့ပါးပါး ရယ်လိုက်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၄၃ |

❑

မေစံရှားနှင့် ကိုနေသော်တို့ မေစံရှား၏ရုံးခန်းသို့ ပြန်ရောက်သောအခါ ဘေးခန်းမှ ရှေ့နေဦးတင်ယု (စာရေးဆရာ ချစ်ကိုကိုယု) က သူ၏အခန်းမှထွက်လာကာ …

"ညီမလေးကို ပေးပေးပါဆိုပြီး မိန်းကလေးတစ်ယောက် လာပို့သွားတယ်"

ဟုဆိုကာ ဘူးပြားပြားလေးတစ်ခုကို ပေးသည်။

"ဘယ်သူက ပေးသွားတာလဲ အစ်ကိုကြီး"

"အစ်ကိုကြီးတော့ မတွေ့လိုက်ဘူး။ အစ်ကိုကြီးလည်း ခုမှ ပြန်ရောက်တာ။ အစ်ကိုကြီးတပည့်မလေး ဖွေးဖွေးကို ပေးသွားတာပဲ။





မိန်းကလေးတစ်ယောက်လို့ ပြောတယ်"

"ဘာမှာသွားသေးလဲ"

"မှာဘူး …။ ပေးပေးပါလို့ပဲ ပြောသွားတာ။ ညီမလေးရဲ့ အမှုသည်တစ်ဦးဦးနေမှာပေါ့။ ကြည့်ရတာ ရတနာတစ်ခုခု ဖြစ်မယ်ထင်တယ်။ ဟဲ … ဟဲ …"

"ရတနာတော့ ပေးမဲ့လူမရှိဘူး အစ်ကိုကြီးရဲ့။ ဝေဒနာပေးမဲ့လူပဲဖြစ်မှာ

အရယ်အမော အနောက်အပြောင်တို့ဖြင့် ပြောကြပြီး မေစံရှား ရုံးခန်းကို ဖွင့်ကာဝင်ခဲ့သည်။

ရုံးခန်းစားပွဲတွင် ထိုင်မိကြပြီးနောက် စက္ကူဘူးပြားပြားကလေးကို ဖွင့်လိုက်သောအခါ စီဒီထည့်သည့် ပလပ်စတစ်ဘူးပြားကလေးဖြစ်နေသည်ကို မေစံရှား တွေ့လိုက်ရ၏။

အထဲမှာ စီဒီကလေးတစ်ချပ်။

ကိုနေသော်နှင့် မေစံရှား အကြည့်ချင်းဆုံသွားသည်။

"ဟိုတစ်ခါ စီဒီမျိုးပဲ"

စီဒီပေါ်မှာတော့ ဘာရုပ်ပုံမှ မပါ။

"ဒါ သံလက်ကောက်ဘဂျမ်း ပို့လိုက်တာပဲ"

"ဘာလဲမသိဘူး"

"အရင်တစ်ခါလို ရုပ်ရှင်ကား တစ်ပိုင်းတစ်စပဲလား မသိဘူး"

"ဖြစ်နိုင်တယ်။ ဒါပေမဲ့ ကြည့်ရတာ အော်ရီဂျင်နယ်တွေ ဆွာတ်ဘဲ ကူးပြီးပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကိုကို အိမ်ကိုပြန်မယ်။ ကိုကိုလိုက်ခဲ့ပါ။ အထဲမှာ ရှိတာကြည့်ပြီး စဉ်းစားကြည့်ရအောင်။ ဒါ သံလက်ကောက်ဘဂျမ်းက ရှားပြောခဲ့တဲ့အတိုင်း စိန်ခေါ်ပွဲကို ချိန်းဆိုလိုက်တာပဲဖြစ်မယ်"

နှစ်ဦးစလုံး ထိုင်ရာမှ အသော့ထမိကြ၏။

စိတ်က စောနေကြသည်လေ။

✿ ✿ ✿

| ၄၄ |

❑

မေစံရှား၏အိမ်မှ ကွန်ပျူတာထဲထည့်ကာ စီဒီကိုဖွင့်လိုက်သောအခါ မေစံရှားတို့ တွေ့ရသည်က . . .

ယခင်တစ်ခေါက်ပို့ခဲ့သည့် ရုပ်ရှင်ကားပိုင်းလေးပင် ဖြစ်နေသည်။

ရဲအရာရှိ ဒန်ဖယ်ဝါရှင်တန်က သူ့သေအလောင်းတွေ့ရာနေရာသို့ ပိုက်လုံးအတွင်းမှ တွားရှုံဝင်သွား၊ မီးနှင့်ထိုးကြည့်။

အပေါ်မှကျလာသော ပိုက်လုံးကြီးတစ်ခု။

လောကကြီးမှောင်သွား။

"ဘာသဘောလဲ။ ဒါ အရင်ကပို့တာနဲ့ အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေစံရှား ရေရွတ်သည်။ နဖူးကြောလေးတွေ တင်းအောင် တွေးသည်။

"ဘချမ်းက်တော့ ရှားကို ခေါင်းစားအောင်လုပ်လိုက်ပြီ"

"သူ့ရည်ရွယ်ချက်ကို တွေးမရဘူးကိုကို။ ဘာကြောင့်ဒါဲ ထပ် ပို့ရတာလဲ"

"နေဦး ရှား။ ရှေ့ ဘာဆက်ပါဦးမလဲ ကြည့်ရအောင်"

ကိုနေသော့်စကားကြောင့် မေစံရှား ဖန်သားပြင်ပေါ် အာရုံ ပြန်ရောက်သွားသည်။

အရုပ်များ မပြတ်သေး။ ရုပ်ရှင်ဇာတ်လမ်းက ဆက်နေသေး သည်။

ရဲအရာရှိ ဆေးရုံပေါ်ရောက်သွားသည်။

နောက် ဇာတ်လမ်းအပိုင်းအစအချို့ကို အဆက်အစပ်မရှိ ကျော် သွားပြန်သည်။ ကျော်၍ကူးထားခြင်း ဖြစ်ဟန်ရှိ၏။

ပြီးမှ အရုပ်တချို့ ပြန်၍ ထင်ရှားလာသည်။

မြေအောက်လိုဏ်ခေါင်းတစ်ခုထဲသို့ အင်ဂျလီနာဂျိုလီကို ရဲ အရာရှိက စေလွှတ်ကာ အလောင်းကို ရှာဖွေစေသောအခန်း။

နောက်မှနေ၍ ရဲအရာရှိ ဒန်ဖယ်ဝါရှင်တန်က ကြိုးမဲ့ဖုန်းဖြင့် အမိန့်ပေးသည်။ ဂျိုလီက လှုပ်ရှားသည်။ တရွေ့ရွေ့ဖြင့် အလောင်းရှိ ရာသို့ ရှာဖွေချဉ်းကပ်သွားသည်။ စက်ကိရိယာပစ္စည်းဟောင်းများကြား တွင် တွေ့လိုက်ရသော အလောင်းအား ကြွက်များဝိုင်းလျက် ကိုက်ဖြတ် စားသောက်နေကြပုံ။

ဂျိုလီ မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်သည်။

ရုပ်ရှင်ကားက ဤမှာပင် ပြတ်သွားသည်။

စိတ်ကူးသစ်စာပေ



အဆက်မရှိတော့။

သို့သော် စာတန်းကလေးတစ်ခုတော့ ပေါ်လာ၏။

"ဖိုင်နယ်ပွဲ"

**"တနင်္ဂနွေနေ့လယ် (၁၂း၀၀) နာရီ"**

"ရှား ...ဒါ သံလက်ကောက်ဘချမ်း သူလုပ်မဲ့အလုပ်ကို ကြိုပြောတာများလား။ ရှားပြောသလို ပြီးမှ 'ဒါ ကျူးပ်လက်ချက်' လို့ ပြောဘဲ 'ဒါမျိုး ကျူးပ်လုပ်မှာ' လို့ သူ စိန်ခေါ်လိုက်တာလား"

ကိုနေသော် စတင်ဝေဖန်သည်။

မေစံရှား တွေ၍စဉ်းစားရင်း ...

"မှန်တယ်ကိုကို။ စောစောက သူ ဖုန်းနဲ့ပြောသလို ဖိုင်နယ် စတာပဲ။ 'အထင်ကြီးလိုက်ပေတော့' လို့ သူရဲရဲဝံ့ဝံ့ ပြောသွားတာ။ ရှား 'ဘယ်ထောင့်က တက်လာမလဲ' လို့ သူစိန်ခေါ်လိုက်တာပဲ"

"ပထမပိုင်းကို သူ ဘာကြောင့် ပြန်ထည့်ထားတာလဲ။ ဒါ တာ ဖြစ်ခဲ့ပြီးသားလေ။ နောက်တစ်ခုက မဖြစ်သေးတာ။ အဲဒါ သူကျူး နှုန်းမဲ့ပြစ်မှုပဲ။ ဘယ်သူ့ကိုသတ်ပြီး ကြွက်စာကျွေးမှာလဲမသိဘူး။ ဘယ် ဘာထဲမသိဘူး"

"ရုပ်ရှင်ထဲအတိုင်းဆိုရင်တော့ ရှားတို့ဆီမှာ အဲဒီလိုနေရာ ရှိ ရှားတယ်။ မဖြစ်နိုင်ဘူး။ အလားတူဖြစ်ရပ်မျိုးတော့ ဖြစ်နိုင်တယ်"

"ရှားကို သူက အပီစိန်ခေါ်တာနော်။ ဖိုင်နယ်ပွဲ။ တနင်္ဂနွေ နေ့လယ် (၁၂း၀၀) နာရီတဲ့။ အချိန်က မနက်ဖြန်ပဲ။ ခု စနေညနေ စောင်း။ အချိန်ဘာမှမကျန်တော့ဘူး။ ဘယ်လိုလုပ်ကြမလဲ"

"အဲဒါ ကောင်းတယ်"

ကိုနေသော်ပါ ထိုင်ရာမှ ပြန်ထသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒီနှစ်ယောက် အပြင်ပြန်ထွက်ဦးမလို့လား"

မီးဖိုဘက်မှထွက်လာသော ဒေါ်လေးကြင်ကြင်က နားမလည်စွာမေးသည်။

"ဟုတ်တယ် ဒေါ်လေး၊ အရေးကြီးလို့ပါ။ ရှား အပြန်လည်း နောက်ကျနိုင်တယ်။ စိတ်မပူပါနဲ့။ ကိုကိုလိုက်ပို့မှာပါ။ ကဲ ... သွား ကိုကို"

ကွန်ပျူတာမှ စီဒီချပ်ကို မေစံရှားထုတ်ယူကာ ဘူးတွင်ထည့်၍ သူမ၏ဆလင်းဘက်ထဲသို့ ထည့်လိုက်သည်။

ခြေလှမ်းတွေက မပြေးရုံတစ်မည်။

✿ ✿ ✿

[ ၄၅ ]

❑

ကွန်ပျူတာတွင်ထည့်၍ ဖွင့်ပြသောဓာတ်လမ်းဗိုင်ကို ရဲအုပ်ထင်လင်းဟာ အိပ်ရာပေါ်မှ စိတ်ဝင်စားစွာ ကြည့်နေသည်။ ကြည့်ရင်းရင်း စဉ်းစားနေသည်။ ကြည့်ခြင်းနှင့် စဉ်းစားခြင်း ပြိုင်တူ။

ခုတင်ဘေးမှာ ဒုရဲအုပ်ဖြိုးကြီးလည်း ရှိနေသည်။

သူနာပြုဆရာမလေးက ညနေစာလာပို့သည်ကို ရဲအုပ်ထင်လင်းက လက်ကာ၍ငြင်းသည်။ အလုပ်နှင့်ပတ်သက်လာလျှင် သူသည် အခြားအရာများကို နောက်တန်းပို့တတ်သူဖြစ်ကြောင်း မေစံရှား သိသွားသည်။

ကိုနေသော်နှင့် မေစံရှားကလည်း ရုပ်ရှင်ကို ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်များက အလောင်းကို ဝိုင်း၍ ကိုက်ဖြတ်စားသောက်နေကြခြင်းနှင့် ဂျူလီက စိတ်ပျက်တုန်လှုပ်စွာ မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်ခြင်းနေရာတွင် အရုပ်များက ကုန်ဆုံးသွားသည်။

ပေါ်လာသည်က စာတန်း။

**"ဖိုင်နယ်ပွဲ"**

**"တနင်္ဂနွေနေ့ နေ့လယ် (၁၂း၀၀) နာရီ"**

"ဒါ ဘာသဘောလို့ ဒေါ်မေစံရှား ယူဆလဲ"

ရဲအုပ်ထင်လင်း နားမရှင်းစွာမေးသည်။

မေစံရှားက ပြန်ရှင်းပြ၏။ သူမနှင့် သံလက်ကောက်ဘဂျမ်းဖုန်းနှင့်စကားပြောခဲ့ပုံ၊ မေစံရှားက 'အထင်ကြီးချင်တယ်' ဟု စိတ်ဆွပေးခဲ့ပုံ၊ နောက်တစ်ကြိမ် ဖုန်းဆက်လာပုံ၊ 'အထင်ကြီးလိုက်ပေတော့' ဟုပြောပုံ။ ဖိုင်နယ်ပွဲအကြောင်း ထည့်ပြောပုံ။ 'သရေပွဲတော့ အဖြစ်မခံနိုင်' ဟု ပြောခဲ့ပုံ။

"ဒါဆိုရင်တော့ သေချာတယ်။ သံလက်ကောက်ဘဂျမ်းက အရင်ပြစ်မှုတွေကို ကျူးလွန်ပြီးမှ ကျေကျေနပ်နပ် ထွက်ပြီးရင်တော့ ပြတာမျိုးမလုပ်ဘဲ 'ဒီတစ်ခါ ဒီလိုလုပ်မှာ' ဆိုတာကို ကြိုပြီးပြောထားပဲ။ အချိန်လည်း ပေးထားတယ်။ တနင်္ဂနွေနေ့ဆိုတော့ မနက်ဖြန်ပဲ။ မနက်ဖြန် နေ့လယ် (၁၂း၀၀) နာရီမှာ ဒီလုပ်ရပ်မျိုး သူလုပ်မှာပဲ"

"ကျွန်မတို့လည်း အဲဒီလိုပဲ ယူဆတယ်။ အချိန်က ဘာမှမကျန်ဘူး။ ၁၈ နာရီလောက်ပဲရှိတော့တယ်။ အဲဒါကို ကြိုတင်ကာကွယ်နိုင်အောင် ကိုထင်လင်း ကြိုးစားပေးပါ"

"လုပ်ရမှာပေါ့။ ဘဂျမ်းကို ဒီလိုတော့ အလျှော့မပေးနိုင်ဘူး။ အလဲထိုးချင်းထိုးရင် ကျွန်တော်တို့ကပဲ ထိုးရမှာပေါ့"





ရဲအုပ်ထင်လင်းပုံစံက လူမမာပုံစံမဟုတ်တော့။ ခြေထောက်တွေ မလှုပ်ရှားနိုင်သော်လည်း ဦးခေါင်းနှင့်လက်များ အလုပ်ရှုပ်သွားခဲ့ပြီ။

သူ့ဘေးမှ ဖြိုးကြီးအားလှည့်ကာ အစီအစဉ်များချသည်။

"ဖြိုးကြီး ... မင်း မြို့နယ်မှူးကို အစီရင်ခံပါ။ မနက်ဖြန် နေ့လယ် (၁၂း၀၀)နာရီမတိုင်မီ သံလက်ကောက်ဘဂျမ်းက ပြစ်မှုကျူးလွန်ဖို့ရှိနေတယ်။ လူသတ်မယ်၊ ကြွက်စာကျွေးမယ်။ နေရာက မြေအောက်ခန်းတစ်ခုခု၊ ဒါမှမဟုတ် အခြားတစ်နေရာဖြစ်နိုင်တယ်။ အစီအစဉ်ချပြီး တာဝန်ခွဲဝေခွင့်၊ လှုပ်ရှားခွင့်တောင်းပါ"

"ဟုတ်"

"ပြီးတော့ တခြားမြို့နယ်တွေက စခန်းမှူးတွေဆီကို ချက်ချင်း သတင်းဖြန့်ဝေပါ။ ဒီစီဒီကိုယူသွားပြီး ပြသလိုက်။ စီဒီတွေပါပေးခဲ့။ အဲဒီထဲက နေရာမျိုးတွေကို ရှာဖွေပြီး စောင့်ကြပ်ကြည့်ရှုပေးပါလို့"

"ဟုတ်"

"အဲဒါတွေပြီးရင် ပြန်လာခဲ့။ နယ်ထိန်းအဖွဲ့တွေကို အဆင်သင့်ပြင်ထားခိုင်း။ မင်းက ရန်ကုန်မြေပုံရှာလာခဲ့။ အထူးသဖြင့် စည်ပင်မှာရှိနိုင်တဲ့ မြို့တော်ရဲ့ မြေအောက်ပိုက်လိုင်းတွေ အနေအထားပြမြေပုံတွေလိုချင်တယ်"

"ဟုတ်"

ရဲအုပ်ဖြိုးကြီး ပြေးထွက်သွားသည်။

"ကျွန်မ ဘာကူညီဆောင်ရွက်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လုပ်မဲ့အပိုင်းတွေ ကျွန်တော်တို့ လုပ်ပါ့မယ်။ ဒီကိစ္စက တကယ်အတိအကျ သတင်းပေးတာမျိုးမဟုတ်ဘဲ ဥာဏ်ကစားနေတဲ့အပိုင်း ဖြစ်နေတာမို့ ကျွန်တော်တို့ ရေလိုက်မလွဲဖို့တော့ ကြိုးစားရလိမ့်မယ်။

ခုတ်ရာတခြား ရှရာတခြား အဖြစ်မခံနိုင်ဘူးလေ။ ဒီတော့ ဒေါ်မေစံရှားက အဲဒီ သံလက်ကောက်ဘဂျမ်းရဲ့ စိတ်ဓာတ်ကို သိပြီးသားဖြစ်တဲ့သူပီပီ ပြန်စဉ်းစားပေးပါ။ ပိုပြီးသေချာတိကျတဲ့ source ကို ရှာဖွေပေးပါ"

"ကောင်းပါပြီ"

"ဒေါ်မေစံရှား ပင်ပန်းသွားပြီ။ ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော်တို့ရဲ့ မြို့ရွာလုံခြုံရေးနဲ့ ပြည်သူတွေ ဘေးကင်းချမ်းသာရေး လုပ်ငန်းကို ကူညီတာ ဖော်မပြနိုင်အောင် လေးစားဂုဏ်ယူပါတယ်များ။ ဒါပေမဲ့ သံလက်ကောက်ဘဂျမ်းကို မိတဲ့အထိတော့ ဆက်ပြီး အပင်ပန်းခံပေးပါဦး။ ကိုနေသော်ကလည်း ကူညီပေးပါ"

"ဟုတ်ကဲ့"

မေစံရှားနှင့်ကိုနေသော် နှုတ်ဆက်ပြီး ပြန်လာသောအခါတွင်မှ သူနာပြုဆရာမလေးက ရဲအုပ်ထင်လင်းကို ထမင်းကျွေး၍ရတော့သည်။ အချိန်က ည (၁၀) နာရီ ကျော်နေပြီ။

✿ ✿ ✿

[ ၄၆ ]

❑

အိပ်ရာထဲသာ လှဲချလိုက်ရ၏။

မေစံရှား အိပ်မပျော်။

မည်သို့ ကြိုးစားကြိုးစား အိပ်၍မရနိုင်သေး။

အတွေးထဲမှာ သံလက်ကောက်ဘဂျမ်း၏စကားများ ပဲ့တင်ရိုက်နေသည်။

"ဗိုင်နယ်ပွဲ"

"မနက်ဖြန် နေ့လယ် (၁၂း၀၀) နာရီ"

"အထင်ကြီးလိုက်ပေတော့"

"သရုပ်ဆောင်လုပ်ပွဲမှာ သရေပူးတွဲတော့ အဖြစ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ခြင်းဆိုသည်က ထင်ရှား၏။ ပြီးတော့ မနက်ဖြန်မနက် တနင်္ဂနွေ (၁၂း၀၀) နာရီမှာ ပြစ်မှုကျူးလွန်မည်ဟုလည်း သူက တစ်ကြိ ပေးထားပြီ။ ယင်းမှာ စဉ်းစားစရာမလိုသောအချက်။

'သရဖူလုပွဲ' ဟူသော အသုံးအနှုန်းနှင့် 'ဖိုင်နယ်ပွဲ' ဟူသော အသုံးအနှုန်းကတော့ အဓိပ္ပာယ်ကျယ်ဝန်းသည်ထင်သည်။

သရဖူက ဘယ်သူနဲ့လုမှာလဲ။

မေစံရှားနှင့်လား၊ ရဲအုပ်ထင်လင်းနှင့်လား။

နှစ်ယောက်စလုံးလား။

ဖိုင်နယ်ဆိုသည့်အတွက် နောက်ထပ် ပြစ်မှုမကျူးလွန်တော့ဘဲ အဆုံးသတ်တော့မှာလား။

အမှောင်လောကကနေ အနိုင်နှင့်ပိုင်း၍ ထွက်သွားမည့်သဘောလား။

အရှုံးပေးလက်မြှောက်သွားခြင်းမဟုတ်ဘဲ သရဖူယူသွားမည့် ကြေညာချက်လား။

ဘယ်လိုအဆုံးသတ်ဖို့ သူ စိတ်ကူးတာလဲ။

သူ့ပစ်မှတ်က မေစံရှားလေလား။

မေစံရှားကို ကြွက်စာကျွေးမှာလား။

✿ ✿ ✿

| ၄၇ |

❑

သံလက်ကောက်အတုဖြင့် အရက်ပုလင်းကို ကျင်လည်စွာကိုင်ကာ ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်သည်။

ကျန်လက်တစ်ဖက်က ရင်ခွင်ထဲမှ ကြောင်နက်ကလေးမဟူရာကို ပွတ်သပ်လျက်။

သံလက်ကောက်ဘဂျမ်းက ပြုံးနေသည်။

ထိုအပြုံးက အေးစက်မာကျောခြင်း တွေ့ပါသည်။

"မနက်ဖြန်ဆို ပွဲသိမ်းပြီ။ မေစံရှား . . . ခင်ဗျားဦးနှောက် ဘယ်သောက်ကောင်းလဲ ကြည့်ရအောင်။ သံလက်ကောက်ဘဂျမ်းရဲ့ အကွက်ကို ခင်ဗျားမြင်မလား။ ခင်ဗျားကို သံလက်ကောက်ဘဂျမ်းက ဦးညွှတ်ရမလား၊ လျှောင်ရယ်ရမလား"

နှုတ်မှ တီးတိုးရေရွတ်ပြီးတော့ တဟားဟား သူ ထရယ်သည်။ သူ့ရယ်သံတွေ အခန်းထဲမှာ လှိုင်းထသွားသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၄၈ |

❑

ဘုရားရှိခိုး တရားထိုင်ပြီး အထတွင် မေစံရှားခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။ အမှောင်ကိုခွင်းလိုက်သည့် အလင်းရောင် အတွေးဟု မေစံရှားထင်သည်။

သံလက်ကောက်ဘဂျမ်းသည် အကွက်ချကောင်းသူ။

ပြီးခဲ့သည့်အခေါက်က ခွချက်ကွက်ကို ဆင်ခဲ့မှု။

ယခုတစ်ခေါက်မှာလည်း ခွချက်ဆင်ခဲ့လေမလား။

ခွချက်မှ နှစ်ခွချက်မဟုတ်။ သုံးခွချက်ဖြစ်မလား။

ဘယ်ချောက်ကာ ညာလှမ်းခဲ့လေမလား။

ရုပ်ရှင်၏အစပိုင်းကို ထပ်မံပို့ခဲ့ခြင်းမှာ အကြောင်းရှိလေသလား။





လူသတ်၍ ကြွက်စာကျွေးခြင်းလောက် ရိုးစင်းပါ့မလား။

မေစံရှား လက်ခနဲ အဖြေရလိုက်သည်။

ချက်ချင်းပင် ကိုနေသော်ထံသို့ ဖုန်းဆက်ရသည်။

"ဟဲလို ... ရှား ... ပြော"

ကိုနေသော်အသံက အိပ်ချင်မူးတူးဟုထင်သည်။ သူသည်လည်း ညဘက် တော်တော်နှင့် အိပ်ပျော်မည့်သူမဟုတ်။ သူက သံလက်ကောက်ဘဂျမ်း ကြွက်စာကျွေးမည်ဟု ဆိုခဲ့သူမှာ မေစံရှားဖြစ်နိုင်မည်ဟု တွေးကာ ပူပန်နေသူဖြစ်သည်။ ထိုအတွေးမျိုး ရဲအုပ်ထင်လင်းမှာလည်း ရှိနေဟန်တူသည်။ ညက ရဲအုပ်ထင်လင်းဆီမှအပြန် နှုတ်ဆက်သောအခါ 'ဒေါ်မေစံရှားလည်း အစစအရာရာ ဂရုစိုက်ပါ' ဟု နိုးရိမ်တကြီး မှာရှာသည်။

"ကိုကို့ကို ဒုက္ခပေးမှ ရတော့မယ်"

"ဘာလဲ ... ရှား။ ဘာဖြစ်ဖြစ်ရတယ်"

"ရှား ဟိုရုပ်ရှင်ခွေကို အစအဆုံးကြည့်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သံလက်ကောက်ဘဂျမ်းက တစ်ကွက်တည်းတက်တတ်တဲ့ ကျားသမား ရိုးရိုးလေးမဟုတ်ဘူး။ တစ်ကောင်ကျွေး၊ နှစ်ကောင်စားဝင်ကင်းဝင်တဲ့ ကျားထိုးသမား။

စစ်တုရင်စကားနဲ့ပြောရင် ဘုရင်ကြီးရော၊ ဘုရင်မကြီးရော ချုပ်ချက်မဲ့သူ။ ဒီတော့ အဲဒီရုပ်ရှင်ကားထဲမှာ သူ့ရဲ့အကွက်တွေကို ရှား ရှာဖွေကြည့်မှဖြစ်မယ်"

"အခုထိတော့ ကိုကို အခွေမရသေးဘူး။ ဒါပေမဲ့ ရအောင်တော့ကို ကြိုးစားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အခု မနက်မိုးလင်းပြီ။ နေ့လယ် (၁၂း၀၀) နာရီက ဖိုင်နယ်ပွဲ ဗမာ။ အချိန်က အရမ်းကပ်နေပြီ"

"အဲဒီအချိန်အတွင်း ရစေရပါ့မယ်"

"ရှား စောင့်နေမယ်။ အိမ်မှာပဲရှိမယ်။ ဒါမှမဟုတ် ရဲအုပ် ထင်လင်းဆီ ရောက်ချင်ရောက်မယ်။ ဖုန်းဆက်လိုက်ပါ"

"အိုကေ . . . ရှား"

✿ ✿ ✿

❏

သံလက်ကောက်ဘဂျမ်းက သောက်နေသောကော်ဖီခွက်ကို ချထားလိုက်ကာ ဘေးတွင်ရှိနေသည့် အတက်ချိုကေ့စ်ကို ဖွင့်လိုက်သည်။

အထဲမှာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိသော ဓားများ။

သူက သေနတ်မကြိုက်။

ဓားကို အရူးအမူးခုံမင်သူ။

ဒါကလည်း ပြောရမည်ဆိုလျှင် ဓားက ဒုတိယပင်ဖြစ်ပြန် သည်။ ပထမက ဦးနှောက်။

ဘယ်လိုလက်နက်ကိရိယာမှ ဦးနှောက်ကိုမမီဟု သူက လက်ခံ ယုံကြည်ထားသူဖြစ်သည်။

ဓားသည် ဦးနှောက်၏စေခိုင်းရာ နာခံရသည့် ကျေးကျွန်သာ။

ဓားတစ်ချောင်းကို ဆွဲထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းမှဝင်လာသည့် နေရောင်နှင့် ဓားသွားက လက်ခနဲ ဖြစ်သွားသည်။

နှစ်ဖက်သွားဓားမြှောင်။ အရိုးမှာ ပန်းကနုတ်တွေနှင့်။

သံလက်ကောက်ဘက်ချမ်းက ဓားသွားအဖျားမှကိုင်ကာ အရှိန်ဖြင့် ပစ်လွှတ်သည်။

နံရံရှိ ဖိုင်ဘာစက်ကွင်းတွင် ဓားကစိုက်ဝင်ကာ တုန်ခါနေ၏။

ဓားဦးစိုက်ဝင်ရာက စက်ဝိုင်းဗဟို။

✿ ✿ ✿

❑

ကိုနေသော် တံခါးခေါက်လိုက်သည်နှင့် တံခါးကပွင့်လာ၏။ စာရေးဆရာအယ်ဒီတာ ဆရာဖုးကျော်။

"ဟာ ...ကိုနေ စောစောစီးစီး"

ဆရာဖုးကျော်၏ အံ့အားတသင့်စကား။

"မစောဘူး။ နောက်တောင်ကျနေပြီ။ ကျွန်တော် ရှာခိုင်းထားတဲ့အခွေ လိုချင်တယ်"

"ကျွန်တော့်ဆီမှာရှာကြည့်တာ မရှိတော့ဘူးဗျ။ ကျွန်တော် ထစ်ယောက်ယောက်ကို ပေးလိုက်မိပြီထင်တယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ကျွန်တော့်တိုက်က အယ်ဒီတာ ဆရာငယ်လေးမောင်ကို ပြောထားတယ်။ သူ့သား ကိုခင်အေးက စာအုပ်ဆိုင်နဲ့အခွေဆိုင် တွဲဖွင့်ထားတာ။ သူ့ဆီမှာ ရှိနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခုသွားမယ်ဗျာ"

"ဟာ ... လောလှချည်လား"

"ရှားက ခုချက်ချင်း လိုချင်နေပြီဗျ"

"ဟား ... ဟား ... ဟား ... မေစံရှားတွန်းအားဟာ ကြီးလိုက်တာနော်"

"မဟုတ်ဘူး ကိုဖူး။ ဓာတ်လမ်းကို ကြည့်ချင်တာမဟုတ်ဘူး။ ပြစ်မှုတစ်ခုကို ကာကွယ်ဖို့ အဲဒီအခွေထဲမှာ source ရှာရမှာ။ အချိန်ကလည်း မရှိတော့ဘူး။ နေ့လယ် (၁၂း၀၀)နာရီမှာ ဖိုင်နယ်ပွဲစမှာ"

"ဗျာ ... ဖိုင်နယ်ပွဲ"

စားပွဲတင်နာရီက (၆း၂၀) ကို ပြနေ၏။

✿ ✿ ✿

❑

"ကိုထင်လင်း အခြေအနေ ..."

မေစံရှားက ဖုန်းဖြင့် ရဲအုပ်ထင်လင်းထံ အကျိုးအကြောင်း [illegible]မ်းမေးသည်။

"ကျွန်တော့်လူတွေ အားလုံးဖြန့်ထားတယ်။ တခြားမြို့နယ်[illegible]လည်း အားလုံး သတင်းပို့ပြီးပြီ။ ဒါပေမဲ့ မြို့တော်စည်ပင်က မြေပုံ[illegible]မရသေးလို့ မြိုးကြိုးလိုက်နေတယ်"

"ကျွန်မ စိုးရိမ်နေတယ်"

"ဘာကိုလဲ မမေစံရှား"

"ကျွန်မတို့ လမ်းလွဲနေမှာ"

"ဒါကတော့ လောင်းကစားတစ်မျိုးပဲပေါ့ဗျာ။ စကတည်းက [illegible]ခြကို အတိအကျသိနေရင် ဘယ်စိတ်လှုပ်ရှားစရာကောင်းမလဲ။ ငါ[illegible]တဲ့ပေါက်ကောင် မှန်မမှန်ဆိုတာ စောင့်ကြည့်ရတာကိုက [illegible]စရာ[illegible]။ မစိုးရိမ်ပါနဲ့။ မမေစံရှားတွေးတာ မမှားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မစိတ်ထဲမှာ ထပ်ပြီး တွေးနေမိတာရှိတယ်"

"ဘာလဲ မမေစံရှား"

"သံလက်ကောက်ဘကျမ်းရဲ့ ဒီနေ့ဖိုင်နယ်ပွဲဟာ ကျွန်မကို စိ
ခေါ်တာပါ။ ဒါပေမဲ့ ကိုထင်လင်း ပူးတွဲပါနေလိမ့်မယ်"

"ဘာကိုဆိုလိုတာလဲ"

"အတိအကျအဖြေကို မကြားခင်ရမှာပါ။ ခုထိတော့ မပြ
သားသေးဘူး။ ကိုထင်လင်း ဂရုစိုက်ပါ"

"မမေစံရှားကိုပဲ ကျွန်တော်က စိတ်ပူတာ"

"ဘာလဲ ... ကျွန်မကို ကြွက်စာကျွေးမှာလား။ မဖြစ်နိုင်
ဘူး။ မစိုးရိမ်ပါနဲ့"

မေစံရှား ဖုန်းအချတွင် ...

ဖုန်းက ပြန်မြည်လာ၏။

နံပါတ်စိမ်း။

"ဟဲလို ..."

"ဒေါ်မေစံရှား ... မဂ်လာပါ"

"ကိုမင်းစိန်"

"ကြည့်ရတာ စိတ်လှုပ်ရှားနေပုံပဲ။ အင်းလေ ... ဖိုင်နယ်
ဆိုတော့လည်း စိတ်လှုပ်ရှားမှာပေါ့"

"ကျွန်မဘက်က ပြင်ဆင်နေတာပါ။ တစ်ခုရှိတာက ကို
စိန်က ပဟေဠိဖွက်တဲ့သူ။ ကျွန်မက အဖြေရှာရတဲ့လူ။ ပဟေဠိဖွက်
လူက အေးအေးဆေးဆေးနေနိုင်ပေမဲ့ ဖြေရတဲ့သူတော့ ခေါင်းမူး
ပေါ့"





"နေ့လယ် (၁၂း၀၀) နာရီဟာ ဘာမှမကြာတော့ဘူးနော်။ ဒီ
ဘာ ဖိုင်နယ်နော်။ ပွဲသိမ်းနော်"

"သိပါတယ်။ ကိုမင်းစိန်ရဲ့ သံလက်ကောက်ကို ကျွန်မက
ထီးလက်ကောက် ထပ်ပြီးစွပ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်"

"ဟား ... ဟား ... ဟား ..."

သံလက်ကောက်ဘကျမ်း ဖုန်းချသွားသည်။

ပြောသာပြောရသည်။

မေစံရှားရင်မှာ ပူနေ၏။ နှလုံးခုန်သံက မြန်နေ၏။

နံရံပေါ်ကနာရီကို လှမ်းကြည့်တော့ ...

(၉း၄၀)။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ရှိသမျှအခွေများကို ကိုခင်အေးက ထုတ်၍ပေးသည်။ ဆရာငယ်လေးမောင်၊ ဆရာဖူးကျော်နှင့် ကိုနေသော်တို့ အခွေများကို တစ်ခုပြီးတစ်ခု ကြည့်ကြ၏။

မဟုတ်။ ပြန်ချ။ နောက်တစ်ခု။

ဒန်ဖယ်ဝါရှင်တန်အခွေတွေကလည်း အများသား။

အင်ဂျလီနာဂျိုလီကလည်း မနည်း။

"ဒါလား"

"မဟုတ်သေးဘူး"

"ဒါကော"

"ဟင့်အင်း"

"သူတို့နှစ်ယောက်တွဲနော်"

"ဟုတ်တယ်"





အခွေတွေ ကြမ်းပြင်မှာ ပြန့်ကျဲနေသည်။

"သူတို့နှစ်ယောက်တွဲကား ကျွန်တော့်ဆီမှာရှိတာ သေချာပါတယ်။ ကျွန်တော်ကြည့်တာ မကြည့်ဖူးတာ"

ကိုခင်အေးက ပြောသည်။

"ကျွန်တော်လည်း တစ်ပိုင်းလောက်သာ ကြည့်ဖူးတာ။ မီးပျက်သွားလို့ ဆက်မကြည့်ဘဲ ထားလိုက်ရာကနေ မေ့သွားတာ"

ကိုဖူးကျော်က အခွေရှာရင်း ပြော၏။

"တွေ့မှာပါ။ စိတ်မပျက်ပါနဲ့"

ဆရာငယ်လေးမောင်က ဝင်ပြောသည်။

"လူသားတွေကို ငဲ့ညှာသနားတဲ့ ဘုရားနဲ့ နတ်ကောင်းနတ်မြတ်တွေက အမှန်တရားရဲ့ နတ်သမီးလေးကို ကူညီလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ကိုနေသော့် အားတင်းစကား။

အကြည့်က လက်မှနာရီဆီသို့ ရောက်သည်။

(၁၀း၁၈)။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ရဲအုပ်ထင်လင်း စိတ်လှုပ်ရှားနေသည်။ ခက်သည်က မိမိသည် အိပ်ရာပေါ်မှ ထ၍မရ။ အောက်ပိုင်းက လှုပ်မရ။ မိမိ၏အစ်မဖြစ်သူနှင့်ခင်ပွန်းက ရုံးသွားပြီ။ သူနာပြုဆရာမကလေးသာ လိုအပ်သမျှကို လုပ်ပေးနေရသည်။

စိတ်အလိုအရမူ ချက်ချင်းပင် နေရာမှထကာ တရားခံနောက်ကို လိုက်ချင်လှသည်။ ယခုမူ စိတ်သွားတိုင်း ကိုယ်မပါနိုင်။

ထို့ကြောင့် မိမိကိုယ်ကို စိတ်တိုနေမိ၏။

အရေးကြီးလှသည့် ဤနေ့တွင်မှ ...

ဖုန်းမြည်လာသဖြင့် ရဲအုပ်ထင်လင်း လှုပ်ရှားသွားသည်။ အိပ်ရာဘေးတွင်ချထားသော ဖုန်းကို ကောက်ကိုင်လိုက်သည်။ ဒုရဲအုပ်ဖြိုးကြီးထံမှဖြစ်၏။





"ဖြိုးကြီး ... ပြော ... ဘာထူးပြီလဲ"

"သတင်းရထားတဲ့ ကိစ္စကတော့ ဘာမှမထူးသေးဘူး။ ဒီပေမဲ့ အရင်က ကျွန်တော်လိုက်နေတဲ့ ကားကိစ္စကနေ လမ်းစပေါ်လာတယ်"

"ဆန်နီဆလွန်းလား။ လူသတ်မှုမှာ တရားခံလို့ယူဆရတဲ့ကောင်ကို တိုက်သွားတဲ့ကားလား"

"ဟုတ်တယ်ဆရာ။ ဘော်ဒီရုံကဆေးဆရာက အရင်က အဖြူကို မီးခိုးပြောင်းမှုတ်ပေးရကြောင်းနဲ့ အဲဒီလူက လက်တစ်ဖက်မှာ အတုဖြစ်ကြောင်း ပြောတယ်"

"ဒါဆို အဲဒီကားက ဘဂျမ်းကား သေချာပြီပေါ့"

"ဒီထက် ပိုပြီးကောင်းတဲ့သတင်းက အဲဒီဘော်ဒီဆရာဆီကနေ ဘဂျမ်းရဲ့အိမ်လို့ ယူဆရတဲ့နေရာကို သိရပြီဆရာ"

"ဟော ..."

"သူ့ကို ဘဂျမ်းက ခေါ်သွားတာတော့မဟုတ်ဘူး။ သူက တခြားကားတစ်စင်း အရောင်းအဝယ်ကိစ္စနဲ့သွားရင်း ဘဂျမ်းထွက်လာတာတွေ့ခဲ့တဲ့အိမ်ကို တွေ့ခဲ့လို့ သတင်းပေးတယ်။ တန်ဖိုးနည်း လုံးချင်းအိမ်ရာတစ်ခုက တိုက်ကလေးတစ်လုံးပဲ"

"ဟာ ... သိပ်ကောင်းတဲ့ သတင်းပဲ။ မင်း အခုချက်ချင်းအဲဒီကိုလိုက်သွား။ လိုအပ်မဲ့လူတွေ ခေါ်သွား။ ငါက မြို့နယ်မှူးဆီသတင်းဆက်ပို့မယ်။ မူလ မင်းတာဝန်ယူထားတဲ့နေရာမှာ ဒုရဲအုပ်ကျော်ခေါင်ကိုလွှဲပြီး တာဝန်ပေးခဲ့"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အမြန်ဆုံး လှုပ်ရှားတော့။ သူ့အိမ်မှာ သံလက်ကောက်ဘကျွန်းကိုအုပ်မိရင် ဒီနေ့ဖြစ်နိုင်တဲ့ပြစ်မှုကို တို့ ကာကွယ်နိုင်မယ်"

"စိတ်ချပါဆရာ"

ရဲအုပ်ထင်လင်း ဝမ်းသာအားရဖြင့် မြို့ကြီး၏ ဖုန်းကိုပိတ်မြို့နယ်မှူးကို ဖုန်းပြန်ခေါ်ရသည်။

ပြီးလျှင် ဒေါ်မေစံရှားကိုလည်း လှမ်းပြောရမည်။

အချိန်က ...(၁၀း၃၆)

✿ ✿ ✿

❑

ကိုနေရသော် အမောတကောဖြင့် လှေကားမှ ပြေးတက်လာသည်။ ဖုန်းကြိုးဆက်ထားသဖြင့် မေစံရှားက အခန်းမှ တံခါးကိုကြိုးရှင်ပြီး စောင့်နေသည်။

"ရှား ... ဘာသတင်းရသေးလဲ"

"ခုပဲ ကိုထင်လင်း ဖုန်းဆက်သွားတာ။ သံလက်ကောက်ဘကျွန်းရဲ့အိမ်ကို ခြေရာခံမိပြီတဲ့။ မြို့ကြီးတို့ ဖမ်းဖို့လိုက်သွားတယ်တဲ့"

"ဟာ ... ကောင်းလိုက်တာ။ ဒါဆို ဒီအခွေတောင် မလိုတော့ဘူးပေါ့"

"မဟုတ်ဘူး။ အခွေက အရေးကြီးတယ်။ သံလက်ကောက်ဘကျွန်းက ဘာတွေဉာဏ်ကစားထားမယ်ဆိုတာ မသိနိုင်သေးဘူး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်ပေးသောအခွေကို မေစံရှားက DVD Player ထဲ ထည့်သည်။ T.V ပေါ်မှာ အခွေဖတ်နေပုံက စိတ်ကိုပင် မချင့်မရဲဖြစ်စေသည်။ စိတ်က မြန်လွန်းနေသည်လေ။

ရုပ်ရှင်ကားပေါ်လာတော့ ...

မေစံရှားက ခလုတ်တွေနှိပ်ကာ အခန်းတွေကို ကျော်သည်။

"ရှားက အစအဆုံး မကြည့်ဘူးလား"

"အချိန်မရှိဘူးကိုကို။ ပြီးတော့ အရေးကြီးတာက ရှားတို့ကြည့်ခဲ့ရတဲ့အပိုင်းရဲ့ နောက်အပိုင်းပဲ။ အဲဒီအပိုင်းက ဇာတ်သိမ်းဖြစ်ချင်ဖြစ်နေမှာ"

အရုပ်တွေပေါ်လာသည်။

အရုပ်တွေကို မေစံရှားနှင့် ကိုနေသော် ရင်ခုန်စွာ စောင့်ကြည့်ကြသည်။

နံနက် (၁၁း၁၀)။

✿ ✿ ✿

□

သံလက်ကောက်ဘဂျမ်းခေါ် မင်းစိန် သူ၏တိုက်အိမ်မှ ထွက်လာသည်။ ရှမ်းစတိုင်ဘောင်းဘီ၊ နက်ခ်တိုင်တို့နှင့် ခန့်ခန့်ညားညား သေသေသပ်သပ်ဖြစ်သည်။ ရောင်နေကာမျက်မှန်ကို တပ်ထားသည်။

ညာလက်မှာ လက်အိတ်စွပ်ထားပြီး ဘယ်ဘက် သံလက်ကောက်အတုကို ကုတ်အင်္ကျီအိတ်ထဲ ထိုးနှိုက်ထားသည်။

ညာလက်မှာက အတက်ချိုကျေစ် မည်းမည်းပြောင်ပြောင်လေးကို ကိုင်လျက်။ တကယ့် စီးပွားရေးလုပ်ငန်းရှင် သူဌေးတစ်ဦးပမာ။

ဘဂျမ်းသည် သူ၏ဆူပါဆလွန်း မီးခိုးရောင်ပေါ်မတက်ဘဲ ဘေးထွင်ရပ်ထားသည့် ဆူဇူကီးဝက်ဂွန်လေးပေါ်တက်သည်။

ဆူဇူကီး မီးရောင်လေးက ခြံတွင်းမှ လျှောခနဲပြေးထွက်ကာ မြောက်ဘက် ကွန်ကရစ်လမ်းကလေးအတိုင်း မောင်းထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပိုင်းကလေးမျှအကြာတွင် ...

တောင်ဘက်ကွန်ကရစ် လမ်းကလေးအတိုင်း ရဲကားပြာပြာ ပြေးဝင်လာသည်။ တိုက်နှင့်မလှမ်းမကမ်းမှာ ရပ်သည်။ ရဲများ ခုန်ဆင်းလာကြသည်။ ထိုအထဲမှာ ခေါင်းဆောင် ဒုရဲအုပ်ဖြိုးကြီးက ဖုန်းကိုကိုင်၍ ရဲအုပ်ထင်လင်းထံ သတင်းပို့သည်။

"ပစ်မှတ်အိမ်ကို တွေ့ပြီဆရာ။ ကားမိးခိုးရောင်လည်း တွေ့တယ်။ ဝင်ရောက်စီးနင်းခွင့်ပေးပါ"

"အိုကေ ... ဆက်လုပ်"

ဒုရဲအုပ်ဖြိုးကြီး သူ့လူများကို အမိန့်ပေးသည်။

သတိဝီရိယအရင်းတည်၍ မြန်မာနိုင်ငံရဲများ ဘဂျမ်းဓါးအိမ်ကို ဖြန့်၍ ဝိုင်းလိုက်ကြသည်။

(၁၁း၂၈)။

✿ ✿ ✿

❑

ရဲအုပ်ထင်လင်း ဂဏှာမငြိမ်ဖြစ်နေသည်။ ယခုလိုအချိန်မျိုးမှာ ယခင်ကလိုသာ လူကောင်းပကတိ ရှိနေမည်ဆိုလျှင် သံလက်ဆောက် ဘဂျမ်းအိမ်ကို မိမိကိုယ်တိုင် စီးနင်းဝင်ရောက်ကာ ဖမ်းဆီးချင်လှသည်။

ယခုတော့ မိမိက အိပ်ရာမထနိုင်။

"ဒေါ်မေစံရှားကော ဘာများ သွားခြားနေပြီလဲ။ အခွေတွေ့ပြီပြောတာ ဘာများ ခြေရာကောက်နိုင်မလဲ"

အတွေးပွားနေစဉ် ဖုန်းက မြည်လာပြန်သည်။

မိမိမသိသောဖုန်း။

"ဟဲလို ..."

"သတင်းတစ်ခု ပေးချင်လို့ပါ ခင်ဗျာ"

"ဟုတ်ကဲ့ ... ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"( ......... ) အိမ်ရာ၊ တိုက် (၆)၊ အခန်းအမှတ် (၈) အခန်းက အနံ့အသက်ဆိုးတွေ ထွက်နေပါတယ်။ အပုပ်နံ့တစ်ခုလို့ ယူဆရပါတယ်။ လူ၊ သို့မဟုတ် အခြားတစ်ခုခုရဲ့အနံ့မျိုး ဖြစ်နိုင်တယ်။ ကျွန်တော်က တိုက် (၆)၊ အခန်း (၇) ကပါ။ လှသောင်းလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ ... ခုပဲ အဲဒီနေရာကို လာခဲ့ပါ့မယ်။ ဒါနဲ့ တစ်ခု မေးပါရစေဦး။ အထဲကိုချောင်းကြည့်လို့ မရဘူးလား"

"မရဘူးခင်ဗျ။ ဒါပေမဲ့ အထဲက ကြွက်သံတွေ ကြားနေရတယ်"

"ဗျာ ..."

"ရပ်ကွက်ရုံးကိုလည်း အကြောင်းကြားထားပါတယ်"

"ကျေးဇူးပါပဲ"

ရဲအုပ်ထင်လင်း ဖုန်းကိုချလိုက်သည်။

"ကြွက် ...။ အပုပ်နံ့ ..."

"ဟာ ... ဒေါ်မေစံရှားဆီကိုပို့လိုက်တဲ့ စီဒီထဲကအတိုင်း ဖြစ်သွားပြီလား"

စိတ်လှုပ်ရှားလွန်းသဖြင့် ချလိုက်သောဖုန်းကို ပြန်၍ လှမ်းယူလိုက်ရာ လက်နှင့်တိုက်မိပြီး ဖုန်းက အောက်သို့ပြုတ်ကျသွားသည်။

"အရေးထဲမှာကွာ"

နာရီကို လှမ်းကြည့်တော့ ...

(၁၁း၄၀)။

✿ ✿ ✿

❑

သံလက်ကောက်ဘဂျမ်းက ဖုန်းကိုပိတ်ရင်း ပြုံးသည်။

"သွားကြပေါ့ကွာ။ ဝင်းထွဋ်နဲ့ ဝတုတ်ရဲ့အလောင်းကို ကြွက်တွေစားနေတာ တွေ့ရမှာပေါ့"

ရပ်ထားသောကားကို စက်ပြန်နှိုးသည်။

"ဗိုင်နယ်ပွဲက ခုမှစမှာ ဒေါ်မေစံရှားရဲ့။ ကျူပ်ကစားကွက်မှာ ခင်ဗျားတို့အားလုံး အရူးဖြစ်နေကြပြီ။ ဟား ... ဟား ... ဟား"

ဒက်ရှ်ဘုတ်မှာ နာရီက (၁၁း၄၅) ကို ပြနေသည်။

ကားကလေးက လေးညို့မှလွတ်သော မြားကဲ့သို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မေစံရှားနှင့်ကိုနေသော်ကြည့်နေသည့် ရုပ်ရှင်၏နောက်ပိုင်းက ထင်မှတ်မထားသော လှည့်ကွက်ဖြစ်သည်။

လူသတ်သမားသည် ရဲအရာရှိ၏ တိုက်ခန်းတံခါးဝသို့ရောက်လာသည်။ ဘဲလ်ကိုတီးသည်။ အခန်းတွင်းရှိ သူနာပြုဆရာမက တံခါးလာဖွင့်ပေးသည်။ လူသတ်သမားက သူနာပြုဆရာမကို ကပ်၍ ဓားဖြင့်ထိုးသတ်သည်။

ပြီးနောက် အခန်းတွင်းဝင်လာသည်။

အသံကိုကြားသဖြင့် ရဲအရာရှိက အိပ်ရာပေါ်မှနေ၍ သူနာပြုဆရာမ၏အမည်ကို ခေါ်သည်။ သူနာပြုဆရာမ၏ လှုပ်ရှားမှုဟု ထင်သောကြောင့်ဖြစ်၏။

ပေါ်လာသည်က လူသတ်သမား။





သို့သော် လူသတ်သမားက ဆရာဝန်ပုံစံဖြင့်ရှိနေပြီး လက်ကလည်း သေတ္တာပြားအနက်ကလေးကို ဆွဲကာ ဣန္ဒြေရရဝင်လာကာ သူ့ကိုယ်သူ ဆရာဝန်ဖြစ်ကြောင်း၊ စမ်းသပ်ဖို့လာကြောင်း ပြောသည်။

ပြီး သေတ္တာကိုဖွင့်သည်။

ဓားကိုယူသည်။

"ကျုပ်ကဲ ခင်ဗျားကြောင့် ထောင်ထဲဝင်ခဲ့ရတဲ့သူ"

ဟု စတင်ပြောသည်။

ရဲအရာရှိ အံ့ဩသွားသည်။

လူသတ်သမားက ဓားဖြင့် ရဲအရာရှိ၏လည်ပင်းကို ထောက်ကာ ရိသဲ့သဲ့ အနိုင်ယူစကားတွေပြောသည်။ ရဲအရာရှိက လက်ရောခြေပါ မလှုပ်ရှားနိုင်သူမို့ လုံးဝ အရှုံးဘက်မှာ ရှိနေ၏။

သို့သော် ရဲအရာရှိက ဉာဏ်ကိုထုတ်သည်။ တစ်စုံတစ်ခုကို ဆက်ပြောရန် အကြောင်းပြ၍ လူသတ်သမားကို အနားကပ်စေကာ နားရွက်ကို တအားကိုက်ဖြတ်လိုက်သည်။ နားရွက်ပြတ်သွားသဖြင့် လူသတ်သမား နာကျင်မှုဝေဒနာဖြင့် ကြမ်းပေါ်လဲကျသွားသည်။

ဒေါသဖြင့် လူသတ်သမားက အပြီးသတ်ပွဲသိမ်းအဖြစ် ရဲအရာရှိကို သတ်ဖို့ဟန်အပြင်၊ ရဲအရာရှိက အသက်ဘေးမှလွတ်နိုင်အောင်ကြိုးစားရင်း ခုတင်ပေါ်မှ အောက်သို့ပြုတ်ကျ။

လူသတ်သမားက ရဲအရာရှိအား နောက်ဆုံး ဓားနှင့်အထိုး။

"ဟာ ..."

မေစံရှား၏ အာမေဋိတ်သံ 'ဟာ' ထွက်လာသည်။ ရုတ်ခြည်းထွက်လာသော မေစံရှား၏အသံကြောင့် ကိုနေသော်က အလန့်တကြားလှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲရှား"

"ရှားတို့ ခံလိုက်ရပြီ"

"ဟင် ... ဘာ ... ဘာကိုလဲ"

"သံလက်ကောက်ဘာဂျမ်းလှည့်စားတာ။ ဒီလူ ဉာဏ်များမ... လို့ တွေးတောတွေးမိသား။ ဒုက္ခပဲ။ နောက်ဆုံး သူ့ရဲ့ဖိုင်နယ်ပွဲက ကြွ... စားတဲ့အလောင်းမဟုတ်ဘူး။ ရဲအုပ်ထင်လင်းပဲ"

"ဒီရုပ်ရှင်ထဲကအတိုင်းလား"

"ဒါပေါ့။ ဒါကို သူက သဲလွန်စပေးတဲ့အနေနဲ့ ရုပ်ရှင်ရဲ့အ... ပိုင်းဖြစ်တဲ့ ရဲအရာရှိ ဒုက္ခိတဖြစ်ရတဲ့အပိုင်းကို ဒုတိယအကြိမ် ပြ... ပို့တာ"

"ဒါဖြင့် လူသတ်ပြီး ကြွက်တွေရဲ့ကိုက်ဖြတ်စားသော... အောင် စီစဉ်တာကရော"

"အဲဒါလည်း ဖြစ်နိုင်တယ်။ ထုံးစံအတိုင်း ခွချက်ပေါ့။ ကို... လင်းက ရှားကို ပစ်မှတ်ပြုတယ်ထင်တာ။ မဟုတ်ဘူး။ ပစ်မှတ်က ... ပဲ"

"ဒါဆို ရဲအုပ်ထင်လင်းဆီကို အကြောင်းကြားမှဖြစ်မယ်"

"ဟုတ်တယ်"

အချိန်က (၁၁း၄၈)။

✿ ✿ ✿

❑

သူနာပြုဆရာမလေး ကောက်ယူပေးသောဖုန်းဖြင့် အပုပ်နံ့ ရသည့် ကြွက်သံတွေကြားရသည်ဟူသော တိုက်ခန်းသို့ ဒုရဲအုပ်ကျော် ခေါင်ကို လှမ်း၍အမိန့်ပေးကာ လိုက်စေရသည်။

သို့သော် ဖုန်းက ပြောရင်းမှာပင် အသံတွေပြတ်သွားသည်။

"ဟာ ..."

ဖုန်းက ဘက်ထရီကုန်သွားခြင်းဖြစ်ကြောင်း ရဲအုပ်ထင်လင်း သဘောပေါက်လိုက်ရ၏။

"သွားပြီ။ ငါ အဆက်အသွယ် လုပ်လို့မရတော့ဘူး"

ဤအခန်းမှာက အခြားဖုန်းမရှိ။ မေစံရှားထံ ဖုန်းဆက်မည် ပြုရန် ရည်ရွယ်သော်လည်း မရနိုင်တော့။

ရဲအုပ်ထင်လင်း စိတ်ပျက်သွားသည်။

နာရီကိုလှမ်းကြည့်မိ၏။

(၁၁း၅၀)

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"အရေးထဲမှာ ဖုန်းက ခေါ်မရဘူး။ စက်ပိတ်ထားတယ်ထ

မေစံရှားက ဖုန်းကို ပြန်ချသည်။ အကြိမ်ကြိမ် ခေါ်၍မရသ
ရဲအုပ်ထင်လင်း၏ဖုန်း။

"ဘက်ထရီကုန်နေလို့များလား"

ကိုနေသော်က ထင်မြင်ချက်ပေးသည်။

"သံလက်ကောက်ဘဂျမ်းများ ရောက်နေပြီလား"

မေစံရှား အလွန်စိုးရိမ်သွားသည်။

"ဟာ ... ဖြစ်နိုင်တယ်။ ဗိုင်နယ်ပွဲက ၁၂း၀၀ နာရီဆိုတော

ကိုနေသော် မျက်လုံးပြူးသွားသည်။

မေစံရှား ထိုင်ရာမှ ဝုန်းခနဲထသည်။ ကိုနေသော့်လက်

ကာ ...





"အချိန်မရှိတော့ဘူးကိုကို။ ကိုထင်လင်းအခန်းကို အရောက်ချင်း အချိန်မီလိုက်မှဖြစ်မယ်။ သံလက်ကောက်ဘဂျမ်း လက်ဦးသွားလို့ မဖြစ်ဘူး။ ကိုကို့ကားနဲ့ အမြန်မောင်းရင် ၁၀ မိနစ်လောက်နဲ့ ကိုထင်လင်းရဲ့အခန်းကို ရောက်နိုင်တယ်မဟုတ်လား"

"ရောက်အောင်သွားရမှာပေါ့"

မေစံရှားနှင့်ကိုနေသော် အခန်းမှ အပြေးဆင်းလာခဲ့ကြသည်။

အချိန်က အလွန်နီးကပ်နေပြီ။

(၁၁း၅၂)။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

သံလက်ကောက်ဘဂျမ်းက တံခါးဝမှာရပ်သည်။ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ ပြီး ကုတ်အင်္ကျီကို နေသားကျအောင်ပြင်ကာ အသင့်ရပ်စောင့်နေလိုက်သည်။

တံခါးပွင့်လာကာ သူနာပြုဆရာမလေး ပေါ်လာသည်။

"ဆေးရုံကလွှတ်လိုက်တာ။ ရဲအုပ်ထင်လင်းကို စမ်းသပ်စစ်ဆေးဖို့ပါ"

ဘဂျမ်းက တည်ငြိမ်စွာပြောသည်။

သူနာပြုဆရာမကလေးက ဆေးရုံဝန်ထမ်းမဟုတ်။ စပါယ်ရှယ်နာ့စ်အဖြစ် ဆောင်ရွက်နေသူ။ ဘဂျမ်း၏ သွင်ပြင်လက္ခဏာကိုကြည့်ပြီး ယုံကြည်စိတ်ချသွားကာ အထဲသို့ ဝင်ခွင့်ပေးလိုက်သည်။

"ဝင်ပါဒေါက်တာ"





ဘဂျမ်းက အထဲသို့ဝင်လိုက်သည်။ သူနာပြုဆရာမကလေးက တံခါးကိုပြန်ပိတ်နေစဉ် ဘဂျမ်း၏ သံလက်ကောက်အတုက သူနာပြုဆရာမကလေး၏လည်ပင်းကို နောက်မှနေ၍ ရစ်သိုင်းကာ ဆွဲညှစ်လိုက်သည်။ သံလက်ကောက်အတုက သာမန်လက်တွေထက် မာကျောသန်မာလှသဖြင့် သံလက်ကောက်လက်ချောင်းများက သူနာပြုဆရာမလေး၏လည်ပင်းကို စူးဝင်ကာ တအစ်အစ်အော်ညည်းရင်း မျက်လုံးများပြူးထွက်လာပြီး ခွေကျသွားသည်။

ဘဂျမ်းက ပြုံးပြီး အတွင်းသို့ဝင်သွား၏။

သူနာပြုဆရာမလေး တံခါးကိုအံကျအောင် မပိတ်လိုက်နိုင်သည်ကို ဘဂျမ်း သတိမမူမိ။

"ဆရာမ ... ဆရာမ ... ဘာဖြစ်တာလဲ"

တုံ့ပြန်သံ ချက်ချင်းမရ။

"ဆရာမ ..."

"ကျွန်တော်ပါ။ ဆေးရုံက လာတာပါ။ ရဲအုပ်ကြီးရဲ့အခြေအနေကို စစ်ဆေးဖို့ပါ"

သံလက်ကောက်ဘဂျမ်းက ကောင်းသောညာလက်ဖြင့် အတက်ချိုကော့ခ်ကိုဆွဲကာ ရဲအုပ်ထင်လင်း၏အခန်းထဲသို့ ဝင်လာသည်။ ရဲအုပ်ထင်လင်းက ဘဂျမ်းကို လှမ်းကြည့်ပြီး ...

"ဒေါက်တာ့ကို ကျွန်တော် မမြင်ဖူးပါလား"

ဘဂျမ်းက ဟက်ခနဲရယ်သည်။

"မမြင်ဖူးဆို ကျွန်တော်က လူသစ်မို့လို့ပါ"

အတက်ချိုကော့ခ်ကို အနီးရှိစားပွဲပေါ်မှာ တင်သည်။ ခလုတ်ကလေးကို ဖွင့်လိုက်သည်။ အထဲမှာ ဓားများ



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ထင်လင်းက အတက်ချိုကျော်ကို လှမ်းကြည့်သော်လည်း အထဲမှဓားများကို မမြင်ရ။ ဆရာဝန်၏ ကိရိယာများဖြစ်မည်ဟု ထင်လိုက်သည်။

"ခါတိုင်းလာနေကျ ဒေါက်တာဝင်းသူရက ဘာကြောင့်မလာတာလဲ"

"ခွဲစိတ်တာဝန် ကျနေလို့ပါ။ ကျွန်တော်လည်း ခွဲစိတ်ဆရာဝန်ကြီးပါပဲ။ ဒီနေ့ ရဲအုပ်ကြီးကို ကျွန်တော်က ခွဲစိတ်မှာပါ"

"ဗျာ ... ဘာ ... ဘာကို ခွဲစိတ်မှာလဲ။ ဘာခွဲစိတ်စရာရှိလို့လဲ"

"အဟဲဟဲ"

ဘဂျမ်းက ခနဲ့တဲ့တဲ့ရယ်သည်။ ရယ်သံက တိုးညင်းသော်လည်း အသံ၏အနေအထားကို ရဲအုပ်ထင်လင်း ရိပ်စားမိလိုက်၏။ ရဲအုပ်ထင်လင်း မျက်လုံးများ တွန့်ကွေးကာကြည့်သည်။ 'သတိ' ဆိုသည်ကို ဖျတ်ခနဲ အတွေးဝင်လာ၏။

ဘဂျမ်းက နံရံမှနာရီကို လှမ်းကြည့်သည်။

"အချိန်ကိုက်ပဲ။ ၁၂း၀၀ နာရီတိတိ"

"ဘာ ..."

ဘဂျမ်းက သူ၏ဘယ်လက်ကို ကုတ်အင်္ကျီအိတ်ထဲမှ ထုတ်လိုက်သည်။ သံလက်ကောက်အတု။

ရဲအုပ်ထင်လင်း မျက်လုံးပြူး အံ့အားသင့်သွားသည်။

"မင်း ... ခင်ဗျား သံလက်ကောက်ဘဂျမ်းလား"

"ဟုတ်တာပေါ့ဗျာ။ ကျုပ်ချိန်းဆိုထားတဲ့ ဖိုင်နယ်ပွဲကို ရောက်လာတာလေ။ ၁၂း၀၀ နာရီတိတိပဲ။ ကဲ ... စလိုက်ကြစို့"





ဘဂျမ်းက သူ၏ သံလက်ကောက်အတုဖြင့် ရဲအုပ်ထင်လင်း၏လည်ပင်းကို ထောက်လိုက်သည်။

ရဲအုပ်ထင်လင်းက လှုပ်ရှားနိုင်သော သူ၏ဘယ်လက်ဖြင့် ဘဂျမ်း၏လက်ကို ပက်၍ ရိုက်ထုတ်လိုက်သည်။ တစ်ပြိုင်တည်းမှာ အိပ်ရာအောက်မှ သေနတ်ကို ကျန်လက်တစ်ဖက်ဖြင့် ထုတ်ယူလိုက်သည်။

သို့သော် ရဲအုပ်ထင်လင်း နောက်ကျသွား၏။

ဘဂျမ်း၏ ကောင်းသောညာလက်က သေနတ်ကို ပုတ်ချလိုက်သည်။ သေနတ်လွင့်ကျသွားသည်။ ရဲအုပ်ထင်လင်း အရှုံးဘက်သို့ ရောက်သွားပြီ။

"ဟား ... ဟား ... ဟား ..."

ဘဂျမ်းက သဘောကျစွာ တဟားဟားအော်ရယ်လိုက်၏။

"လက်လျှော့လိုက်ပါတော့ ရဲအုပ်ကြီးရာ။ ရဲအုပ်ကြီးရှုံးနေပါပြီ။ ကဲ ... ကျုပ် ရဲအုပ်ကြီးကို မသတ်ခင် စကားနည်းနည်း ပြောရအောင်။

တစ်ချိန်က ရဲအုပ်ကြီးထောင်ထဲပို့ခဲ့တဲ့ တိမ်တစ်လုံးဝင်းထိန်တာ ကျုပ်အစ်ကို အရင်းပဲ။ အစ်ကိုဝင်းထိန် ထောင်တစ်သက်တစ်ကျွန်းကျသွားတယ်။ အခု ရဲအုပ်ကြီးက ကျုပ်ကို ထောင်ထဲပို့ဖို့ လုပ်ပြန်ပြီ။ အကြွေးက တစ်ခုမကျေသေးဘူး နောင်တစ်ခုက တင်ပြန်လာတာပေါ့။ ဒီတော့ ကျုပ်က အကြွေးဆပ်ရမဲ့တာဝန်ရှိတယ်လေ။ ဒါ ... အကျဉ်းချုပ် ပြောလိုက်ရတာပဲ"

"တရားဥပဒေစိုးမိုးရေးက ကျွန်တော့်အလုပ်ပဲဗျ။ ကျွန်တော် မှန်တရားကို လုပ်တာပဲ။ မကောင်းတဲ့သူက မကောင်းမှုပြစ်ဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာပဲ''

''ကျုပ် မငြင်းပါဘူး။ ရဲအုပ်ကြီးတို့ရဲ့ အမှန်တရားစံနှုန်းအရ ရဲအုပ်ကြီးမှန်ပေမဲ့ ကျုပ်ရဲ့စံနှုန်းအရတော့ ကျုပ်ကလည်း မှန်တာပဲ''

''ဒေါ်မေစံရှားကို ချောကလက်ပို့ပြီး လုပ်ကြံခဲ့တာ ခင်ဗျား မဟုတ်လား''

''မှန်တာပေါ့။ အဲဒီရွှေနေမက ကျုပ်ကို ထောင်ထဲရောက်အောင် ပို့ခဲ့တဲ့သူပဲလေ''

''ဦးကြီးမြင့်တို့၊ ဦးဝင်းထိန်တို့ ...''

''အဲဒါဟာ ကျုပ်အလုပ်ပါ။ အလုပ်သဘောအရပါ''

''ရထားတိုက်ခံရတဲ့မိန်းကလေး၊ ကားတိုက်ခံရတဲ့သူ အဲဒီလူတွေကရော ခင်ဗျားလက်ချက်လား''

''သူတို့က ကျုပ်လူတွေပါ။ ဒါပေမဲ့ ကျုပ်အန္တရာယ်ကို ကျုပ်ကာကွယ်ရတာ။ ဒါတင်မကသေးဘူး စောစောက ကျုပ် သတင်းပေးပြီး ရဲအုပ်ကြီးရဲ့လူတွေ သွားရှာနေတဲ့ ကြွက်တွေကိုက်ဖြတ်စားသောက်ခြင်းခံနေရတဲ့ အလောင်းနှစ်လောင်းဟာလည်း ကျုပ်လူတွေပါပဲ။

ဒါကြောင့်ပြောတာ။ ဒီနေ့ဟာ ဖိုင်နယ်ပွဲပါလို့။ ရဲအုပ်ကြီးကို ရှင်းမယ်။ ပြီးရင် ဒီကစောင့်မယ်။ ကျုပ် ဉာဏ်ရည်ကိုပြိုင်နေတဲ့ မေစံရှားက ကျုပ်အကွက်ကိုမြင်ပြီး ဒီကိုရောက်လာမယ်။ သူ့ကိုဆက်ပြီး ကြွေးဆပ်ရမယ်။ ဒါပဲပေါ့။ ဟား ... ဟား ... ဟား''

''ခင်ဗျား တစ်ဘို့တည်းသမား၊ အတ္တသမား၊ လူရမ်းကားပဲ''

''ပြောပါ ... ပြောပါ။ ပြောနိုင်တုန်း ပြောသွား။ ခင်ဗျားပြောတဲ့အလှည့်ပြီးရင် ကျုပ်အလှည့်ပဲ။ ကဲ ... အချိန်မရှိဘူး''





ဘဂျမ်းက အတက်ချိုကေ့ခ်ထဲမှ ဓားတစ်ချောင်းကို ထုတ်ယူလိုက်သည်။ ပြီးလျှင် အသည်းယားဖွယ် ရဲအုပ်ထင်လင်း၏ မျက်နှာနားတွင် ဓားကိုဝှေ့ယမ်းပြပြီးမှ ဓားကို လေထဲမြှောက်လိုက်သည်။

ရဲအုပ်ထင်လင်းက လှုပ်ရှားနိုင်သောလက်ဖြင့် ဘဂျမ်းကို တိုက်ခိုက်ဖို့ ကြိုးစား၏။ အရာကားမထင်။ အောက်ပိုင်းက လှုပ်မရသဖြင့် သံလက်ကောက်ဘဂျမ်းကို မဟန့်တားနိုင်။

''ဒီဖိုင်နယ်ပွဲမှာ ကျုပ် နိုင်တယ်။ သရဖူ ကျုပ်ယူလိုက်ပြီ''

ဘဂျမ်းက ဓားကို သံလက်ကောက်အတုနှင့် ညာလက်နှစ်ဖက်ပေါင်း၍ကိုင်ကာ ရဲအုပ်ထင်လင်း၏ နှလုံးသားတည့်တည့်သို့ ထိုးစိုက်ရန် ရွယ်လိုက်သည်။

ရဲအုပ်ထင်လင်း အံကြိတ်လိုက်သည်။

သံလက်ကောက်ဘဂျမ်း ပြုံးလိုက်သည်။

''သေပေတော့ကွာ''

ရွယ်ထားသောဓားကို အားထည့်ကာ သံလက်ကောက်ဘဂျမ်းက ရဲအုပ်ထင်လင်း၏ရင်သို့ ထိုးအစိုက် ...

ဝဲပျံလာသော စီဒီချပ်ကလေးက တဝီဝီလည်၍ သံလက်ကောက်ဘဂျမ်း၏လက်ကို ဒုတ်ခနဲ လာ၍မှန်သည်။

''အား ...''

လက်ကိုမှန်လိုက်သော အရှိန်ကြောင့် ဘဂျမ်းနှုတ်မှ အထိတ်တလန့် ညည်းသံနှင့်အတူ ဓားက လိုရာမရောက်ဘဲ လွတ်ကျသွားသည်။ ရဲအုပ်ထင်လင်း၏ ဘေးသို့ဖြစ်၏။ ရဲအုပ်ထင်လင်း အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကျွမ်းမျက်နှာ ရှုတ်ခြည်း ပြောင်းလဲသွားသည်။ ခက်ထန်ခြင်း၊ ဒေါသဖြင့် နီမြန်းခြင်း၊ အလိုမကျ မှုန်ယိုခြင်း။ ထို့ကြောင့်ပင် ဘကျွမ်းသည် စီဒီပြားလွင့်ဝဲလာရာသို့ တုံ့ပြန်ရန် ကိုယ်ကိုလှည့်လိုက်သည်။

သို့သော် ထိုသို့လှည့်လိုက်ခြင်းပင်လျှင် အချိန်က အနည်းငယ် နောက်ကျသွားခဲ့ပြန်ပေပြီ။

နောက်ထပ် လေတွင်ဝဲလာသော ခြေဖျားတစ်ခုက ဘကျွမ်း၏ မျက်နှာကို ပြင်းစွာသောအရှိန်ဖြင့် ရိုက်ခတ်သွားသည်။

"ဖျန်း"

"အ ..."

ဘကျွမ်း လည်ထွက်သွားကာ နောက်သို့ လန်လျက် ခုတင်စောင်းနှင့် ရိုက်ကာ ကြမ်းပြင်ပေါ်သို့ ကျသွား၏။

"ဟင် ... မမေစံရှား"

ရဲအုပ်ထင်လင်း အံ့အားသင့်သွားရပြန်၏။ လက်မတင်ကလေး ရောက်လာပြီး သူ၏အသက်ကို ကယ်တင်လိုက်သူမှာ မေစံရှားဖြစ်၏။ မေစံရှားနောက်မှာက ကိုနေသော်။

ကြောင်ကလေးတစ်ကောင်လို ကြမ်းပြင်သို့ ပေါ့ပါးစွာပြန်ကျကာ နောက်တစ်ကွက်တိုက်ရန် အသင့်ဖြစ်နေသူ မေစံရှား။ တီရှပ်၊ ဂျင်းဘောင်းဘီတို့ဖြင့် သွက်လက်လျင်မြန်လှသော မေစံရှားပုံစံက ကျား သစ်မလေးပမာ။

ဘကျွမ်း ကြမ်းပြင်သို့လဲကျနေရာမှ ပြန်၍ အားယူထလိုက်ရာ ကံအားလျော်စွာ စောစောက ရဲအုပ်ထင်လင်း လွတ်ကျသွားခဲ့သော





သေနတ်ကို တွေ့လိုက်ရသဖြင့် ဒိုက်ထိုးကာ သေနတ်ကို ကောက်ယူလိုက်သည်။

သို့သော် လက်ထဲရောက်လာသော သေနတ်မှာ မေစံရှား၏ ခြေကန်ချက်ဖြင့် လွင့်စင်သွားရပြန်၏။ တစ်ဆက်တည်းမှာပင် ကျုံး၍ ထလိုက်သော ဘကျွမ်း၏လည်ကုပ်ဆီသို့ ပြင်းထန်သော လက်ဝါးစောင်း ခုတ်ချက်တစ်ခုက ထပ်မံကျလာခဲ့သည်။

"ဒုတ် ..."

"အူး ..."

သံလက်ကောက်ဘကျွမ်း ကြမ်းပြင်သို့ နမ်းသွားရသည်။

ပြန်၍ထမည်အပြုတွင် ...

သံလက်ကောက်ပေါ်သို့ နင်းထားသော ခြေဖဝါးတစ်စုံကြောင့် ဘကျွမ်း မလှုပ်သာတော့။

မေစံရှား၏ ဩဇာကြီးမား ပြတ်သားလှသောအသံ ထွက်လာသည်။

"ဗိုင်နယ်ပွဲမှာ ကျွန်မ ဘယ်ထောင့်ကတက်လဲဆိုတာ ရှင်သိပြီမဟုတ်လား ကိုဘကျွမ်း။ ပွဲကသိမ်းပါပြီ။ သရဖူ ဘယ်သူ့ကို အပ်နှင်းရမလဲဆိုတာလည်း ရှင် သဘောပေါက်ရောပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄၉ ]

❑

"ဘာလဲ ကိုထင်လင်း"

ရဲအုပ်ထင်လင်းကမ်းပေးသော ဘူးကလေးကို မေစံရှားက မယူသေးဘဲ ပြန်ပေးသည်။ ရဲအုပ်ထင်လင်းက မေစံရှားဘေးမှ ကိုနေသော်ကိုဝေ့ကြည့်ပြီး ...

"ယူပါဗျာ"

အပြုံးကြည်ကြည်သန့်သန့်ကလေးဖြင့် ပြောသည်။

ထူးဆန်းစွာပင် ရဲအုပ်ထင်လင်း၏ အောက်ပိုင်းအကြောများက လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာခဲ့ပြီး အချိန်တိုတိုအတွင်းမှာ





ပင် ခြေထောက်က ပြန်၍ထောက်နိုင် လျှောက်နိုင်ခဲ့ပြီဖြစ်သည်။ ရဲစခန်းမှာပင် တာဝန်ပြန်၍ ထမ်းဆောင်နေခဲ့ပြီဖြစ်၏။

"အဲဒီနေ့က မေစံရှားက ဘဂျမ်းကို ခြေနဲ့ကန်လိုက်တာတွေ ကြည့်ပြီး ကျွန်တော့်စိတ်ကလည်း ဘဂျမ်းကို ကန်မိတာ။ အာရုံကြောတွေ စိတ်ဓာတ်ခွန်အားကြောင့် နိုးကြားသွားတယ်ထင်တယ်"

ဟု ရဲအုပ်ထင်လင်းက ပြောခဲ့သည်။

မေစံရှားက ဘာမှန်းမသိ၍ ရဲအုပ်ထင်လင်းကမ်းပေးသော ဘူးကလေးကို ငေးကြည့်နေဆဲ။

ရဲအုပ်ထင်လင်းက ဘူးကလေးကို မေစံရှားဘက်မှနေ၍ ကိုနေသော်ဘက်လှည့်ကာ လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကိုနေသော် ... ဖွင့်ဗျာ"

ရဲအုပ်ထင်လင်းစကားကြောင့် ကိုနေသော်က ဘူးကိုပတ်ထားသည့် အပေါ်မှ ပက်ကင်စက္ကူကို ခွာသည်။ အထဲမှာ ကတ်ထူဘူးကလေး။ ထိုကတ်ထူဘူးကလေးကို ဖွင့်လိုက်သောအခါ ကတ္တီပါဘူးနီနီကလေး။

ထိုကတ္တီပါဘူးနီနီကလေးကို ဆက်၍ ဖွင့်လိုက်သောအခါ ...

အထဲမှာ ...

လက်စွပ်ကလေးနှစ်ကွင်း ...။

"ကိုနေသော်နဲ့ မမေစံရှားတို့ မင်္ဂလာပွဲအတွက် ကြိုပြီးလက်ဖွဲ့တာ"

ရဲအုပ်ထင်လင်း၏စကား။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်နှင့် မေစံရှားတို့ အကြည့်ချင်းဆုံကာ အပြုံးချင်း ဖလှယ်မိသွားကြသည်။ ထိုအပြုံးတွင် ကြည်နူးမှုလည်းပါ၏။ ချမ်းမြေ့မှုလည်းပါ၏။ နားလည်မှုလည်းပါ၏။ ထို့ထက် . . . ထို့ထက်ပိုလွန်းသော အဓိပ္ပာယ်များလည်းပါ၏။

အဘယ်မှာ . . . လောကမလှဘဲ နေပါအံ့နည်း။

နေစိုးသော်

BURMESE CLASSIC

www.burmeseclassic.com